# ချင်းအမျိုးသားရေးဆိုင်ရာ

## သမိုင်းမှတ်တမ်းများ

# HISTORICAL DOCUMENTS OF CHIN NATIONAL AFFAIRS


စုဆောင်းပြုစုသူ – ဆလိုင်း ကျဲအိုဘိခ်ထောင်



ထုတ်ဝေသူ – ဖက်ဒရယ်ဂျာနယ် မြန်မာ

၂၀၂၂ ခုနှစ်

# မာတိကာများ

၁။ နိဒါန်း | ဤစာအုပ်ထဲက စာတမ်းများအပေါ် အကျဉ်းချုံး ရှင်းလင်းချက် ------ ၆
၂။ ချင်းတောင်များစည်းမျဉ်းဥပဒေ (The Chin Hills Regulation, 1896) ------ ၁၂
၃။ ချင်းဝိသေသတိုင်း အက်ဥပဒေ (Chin Special Division Act, 1948) -------- ၂၆
၄။ ချင်းလူငယ်များအကြံပေးချက်စာတမ်း (၁၉၆၉ ခုနှစ်) ------------------------- ၁၀၉
၅။ ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံ ဘုံသဘောတူညီချက်များ ------------ ၁၆၃
၆။ ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (Chin National Dialogue)၏
သဘောထားအမြင် စုစည်းချက်များ ----------------------------------------- ၁၈၈
၇။ ပင်လုံစာချုပ် (၁၉၄၇ ခုနှစ်) ------------------------------------------------- ၂၀၂

# ချင်းအမျိုးသားရေးဆိုင်ရာ
# သမိုင်းမှတ်တမ်းများ

## Historical Documents of
## Chin National Affairs

စုဆောင်းပြုစုသူ - ဆလိုင်း ကျဲဒိုဘိခ်ထောင်

ထုတ်ဝေသူ - ဖက်ဒရယ်ဂျာနယ် မြန်မာ

၂၀၂၂ ခုနှစ်


Publisher
The Publication Federal Journal-Myanmar
Cherry Foundation
@Federal Journal-Myanmar 2022

| | | |
|---|---|---|
| Copies | - | 2,000 |
| Price | - | 2,000 Kyat |
| Contact | - | Cherry Foundation/Federal Journal-Myanmar |
| | | Ph: +918798837309 |
| | | Ph: +95943094087 |
| | | Email: federaljournalnews@gmail.com |


**Journal of Federalism- Myanmar**

The quarterly publication of the Journal of Federalism is designed to be a platform for var ious stakeholders, particularly those who can't access mainstream media to express inspired future federal democratic state-building. The content of the Journal is intended to promote and protect the rights of the people in Burma.

You can visit here –
https://www.federaljournal.org
https://www.facebook.com/federaljournalmyanmar



# နိဒါန်း ၊
# ဤစာအုပ်ထဲက စာတမ်းများအပေါ် အကျဉ်းချုံး ရှင်းလင်းချက်

လူမျိုးတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးသော အထောက်အထားနှင့် စာရွက်စာတမ်း (documents) များ ရှိကြစမြဲဖြစ်သည်။ အထူးသဖြင့် တိုင်းပြည်ကို စုစည်းစေသည့် ဥပဒေရေးရာ စာရွက်စာတမ်းများ (Legal Documents)။ သာဓကအားဖြင့် မြန်မာနိုင်ငံဖြစ်တည်လာဖို့အတွက် ပင်လုံစာချုပ် ရှိနေခြင်းမျိုး။ အနာဂတ် ချင်းပြည်တည်ဆောက်ရေးအတွက် အခိုင်အမာ ကိုင်စွဲထားရမည့် သမိုင်းဝင် စာရွက်စာတမ်းများလည်းဖြစ်သည်။ ၎င်းတို့ထဲက ပြင်မကျောရိုးဖြစ်သည့် စာတမ်း ၅ ခုကို ဤစာအုပ်တွင် ပြုစုဖော်ပြထားပါသည်။ အချို့သည် နိုင်ငံရေးနှင့် ဥပဒေအရ အင်မတန် အရေးကြီးသော်လည်း စာရွက်စာတမ်းဖြင့် မှတ်တမ်းတင်ခဲ့ခြင်း မရှိသည့်အတွက် (မိမိတို့ လက်လှမ်းမမှီခြင်းလည်းဖြစ်နိုင်) ဤစာအုပ်တွင် ဖော်ပြနိုင်ခြင်းမရှိချေ။ သာဓကအားဖြင့် ၁၉၄၈ ဖလမ်းညီလာခံ ဆုံးဖြတ်ချက်များ (ပထမအကြိမ် ချင်းအမျိုးသားညီလာခံ)နှင့် ထီးလင်းမြို့တွင် ၁၉၄၇ ခုနှစ် မတ်လ ၃ ရက်နေ့မှ ၅ရက်နေ့အထိ ပြုလုပ်ခဲ့သော ချင်း-ဗမာ ချစ်ကြည်ရေး (ဆွေးနွေးသဘောတူညီချက်များ ရှိကောင်းရှိနိုင်)။

ဤစာအုပ်တွင်ပါဝင်သော အကြောင်းအရာနှင့် ဥပဒေပုဒ်မ တချို့သည် ခေတ်ကာလနှင့် လိုက်လျောညီထွေမှု မရှိသည့်အပိုင်းများပါသည်။ သို့သော် စကားလုံးတစ်ခုချင်း၏ အဓိပ္ပါယ်သက်ရောက်မှုကို အဓိကမထားဘဲ စာတမ်း/ဥပဒေ တစ်ခုလုံး၏ နိုင်ငံရေးအရ အရေးပါမှုနှင့် အနှစ်သာရကို အလေးထားသည့်အတွက် ထုတ်ဝေထားခြင်း ဖြစ်ပါသည်။

(က) **Chin Hills Regulation___ သည်** အင်္ဂလိပ်ကိုလိုနီက ချင်းတောင်ကို သိမ်းပိုက်ပြီးနောက် ၁၈၉၆ ခုနှစ်တွင် ပြဌာန်းပေးခဲ့သည့် ဥပဒေဖြစ်ပါသည်။ ဒီဘက်ခေတ်အခေါ်အရ **Charter (ချာတာ)** သို့မဟုတ် Constitution (ဖွဲ့စည်းပုံအခြေခံဥပဒေ) ဟု ပြင်ခေါ်ဆိုထိုက်သည့် အက်ဥပဒေ ဖြစ်သည်။

ဤဥပဒေ၏ ထူးခြားချက်သည် ချင်းလူမျိုးကို အင်္ဂလိပ်ကသီးခြားလူမျိုးတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုခြင်းနှင့် သီးခြားအုပ်ချုပ်ခဲ့ခြင်းကို ပုံဖော်လိုက်ခြင်း ဖြစ်ပါသည်။ အလားတူ ကချင်ကို Kachin Hill-tribes Regulation (1895) ခေါ် ကချင်တောင်တန်းဒေသ ဥပဒေဖြင့်လည်းကောင်း ရှမ်းပြည်ကို Federated Shan States ခေါ် ပြည်ထောင်စုရှမ်းပြည် ဥပဒေဖြင့်လည်းကောင်း အင်္ဂလိပ်က အသီးသီး (သီးခြား) အုပ်ချုပ်ခဲ့သည်။

နောက်ထပ်ထူးခြားချက်မှာ **"ချင်း"** ဆိုရာတွင် **"Lushai(ယခုMizoram)"** နှင့် Kuki (တမူး၊ ဟုမ္မလင်းနှင့် မဏိပူရ်မှာနေထိုင်) စသည်တို့ပါဝင်သည်ဟု ပုဒ်မ ၂(၃)တွင် ဖွင့်ဆိုထားသည့်အပြင် ဤဥပဒေကို လက်ရှိချင်းပြည်နယ်(Chin Hills) အပြင် မီဇိုရမ်းပြည်နယ်(ထိုစဉ်က Lushai Hills)နှင့် နာဂတောင်တန်း (Naga Hills) အထိ သက်ရောက်အကျုံးဝင်၍ ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အုပ်ချုပ်မှု စနစ်တစ်ခုတည်းအောက်မှာ ကျင့်သုံးနေထိုင်စေခဲ့ခြင်း ဖြစ်သည်။ အမှန် 'Chin-Lushai Conference'(ချင်း-လူရှိုင်းညီလာခံ)ကို Kolkata မြို့မှာ အင်္ဂလိပ်များ ကျင်းပခဲ့စဉ်က ချင်း - မီဇိုး - နာဂကို အုပ်ချုပ်မှုနယ်မြေတစ်ခု အောက်မှာ ထားရှိရန် အားလုံးသဘောတူခဲ့လျှင် ယနေ့ ချင်းနိုင်ငံရေးနှင့် ချင်းပြည် နယ်နိမိတ်လည်း တစ်နည်းတစ်ဖုံ ဖြစ်ခဲ့မှာ သေချာပါသည်။

ထို့ပြင် အဆိုပါအက်ဥပဒေတွင် ချင်းတောင်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် အစိုးရလုပ်ငန်းကို နှောင့်ယှက်ထိပါးနိုင်သော (အစိုးရဝန်ထမ်းလည်းမဟုတ်၊ ချင်းလူမျိုးလည်းမဟုတ်သော) သူများကို ချင်းတောင်မှ နှင်ထုတ်ခွင့် ပုဒ်မမျိုးပါဝင်ခြင်းကလည်း ထူးခြားမှုဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး ချင်းအက်ဥပဒေ-၁၉၄၈ တွင် ၎င်းပုဒ်မကို ပြန်ထည့်ထားသော်လည်း တပြည်ထောင်စနစ်ကြောင့် ဖဟိုတည်ဆဲပြဌာန်းဥပဒေ၏ လွှမ်းမိုးမှုရှိပြီး အသက်ဝင်မှုမရှိခဲ့ချေ။ ထိုအချက်မျိုးကို အိန္ဒိယဘက်ခြမ်းတွင် ဌာနေတိုင်းရင်းသား လူမျိုးငယ်များတချို့အတွက် Innter Line Regulation/ Inner Line Permit (ILP) ဟူ၍ အင်္ဂလိပ်များ ပြုလုပ်ပေးခဲ့ရာ ယခုထိ မီဇိုးရမ်းပြည်နယ်တွင် ကျင့်သုံး၍ အင်မတန် ထိရောက်မှုရှိပါသည်။

လွတ်လပ်ရေး ရရှိသည့်အခါမှာ ၎င်းဥပဒေကို လွှင့်ပစ်ပြီး ချင်းဝိသေသတိုင်းအက်ဥပဒေဖြင့် အစားထိုးလိုက်ခြင်းသည် မှားယွင်းမှုဟု ယူဆရပါသည်။ အမှန်ဆို Chin Hills Regulation ကို နိုင်ငံရေးစနစ်သစ်နှင့် အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်မွမ်းမံပြီး ဆက်လက်ထိန်းသိမ်း ထားရှိသင့်ပါသည်။

**(ခ) ချင်းဝိသေသတိုင်း အက်ဥပဒေ (၁၉၄၈)__**အထက်တွင် ဖော်ပြထားပြီးသည့်အတိုင်း ပင်လုံစာချုပ်နှင့်အတူ မြန်မာနိုင်ငံထဲသို့ ချင်းပြည် ပါဝင်လာသည့်အခါ ဝိသေသတိုင်း (Special Division) အဆင့် ပေးအပ်၍ Chin Hills Regulation ကို ပယ်ဖျက်ပြီး ဤအက်ဥပဒေတစ်ရပ်ကို ပြဌာန်းပေးခဲ့ခြင်းဖြစ်သည်။ ချင်းဝိသေသတိုင်း အက်ဥပဒေတွင် နိုင်ငံရေးအရ ကိုယ်ပိုင်ပြဌာန်းခွင့် မည်မည်ရရ ပြဌာန်းပါဝင်ခြင်းမရှိချေ။

သို့သော် အမွေဆက်ခံခွင့်ဆိုင်ရာပြဌာန်းချက် အပါအဝင် ရိုးရာဓလေ့ထုံးတမ်းဥပဒေ အနည်းအကျဉ်း ပါဝင်ပါသည်။ ထို့အပြင် ကျေးရွာအဆင့်၊ ဒေသန္တရအဆင့်နှင့် မြို့ပြစည်ပင်သာယာရေးအဆင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့လည်း ပါဝင်သည်။ အလားတူ အခွန်ကောက်ခံခြင်း၊ ယစ်မျိုးဥပဒေ၊ မူးယစ်ဆေးဝါး၊ သေနတ် ကိုင်ဆောင်ခွင့် အပါအဝင် တောမီးထိန်းချုပ်ရေး၊ သစ်တောထိန်းသိမ်းရေးနှင့် တောရိုင်းတိရိစ္ဆာန်များကိုစွစသည့် ပြဌာန်းချက်များလည်း ပါဝင်သည့်

အတွက် စိတ်ဝင်စားဖွယ်ကောင်းပြီး အချို့အချက်များသည် အနာဂတ်ချင်းပြည်ထောင် တည်ဆောက်ရေးအတွက် ဆက်လက်သယ်ဆောင်သွားရမည့် အချက်များရှိပါသည်။

သို့သော် အချို့ပြဋ္ဌာန်းချက်များသည် ယနေ့ခေတ်အခြေအနေနှင့် ညီညွတ်မှုမရှိကြတော့ပေ။ အဆိုးဆုံးက တိုင်းမင်းကြီး(ထွေအုပ်/ဝန်ထမ်း)၏ လုပ်ပိုင်ခွင့်အာဏာ အလွန်အကျွံ မြင့်မားပြီး ရွေးကောက်ခံအရပ်သား အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် ချင်းရေးရာဝန်ကြီး (ဒီဘက်ခေတ်အခေါ် ပြည်နယ်ဝန်ကြီးချုပ်) ထက်ပင် ဩဇာအာဏာမြင့်မားသကဲ့သို့ ဖြစ်သွားသည်။ ယင်းသည် ဖက်ဒရယ်အတုယောင်ဖြစ်ခြင်းနှင့် ဗဟိုချုပ်ကိုင်မှု မြင့်မားနေမှု၏ သက်သေဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဝန်းကျင်မှာ ချင်းပါတီ လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်သည့် ချင်းဝိသေသတိုင်းအက်ဥပဒေ ပြန်လည်သုံးသပ်ရေးကောင်မတီက ချင်းပြည်နယ်လွှတ်တော်တွင် ဥပဒေကြမ်းတစ်ရပ် ပြင်ဆင်ထားခဲ့သော်လည်း ပြည်ထောင်စုလွှတ်တော်ဘက်က အကြိမ်ကြိမ် ပျယ်ချသည့်အတွက် ၂၀၂၀ ခုနှစ် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း ပြီးဆုံးသည်အထိ အောင်မြင်မှုမရှိခဲ့ပေ။

နောက်ထပ်ထူးခြားမှုမှာ ဤချင်းဝိသေသတိုင်း အက်ဥပဒေသည် ပြည်ထောင်စုပြဋ္ဌာန်းဥပဒေများက လွှမ်းမိုးမှုရှိသော်ငြားလည်း ယနေ့အထိ အသက်ဝင်နေသေးသည့် ချင်းလူမျိုးဆိုင်ရာ တစ်ခုတည်းသော အက်ဥပဒေ ဖြစ်နေခြင်း ဖြစ်သည်။ ဤဥပဒေကို ခေတ်စနစ်နှင့်အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်ပြီး ပြီးပြည့်စုံသည့် ချင်းရိုးရာဓလေ့ထုံးတမ်းဥပဒေအဖြစ် နောင်အနာဂတ်တွင် အသုံးပြုနိုင်သည့် အက်ဥပဒေ တစ်ရပ်ဖြစ်သောကြောင့် တန်ဖိုးရှိသော ဥပဒေဖြစ်ပါသည်။

**(ဂ) ချင်းလူငယ်များ အကြံပေးချက်စာတမ်းသည် ၁၉၆၉ ခုနှစ်**တွင် ပြည်တွင်း ညီညွတ်ရေးအကြံပေးအဖွဲ့ ထံသို့ ပူးလျန်အုပ်(အမတ်) ဦးဆောင်၍ ချင်းလူငယ်များနှင့် ခေါင်းဆောင်များက ပြုစုပေးပို့ခဲ့သည့် စာတမ်းဖြစ်ပါသည်။

ထိုစဉ် တော်လှန်ရေးကောင်စီက ၁၉၄၇-ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် (၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ) ရေးဆွဲရန် ပြင်ဆင်နေသည့်အချိန်ဖြစ်ရာ ပြည်သူများအနေဖြင့် လွတ်လပ်စွာ အကြံပြုနိုင်ကြောင်း တံခါးဖွင့်ခဲ့သည့်အတွက် ထိုကဲ့သို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။ သို့သော် ချင်းလူငယ်များက ထိုသို့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အကြံပြုစာတမ်း ပေးပို့ခဲ့သည်ကို နေဝင်းအစိုးရ ဒေါသထွက်ပြီး ချင်းခေါင်းဆောင် ၅၀ ဦးခန့်ကို ဖမ်းဆီးခဲ့ပြီး ခေါင်းဆောင်တချို့ကို နှစ်နဲ့ချီ ထောင်ချခဲ့သည်အထိ အရေးယူခဲ့သည်။

ထို့ကြောင့် ဤလုပ်ရှားမှုသည် ချင်းနိုင်ငံရေးသမိုင်းတွင် နိုင်ငံရေးမူဝါဒရေးရာအရ အရေးကြီးသည့်အပြင် ချင်းအမျိုးသားနိုင်ငံရေး နိုးကြားမှုနှင့် စည်းလုံးညီညွတ်မှုတည်ဆောက်ရေးအပိုင်းတွင် သမိုင်းဝင် မှတ်တိုင် တစ်ခုဖြစ်ပေတော့သည်။

အဆိုပါ ပေးစာ(စာတမ်းရှည်) တွင် မြန်မာနိုင်ငံ ဖြစ်တည်လာသည့် ပင်လုံစာချုပ်မှ အစချီပြီး ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ချို့ယွင်းချက်များ၊ တိုင်းရင်းသားများအတွက် နစ်နာမှုများ၊ အထူးသဖြင့် ဝိသေသအဆင့်သာ ရှိခဲ့သော ချင်းအမျိုးသားများ ဥပဒေအရ ထပ်ဆင့်ကျဆင်း/နစ်နာလာပုံ၊ တော်လှန်ရေးကောင်စီ(စစ်ကောင်စီ)၏ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုကြောင့် ချင်းလူမျိုးများနစ်နာမှု၊ အထူးသဖြင့် ဘာသာရေးအရ နစ်နာမှု စသည့်များကို နောက်ခံသမိုင်းအဖြစ် ဖော်ပြရှင်းလင်းထားပါသည်။

ထို့နောက် ပေါ်ပေါက်လာလတ္တံ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ချင်းလူမျိုးများ လိုလားသော နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအပိုင်းများ၊ ချင်းအမျိုးသား ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ အချက်များ၊ ဖက်ဒရယ်မူများနှင့် အခြေခံမူများကို ထည့်သွင်းထားပါသည်။

ထူးခြားသည့်အချက်များအဖြစ် ချင်းဝိသေသတိုင်း၊ နာဂ(ခန္တီးခရိုင်)နှင့် မြေပြန့်ချင်းလူမျိုးများ တစ်ဆက်တစ်စပ်တည်း စုစည်းနိုင်သည့် အစိတ်အပိုင်းများကို စုစည်း၍ ချင်းပြည်နယ် (သို့) ချင်းတွင်းပြည်နယ် သတ်မှတ်၍ အုပ်ချုပ်နိုင်ရေး၊ မြန်မာ(ဗမာ)ပြည်နယ် သီးသန့်ရှိရေး၊ ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေ သီးခြားရေးဆွဲထားရှိခွင့်ရှိရေး၊ တပ်မတော်(စစ်တပ်)ကို ပြည်နယ်/လူမျိုးအခြေခံဖြင့် အချိုးကျ ထားရှိရေးနှင့် ချင်းပြည်နယ်တွင် ချင်းဘာသာစကား ရုံးသုံးစာအဖြစ် သတ်မှတ်ရေးတို့ ပါဝင်ပါသည်။

သူ့ခေတ်သူ့ခါ ရေခံမြေခံနှင့် လက်လှမ်းမီသလောက် ရေးသားပြုစုခြင်း ဖြစ်သည့်အတွက် တချို့အချက်များမှာမူ ဒီဘက်ခေတ် နိုင်ငံရေးစဉ်းစားချက်များနှင့် အံဝင်ခွင်ကျ မဖြစ်တော့သည်များလည်း ရှိပါသည်။ သာဓကအားဖြင့် လွှတ်တော်တစ်ရပ်တည်းစနစ် (unicameral) သာထားရှိလိုခြင်း၊ နိုင်ငံသား(citizenship) တစ်ခုတည်းသာရှိရန် လိုလားခြင်းနှင့် နိုင်ငံသားများသည် မည်သည့်နေရာမဆို လွတ်လပ်စွာသွားလာခွင့်ရှိရေး အဆိုပြုခြင်း (ဒီဘက်ခေတ်တွင် ပြည်နယ်သား သီးသန့်ထားရှိရေးနှင့် ပြည်နယ်တွင်း ဝင်ထွက်သွားလာနေထိုင်ခွင့် တစ်စုံတစ်ရာ ကန့်သတ်ရန် လိုလားမှုရှိ)၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ကို **'ပြည်နယ်အစိုးရ'** ဟု အတိအလင်းမသုံးနှုန်းခြင်း... စသည်တို့သည် ဒီဘက်ခေတ်တွင် လူကြိုက်နည်းသွားနိုင်သည်။

အလားတူ နာဂတောင်တန်းခရိုင်ဘက်မှ 'ချင်းဝိသေသတိုင်းနှင့် နာဂတောင်တန်းခရိုင်ကို ပူးပေါင်းသတ်မှတ်အုပ်ချုပ်ရန်နှင့် ခန္တီးချင်းဟု ခေါ်ပေးရန်' ၁၉၆၉ခုနှစ် မတ်လ (၂၀)ရက်စွဲဖြင့် တော်လှန်ရေးကောင်စီ(ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့)သို့ ပေးပို့သည့်စာသည်လည်း အင်မ

တန် တန်ဖိုးရှိလှပါသည်။ နာဂသည် အင်္ဂလိပ်နယ်ချဲ့က နာမည်ထွင်ခဲ့ခြင်းသာဖြစ်ကြောင်း၊ အစဉ်အဆက် ချင်းလူမျိုးဖြစ်ပါကြောင်း၊ နယ်ချဲ့သွေးခွဲခြင်းသက်သက်ဖြစ်ကြောင်း၊ ဦးနုပါလီမန်ခေတ်ကလည်း လျစ်လျူရှုခံရကြောင်း၊ ထို့ကြောင့် အမျိုးတူဖြစ်သည့် ချင်းပြည်နှင့် အုပ်ချုပ်ရေးနယ်နိမိတ်တစ်ခုအောက်မှ အတူနေထိုင်လိုကြောင်း  သူတို့ ကာယကံရှင်ကိုယ်တိုင် အဆိုပြုစာတင်လိုက်ခြင်းဖြစ်ရာ အနာဂတ် ချင်းပြည်တည်ဆောက်ရေးတွင် မဖြစ်မနေ ထည့်သွင်းစဉ်းစား ဆွေးနွေးရမည့် အချက်ဖြစ်ပါသည်။

**(ဃ) ချင်းအမျိုးသားညီလာခံ|ဘုံသဘောတူညီချက်များ____**ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံကို ချင်းပြည်နယ် ဟားခါးမြို့၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၅ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ရာ ချင်းအမျိုးသားတပ်ဦး၊ချင်းပြည်နယ်  အစိုးရအဖွဲ့ ချင်းနိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊  ချင်းတိုင်းရင်းသားရေးရာဝန်ကြီးများ၊ မြို့နယ်နှင့် နေရာဒေသအသီးသီးမှ ချင်းရပ်မိရပ်ဖနှင့် မျိုးနွယ်စုခေါင်းဆောင်များ အပါအဝင် ချင်းအရပ်ဘက်  လူမှုအဖွဲ့အစည်းများ စသည်ဖြင့် အလွှာပေါင်းစုံမှ ချင်းကိုယ်စားလှယ်  စုစုပေါင်း (၅၇၁)ဦး တက်ရောက်ခဲ့ပါသည်။ လေးရက်ကြာကျင်းပပြုလုပ်သည့် အဆိုပါညီလာခံတွင် ချင်းအမျိုးသားရေးဆိုင်ရာ ခေါင်းစဉ်(အကြောင်းအရာ) ၁၁ ခုခွဲ၍ ဆွေးနွေးညှိနှိုင်းခဲ့ရာ ဘုံသဘောတူညီချက် ၁၅၇ ချက် ရရှိနိုင်ခဲ့ပါသည်။

ဤချင်းအမျိုးသားညီလာခံ၏ ထူးခြားချက်မှာ ချင်းလူမျိုးသမိုင်းတွင် နယ်ပယ်ပေါင်းစုံ၊အလွှာပေါင်းစုံမှ ချင်း Stakeholders ခေါင်းဆောင်များ စုံစုံလင်လင်ဖြင့် ချင်းအရေးအရာများကို ကဏ္ဍပေါင်းစုံဖြင့်  အကျယ်ပြန့်ဆုံးနှင့် အနက်နဲဆုံးဖြင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်သည့် ပထမဆုံး တွေ့ဆုံမှုဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင်  ဤကဲ့သို့ လူစုံတက်စုံဖြင့် ချင်းလူမျိုးများက ကိုယ့်လူမျိုးအကြောင်းကို အတူတစ်ကွ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုသည် ဤတစ်ကြိမ် ပထမဆုံးအကြိမ် ဖြစ်ပါသည်။

သို့ဖြစ်၍  ယင်းဘုံသဘောတူညီချက်များထဲက အချို့သည် နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှုကြောင့် အံဝင်ခွင်ကျ  မဖြစ်တော့သည့်အချက်များရှိသော်ငြားလည်း  ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် ကဏ္ဍ၊ မြေယာနှင့် သဘာဝသယံဇာတကိစ္စ၊ ဘာသာရေးနှင့် ယုံကြည်မှုဆိုင်ရာကဏ္ဍ၊ ချင်းမျိုးနွယ်စုများကိစ္စနှင့်  ပညာရေးဆိုင်ရာကိစ္စနှင့်  ပတ်သက်၍ ဤညီလာခံ၏ ဘုံသဘောတူညီချက်များသည် အနာဂတ် ချင်းအမျိုးသား တည်ဆောက်ရေးဖြစ်စဉ်မှာ အစဉ်တစ်စိုက် ထည့်သွင်းကိုးကားရမည့်အချက်များ ဖြစ်ပါသည်။

**(င) ချင်းအမျိုးသားအဆင့်  နိုင်ငံရေးဆွေးနွေးပွဲ၊** သဘောထားစုစည်းချက်များ  လူမျိုးအလိုက် အမျိုးသား အဆင့်နိုင်ငံရေးဆွေးနွေးပွဲ(ချင်း)ကို ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့မှ မတ်လ(၁)ရက်နေ့အထိ  ကျင်းပခဲ့ရာ ချင်းအမျိုးသားတပ်ဦး၊ နိုင်ငံရေးပါတီများ၊ ချင်းအရပ်ဘက် လူ့အဖွဲ့အစည်း၊ ပါဝင်သင့်ပါဝင်ထိုက်သည့် ချင်းကိုယ်စားလှယ်

များ၊ ဌေ့်သည်တော်များနှင့် လေ့လာသူများ စသည်ဖြင့် အလွှာပေါင်းစုံမှ ကိုယ်စားလှယ် စုစုပေါင်း (၆၅၂)ဦး တက်ရောက်ခဲ့ကြပါသည်။

သုံးရက်ကြာ အဆိုပါ ဆွေးနွေးပွဲတွင် အကြောင်းအရာ ခေါင်းစဉ် ၉ ခုကို အစုအဖွဲ့ခွဲ၍ ဆွေးနွေးကြပြီး ကဏ္ဍအလိုက် သဘောထားစုစည်းချက် စုစုပေါင်း (၉၉) ချက် ထွက်ပေါ်လာပါသည်။ ထိုသဘောထားစုစည်းချက်များကို လုပ်ထုံးလုပ်နည်းအရ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲ ကော်မတီ (UPDJC) ထံသို့ စာတမ်းဖြင့် တင်သွင်းခဲ့ပါသည်။ ၎င်းသဘောထားစုစည်းချက်စာတမ်းကို ဤစာအုပ်တွင် ထပ်မံဖော်ပြခြင်းဖြစ်ပါသည်။

အကြောင်းကြောင်းကြောင့် ယင်း ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (Chin National Dialogue - CND) ဆွေးနွေးပွဲကို ထပ်မံကျင်းပပြုလုပ်နိုင်ခြင်းမရှိ သည့်အတွက် ကဏ္ဍအလိုက်ဆွေးနွေးချက်များကို ဘုံသဘောထားရပ်တည်ချက်များ အဖြစ်အတည် မပြုနိုင်ခဲ့သော်လည်း အလွှာပေါင်းစုံမှချင်းကိုယ်စားလှယ်များ၏ အမြင်သဘောထားများကို ထင်ဟပ်ဖော်ဆောင်သည့်အတွက် နောက်နောင် ချင်းအမျိုးသားတည်ဆောက်ရေး ဖြစ်စဉ်တွင် ဆက်လက်သယ်ဆောင်သွားရမည့်အရာများ ဖြစ်သည်ဟု ယူဆပါသည်။

ဤစာတမ်း၏ အဓိက ထူးခြားချက်သည် ချင်းလူမျိုးများ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို အကျယ်ပြန့်ဆုံး ဆွေးနွေးညှိနှိုင်းသည့် ရလဒ်ဖြစ်နေခြင်း ဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်တွင် ဖလမ်းမြို့၌ ကျင်းပခဲ့သည့် ချင်းအမျိုးသားညီလာခံနှင့် ၂၀၁၃ခုနှစ်တွင် ဟားခါးမြို့၌ ကျင်းပခဲ့သည့် ချင်းအမျိုးသားညီလာခံ တွင် ချင်းအမျိုးသားရေးနှင့် နိုင်ငံရေးအပိုင်းကို ဆွေးနွေးခဲ့သော်လည်း ဤတစ်ကြိမ် CND သည် နိုင်ငံရေးဆိုင်ရာ မူဝါဒများကို အသေးစိတ် ဆွေးနွေးကြခြင်းဖြစ်ရာ ပိုမိုပြည့်စုံ၍ အသေးစိတ်ကျသည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် နောက်နောင်တွင် ချင်းပြည်သူလူထုက နိုင်ငံရေးဆွေးနွေးမှုနှင့် လူထုဆန္ဒခံယူပွဲကျင်းပ ပြုလုပ်နိုင်သည်အထိ အခင်းအကျင်း မပေါ်ပေါက်သေးခင် စပ်ကြားတွင် ၂၀၁၃ ခုနှစ် ချင်းအမျိုးသားညီလာခံ ဘုံသဘောတူညီချက်များနှင့် ၂၀၁၇ ခုနှစ် ချင်းအမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ ဘုံသဘောထားစုစည်းချက်များသည် ချင်းပြည်သူလူထု၏ အမြင်သဘောထားရပ်တည်ချက်ကို အနီးစပ်ဆုံးနှင့် အကျယ်ပြန့်ဆုံးဖြင့် ထင်ဟပ်သည့် မူဝါဒရပ်တည်ချက်များဖြစ်သည်ဟု ခံယူရမည်ဖြစ်ပါသည်။ ကိုးကားရမည်ဖြစ်ပါသည်။ ကိုင်စွဲရမည်ဖြစ်ပါသည်။

**စာတမ်းများစုစည်းပြုစုသူ**

**ဆလိုင်း ကျဲအိုဘိခ်ထောင်**



MAJOR RAIKES, DEPUTY-COMMISSIONER OF CHINDWIN, MEETING THE CHIN CHIEFS AT IN DIN

WITH THE CHINS IN UPPER BURMA

# THE CHIN HILL REGULATION, 1896*

A Regulation to Declare the Law Applicable in the Chin Hills of Upper Burma
WHERES it is expedient to declare the law applicable in the Chin Hills of Upper Burma: It is hereby enacted as follows: -

# CHAPTER – I

## PRELIMINARY

1. (1) This regulation may be called the Chin Hills Regulation, 1896

(2) It shall come into force on such date as the local Government may, by notification in the Burma Gazette, appoint.

(3) This section and section 3 shall extend to the whole of the Chin Hills. The rest of this regulation shall extend only to such tracts in the Chin Hills as the Local Government, with the previous sanc tion of the Governor Gazette in Council may, by notification in the Burma Gazette, direct.

2. (1) In this Regulation, unless there is anything repugnant in the subject or context, the expression –

"Superintendent" includes any officer whom the Local Government may invest with the powers of ax Superintendent under this Regu lation:

(2) " Assistant Superintendent " includes any Officer whom the Local Government may invest with the powers of an Assistant Superin tendent under this Regulation:

* The Regulation came into force on the 1st June, 1897 (Vide Polit ical Department Notification, No.9 dated the 1st May, 1897, p.18)

(3) "Chin" includes (a) Lushais, (b) Kukis (c) Burmans domiciled in the Chin Hills; and (d) any person who have adopted the customs and language of the Chins and are habitually resident in the Chin Hills.

(4) "Chin" means any sub-division or section of Chins, and includes a group of clans:

(5) "Village" includes –

(a) A village-community

(b) Village lands

(c) Rivers passing through or by village land: and

(d) A group of villages: and

(6) "Village" means the chief or head of any clan or village inhabited by Chins, and includes a council of chiefs or elders.

# CHAPTER – II

## LAW APPLICABLE IN THE CHIN HILLS

3. (1) This Regulation and the enactment in the schedule, to the extent and with the modification therein set forth, shall be deemed to be the only enactments which apply to any tract in the Chin Hills to which section 2 and section 4 to 41 (both inclusive) may be a notification under section 1, sub-section (3)

(2) No other enactments shall be deemed to apply to Chin in the Chin Hills: Provided that the Local Governor General in Council, may, by notifica tion in the Barma Gazette, declare any other enactment to be applicable wholly or to the extent or with the modification which may be set forth in the notification.

4. (1) So far as regard persons other than Chin, the law in force in the Chin Hills Shall, subject to the provision of sub-section (4) and (5), be the law for time being in force in Upper Burma exclusive of the town of Mandalay:

(2) For the purpose of any enactment in force in the Chin Hills in pursuance of the provision of sub-section (1), the Superintendent shall be deemed to be the Deputy Commissioner or the District Magistrate Collector, and an Assistant Superintendent and Assistant Commissioner in charge of sub-division or an Assistant Collector of the first class, as the case may be.

(3) The Local Government shall exercise the powers of the Financial Com missioner and of a Commissioner under any such enactment as aforesaid.

(4) This section and section 9,16,22,23, 33 and 34 shall apply to all persons within the Chin Hills.

(5) Section 12 shall apply to all parties to a suit or other proceeding of a civil nature in which any of the parties is a Chin.

# CHAPTER – III

## HEADMEN AND THEIR POWERS

5. (1) Subject to any general or special orders of the Local Government the Superintendent may appoint and remove any headman and may define the local limits of his jurisdiction and declare what clan or village, or both, shall be subject to him.

(2) Where a headman is appointed for a group of villages or clans, the Superintendent may declare the extent to, and the manner in which the headman of the village or clans composing such group shall be subordi nate to the headman of the group.

(3) In making a declaration under this section the Superintendent shall be guided as far as practicable by local custom.

6. (1) Every headman shall within the local limits of his jurisdiction have gen eral control, according to local customs, over the clan or village, or both declares subject to him.

(2) He may levy from such clan or village any customary dues and many impose on them such punishment as are authorized by local custom: Provided that no barbarous, excessive or unusual punishment shall be imposed.

(3) He shall be bound to keep the peace within the tract under his general control: to comply with all lawful orders received from the Superinten dent or Assistant Superintendent: and to furnish on the requisition of the Superintendent or an Assistant Superintendent on receipt of payment at rates to labour required by any public servant.

7. (1) A headman may try, according to local custom, any person subject to his general control, who may be charged with any offence other than an of fence punishable under section 121 to 130, sections 302 to 308, sections 341 to 348, sections 363 to 377, section 390 to 402 and section 438 to 440( all inclusive) of the Indian Penal Code or with abetment of, or attempt to commit, any of these offences, and may punish with fine in money or goods any person found guilty by him of any s uch offence as aforesaid.

(2) Nothing in the Indian Penal Code or in the Code of Criminal Procedure, 1882 shall apply to any proceedings of a headman acting in exercise of the powers conferred by this section.

8. A headman may try and decide according to local custom any dispute of a civil nature between persons subject to his general control, and may enforce his decision in accordance with such custom.

# CHAPTER – IV

## JURISDICTION AND SPECIAL POWER OF BFFICERS

9. (1) The Chin Hills shall constitute a session division and a district for crimi nal, civil, revenue and general purposes, and the Superintendent shall be the Sessions Judge

(2) As Sessions Judge the Superintendent may take cognizance of any offence as a Court of original jurisdiction without the accused being committed to him by a Magistrate for trial, and, when so taking cognizance, shall follow the procedure prescribed by the Code of Criminal Procedure, 1882, for the trial of Warrant cases by Magistrate.

10. For the purposes of the Code of Criminal Procedure, 1882, the local Gov ernment shall exercise the powers of o High Court.

11. The local Government may, by notification in the Burma Gazette, invest any Assistant Superintendent with all or any of the powers of a Superintendent under this Regulation, and define the local limits of his jurisdiction.

12. (1) The Superintendent end every Assistant Superintendent exercising juris diction within the Chin Hills may try any suit or other proceedings of a civil nature between parties, any one of whom is a Chin, according to such procedure as the Local Government may, by notification in the Burma Gazette, prescribed; and

(2) In the trial of any such suit or proceeding, may exercise all or any of the powers which he might exercise in a suit or proceeding in which none of the parties is a Chin; end

(3) In deciding any such suit or proceeding, shall have regard to local custom and to justice, equity and good conscience.

13. The Superintendent may withdraw any civil or criminal case pending before a headman or an Assistant Superintendent and may either try himself or refer it for trial to an Assistant Superintendent.

14. (1) Subject to the control of the Local Government, the Superintendent may take hostages f rom, or impose fines in money or goods on, any clan or village or any part thereof, if after enquiry he finds that any of the persons belonging to such clan or village have –

(a) colluded with, or harbored, or failed to take reasonable means to prevent the escape of, any person accused of, or under sentence of imprisonment for, an offence;

(b) suppressed or combined to suppress evidence in any criminal case;

(c) failed or neglected to restore stolen property tracked to their village or take on the track beyond the limits of their village;

(d) done any act hostile or unfriendly to the Government;

(e) disobeyed the lawful orders of the Superintendent or of an Assistant Superintendent;

(f) taken part in or abetted an attack on traders or other travelers, or they levy of or attempt to levy unauthorized dues or tolls; or

(g) Engaged in fighting with any other d a n or village.

(2) The Superintendent may order the whole or any part of fine imposed under this section to be given as condensation to any person to whom damage or injury has been caused, directly or indirectly, by the act in re spect of which the fine is imposed.

(3) When in pursuance of an order passed under this section a person has received compensation for injury out of the proceeds of a fine, all right of such person to condensation based on the same injury shall be barred.

15. When within the area occupied by any clan or village a person is dangerous ly or fatally wounded by unlawful attack, or the body of a person reasonably believed to have been unlawfully killed is found, the members of such clan or village shall be deemed to have committed an offence under the last forego ing section unless they can show that -

(a) had not any opportunity of preventing the offence or arrest ing the of fence; or,

(b) had used all reasonable means to bring the offender to justice.

16. In the event of any clan or village acting in a manner hostile or unfriendly to the Government, detain all or any member of such clan or village, deport them from the Chin Hills for life or for my other shorter terra, detain or confiscate their property, debar them from access into territory outside the Chin Hills and prohibit all or any other persons from entering "the area oc cupied by such elm of village.

17. Every headman who abused any of the powers conferred upon him by this Regulation, or neglects to obey any reasonable order of the Superintendent shall be liable by order of the Superintendent to pay a fine not exceeding fifty, rupees,* or to be suspended or dismissed from office.

18. When the Superintendent is satisfied that a dispute likely to cause a feud, breach of the peace or any affecting the human body or against properly exists, he may enquire into the dispute and pass such order as he may think fit, having regard to local custom and to justice, equity and good conscience.

19. No new villages shall be formed without the consent of the Superintendent, who may, for reasons to be recorded in writing, prohibit the formation thereof.

20. Whenever it seems to the Superintendent to be expedient on military or oth er grounds, he may, by order in writing, direct the removal of any village to any other site, and , with the sanction of the local Government, may award to the inhabitants thereof such compensation for any loss which may have been occasioned to than by such removal as, in his opinion, shall be just.

21. (1) When any person is known or believed to have a feud, or has occasioned any cause of quarrel likely to lead to bloodshed, dacoity or robbery, the Superintendent may require such person to reside beyond the limits of the Chin Hills or within those limits at such place as the Superintendent may deem desirable.

(2) No order requiring a person to reside beyond the limits of the Chin Hills shall be made without the previous sanction of the local Government.

22. When the Superintendent is satisfied that the presence of any person (not being a public servant or a Chin ) is injurious to the peace or good admin istration of the Chin Hills, he may, for reasons to be recorded in writing ,or der such person to leave the Chin Hills within a given time.

23. Whatever contravenes the provisions of section 19 or disobeys an order un der section 20 or a requisition under section 2 1, or an order under section 2 2, may, on conviction by a Magistrate, be punished with imprisonment for a term which may extend to six months, and shall also be liable to fine which may extend to one thousand rupees.

24. When the Superintendent is of opinion that it 4s necessary for the purpose of preventing culpable homicide (whether amounting to murder or not) griev ous hurt, dacoity or robbery to require any person to, execute a bend for his good behavior, he may order such person to execute a bond with or without sureties, for his good behavior during such period not exceeding three years as the Superintendent may fix.

25. When a feud or other cause of quarrel likely to lead to bloodshed or violence exists, or is in the opinion of the Superintendent, likely to arise between two clans, villages or families of Chins, the Superintendent may order all or any of the persons belonging to such clans, villages or families, to execute a bend with or without sureties, for their good behavior during such period not exceeding three years as he may fix.

26. When an Assistant Superintendent duly authorized under section II passes an order section 24 or section 25, he shall at once submit a report of his pro ceedings to the Superintendent.

27. (1) The commission or attempted commission or the abetment by a person who has executed a bond for his good behavior under section 24, of any offence affecting the human body or against property shall be deemed to be a breach of such bond.

(2) If, while a bond executed under section 25 is in force, the life of any person belonging to any clan, village or family concerned is unlawfully taken or attempted to be taken, or the property of any such person is lawfully taken or attempted to be taken, by or with the abetment of any person or persons belonging to the other clan, village or family, the Super intendent may declare the bonds of all or any of the persons belonging to such other clan, village or family, and of their sureties(if any) to be forfeited.

28. (1) If any person ordered to execute a bond for his good behavior under section 24 or section 25 does not give the security required on or before the date on which the period for which the security is to be given begins, he shall be committed to prison or if he is already in prison, be detained there until such period expires, or until within such period he gives the security to the officer who made the order requiring it, or to the Officer in charge of the jail in which he is detained, in which case he shall be forth with discharged from prison.

(2) Imprisonment for failure to give security under section 24 or section 25 may be rigorous or simple as the Officer requiring the security directs in each case.

29. When any person has suffered imprisonment for three years for failure to give security for his good behavior under section 24 or section 25 he shall be released and shall not again be required to give security unless a fresh order is passed in accordance with the provisions of this Regulation.

30. (l) Any person who has, under the provisions of section 24 or section 25, given security, or been imprisoned or failure to give security, may be brought before the Superintendent if, on the expiry of the period for which security was required to be given, the Superintendent so directs.

(2) When the Superintendent thinks it necessary, for the purpose of preventing the commission of any offence affecting the human body or against property, to require security for a further period from any person so brought before him, he shall record a proceeding to that effect,

(3) The proceeding may be founded on the facts on which the original order to give security was founded, and it shall not be necessary to prove any fresh facts to justify an order to give security for a further period; under this sec tion and such subsequent order, if passed, shall have the same effect and be enforced in the same manner as an order to give security under section 24 to section 25.

(4) Notwithstanding anything in this section, no person shall suffer, for failure to give security under this Chapter, imprisonment for more than six years or without the sanction of the local Government, for more than three years.

# CHAPTER V

## SPECIAL RULES AS TO AFMS, AMMUNITION, OPIUM AND FORESTS

31. (1) The Superintendent may fix the number of firearms and the quantity and description of ammunition which may be possessed any clan or village, and may issue licenses, either to such clan or village collectively, or to any of the persons belonging there to individually, to possess the firearms and ammunition specified in the licenses.

(2) All firearms for which licenses have been issued shall be stamped and entered in a register.

(3) The Superintendent may grant a license to any clan or village for the manu facture of gunpowder.

(4) Any person, who, not being licensed or not belonging to any clan or village licensed i n that behalf, possesses any firearms or ammunition, or who es corts from the Chins Hills any firearms of ammunition, or who manufac tures gunpowder, shall be punished, on conviction by a Magistrate, with imprisonment which may extend to three years, or with fine, or with both.

(5) With the previous sanction of the Local Government, the Superintendent may direct that the foregoing sub-section shall not apply to any tract or part of the Chin Hills, and may with the sanction cancel any direction so made.

(6) The Superintendent may, by order in writing, prohibit all or any of the per sons belonging to any clan or village from carrying daos, spears aid bows, and arrows, or any of the weapons, in any tract, to be defined in the order. If he is of opinion that such prohibition is necessary to the peace of such tract. Such order shall specify the length of time during which it shall remain in force.

(7) Whoever disobeys a prohibition under sub-section (6) shall, on conviction by a Magistrate, be punished with imprisonment which extend to six months, or with fine, or with both.

32. No prosecution under the Upper Burma Forest Regulation, 1887, or any rule thereunder, shall be instituted against any Chin except with the sanction in writing of the Superintendent.

33. Whoever imports, cultivates, manufactures, possesses, sells or exports opium, ganja, bhang or chars in the Chin Hills shall be punished, on conviction by a Magistrate, with the imprisonment which may extend to one year or with fine, or with both,

34. Whoever sells foreign fermented liquor or spirit to any Chin shall be punished, on conviction by a Magistrate, with imprisonment which may extend to three months, or fine or with both.

# CHAPTER VI

## HU1ES REGARDING TAXES AND REALIZATION OF FINES, TEC.

35. Taxes shall be levied on all clans and villages at such rates and in such manner as the Local Government may prescribe.

36. An order for the payment of any fine or tax, or for the delivery of any property, or for the performance of any act, may be enforced (1) by the seizure of any moveable property or of any standing crops of the person against whom such order is made, or when the order is made against a clans or village or family of Chins, of any person belonging hereto, or (2) with the sanction of the Superintendent of an Assistant Superintendent, by the simple imprisonment, for a term not exceeding one year, of the person against whom such order is made.

# CHAPTER VII

## CONTROL

37. No appeal shall lie against any order passed by a headman or by any officer acting tinder this Regulation.

38. (1) All headmen and all officers in the Chin Hills shall be subordinate to the Superintendent, who may revise any order passed by any such headman or officer, including an Assistant Superintendentspecially empowered under section II.
(2) The local Government may revise any order passed tinder this Regulation.

39. Subject to the control of the Governor General in Council, the local Govern ment may make rules consistent with this Regulation -
(a) To regulate the procedure to be observed by officers acting under this Regulations;

(b) To prescribe the use of such forms, the submission of such reports and statements and the maintenance of such records and registers as it may think necessary and,

(c) generally, to carry into effect the purposes of this Regulation,

40. (1) Except as provided in this Regulation, a decision passed, act done or order made under this Regulation shall not be called in question in any Civil or Criminal Court.

41. (1) The Local Government may, by notification in the Burma Gazette, delegate to the Commissioner of any Division in Upper Burma all or any of the powers conferred upon the local Government by this Regulation, except the powers conferred by this section and by sections 1,3,5,11,12,31,35 and 39, and may, from time to time by a like notification, rescind or vary any such notification.

(2) When all or any of the powers of the local Government have been delegated to the Commissioner of the division, the local Government may revise any order passed by such Commissioner except an order passed under section 10.


LAW

# ချင်းဝိသေသတိုင်း လက်စွဲဥပဒေ

**(၃၁-၁၂-၆၁ နေ့အထိ ပြင်ဆင်သည့်အတိုင်း)**

**[၁၉၆၄ ခုနှစ် ပြန်လည်ပုံနှိပ်သည်]**

ချင်းဝေသေသတိုင်း လက်စွဲ ဥပဒေ

(၃၁-၁၂-၆၁ နေ့အထိ ပြင်ဆင်သည့်အတိုင်း)

(၁၉၆၄ ခုနှစ် ပြန်လည်ပုံနှိပ်သည်)

၁၉၆၄

ဗဟိုပုံနှိပ်တိုက်၊ ရန်ကုန်မြို့

# နိဒါန်း

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့တွင်၊ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည်နှင့် အညီ၊ ဗြိတိသျှအစိုးရကရေးဆွဲပြဌာန်းခဲ့သော ၁၈၉၆ ခုနှစ်၊ ချင်းတောင်များစည်းမျဉ်း ဥပဒေ (The Chin Hills Regulation, 1896) ကို ပယ်ဖျက်၍၊ ၎င်းအစား ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသ တိုင်းအက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၉)ဟု ခေါ်တွင်သော အက်ဥပဒေ အသစ် တစ်ခုကို ပြည်ထောင်စုပါလီမန်မှ ပြဌာန်းခဲ့လေသည်။ ထိုအချိန်မှစ၍ အဆိုပါအက်ဥပဒေကို ၁၉၄၉ ခုနှစ် အက်ဥပဒေအမှတ် ၃၉ ဖြင့်၎င်း၊ ၁၉၄၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ ဖြင့်၎င်း၊ ၁၉၅၇ ခုနှစ် အက်ဥပဒေအမှတ် ၅၀ ဖြင့်၎င်း၊ အရေးပါ အရာရောက်လောက်အောင် ပြင်ပြီး ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ စတင်အာဏာဝင်သည့် နေ့ရက်တွင် အတည်ဖြစ်လျက်ရှိ၍၊ ချင်းဝိသေသတိုင်းအတွင်းရှိ ချင်းအမျိုးသားများနှင့် သက်ဆိုင်သည့် အက်ဥပဒေများကို၊ လိုအပ်သည့် ခြွင်းချက်များ၊ သို့မဟုတ် ပြုပြင်ပြောင်းလဲချက်များ နှင့်အတူ၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း (ဥပဒေများဖြန့်ခြင်း) အက်ဥပဒေ (၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈) ၏ဇယားတွင် ထည့်သွင်းဖော်ပြထားပါသည်။

ဤလက်စွဲဥပဒေကို၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ချင်း ရေးရာဝန်ကြီး ဌာန၏ အခွင့်အာဏာအရ၊ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၁၉၄၈ ခုနှစ်၏ နောင်းပိုင်း၌ ချင်း ဝိသေသတိုင်းတွင် အာဏာသက်ရောက်သော ဥပဒေပါ ပြဌာန်းချက်များအရ၊ ထုတ်ပြန်ထား သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများအပြင်၊ ၎င်းတိုင်း၏ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်သော အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက် အစရှိသည်များကို ရှာဖွေစုဆောင်းလျက်၊ ပဥ္စမအကြိမ် ပြုစုစီစဉ်ထားသည့် ပြည့်စုံကောင်းပြည့်စုံမည်ဖြစ်ပါ၍၊ အဆိုပါစာအုပ်တွင် မှား ယွင်းချက်များ၊ ချန်လှပ်ထားသည့်အရာများနှင့် အခြားချို့ယွင်းချက်များ တွေ့ရှိပါက အောက် တွင် လက်မှတ် ရေးထိုးသူထံသို့ အကြောင်းကြားအသိပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**တွမ်မှုန်း၊**

အတွင်းဝန်၊

ချင်းရေးရာဝန်ကြီးဌာန

ရန်ကုန်မြို့ ၁၉၆၂ ခု၊ဇန္နဝါရီလ ၄ ရက်။




# အပိုင်း ၁

၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ

[၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၉] (၁၉၄၈ ခု၊ အောက်တိုဘာလ ၂၂ရက်)

၁။ ။ ဤအက်ဥပဒေကို၊ ချင်းဝိသေသတိုင်း အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကား၏ အဓိပ္ပါယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင်....

(၁) [ "ခရိုင်ဝန်" ] ဆိုသည့်စကားရပ်တွင်၊ ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမတက၊ [ခရိုင်ဝန်]၏ အာဏာများပေးအပ်ထားသည့် အရာရှိလည်း ပါဝင်သည်။

(၂) " နယ်ပိုင်ဝန်ထောက် " ဆိုသည့်စကားရပ်တွင်၊ ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမ္မတက၊ နယ်ပိုင်ဝန်ထောက်၏ အာဏာများ ပေးအပ်ထားသည့် အရာရှိလည်း ပါဝင်သည်။

(၃) "မြို့ပိုင်" ဆိုသည့်စကားရပ်တွင်၊ ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမတက၊ [မြို့ပိုင်] ၏ အာဏာများပေးအပ်ထားသည့် အရာရှိလည်း ပါဝင်သည်။

(၄) " ချင်းအမျိုးသားများ" ဆိုသည့်စကားရပ်တွင်၊ ချင်းဝိသေသတိုင်း၌ အိုးအိမ် အတည်အကျရှိသော ပြည်ထောင်စုမြန်မာနိုင်ငံသားများ ပါဝင်သည်။

(၅) " သွေးသောက်စု " ဟူသည်မှာ၊ ချင်းလူမျိုး၏ အစိတ်အပိုင်းတရပ်ရပ် ကိုဖြစ်စေ၊ အစုအပေါင်းကိုဖြစ်စေ ဆိုလိုသည်။

(၆) (က) "ရွာ" ဆိုသည်မှာ၊ မြို့ပြ၏ ပြင်ပ၌ရှိ၍ အစဉ်အလာအရ၊ အိမ်များစုပေါင်းတည် ရှိသည့်၊ သို့တည်မဟုတ်နေအိမ်များအတွက် ဆိုင်ရာအာဏာပိုင်က ရွာမြေဟုသတ်မှတ်ထားသည့်လူများစုပေါင်း နေထိုင်သောဒေသကို ဆိုလိုသည်။
(ခ) " ကျေးရွာ" ဆိုသည်မှာ၊ ပုဒ်မ ၆ အရ၊ ခန့်ထားသော ရွာသူကြီး၏ အာဏာသက်ရောက်သော နယ်နိမိတ်တွင် ပါဝင်သည့်ရွာ၊ သို့တည်းမဟုတ် ရွာများနှင့် မြေများကိုဆိုလိုသည်။

(ဂ) "မြို့မ" ဆိုသည်မှာ၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ "မြို့မ" ဟုတ် သတ်မှတ်သော အရပ်ဒေသကို ဆိုလိုသည်။

(၇) " ရွာသူကြီး " ဟူသည်မှာ၊ ဤအက်ဥပဒေအရ၊ ခန့်ထားသည့် ရွာသူကြီးကို ဆိုလိုသည်။
(၈) " ကျေးရွာကောင်စီ " ဟူသည်မှာ၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းထားသည့် ကျေးရွာကောင်စီကို ဆိုလိုသည်။
(၉) " တိုက်နယ်ကောင်စီ " ဟူသည်မှာ၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းထားသည့် တိုက်နယ်ကောင်စီကို ဆိုလိုသည်။

*မြန်မာနိုင်ငံပြန်တမ်း၊ ၁၉၄၈ ခု၊ အပိုင်း ၁၊ စာမျက်နှာ ၁၁၃၅ တွင် ထုတ်ပြန်ကျေညာသည်။
၁ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ပြင်ဆင်သည်။
၂ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ "ရှိ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်သည်။
၃ အဆိုပါအက်ဥပဒေပြင်ဆင်သည်။
၄ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။
၅ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉ အရ၊ ထည့်သွင်းသည်။
၆ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ၊ အစားထည့်သွင်းသည်။

(၁၀) "ပြည်ထောင်စု" ဟူသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံကို ဆိုလိုသည်။

(၁၁) " အခြေခံဥပဒေ" ဟူသည်မှာ၊ ပြည်ထောင်စု မြန်နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဆိုလိုသည်။

(၁၂) " တိုင်းမင်းကြီး " ဆိုသည်မှာ၊ ချင်းဝိသေသတိုင်းဆိုင်ရာ တိုင်းမင်းကြီးကိုဆိုလိုသည့်အပြင်၊ ထိုစကားရပ်တွင် ဤအက်ဥပဒေအရ၊ နိုင်ငံတော်သမတက၊ တိုင်းမင်းကြီး၏ အာဏာများအပ်နှင်းထားသည့် အရာရှိလည်းပါဝင်သည်။

(၁၃) " မြို့မကောင်စီ " ဆိုသည်မှာ၊ ဤအက်ဥပဒေအရ၊ ဖွဲ့စည်းထားသော မြို့မကောင်စီကို ဆိုလိုသည်။

(၁၄) " ဝန်ကြီး " ဆိုသည်မှာ၊ ပြည်ထောင်စု အစိုးရအဖွဲ့ဝင် ချင်းရေးရာဝန်ကြီးကို ဆိုလိုသည်။

၃။ ။ ဤအက်ဥပဒေသည်၊ ချင်းဝိသေသတိုင်းတွင် အာဏာပြန်နှံ့သည်ဖြစ်၍၊ အခြေခံဥပဒေ စတင်အာဏာဝင်သည့် နေ့ရက်တွင် အတည်ဖြစ်လျက်ရှိသော အက်ဥပဒေများကို ပါလီမန်လွှတ်တော်မှချင်းဝိသေသတိုင်းရှိ ချင်းအမျိုးသားများနှင့် ဆက်ဆိုင်စေရမည်ဟု အက်ဥပဒေတရပ်ဖြင့် သတ်မှတ်ခြင်း မရှိလျှင်၊ ဆိုခဲ့ပြီသော အက်ဥပဒေတို့သည်၊ ချင်းအမျိုးသားများတို့နှင့် သက်ဆိုင်ခြင်း မရှိ။

၄။ ။ ပြည်ထောင်စုနိုင်ငံအတွင်း၊ အခါကာအားလျော်စွာ အတည်ဖြစ်လျက်ရှိသသည် တရားဥပဒေများသည်၊ နောက်တွင်ဖော်ပြထားမည့် ပြင်ဆင်ချက်များနှင့်တကွ၊ ချင်းဝိသေသတိုင်းတွင် နေထိုင်သော ချင်းအမျိုးသာများမှတပါး အခြားသူများနှင့် သက်ဆိုင်ရမည်။

၄-က။ ။ နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ မည့်သည့် အရပ်ဒေသကိုမဆို၊ မြို့မအဖြစ် သတ်မှတ်နိုင်သည်။

၅။ ။ (၁) ဝန်ကြီးသည်၊ မိမိအားအခြေခံဥပဒေ ပုဒ်မ ၁၉၇ (၃)ဖြင့် အပ်နှင်းထားသည့် အာဏာများ၊ အခွင့်အရေးများနှင့် တာဝန်ဝတ်တရားများကို၊ ချင်းရေးရာကောင်စီ၏ အလိုဆန္ဒနှင့် အညီ သုံးစွဲဆောင်ရွက်ရမည်။ သို့သော် ယင်းသို့ သုံးစွဲဆောင်ရွက်ရာ၌၊ ပြည်ထောင်စုအစိုးရ၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခြင်း မရှိခြင်းစေရ။

(၂) ဝန်ကြီးနှင့်ချင်းရေးရာကောင်စီတို့ မှုခင်းကိစ္စကို သင့်တင့်စွာဆောင်ရွက်ရန် အလို့ငှါ၊ ဝန်ကြီးသည် ကောင်စီ၏ အကြံပေးချက်နှင့်အညီ၊ မှုခင်းကိစ္စဆောင်ရွက်မှုဆိုင်ရာ နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

(၃) အထက်ပုဒ်မခွဲအရ ပြုလုပ်ထားသည့်နည်းဥပဒေများသည်ဝန်ကြီးနှင့်ချင်းရေးရာကောင်စီတို့ မှုခင်းကိစ္စ ဆောင်ရွက်ရန်အတွက် လမ်းညွှန်းနည်းဥပဒေများ ဖြစ်ရမည်။

၆။ ။ (၁) ခရိုင်ဝန်သည်၊ ကျေးရွာသို့တည်းမဟုတ် ကျေးရွာစုအတွက် ရွာသူကြီးတစ်ဦးကို၊ နည်းဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။ ထိုသို ရွေးကောက်တင်မြှောက်ခြင်းခံရသူကို ခရိုင်ဝန်က ရွာသူကြီးအဖြစ် ခန့်ထားရမည်။

(၂) ရွာသူကြီးအဖြစ် အရွေးခံသူသည်........

(က) အသက် ၂၁နှစ်အောက်ငယ်ရွယ်သူမဖြစ်စေရ။

(ခ) မိမိအား၊ ရွာသူကြီးအဖြစ်ရွေးကောက်တင်မြှောက်သောကျေးရွာအတွင်း၌ သာမန်အားဖြင့် နေထိုင်သူဖြစ်ရမည်။

ရှင်းလင်းချက်။ ။ "သာမန်အားဖြင့် နေထိုင်သူ" ဆိုသည်မှာ၊ ရွေးကောက်ပွဲမကျင်းပမီ၊ ထိုကျေးရွာအတွင်း၌ အနည်းဆုံး ၁၂လ တဆတ်တည်း နေထိုင်ခဲ့၍ နောင်ကိုလည်းဆက် လက်နေထိုင်ရန် ရည်ရွယ်သောသူကိုဆိုလိုသည်။

၇။ ။ (၁) ရွာသူကြီးသည်၊ ရာထူးသက်တမ်းမကုန်ဆုံးမီ၊ရာထူးမှ နုတ်ပယ်ခြင်းမခံရလျှင် သော်လည်းငှင်း၊ ရာထူးမှနုတ်ထွက်ခြင်းမပြုသော်လည်းငှင်း၊ မိမိအားရွေကောက်တင်မြှောက်သည့် နေ့မှစ၍ ငါးနှစ်တိုင်တိုင် ရာထူး၌ထမ်းရွက်ရမည့်ပြင် ထိုရွာသူကြီး၌ နောက်ထပ်အရွေးခံနိုင်လည်းရှိရမည်။

(၂) ခရိုင်ဝန်သည်၊ ရွာသူကြီးကို၊ အောက်ပါအကြောင်းတရပ်ရပ်ကြောင့် ရာထူးမှ နုတ်ပယ်နိုင်သည်။

(က) ၎င်း၏တာဝန်ဝတ်တရားများကိုဆောင်ရွက်ရန် ထပ်တလဲလဲ ပျက်ကွက်ခြင်း၊သို့တည်းမဟုတ်အာဏာကို အလွဲသုံးစွဲခြင်း၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌ လွန်ကဲစွာပေါ့လျော့ခြင်း။

(ခ) ကိုယ်ကျင့်တရားပျက်ပြားရာရောက်သော ပြစ်မှုအတွက် ရာဇဝတ်ဒဏ်ခံရခြင်း။

(ဂ) အလုပ်မကျွမ်းကျင်ခြင်း။

---

၁ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

၂ အဆိုပါ အက်ဥပဒေအရ၊ အစားထည့်သွင်းသည်။

၃ အဆိုပါ အက်ဥပဒေအရ၊ ထည့်သွင်းသည်။

၄ ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈ ကိုကြည့်။

၅ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

၆ ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၆၀ ခုနှစ်၊ မေလ ၂၀ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်၄၇ ကိုကြည့်။

၇ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ အစားထည့်သွင်းသည်။

**(ဃ) အုပ်ချုပ်မှုမတော်မှန်ခြင်း။**

**(၃) ခရိုင်ဝန်၏အမိန့်ကို တိုင်းမင်းကြီးထံ အယူခံဝင်နိုင်သည်။**

၈။ ။ (၁) ဤကိစ္စအလို့ငှါ ပြဌာန်းထားသည့် နည်းဥပဒေတွင် ပြဋ္ဌါန်းထားသောလူကြီးဦးရေပါဝင်သည့်....

(က) ကျေးရွာကောင်စီကို၊ ကျေးရွာက ရွေးကောက်တင်မြှောက်ရမည်။

(ခ) မြို့မကောင်စီကို၊ မြို့မက ရွေးကောက်တင်မြှောက်ရမည်။

(၂) ပဌမအကြိမ်ကျင်းပသောမြို့မကောင်စီ၏ အစည်းအဝေးတွင် ကောင်စီလူကြီးများသည်၊ မိမိတို့အထဲမှ လူကြီးတဦးကို၊ မြို့မကောင်စီ ဥက္ကဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။ မြို့မကောင်စီ၏ ပဌမအစည်းကျင်းပ၍ ဥက္ကဌရွေးကောက်ပြီးသည့်အထိ ဆောင်ရွက်ရန်ရှိ သည့်ကိစ္စအဝဝကို ယခင်မြို့မကောင်စီဥက္ကဌကဆောင်ရွက်ရမည်။

(၃) ကျေးရွာကောင်စီသို့၊ သို့တည်းမဟုတ် မြို့မကောင်စီသို့ အရွေးခံမည့် လူကြီးများသည်

(က) အသက် ၂၁ နှစ်အောက် ငယ်ရွယ်သူများမဖြစ်စေရ။

(ခ) မိမိအားကောင်စီ လူကြီးအဖြစ် ရွေးကောက်တင်မြှောက်သောကျေးရွာ၊ သို့တည်းမဟုတ် မြို့မအတွင်း၌ သာမန်အားဖြင့် နေထိုင်သူများဖြစ်ရမည်။

**ရှင်းလင်းချက်။** ။ "သာမန်အားဖြင့် နေထိုင်သူ" ဆိုသည်မှာ၊ ရွေးကောက်ပွဲမကျင်းပမီ ထိုကျေးရွာ၊ သို့တည်းမဟုတ် မြို့မအတွင်း၌ ၁၂ တဆတ်တည်းနေထိုင်နိုင်ခဲ့၍ နောင်ကို လည်း ဆက်လက်နေထိုင်ရန် ရည်ရွယ်သောသူကို ဆိုလိုသည်။

(၄) ကောင်စီလူကြီးတစ်ဦးသည်၊ ကောင်စီလူကြီးအဖြစ်မှနှုတ်ထွက်လိုလျှင်၊ သက်ဆိုင်ရာကျေးရွာကောင်စီ ဥက္ကဌ၊ သို့တည်းမဟုတ် မြို့မကောင်စီဥက္ကဌထံ သို့စာဖြင့်အကြောင်းကြာလျှင်နှုတ်ထွက်နိုင်သည်။ ကောင်စီဥက္ကဌသည်၊ ကောင်စီဥက္ကဌမှ နှုတ်ထွက်လိုလျှင်၊ သက်ဆိုင်ရာမြို့ပိုင်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်ထံသို့စာဖြင့်အကြောင်းကြာ၍ နုတ်ထွက်နိုင်သည်။ ထိုသို့နုတ်ထွက်သဖြင့် လစ်လပ်သောနေရာအတွက် ကောင်စီလူကြီးသစ်ကို၊ သို့တည်းမဟုတ် ကောင်စီဥက္ကဌသစ်ကို နောက်ထပ်နောက်ထပ်ရွေးကောက်တင်မြှောက်ပြီးသည်အထိ ကောင်းစီလူကြီး ဟောင်းသည် မိမိ၏တာဝန်ဝတ်တရားများကို ဆက်လက်ဆောင်ရွက်ရမည်။

၁ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေ ၅၀အရ၊ အစားထည့်သွင်းသည်။

၂ ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ကိုကြည့်။

၃ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။

(၅) ကျေးရွာကောင်စီ၏၊ သို့တည်းမဟုတ် မြို့မကောင်စီ၏ သက်တမ်းသည် ငါးနှစ်ဖြစ်ရမည်။ သို့ရာတွင် ကောင်စီ၏ သက်တမ်းကုန်ဆုံးသောင်လည်း၊ ကောင်စီအသစ်ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ၊ သက်ဆိုင်ရာလူကြီးဟောင်းများသည်၊ မိမိတို့၏ တာဝန်ဝတ်တရားများကို ဆက်လက်ဆောင်ရွက်ရမည်။ ကောင်စီလူကြီးဟောင်း အသီးသီး၌ နောက်ထပ် အရွေးခံနိုင်ခွင့်ရှိရမည်။

(၆) ခရိုင်ဝန်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ကျေးရွာကောင်စီလူကြီးကို၊ သို့တည်းမဟုတ် ကျေးရွာကောင်စီဥက္ကဋ္ဌကိုဖြစ်စေ၊ မြို့မကောင်စီလူကြီးကိုဖြစ်စေ၊ သို့တည်းမဟုတ် မြို့မကောင်စီဥက္ကဋ္ဌကိုဖြစ်စေ ရာထူးမှနုတ်ပယ်နိုင်သည်။

(က) ၎င်းတို့၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် ထပ်တလဲလဲပျက်ကွက်ခြင်း၊ သို့တည်းမဟုတ် အာဏာကိုအလွဲ သုံးစွဲခြင်း၊ သို့တည်းမဟုတ် တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌ လွန်ကဲစွာ ပေါ့လျော့ခြင်း။

(ခ) ကိုယ်ကျင့်တရား၊ ပျက်ပြားရာရောက်သော ပြစ်မှုအတွက် ရာဇဝတ်ပြစ်ဒဏ်ခံရခြင်း။

(၇) ရွာသူကြီးသည် မိမိရာထူးအလျောက် သက်ဆိုင်ရာကျေးရွာကောင်စီ၏ ဥက္ကဋ္ဌဖြစ်ရမည်။

(၈) မြို့မကောင်စီဥက္ကဋ္ဌသည်၊ မိမိ၏ ရာထူးအလျောက် သက်ဆိုင်ရာ မြို့မ၏ သူကြီးဖြစ်ရမည်။

(၉) မြို့မအသီးသီးနှင့် သက်ဆိုင်သော ခရိုင်ဝန်ကို၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်ကို သက်ဆိုင်ရာ မြို့မကောင်စီအား အကြံဉာဏ်ပေးရန် အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဝန်ကြီး ခန့်ထားရမည်။ မြို့မကောင်စီသည်၊ တာဝန်ဝတ်တရားများကို ထမ်းဆောင်ရာ၌ အထူးသဖြင့်ပုဒ်မ ၂၁ အရ၊ အခွန်အကောက်များ စည်းကြပ် ကောက်ခံသုံးစွဲရေး ကိစ္စရပ်များကို ထိုအတိုင်ပင်ခံပုဂ္ဂိုလ်၏ အကြံဉာဏ်ကို ရယူရမည်။

၉။ ။ (၁) တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ကြိုတင်ရရှိပြီးနောက်၊ ခရိုင်ဝန်သည် တိုက်နယ်တစ်ခုအတွင်း သို့ပါဝင်စေရမည် ကျေးရွာများကို ကျေညာရမည်။ တိုက်နယ်အတွက် တိုက်နယ်ကောင်စီတစ်ခု ရွေးကောက်တင်မြှောက်ရမည်။

(၂) တိုက်နယ်ကောက်စီတွင် ပါဝင်ရမည် လူကြီးဦးရေသည်၊ ဤကိစ္စအလို့ငှါ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း ဖစ်ရမည်။

---

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။

[၂] ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ နှင့် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄ တို့ကိုကြည့်။

(၃) တိုက်နယ်ကောင်စီပဋ္ဌမအကြိမ် ကျင်းပသော အစည်းအဝေးတွင် မိမိတို့အထဲမှ လူကြီးတစ်ဦးဦးကို တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။ တိုက်နယ်ကောင်စီ၏ ပဋ္ဌမအစည်းအဝေးကျင်းပ၍ ဥက္ကဋ္ဌရွေးကောက်ပြီးသည့်တိုင်းအောင် ဆောင်ရွက်ရန်ရှိသည့်ကိစ္စအဝဝတို့ကို၊ ယခင်တိုက်နယ်ကောင်စီဥက္ကဋ္ဌက ဆောင်ရွက်ရမည်။

(၄) တိုက်နယ်ကောင်စီ၏ သက်တမ်းသည် ငါးနှစ်ဖြစ်ရမည်။ သို့ရာတွင် တိုက်နယ် ကောင်စီ၏ သက်တမ်းကုန်းဆုံးသော်လည်း တိုက်နယ်ကောင်စီအသစ် ရွေးကောက်တင်မြှောက်ပြီးသည့်အထိ ကောင်စီဟောင်းသည် တာဝန်ဝတ်တရားများကို ဆက်လက်ဆောင်ရွက်ရ မည်။ တိုက်နယ်ကောင်စီ လူကြီးဟောင်းအသီးသီး၌ နောက်ထပ်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံနိုင်ခွင့်ရှိစေရမည်။

(၅) တိုက်နယ်ကောင်စီလူကြီး၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌ တဦးဦးသည်၊ ပုဒ်မ ၉. ကတွင် ဖော်ပြပါအကြောင်းတရပ်ရပ်ကြောင့် မိမိနှင့်သက်ဆိုင် သောကျေးရွာ၊ ကောင်စီလူကြီးအဖြစ်မှ ရပ်စဲခဲ့သော်တိုက်နယ်ကောင်စီလူကြီး၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ်မှလည်း ရပ်စဲသည်ဟု မှတ်ယူရမည်။

(၆) [ခရိုင်ဝန်] သည်၊ တိုက်နယ်ကောင်စီလူကြီးအသီးသီးနှင့် တိုက်နယ်ကောင်စီ၏ ဥက္ကဋ္ဌကို ပုဒ်မ ၈၊ ပုဒ်မခွဲ (၆) ၌ ပြဌာန်းထားသော အကြောင်းတရပ်ရပ်ကြောင့် ရာထူးမှနုတ်ပယ် နိုင်သည်။

(၇) ဤပုဒ်မ၌ ဖော်ပြသော ရွေးကောက်ရေးကိစ္စအဝဝတို့ကို နည်းဥပဒေ ၄ တွင်၊ ပြဌာန်းထားသည့်တိုင်း ဆောင်ရွက်ရမည်။

(၈) တိုက်နယ်ကောင်စီ လူကြီးတဦးသည် ကောင်စီလူကြီးအဖြစ်မှ နုတ်ထွက်လို လျှင်သက်ဆိုင်ရာ တိုက်နယ်ကောင်စီဥက္ကဋ္ဌထံသို့စာဖြင့် အကြောင်းကြား၍ နုတ်ထွက်နိုင်သည်။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ ကောင်စီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်လိုလျှင်၊ သက်ဆိုင်ရာမြို့ပိုင်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်ထံသို့စာဖြင့် အကြောင်းကြား၍ နုတ်ထွက်နိုင်သည်။ ထိုသို့ နုတ်ထွက်သဖြင့် လစ်လပ် နေသောနေရာအတွက် ကောင်စီလူကြီးသစ်ကို၊ သို့တည်းမဟုတ် ကောင်စီဥက္ကဋ္ဌသစ်ကို နောက်ထပ် ရွေးကောက်တင်မြှောက်ပြီးသည့်အထိ ကောင်စီလူကြီးဟောင်းသည်၊ သို့တည်းမဟုတ် ကောင်စီဥက္ကဋ္ဌ ဟောင်းသည် မိမိ၏ တာဝန်ဝတ် တရားများကို ဆက်လက်ဆောင်ရွက်ရမည်။

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇အရ၊ အစားသွင်းထည့်သွင်းသည်။

[၂] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။

[၃] ချင်းရေးရာဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ၆ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၊ နည်းဥပဒေ၂၅ကို ကြည့်။

[၄] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ ထည့်သွင်းသည်။

၉-က။ ။ ရွာသူကြီးသည်၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် မြို့မကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် မြို့မကောင်စီဥက္ကဌသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဌသည်.....

(၁) သေဆုံးသော်၊

(၂) ရာထူးမှနုတ်ထွက်သော်၊

(၃) ဤအက်ဥပဒေပါ ပြဌာန်းချက်အရ၊ လူကြီးအဖြစ်မှ ရပ်စဲခြင်းသော်၎င်း၊ နုတ်ပယ်ခြင်းသော်၎င်း ခံရသော်

(၄) နည်းဥပဒေများတွင်း ပြဌာန်းထားသည့်အတိုင်း အစည်းအဝေးများသို့ တက်ရောက်ရန် ပျက်ကွက်ခဲ့သော်၊

(၅) မိမိအရွေးခံရသော ကျေးရွာ၊ သို့တည်းမဟုတ် မြို့မတွင်း ဆက်လက်နေထိုင်ခြင်းမပြုဘဲရွှေပြောင်းသွားသော် ထိုသူ၏ နေရာသည် လစ်လပ်သည်ဟု မှတ်ယူရမည်။

၉-ခ။ ။ ပုဒ်မ ၉-ကအရ၊ လူကြီးတဦးဦး၏ နေရာလစ်လပ်ခဲ့သော်၊ ထိုနေရာကို နည်းဥပဒေများတွင် ပြဌာန်းထာသည့်အတိုင်း ဆောလျင်နိုင်သမျှ ဆောလျင်စွာ ရွေးကောက်ခြင်းဖြင့် ဖြည့်သွင်းရမည်။

၉-ဂ။ ။ (၁) ဤအက်ဥပဒေအရ ကျင်းပသော မည်သည့် ရွေးကောက်ပွဲတွင်မဆို အရွေးခံရသူဦးဦးကို ကန့်ကွက်လိုလျှင်၊ ရွေးကောက်ပွဲတွင်းရှုံးသူက၊ သို့တည်းမဟုတ်၎င်းရွေးကောက်ပွဲတွင် မဲပေးနိုင်ခွင့်ရှိသူက ထိုကိစ္စအလို၄်၊ ပြဌာန်းထားသည့် နည်းဥပဒေအရ၊ ကန့်ကွက်လွှာကို တင်သွင်းနိုင်သည်။

(၂) ဤအက်ဥပဒေအရ ကျင်းပသော မည့်သည့်ရွေးကောက်ပွဲတွင်းမဆို အရွေးခံသူ၏ ရွေးကောက်ခံရခြင်းကို၊ အောက်ပါအကြောင်း တရပ်ရပ်ကြောင့်၊ ခရိုင်ဝန်က ပယ်ဖျက်နိုင်သည်။

(က) ရာဇသတ်ကြီးအခန်း ၉-က တွင် ဖော်ပြသော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုတခုခု အတွက် ပြစ်ဒဏ်စီရင်ခြင်းခံရသူဖြစ်ခြင်း၊ သို့တည်းမဟုတ် ကိုယ်ကျင့်တရားပျက်ပြား ရာရောက်သော ပြစ်မှုအတွက် ရာဇဝတ်ပြစ်ဒဏ်ခံရသူဖြစ်ခြင်း။

(ခ) မိမိအားရွေးကောက်တင်မြှောက်သောကျေးရွာ၏၊ သို့တည်းမဟုတ် ကျေးရွာစု၏၊ သို့တည်းမဟုတ် မြို့မ၏ ပြင်ပ၌ နေထိုင်ခြင်း။

(ဂ) ရွာသူကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်လျှင်၊ ရွာသူကြီးရာထူးကို မထမ်းရွက်နိုင်လောက်အောင် ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ သို့တည်းမဟုတ် စိတ်ချို့ယွင်းခြင်း။

---

[၁] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ်၁၇ အရ၊ ထည့်သွင်းသည်။

[၂] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ပြင်ဆင်သည်။

[၃] အဆိုပါ အက်ဥပဒေအရ အစားထည့်သွင်းသည်။

[၄] ချင်းရေးရာဌာန၏ ၁၉၅၄ ခုနှစ်၊ ဧပြီလ၆ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ ကိုကြည့်။

[၅] ၁၉၅၇ ခုနှစ် အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

[၆] အဆိုပါအက်ဥပဒေအရ အစားထည့်သွင်းသည်။

[၇] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ်၁၇ အရ၊ ထည့်သွင်းသည်။

[၈] ချင်းရေးရာဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ ရှိ နည်းဥပဒေ၂၄နှင့် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၄ ရှိ၊ နည်းဥပဒေ ၂၇နှင့် ၃၄တို့ကိုကြည့်။

(ဃ) အရွယ်မရောက်သေးခြင်း။

(င) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များအရသော်ငှင်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရသော်ငှင်း ကျင်းပခြင်းမဟုတ်သည့် ရွေးကောက်ပွဲဖြင့် ရွေးကောက်တင်မြှောက်ခံရခြင်း။

(စ) မတရားသြဇာအာဏာ သုံးစွဲခြင်းဖြင့်သော်ငှင်း၊ ချောက်လှန့်ခြင်းဖြင့်သော်ငှင်း ရွေးကောက်တင်မြှောက်ခံရခြင်း။

(ဆ) ဤကိစ္စအလိုငှါ ဝန်ကြီးကပြဋ္ဌာန်းပြီးဖြစ်သည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းသည့် အာမခံ ၃ ကိုအတင်သွင်းနိုင်ခြင်း။

(ဇ) ဘာသာရေး အထိမ်းအမှတ်များကို ရွေးကောက်ပွဲတွင် အသုံးပြုခြင်း၊ သို့တည်းမဟုတ် လူမျိုးကိုသော်ငှင်း၊ သွေးသောက်စုကိုသော်ငှင်း၊ ကိုးကွယ်သည့် ဘာသာကိုသော်ငှင်း၊ လူတန်းစားတစားကိုသော်ငှင်း အကြောင်းပြု၍ရွေးကောက်ပွဲတွင် မဲပေးစေရန်၊ သို့တည်း မဟုတ် မဲမပေးစေရန် လှုံ့ဆော်ခြင်း။

**ရှင်းလင်းချက်။** ။ "လူတန်းစား" ဆိုသည့်စကားရပ်တွင် နိုင်ငံရေး အသင်းအဖွဲ့များမပါဝင်ချေ။

(ဈ) ၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေအရဖြစ်စေ၊ အဆိုပါ အက်ဥပဒေအရ၊ ပြုလုပ်သည့်နည်းဥပဒေများအရဖြစ်စေ၊အခြေခံဥပဒေအရဖြစ်စေပါလီမန်လွှတ်တော်တရပ်ရပ်၏ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အရည်အချင်းပျက်ယွင်းသူဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေငြာထားခြင်း ခံရသူဖြစ်ခြင်း။

(၃) ပုဒ်မခွဲ (၂) အရ၊ ရွေးကောက်ခံရခြင်းကို ပယ်ဖျက်ခံရခြင်းသူမှာ ဖြစ်စေ၊ ပုဒ်မ ၇ (၂)၊ ပုဒ်မ ၈ (၆)၊ သို့တည်းမဟုတ် ပုဒ်မ ၉ (၆) အရ၊ ရာထူးမှနုတ်ပယ်ခြင်းခံရသူမှာ ဖြစ်စေ၊ ထိုသို့ရွေးကောက်ခံရခြင်းကို ပယ်ဖျက်ခံရသည့်၊ သို့တည်းမဟုတ် ရာထူးမှ နုတ်ပယ်ခြင်းခံရသည့်နေ့မှစ၍ ငါးနှစ်အတွင်း၊ ဤအက်ဥပဒေအရ ကျင်းပသော မည့်သည့်ရွေးကောက်ပွဲတွင်မျှ ဝင်ရောက် အရွေးခံနိုင်ခွင့်မရှိစေရ။

---

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ ၊အစားထည့်သွင်းသည်။

[၂] ချင်းရေးရာဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃ မှ နည်းဥပဒေအခန်း ၄နှင့် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့စွဲပါ အမိန့်စာကြော်ငြာစာအမှတ် ၁၄ မှ နည်းဥပဒေအခန်း ၄ တို့ကိုကြည့်။

[၃] တိုက်နယ်ကောင်စီဥက္ကဋ္ဌအတွက် ချင်းရေးရာဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၃ ရှိ၊ နည်းဥပဒေ ၂၆-က တွင် ပြဋ္ဌာန်းသည်။

၁၀။ ။ ဤအက်ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ နိုင်ငံတော်သမကလည်း၊ အောက်ပါ အကြောင်းတခုခုကြောင့် ကောင်စီတခုကိုဖြစ်စေ၊ အများကိုဖြစ်စေ ဖျက်သိမ်းစေနိုင်သည်။ ထိုကဲ့သို့ ဖျက်သိမ်းသည့်အခါ နိုင်ငံတော်သမတသည် ရာထမ်းတဦးဦးအား သက်ဆိုင်ရာ ကောင်စီ၏ သို့တည်းမဟုတ် ကောင်စီများ၏ အာဏာကို အပ်နှင်းနိုင်သည်။

(က) တခုထက်ပိုသော ကောင်စီများကို ပူပေါင်းခြင်း။

(ခ) ကောင်စီတခုကို ခွဲခြမ်းခြင်း။

(ဂ) ဤအက်ဥပဒေတွင် ပြဌာန်းထားသော ကောင်စီ၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန် အကြီးအကျယ်ပျက်ကွက်ခြင်း။

(ဃ) ငြိမ်ဝပ်ပိပြားရေး အခြေအနေအလွန်ဆိုးဝါးလားခြင်း။

၁၁။ ။ (၁) ရွာသူကြီးတိုင်းသည်၊ မိမိပိုင်နက်နိမိတ်များအတွင်း မိမိ၏လက်အောက်ခံအဖြစ်ကျေညာထားသည့် သွေးသောက်စု၊ သို့တည်းမဟုတ် ကျေးရွာ၊ သို့တည်းမဟုတ် နစ်ရပ်လုံးကို ရပ်ရွာ၏ ထုံးထမ်စဉ်လာနှင့်အညီ စီမံအုပ်ချုပ်ရမည်။

(၂) ရွာသူကြီးသည်၊ မိမိစီမံအုပ်ချုပ်ရသည့် ရွာသူရွာသားများအာလုံးထံမှ အစိုးရသို့ ပေးဆောင်ရန်ရှိသည့် အခွန်တော်နှင့် အခြားငွေများကို ကောက်ခံရမည်၊ သို့တည်းမဟုတ် ကောက်ခံစေရမည်။

(၃) [**] ရွာသူကြီး၌ မိမိ၏ လက်အောက်ခံဖြစ်သူ တဦးတယောက်သည် ဝါရမ်းမပါဘဲ ဘမ်းဆီးပိုင်သည့် ပြစ်မှုကို ကျူးလွန်းသည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင်၊ ထိုသူကို မိမိပိုင်နယ်နိမိတ်အတွင်း ဘမ်းဆီးရန် အခွင့်ရှိသည်။

(၄) ရွာသူကြီးသည်၊ သို့တည်းမဟုတ် မြို့မသူကြီးသည်၊ မိမိစီမံအုပ်ချုပ်ရသည့် ကျေးရွာနယ်မြေ၊ သို့တည်းမဟုတ် မြို့မတွင် ငြိပ်ဝပ်ပိပြားရေးအတွက် ဆောင်ရွက်ရမည်။ ခရိုင်ဝန်က ဖြစ်စေ၊ နယ်ပိုင်ဝန်ထောက်ကဖြစ်စေ၊ မြို့ပိုင်ကဖြစ်စေ ထုတ်ဆင့်သည့် တရားဝင်အမိန့်များကို ရွာသူကြီးက၊ သို့တည်းမဟုတ် မြို့မသူကြီးက လိုက်နာဆောင်ရွက်ရမည်။ခရိုင်ဝန်ကဖြစ်စေ၊ နယ်ပိုင်ဝန်ထောက်ကဖြစ်စေ၊ မြို့ပိုင်ကဖြစ်စေ၊ ပစ္စည်း၊ စားနပ်ရိက္ခာနှင့် အလုပ်သမားတောင်းဆိုသည့်အခါ ထိုတောင်းဆိုသည့် ပစ္စည်း၊ စားနပ်ရိက္ခာနှင့် အလုပသမားများကို ခရိုင်ဝန်သတ်မှတ် သည့် အဘိုးအခဖြင့် ပေးရမည်။

သို့သော် ထိုသို့တောင်းဆိုသည့်ပစ္စည်း၊ စားနပ်ရိက္ခာနှင့် အလုပ်သမား အမျိုးအစား၊ အရေအတွက်သည် အခါအားလျော်စွာ ချင်းရေးရာ ကောင်စီက သတ်မှတ်ထားသည့် အမျိုးအစားဖြစ်ရမည့်ပြင်ရင်းတို့၏ အရေအတွက်သည်လည်း သတ်မှတ်ထားသည့် အရေအတွက်ထက်မပိုစေရ။

(၅) ကျေးရွာကောင်စီ လူကြီးများနှင့် မြို့မကောင်စီလူကြီးများသည်၊ သက်ဆိုင်ရာကျေးရွာသူကြီးနှင့် မြို့မသူကြီးကို အကြံဉာဏ် အကူအညီပေးရမည်။

၁၁-က။ ။ (၁) ချင်းဝိသေသတိုင်းအတွင်း၌ နေထိုင်သော ကျေးရွာသာတိုင်းသည်၊ အောက်ပါအများပြည်သူတို့နှင့် သက်ဆိုင်သောတာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်ရန် လှုံ့ဆော်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်ရာတွင် ပါဝင်မှု၊ နိုင်ငံတော်အစိုးရကို လက်နက်အားဖြင့် ပုန်ကန်မှု၊ ပုန်ကန်ရန် အား ထုတ်မှု ငြိမ်ဝပ်ပိပြားခြင်းကို ပျက်ပြားအောင် လှုံ့ဆော်မှု၊ လူသတ်မှု၊ လူသတ်စေမှု၊ ဓားပြတိုက်မှု၊ ရာဇဝတ်ပြစ်ဒဏ်မကင်းသည့် မီးရှို့မှု၊ သို့တည်း မဟုတ် လက်နက်ဥပဒေဖောက်ဖျက်မှုကျူးလွန်ခြင်းကိုသော်၎င်း သိသည်နှင့်တပြိုင်နက် ရွာသူကြီးအား၊ သို့တည်းမဟုတ်ကျေးရွာကောင်စီ လူကြီးတဦးဦးအား အကြောင်းကြာရမည်။

(ခ) ခိုးရာပါပစ္စည်း၊ လက်ခံသည်ဟု၊ သို့တည်းမဟုတ် ထုခွဲရောင်းချသည်ဟု ကျော်စောသူသည်၊ ကျေးရွားအတွင်း၌ အမြဲဖြစ်စေ၊ ခေတ္တဖြစ်စေ နေထိုင်လျက်ရှိကြောင်းကို သော်၎င်း၊ လုယက်သူ၊ ဓါးပြတိုက်သူ၊ ထောင်ပြေး၊ ဝါရမ်းပြေး၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံတော်၏ ရေတပ်၊ကုန်းတပ်၊ လေတပ်မှထွက်ပြေးသူသည်၊ ကျေးရွာအတွင်းသို့ ရောက်ရှိကြောင်း၊ သို့တည်းမဟုတ် ဖြတ်သန်း သွားလားကြောင်းကို သော်၎င်း၊ ကျေးရွားအတွင်း၌ ဓမ္မတာအလျောက်မဟုတ်ဘဲဖြစ်စေ၊ သင်္ကာမကင်းလောက်သော အကြောင်းနှင့် ဖြစ်စေလူသေကြောင်းကို သော်၎င်း၊ သတင်းရရှိလျှင်၊ ရွာသူကြီးအား၊ သို့တည်းအဟုတ် ကျေးရွာကောင်စီ လူကြီးတဦးဦးအား အကြောင်းအကြားရမည်။

(ဂ) ရဲရာထမ်း မှုထမ်းကသော်၎င်း၊ ရွာသူကြီးကသော်၎င်း၊ ငြိမ်ဝပ်ပိပြားမှုပျက်ပြားခြင်းကို တားဆီးနှိမ်နင်းရာ၌ဖြစ်စေ၊ ဤအက်ဥပဒေပါ ပြဌာန်းချက်များအရသော်၎င်း၊ ချင်းဝိသေသတိုင်း၌ အာဏာတည်သော အခြားအက်ဥပဒေပါ ပြဌာန်းချက်များအရသော်၎င်း၊ ဤအက်ဥပဒေ၊ သို့တည်းမဟုတ် အဆိုပါ အခြားအက်ဥပဒေအရ ပြုလုပ်သည့်၊ သို့တည်းမဟုတ် ထုတ်ပြန့်သည့်နည်းဥပဒေ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရ သော်၎င်း အစိုးရရာထမ်းမှုထမ်းများနှင့် ရွာသူကြီးတို့အားပေးအပ်ထားသည့် တာဝန်ဝတ်တ ရားများကို၊ ထိုရာထမ်းမှုထမ်းများနှင့် ရွာသူကြီးတို့က ဆောင်ရွက်ရာ၌ဖြစ်စေ၊ သင့်

---

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။
[၂] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ "ကျေး" ဆိုသည့်စကားရပ်ကို ပယ်ဖျက်သည်။
[၃] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။
[၄] ချင်းရေးရာဌာန၏ ၁၉၅၈ ခုနှစ်, ဇူလိုင်လ ၁၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂ မှ ၂၆ တို့ အရ၊ အခြား ဌာနဆိုင်ရာ အရာရှိများအား တောင်းဆိုနိုင်သည့်အာဏာပေးထားသည်။

လျော်သောအကူအညီကို ထိုရာထမ်းမှုထမ်းများနှင့် ရွာသူကြီးတို့က တောင်းဆိုသည်အခါ အကူအညီပေးရေမည်။ ထို့ပြင် ကျေးရွာ ကာကွယ်ရေးအဖွဲ့က မိမိ၏တာဝန်ဝတ်တရားကို ဆောင်ရွက်ရာ၌လည်း သင့်လျော်သောအကူအညီ တောင်းဆိုသည့်အခါ အကူအညီပေးရမည်။

(ဃ) ဖွားသေစာရင်းများ ထားရှိရေး၊ကျေးရွာသန့်ရှင်းရေး၊ ကျန်းမာရေး၊ ကူးစက်တတ်သော ရောဂါကာကွယ်ရေး၊ သတ်မှတ်ထားသော သုသာန်မြေနေရာတွင် လူသေအလောင်းများ သင်္ဂြိုဟ်မြှုပ်နှံရေး၊ တိရိစ္ဆာန်များ၊ ထိန်းသိမ်းစောင့်ရှောင့်ရေး၊ မီးဘေးကာကွယ်ရေး၊ ကျေးရွာလမ်းများနှင့် ကျေးရွာတည်းခိုရုံအဆောက် အအုံများကို ဆောက်လုပ်ပြင်ဆင်ထိန်းသိမ်းရေး၊ ပညာရေးတိုးတက်မှုအတွက် အစိုးရစာသင်ကျောင်းများ စည်းကားအောင် ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေး တိုးတက်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ချင်းရေရာကောင်စီ၏ အကြံပေးချက်အရ၊ နိုင်ငံတော်သမတက ပြုလုပ်ထားသော နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(င) တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍၊ ခရိုင်ဝန်က သာမန်၊ သို့တည်းမဟုတ် အထူအမိန့်ဖြင့် အကြောင်းကြားရမည်ဟု ညွှန်ကြာထားသည့် ငြိမ်ဝပ်ပိပြားရေး၊ ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်ရေး၊ လူနှင့်ပစ္စည်းလုံခြုံရေးတို့ကို ထိခိုက်စေမည့်ကိစ္စများကို ရွာသူကြီးအား၊ သို့တည်းအဟုတ် ကျေးရွာကောင်စီ လူကြီးတဦးဦးအား အကြောင်းကြာရမည်။

(၂) လုံလောက်သော အကြောင်းမရှိဘဲ၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် တာဝန်ဝတ်တရားတခုခု လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကို ကျေးရွာကောင်စီသည် စုံစမ်းစစ် ဆေး၍၊ ထိုပျက်ကွက်မှု ကျူးလွန်သူကို ပြစ်မှုထင်းရှားလျှင်၊ ကျပ်နှစ်ဆယ်ထက်အပို သော်ငွေဒဏ်သော်ငင်း၊ တန်းဘိုးငွေကျပ်နှစ်ဆယ်ထက်မပိုသော ပစ္စည်းလျော်ဒဏ်သော်ငင်း စီရင်နိုင်သည်။ သို့တည်းမဟုတ်မိမိက စုံစမ်းစစ်ဆေး ဆုံးဖြတ်ရန် မသင့်ဟု ယူဆလျှင် ထိုအမှုကို သက်ဆိုင်ရာ တိုက်နယ်ကောင်စီသို့ တင်ပို့ရမည်။

(၃) ပုဒ့်မခွဲ (၂) အရ၊ ကျေးရွာကောင်စီက တင်ပို့သော အမှုကို၊ တိုက်နယ်ကောင်စီသည် စုံစမ်းစစ်ဆေး၍၊ ပြစ်မှုကျူးလွန်သူကို ပြစ်မှုထင်ရှားလျှင်ကျပ်ငါးဆယ်ထက်မပိုသောငွေဒဏ် သော်ငင်း၊ တန်းဘိုးငွေ ကျပ်ငါးဆယ်ထက်မပိုသော ပစ္စည်းလျော်ဒဏ်သော်ငင်း စီရင်နိုင် သည်။

(၄) ကျေးရွာကောင်စီ၏ စီရင်ချက်ကြောင့် နစ်နာခံရသူသည်၊ သက်ဆိုင်ရာ တိုက်နယ်ကောင်စီထံသို့ဖြစ်စေ၊ သက်ဆိုင်ရာ မြို့ပိုင်ထံသို့ဖြစ်စေ အမှုကို ပြန်လည်းစစ်ဆေးရန် လျှောက်ထားနိုင်သည်။ တိုက်နယ်ကောင်စီ၏ စီရင်ချက်ကြောင့်နစ်နာခံသူသည်၊ သက်ဆိုင်ရာ နယ်ပိုင်ဝန်ထောက်ထံသို့ လျှောက်ထားနိုင်သည်။ နယ်ပိုင်ဝန်ထောက်သည်၊ တိုက်နယ်ကောင်စီ၏ စီရင်ချက်ကို ပယ်ဖျက်၍ အမှုကို ပြန်လည်စစ်ဆေးနိုင်သည်။

၁၂။ ။ (၁) ရာဇဝတ်ကျင့်ထုံးကို ဥပဒေအရ တရားရုံး၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ခွင့်ပြုချက်မလိုဘဲနှင့် ဖြစ်စေ သဘောတူ ပြေငြိမ်းနိုင်သော ပြစ်မှုတခုခုသည်၊ ကျေးရွာကောင်စီကို ရွေးကောက်တင်မြှောက်လိုက်သည့် နယ်မြေအတွင်းတွင်ဖြစ်ပွား၍ တရားလိုသည်၊ သို့တည်းမဟုတ်တရားခံတဦးဦးသည်၊ ချင်းအမျိုးသားဖြစ်ခဲ့သော်၊ ကျေးရွာကောင်စီသည်၊ ထိုပြစ်မှုကို စုံစမ်းစစ်ဆေးနိုင်သည့်ပြင်၊ ထို့ကဲ့သို့သော ပြစ်မှုကျူးလွန်သူကို ပြစ်မှုထင်းရှားလျှင်၊ ရပ်ရွာထုံးတမ်းစဉ်လာအရ ငွေဒဏ်သော်၎င်း၊ ပစ္စည်းလျော်ဒဏ်သော်၎င်း၊ စီရင်နိုင်သည်။ ထိုသို့စီစဉ်သည့်အတိုင်း တရားခံကပေးဆောင်သည့် ဒဏ် ငွေ၊ သို့တည်းမဟုတ် ပေးလျော်သည့် ပစ္စည်းအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ထိုပြစ်မှုကြောင့် ဆုံးရှုံးနစ်နာခံရသူအား၊ လျော်ကြေးအဖြစ်ပေးရန် အမှုကို စီရင်ဆုံးဖြတ်သော ကျေးရွာကောင်စီက အမိန့်ချမှတ်နိုင်သည်။

(၂) တရားစီရင်ရာ၌ အဆုံးအဖြတ်သည် အရေးပါသောအချက်များတွင် တရားတိမ်းစောင်းခြင်းမရှိလျှင်၊ ကျေးရွာကောင်စီ၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုသော်၎င်း၊ ပြစ်ဒဏ်စီရင်ခြင်းကိုသော်၎င်း စစ်ဆေးစီရင်ပိုင်ခွင့် အာဏာသုံးစွဲရာ၌ နည်းလမ်းအကျသည့်အတွက် မခိုင်လုံဟု ငြင်းဆိုပိုင်ခွင့်မရှိ စေရ၊ သို့တည်းမဟုတ် ပယ်ဖျက်ခြင်းမရှိစေရ။

(၃) ဤအချက်နှင့် ပက်သက်၍ ကျေရွာကောင်စီ၏ စီရင်ချက်ကြောင့် နစ်နာခံရသူတဦးတယောက်သည်၊ ဆိုင်ရာတိုက်နယ်ကောင်စီသို့ဖြစ်စေ၊ ဆိုင်ရာ မြို့နယ်ရာဇဝတ် တရာသူကြီးသို့ဖြစ်စေ၊ အမှုကို ပြန်လည်စစ်ဆေးရန် လျှောက်ထားနိုင်သည်။ တိုက်နယ်ကောင်စီ၏ စီရင်ချက်ကို ရာဇဝတ်တရားသူကြီးက ပယ်ဖျက်၍ အမှုကို ပြန်လည်စစ်ဆေးနိုင်သည်။

၁၃။ ။ (၁) ကျေးရွာကောင်စီသည် မိမိတို့အား ရွေးကောက်တင်မြှောက်လိုက်သည့် နယ်မြေအတွင်း နေထိုင်သူအချင်းချင်း စွဲဆိုသည့် မည့်သည်တရားမမှုကိုမဆို အချင်များသည့်ပစ္စည်းတန်းဘိုသည် ကျပ်တထောင် ထက်မပိုလျှင် စစ်ဆေး၍ ရပ်ရွာထုံးတမ်းစဉ်လာနှင့်အညီ စီရင်ဆုံးဖြတ်နိုင်သည်။

---

၁ ချင်းရေးရာဌာန၏ ၁၉၆၀ ခုနှစ်၊ မေလ၄ရက်နေ့စွဲပါ ပြန်တမ်းအမှတ် ၄၀ ကိုကြည့်။၂

၂ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

၃ အဆိုပါအက်ဥပဒေအရ ထည့်သွင်းသည်။

(၃) ကျေးရွာကောင်စီ၏ စီစဉ်ချက်ကို စာဖြင့် ရေးသားရမည်။ ထိုစီရင်ချက်တွင်မည်သည့်အကြောင်းများကြောင့် ယင်းသို့စီရင်ဆုံးဖြတ်ရသည်ကို အတိုချုပ်ဖော်ပြရမည်။ ထိုစီရင်ချက်ကို မကျေနပ်သူအမှုသည်က၊ ဆိုင်ရာ တိုက်နယ်ကောင်စီသို့ ပြန်လည်စစ်ဆေးစီရင်ရန် လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားသည့်အခါ၊ ထိုတိုက်နယ်ကော်စီသည်၊ မူလအမှုကို စစ်ဆေးဘိသကဲ့သို့ အရေးယူစီရင်ဆုံးဖြတ်နိုင်သည်။

၁၄။ ။ တိုက်နယ်ကောင်စီရှိလျှင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မခွဲ(၃ [***] တွင်ဖော်ပြထားသည့် ကန့်သတ်ချက်များနှင့် မဆန်ကျင်စေဘဲ၊ ထိုတိုက်နယ်ကောင်စီသည် တိုက်နယ်အတွင်းအချင်းချင်းစွဲဆိုသောတရားမမှုကို အချင်းဖြစ်သည့် ပစ္စည်းတန်းဘိုသည် [ကျပ်နှစ်ထောင်] ထက်မပိုလျှင်၊ စစ်ဆေး၍ ရပ်ရွာထုံးတမ်းစဉ်လာနှင့်အညီ စီစဉ်ဆုံးဖြတ်နိုင်သည်။

၁၅။ ။(၁) တိုက်နယ်ကောင်စီ၏ စီရင်ချက်ကို သက်ဆိုင်ရာ မြို့နယ်တရားမ တရားသူကြီးက၊ သို့တည်းမဟုတ် မြို့နယ်တရားမ တရားသူကြီးခန့်ထားခြင်းမရှိလျှင်၊ နယ်ပိုင်တရားမ တရားသူကြီးက ပြင်ဆင်နိုင်သည်။

(၂) မြို့နယ်တရားမ တရားသူကြီးသည်၊ သို့တည်းမဟုတ် နယ်ပိုင်တရားမ တရားသူကြီးသည်၊ တိုက်နယ်ကောင်စီ စီရင်ပြီးသော အမှုကို မုလမှုဖြစ်ဘိသကဲ့သို့ စစ်ဆေးနိုင်သည်။ ထိုအမှုတွင် မြို့နယ်တရားမ တရားသူကြီးက၊ သို့တည်းမဟုတ်နယ်ပိုင်တရားမတရားသူကြီးက ချမှတ်ထားသော အမိန့်စီရင်ချက်သည်၊ တရားရုံးများ အက်ဥပဒေအရ မူလစီရင်ပိုင်ခွင့် အာဏာများကို သုံးစွဲ၍ ချမှတ်သည့် ဒီကရီများနှင့် အမိန့်များဖြစ်သည်ဟု မှတ်ယူရမည်။

(၃) တရားမကျင့်ထုံးကိုဥပဒေပါသက်ဆိုင်ရာ ပြဌာန်းချက်များနှင့် မဆန်ကျင်စေဘဲ၊ ကျေးရွာကောင်စီ၌ သော်၎င်း၊မြို့နယ်တရားမ တရားသူကြီးရုံး၌သော်၎င်း၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၌သော်၎င်း၊ မပြီးမပြတ်ရှိနေသောမည်သည့်တရားမမှုကိုမဆို၊ တရားမခရိုင်တရားသူကြီးက ပြန်လည်တုတ်သိမ်းပြီလျှင် မိမိကိုယ်တိုင်စစ်ဆေးနိုင်သည်၊ သို့တည်း မဟုတ် မိမိ၏လက်အောက် အခြားတရားမတရားသူကြီး တဦးဦးသို့ဖြစ်စေ၊ အခြားကျေးရွာ ကောင်စီ တခုခုသို့ဖြစ်စေ ထိုအမှုကို စစ်ဆေးရန်လွှဲအပ်နိုင်သည်။

---

[၁] အထက်တန်းနှင့် အလယ်တန်းကျောင်းများအတွက် ကျောင်းကော်မတီများဖွဲ့စည်းရန် နည်းဥပဒေများကို ချင်းရေးရာဌာန၏ ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃ အရ၊ ထုတ်ပြန်သည်။

[၂] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။

၁၅-က။ ။ တရားမမှုတခုခုကို စီရင်ဆုံးဖြတ်ရာ၌ ရပ်ရွာထုံးတမ်းစဉ်လာကိုင်၌ ဖြစ်စေ၊ မျှတမှု တော်မှန်ရေး တည်းဟူသော လောကပါလ တရားတို့ကိုငင်းထောက်ထားရမည်။ သို့ရာတွင် အမွေဆက်ခံခြင်းနှင့် စပ်လျဉ်းသည့်မှုခင်းကိစ္စကို စီရင်ဆုံးဖြတ်ရာ၌ ဤအက်ဥပဒေ၏ ဇယားပါ ပြဌာန်းချက်များဖြင့် လက်ရှိ ရပ်ရွာ ထုံးတမ်းစဉ်လာများကို ပြုပြင်ထားသည့်အတိုင်းလိုက်နာ၍ စီရင်ဆုံးဖြတ်ရမည်။

၁၅-ခ။ ။ ရုံးခွန်တော်အက်ဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ ကျေးရွာကောင်စီသည်၊ သို့တည်း မဟုတ် တိုက်နယ်ကောင်စီသည်၊ ဤအက်ဥပဒေအရ တရားမမှုကိုဖြစ်စေ၊ ရာဇဝတ်မှုကို ဖြစ်စေ၊ ကြားနာဆုံးဖြတ်ရသည့်အခါ၊ အမှုလက်ခံကြေးကိုဖြစ်စေ၊ ကြားနာဆုံးဖြတ်ကြေးကိုဖြစ်စေ နှစ်ခုစလုံး ကိုဖြစ်စေ ကြေးငွေဖြင့်၊ သို့တည်းမဟုတ်တန်းဘိုးညီမျှသော အရာဝတ္ထုပစ္စည်းဖြင့် ကောက်ခံယူနိုင် သည်။ အမှုလက်ခံကြေးနှင့် ကြားနာဆုံး ဖြတ်ကြေးများသည်၊ [***] 6 ဝန်ကြီးက နည်းဥပဒေဖြင့် ပြဌာန်းထားသည့် နှုန်းများအတိုင်း ဖြစ်စေရမည့်ပြင်၊ ၎င်းတို့မှအပ ကျေးရွာကောင်စီသည်၊ သို့တည်း မဟုတ် တိုက်နယ်ကောင်စီသည်၊မိမိတို့ကြားနာဖြတ်ရသော အမှုကိစ္စများအတွက် အခြားမည်သည့် အခွန်တော်ကိုမျှ၊ သို့တည်းမဟုတ် အခကြေးငွေကိုမျှ၊ ကောက်ခံရယူခြင်းမပြုရ။ ဤကဲ့သို့ ကော က်ခံရရှိသော အမှုလက်ခံကြေးနှင့် ကြာနားဆုံးဖြတ်ကြေများကို အမှုလက်ခံကြားနာဆုံးဖြတ်ရသော ကောင်စီလူကြီးများသည်၊ နည်းဥပဒေများ၌ ပြဌာတ်ထားသည့်အတိုင်း ခွဲဝေယူနိုင်သည်။

၁၆။ ။(၁) ရာဇဝတ်၊ တရားမမှု၊ အခွန်တော်နှင့် အရပ်ရပ်ဆိုင်ရာ ကိစ္စများအတွက် ချင်းဝိသေသ တိုင်းကို ကျေညာသတ်မှတ်ထားသည့် စက်ရှင်နယ်များ[ခရိုင်] အသီးသီးသည်ဆိုင်ရာ ခရိုင်၏ ခရိုင် ရာဇဝတ်တရားသူကြီးဖြစ်ရမည်။

(၂) စက်ရှင်တရားသူကြီး၌ ရာဇဝတ်မှု တရပ်ရပ်ကို စစ်ဆေးရန်အတွက်၊ မိမိထံ ရာဇဝ တ်တရားသကြီးတဦးဦးက တရားခံကို တင်ပို့ခြင်းမရှိသော်လည်း၊ မူကစီရင်ပိုင်ခွင့်အာဏာရှိသော (တရား) ရုံးအဖြစ်ဖြင့် မည့်သည့် ပြစ်မှုကိုမဆို အရေးယူပိုင်ဆိုင်ခွင့်ရှိသည်။ ယင်းသို့ အရေးယူသည့် အခါ ဝါရမ်းအမှုများကို ရာဇဝတ်တရားသူကြီးများ စစ်ဆေးရာ၌ လိုက်နာရန် ရာဇဝတ်ကျင့်ထုံး (**) ဥပဒေတွင်ပြဌာန်းထားသည့် နည်းလမ်းကို၊ စက်ရှင်တရားသူကြီးသည် လိုက်နာရမည်။

---

၁ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ ထည့်သွင်းသည်။

၂ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ပြင်ဆင်သည်။

၃ ကောင်စီများက လိုက်နာရမည့်နည်းဥပဒေများကို ချင်းရေးရာဌာန၏ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့စွဲပါ အမိန့် ကြော်ငြာစာအမှတ်၂၄ တွင်ကြည့်။

၄ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ အစားထည့်သွင်းသည်။

၅ အဆိုပါအက်ဥပဒေအရ "၏ပဌမပိုင်း" ဆိုသည့်စကားရပ်ကို ပယ်ဖျက်သည်။

(၃) ရာဇဝတ်ကျင့်ထုံးကိုဥပဒေပါ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင့်စေဘဲ၊ ကျေးရွာကောင်စီ၌သော်၎င်း၊ တိုက်နယ်ကောင်စီ၌သော်ကာင်း၊မြို့နယ်ရာဇဝတ်တရားသူကြီးရုံး၌ သော် ၎င်း, နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၌သော်၎င်း မပြီး မပြတ်ရှိနေသော မည်သည့် ရာဇဝတ်မှု ကိုမဆို၊ ခရိုင်ရာဇဝတ် တရားသူကြီးက ပြန်လည်နုတ်သိမ်းပြီးလျှင်၊ မိမိကိုယ်တိုင်စစ်ဆေးနိုင် သည်၊ သို့တည်းမဟုတ် မိမိ၏ လက်အောက် အခြားရာဇဝတ် တရားသူကြီးတဦးဦးသို့ဖြစ်စေ၊ အခြား ကျေးရွာကောင်စီ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီ တခုခုသို့ ဖြစ်စေ ထိုအမှုကိုစစ်ဆေးရန် လွှဲ အပ်နိုင်သည်။

၁၇။ ။[ရာဇဝတ်ကျင့်ထုံး] ဥပဒေပါ ကိစ္စများအလို့ငှါ၊ တိုင်းမင်းကြီးသည် စက်ရှင်တရားသူကြီး မ ရှိသော စက်ရှင်နယ်တွင် စက်ရှင်တရားသူကြီး၏ အာဏာများကို သုံးစွဲရမည်။

၁၈။ ။ နိုင်ငံတော်သမတသည်၊ [အမိန့်ကြော်ငြာစာ] ထုတ်ပြန်၍ မည်သည့် နယ်ပိုင်ဝန်ထောက် ကို မဆို၊ဤအက်ဥပဒေအရ ခရိုင်ဝန်၏ အာဏာအားလုံးကိုဖြစ်စေ ၊ အာဏာတခုခုကိုဖြစ်စေ၊ အပ်န င်း၍ ၎င်းစီရင်ပိုင်ခွင့်အာဏာ ပြန့်နှံ့သည့်နယ်မြေကိုနယ်နိမိတ်သတ်မှတ် ပေးနိုင်သည်။

၁၈-က။ ။ နိုင်ငံတော်သမတသည်၊ မည်သည့်ခရိုင်ဝန်ကိုမဆို၊ ဤအက်ဥပဒေအရ၊ တိုင်မင်းကြီး၏ အာဏာအားလုံးကိုဖြစ်၊ အာဏာတခုခုကိုဖြစ်စေ အပ်နှင်းနိုင်သည့်ပြင် ၎င်း၏စီရင်ပိုင်ခွင့်အာဏာပြ န်နှံ့သည့် နယ်မြေ၏ နယ်နိမိတ်ကိုလည်း သတ်မှတ်ပေးသည်။

၁၉။ ။ မြို့မကြီးသည်၊ မိမိနှင့်ဆိုင်ရာ မြို့မတွင်နေထိုင်သူများက အစိုးရသို့ ပေးဆောင် ရန်ရှိသည့် အခွန်တော်နှင့် အခြားငွေများကို ကောက်ခံရမည်၊သို့တည်းမဟုတ်ကောက်ခံရမည်။

၂၀။ ။(၁) မြို့မအတွင်း၌ နေထိုင်သူတိုင်းသည်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ သတင်းရရှိ လျှင်၊ ရဲဌာနသို့ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးတဦးဦးသို့ဖြစ်စေ ချက်ခြင်းအကြောင်းကြာရမည်။

(က) ခိုးရာပါပစ္စည်းလက်ခံသူသည်၊ သို့တည်းမဟုတ် ထုခွဲရောင်းချသူသည်၊ မြို့မအတွင်း သို့ရောက်ရှိခြင်း၊ သို့တည်းမဟုတ် မြို့မအတွင်း နေထိုင်ခြင်း။

---

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ်၅၀ အရ၊ ပြင်ဆင်သည်။

[၂] ကောင်စီများကာလိုက်နာရမည့် နည်းဥပဒေများကို ချင်းရေးရာဌာန၏ ၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄ တွင်ကြည့်။

[၃] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

[၄] အဆိုပါ အက်ဥပဒေအရ၊ ထည့်သွင်းသည်။

[၅] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ၁၉၅၄ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ဖြင့်ပုဒ်မ ၁၅-က အဖြစ်ထည့်သွင်းသော ပုဒ်မကို ပုဒ်မ ၁၅-ခ အဖြစ် ပြန်လည်အမှတ်စဉ်သည်။

[၆] အဆိုပါ အက်ဥပဒေအရ " ချင်းရေးရာ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်သည်။

(ခ) လုယက်သူ၊ ဓါးပြတိုက်သူ၊ ထောင်ပြေး၊ဝါရမ်းပြေး၊ သို့တည်းမဟုတ် ပြည်ထောင်စု နိုင်ငံတော်၏ ရေတပ်၊ ကုန်းတပ်၊ လေတပ်မှ ထွက်ပြေးသူသည် မြို့မ အတွင်းသို့ ရောက်ရှိခြင်း၊ သို့တည်းမဟုတ် ဖြတ်သန်းသွားလာခြင်း။

(ဂ) မြို့မအတွင်း အောက်ပြစ်မှုတခုခုကို ကျူးလွန်ခြင်း၊ သို့တည်းမဟုတ်ကျူးလွန်ရန် အားထုတ်ခြင်း၊ သို့တည်းမဟုတ် ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ကျူး လွန်ရန် အားထုတ်ခြင်း၊ သို့တည်းမဟုတ် ကျူးလွန်ကြံစည်ခြင်း။

(ကက) လူသတ်မှု၊
(ခခ) လူသေစေမှု
(ဂဂ) လုယက်မှု
(ဃဃ) ဓါးပြတိုက်မှု။
(ငင) လက်နက်ဥပဒေ ဖောက်ပြန်မှု
(စစ) ရဇာဝတ်ပြစ်ဒဏ်မကင်းသည့်မီးရှို့မှု
(ဆဆ) မြို့မအတွင်း၌ ဒမ္မတာအလျောက်မဟုတ်ဘဲဖစ်စေ၊ သက်ာမကင်းဘွယ် ရာအကြောင်းနှင့်ဖြစ်စေ လူသေဆုံးမှု။

(၂) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆောင်ရွက်ရန်ပျက်ကွက်လျှင်၊ ထို့သူကို မြို့မကောင်စီကကျပ်ငါးဆယ်ထက်မပို သောငွေဒဏ်စီရင်နိုင်သည်။

---

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ပြင်ဆင်သည်။

[၂] တရားရေးဝန်ကြီးဌာန၏ ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြားစားအမှတ် ၂၁၇၊ ၁၉၆၀ ခုနှစ်၊ဖေဖော်ဝါရီလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၆နှင့် ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၂ တို့ကို ကြည့်။

[၃] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ပြင်ဆင်သည်။

[၄] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ ထည့်သွင်းသည်။

[၅] အဆိုပါအက်ဥပဒေအရ "ကိုဓ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်သည်။

[၆] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

[၇] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ ထည့်သွင်းသည်။

[၈] တရားရေးဝန်ကြီးဌာန၏ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ၈ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်၇၂ အရ၊ ခရိုင်တရားး သူကြီးအဖြစ် ခန့်အပ်ခြင်းကို လည်းခံရသည်။

[၉] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ပြင်ဆင်သည်။

[၁၀] ချင်းရေးရာဌာန၏ ၁၉၅၀ ခုနှစ်၊ ဇွန်လ ၁ရက်နေ့စွဲပါ ကြော်ငြာစာအမှတ် ၁၆ ကိုကြည့်။

၂၁။ ။ (၁) မြို့အသီးသီး၏ တိုးတက်စည်ပင်သာယာရေးအတွက် သုံးစွဲရန်အလို့ငှါး၊ သက်ဆိုင်ရာ မြို့မကောင်စီသည်၊ နိုင်ငံတော်သမတ၏ ကြိုတင်ခွင့်ပြုချက်ဖြင့်၊ မြို့မနယ် နိမိတ်အတွင်းတွင် အောက်ပါ အခွန်အကောက်များကို စည်းကြပ်ကောက်ခံနိုင်သည်။ ထို အခွန်အကောက်များကို၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော နှုန်းထားမှသာစတင်၍ စည်းကြပ်နိုင်သည်။

(က) မြေနှင့် အဆောက်အအုံများပေါ်တွင် တနှစ်အတွက်စုံငှါးခ၏ တဆယ်ရာနိုင်နှုန်းထက်မပိုသည့် အခွန်။

(ခ) အဆောက်အဦရှိသည့် မြေပေါ်တွင် စတုရန်းတပေလျှင် တနှစ်အတွက် နှစ်ပြားထက်မပို သည့်အခွန်၊ သို့တည်းမဟုတ် နှစ်ထပ်နှင့် နှစ်ထပ်ထက်ပိုသည့် အထပ်ရှိသော အဆောက်အအုံရှိသည့်မြေပေါ်တွင် စတုရန်းတပေလျှင် တနှစ်အတွက် သုံးပြားထက်မပိုသည့်အခွန်။

(ဂ) အဆောက်အဦမရှိသည့်မြေပေါ်တွင် တဧကလျှင် တနှစ်အတွက် ကျပ်တဆယ်နှုန်းထက်မပိုသည့် အခွန်။

(ဃ) သက်ဆိုင်ရာ မြို့မနယ်နိမိတ်အတွင်းရှိ သက်ဆိုင်ရာ ကိစ္စအတွက် အသုံးပြုနိုင်သည့် ကုန်းယာဉ်၊ ရေယာဉ်အပေါ်တွင်သော်၎င်း၊ ယာဉ်ဆွဲရန်၊ သို့တည်းမဟုတ် ကုန်တင်ရန်၊ သို့တည်းမဟုတ် စီးနင်းရန် အသုံးပြုသည့် တိရစ္ဆာန်အပေါ်သော်၎င်း တနှစ်လျှင် ကျပ်တဆယ်ထက်မပိုသည့် အခွန်။

(င) ဆိုခဲ့သည်အတိုင်း အသုံးပြု၍ အပိုဒ် (ဃ) အရ၊ အခွန်စည်းကြပ်ခြင်း မခံထိုက်သည့်ယာဉ်၊သို့တည်းမဟုတ် တိရိစ္ဆာန် များ သက်ဆိုင်ရာ မြို့မနယ်နိမိတ်အတွင်းသို့ ဝင်လာသည့်အခါ၊ ထိုယာဉ်၊ သို့တည်းမဟုတ် တိရိစ္ဆာန်အသီးသီး အပေါ်တွင် ပြားငါးဆယ် ထက်မပိုသည့် အကောက်။

သို့ရာတွင် ထိုယာဉ်၊ ထိုတိရိစ္ဆာန်ကို မြို့မနယ်နိမိတ်အတွင်းထားရှိမှု၊ ထိုယာဉ်၊ ထိုတိရိစ္ဆာန် အပေါ် အပိုဒ် (ဃ) အရ၊ ကောက်ခံထိုက်မည်ဖြစ်သော အခွန်ကို ရေးဆောင်ပြီးဖြစ်လျှင်၊ မည်သူမဆို ထိုယာဉ်၊ ထိုတိရိစ္ဆာန်အပေါ် ဤအပုဒ်အရ၊ ကောက်ခံထိုက်သည့်အကောက်ပေးဆောင်ခြင်းမှ လွတ်ငြိမ်ခွင့် ရနိုင်သည်။

---

၁ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ ထည့်သွင်းသည်။

၂ အဆိုပါ အက်ဥပဒေ၊ အစားထည့်သွင်းသည်။

၃ အဆိုပါ အက်ဥပဒေ၊ အစားထည့်သွင်းသည်။

(စ) အထက်ပါ အခွန်အကောက်များအပြင် အခါအားလျော်စွာ နိုင်ငံတော်သမတ၏ ကြိုတင်ခွင့်ချက်ဖြင့် မြို့မကောင်စီသည်၊ သက်ဆိုင်ရာ မြို့မနယ်နိမိတ်အတွင်း၌ အောက်ပါအခွန်အ ကောက်တမျိုးမျိုးကို သော်၎င်း၊ အားလုံးကိုသော်၎င်း စည်းကြပ်ကောက်ခံနိုင်သည်။

(ကက) ရေခွန်။

(ခခ) မီးခွန်။

(ဂဂ) အိမ်စာခွန်။

(ဃဃ) အညစ်အကြေးခွန်။

(၂) မြေ၊ သို့တည်းမဟုတ် အဆောက်အဦပေါ်တွင် ပုဒ်မခွဲ(၁)၊ အပိုဒ်(က)၊ (ခ) နှင့် (ဂ) အရ စည်းကြပ်ရမည့် အခွန်များအနက်၊ အခွန်တမျိုးတည်းကိုသာ စည်းကြပ်ရမည်။

(၃) မြို့မနယ်နိမိတ်အတွင်းရှိ ဒေသအသီးသီးတွင် ဒေသအလိုက် သင့်လျော်သည့်အခွန်နှုန်းများကို ခွဲခြားစည်းကြပ်နိုင်သည်။

(၄) ပုဒ်မခွဲ (၁)၊ (၂)၊ သို့တည်းမဟုတ် (၃) အရ၊ စည်းကြပ်ကောက်ခံရရှိသော အခွန်အကောက်ငွေများကို သက်ဆိုင်ရာမြို့မကောင်စီသည်၊ တိုင်းမင်းကြီး၏ ကြိုတင်သဘောတူညီချက်ဖြင့် မြို့မအတွင်း အောက်ပါကိစ္စများအပါအဝင် မြို့မ၏တိုးတက် စည်ပင်သာယာရေးအတွက်သုံးစွဲနိုင်သည်။

(က) မြို့မအတွင်းအတွင် လမ်းများဖောက်လုပ်၊ ပြုပြင်ထိန်းသိမ်းရေး။

(ခ) မြို့မအတွင်းတွင် အရပ်ရပ် ကျန်းမာ သန့်ရှင်းစင်ကြယ်ရေး။

(ဂ) မြို့မနယ်နိမိတ်အတွင်းရေပေးရန် လိုအပ်သည့် အလုပ်အဆောင်များကိုဆောက်ပြုပြင်ထားရှိရေး။

(ဃ) မြို့မနယ်နိမိတ်အတွင်းရှိ လမ်းများရ မီးထွန်းရန်လိုအပ်သည့် အလုပ်အဆောင်များကို ဆောက်လုပ်ပြုပြင်ထားရှိရေး။

(င) မြို့မနယ်နိမိတ်အတွင်းရှိ လူအများအသုံးပြုရန်အိမ်သာများ ဆောက်လုပ်ပြုပြင်ထားရှိရေ။

(စ) မြို့မနယ်နိမိတ်အတွင်းရှိ အဆောက်အဦများမှ၊ သို့တည်းအဟုတ်မြေများမှ မလ္လာအညစ်အကြေးနှင့် အမှိုက်များကို သုတ်သင်ရှင်းလင်းရန်အတွက် စီမံနှင့် ထိုကိစ္စအတွက် လိုအပ်သည့် အလုပ်အဆောင်များကို ဆောက်လုပ်ပြုပြင်ထားရှိရေး။

(ဆ) မြို့မအတွင်းမီးဘေးကာကွယ်ရေး။
(ဇ) မြို့မအတွင်း၌ ဈေးဖွင့်လှစ်ထားရှိရေး။
(ဈ) မြို့မ၏ တိုးတက်စည်ပင်သာယာရေးအတွက် အခြားလုပ်ငန်းများဆောင်ရွက်ရေး။
(ည) မြို့မ၏ တိုးတက်စည်ပင်သာယာရေးအတွက် အခြားလုပ်ငန်းများ ဆောင်ရွက်ရေး။

၃၂။ ။ပုဒ်မ ၂၀ အရဖြစ်စေ၊ ပုဒ်မ၂၉ အရဖြစ်စေ ကောင်မွန်စွာ နေထိုင်နိုင်ရန် ခံဝန်ချုပ်ပြုလုပ်ရမည့် အမိန့်ချမှတ်ခြင်းခံရသူ တဦးတယောက်သည်၊ အာမခံပေးရမည့်ကာလအပိုင်းအခြား စသည့်နေ့တွင်ဖြစ်စေ၊ ၎င်းနေ့မတိုင်းမီဖြစ်စေ၊ လိုအပ်သည့် အာမခံကို မတင်သွင်းလျှင်၊ ထိုသူကို အကျဉ်းထားရမည်။ အကယ်၍ ထိုသူသည် အကျဉ်းခံနေရသူဖြစ်လျှင် ထိုသူကိုဆိုခဲ့သည့်ကာလအပိုင်းအခြား စေ့ကုန်သည်အထိ ချုပ်နှောင်ထားရမည်။ သို့တည်းမဟုတ် အာမခံတောင်သည့်အမိန့်ကို ချမှတ်သည့် အရာရှိထံဖြစ်စေ၊ ထိုသူကို ချုပ်နှောင်ထားသည့် အကျဉ်းထောင် ကြီးကြပ်အုပ်ချုပ်သူ အရာရှိထံဖြစ်စေ အာမခံပေးသွင်းသည့် အချိန်ထိ ချုပ်နှောင်းခြားရမည်။ ယင်းသို့ အာမခံပေးသွင်းလျှင် ထိုသူကို ချက်ခြင်းလွှတ်ပစ်ရမည်။ ပုဒ်မ၂၈၊ သို့တည်းမဟုတ် ပုဒ်မ၂၉ အရ၊ အာမခံကို ပေးသွင်းရန် ပျက်ကွက်မှုအတွက် ထောင်ဒဏ်သည် အာမခံတောင်းသည့် အရာရှိက အမှုအသီးသီးတင် အမိန့်ချမှတ်သည့် အတိုင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ်သော်၎င်း၊ အလုပ်မဲ့ ထောင်ဒဏ်သော်၎င်း ဖြစ်နိုင်သည်။

၃၃။ ။ ပုဒ်မ ၂၈၊ သို့တည်းမဟုတ် ပုဒ်မ ၂၉ အရ၊ ကောင်းမွန်စွာနေထိုင်ရန်အတွက် အာမခံကို ပေးရန် ပျက်ကွက်သောကြောင့် အကျဉ်းခံရသူသည်၊ သုံးနှစ်မျှ အကျဉ်းခံပြီး သောအခါ ထိုသူကို အကျဉ်းမှ လွှတ်ရမည်။ ထိုပြင် ဤအက်ဥပဒေပါ ပြဌာန်းချက်များနှင့် အညီ အမိန့်အသစ်တရပ် မချမှတ်လျှင် ထိုသူထံမှ အာမခံ မတောင်းရ။

၃၄။ ။ (၁) [ခရိုင်ရာဇဝတ်တရားသူကြီး] သည်၊ သွေးသောက်စုဝင် တဦးဦး၌ဖြစ်စေ၊ ကျေးရွာတခုခု၌ဖြစ်စေ လက်ရှိထားနိုင်သည့် သေနတ်အရေအတွက်၊ ခဲယမ်းမီးကျောက်အချိန်အတွယ်နှင့် ခဲယမ်းမီးကျောက် အမျိုးအစားကို သတ်မှတ်နိုင်သည့်ပြင်၊ တစုတပေါင်းတည်းအနေဖြင့် ထိုသွေးသောက်စုသို့ သို့တည်းမဟုတ်ထိုကျေးရွာသို့ဖြစ်စေ တဦးစီအနေဖြင့် ထိုသွေးသောက်စုဝင် တဦးတယောက်သို့ သို့တည်းမဟုတ် ထိုကျေးရွာတွင် နေထိုင်သူတဦးတ ယောက်သို့ဖြစ်စေ၊ လိုင်စင်များထုတ်ပေး၍ ထိုလိုင်စင်များတွင် သီခြားဖော်ပြထားသည့် သေနတ်များနှင့် ခဲယမ်းမီးကျောက်များကို လက်ရှိထားနိုင်ခွင့်ပေးနိုင်သည်။

(၂) လိုင်စင်များထုတ်ပေးပြီးဖြစ်သည့် သေနတ်အားလုံးကို မှတ်ပုံစာရင်းတင်သွင်းထားရမည်။ ထိုပြင်ပြောင်းဝမှ ယမ်းထိုးသော သေနတ်များကို တံဆိပ်ရိုက်ထားရမည်။

၂၂။ ။ (၁) ဤအက်ဥပဒေတွင်သော်၎င်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဒေများတွင်သော်၎င်း ပြစ်ဒဏ်သီးခြား ပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ မည်သူမဆို၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရ ဖြစ်စေ....

(က) ကျေးရွာကောင်စီက ထုတ်ဆင့်သော တရားဝင်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊ ကျေးရွာကောင်စီသည်၊ ထိုသူကို ကျပ်ငါးဆယ်ထက်မပိုသော ငွေဒဏ်သော်၎င်း၊ တန်ဘိုးငွေ ကျပ်ငါးဆယ်ထက် မပိုသော ပစ္စည်းလျော်ဒဏ်သော်၎င်း စီရင်နိုင်သည်။

(ခ) မြို့မကောင်စီက ထုတ်ဆင့်သော တရားဝင်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့ တည်း မဟုတ် ငြင်းဆန်လျှင် မြို့မကောင်စီသည်၊ ထိုသူကို ကျပ်ငါးဆယ်ထက် မပိုသော ငွေဒဏ်သော်၎င်း၊ တန်ဘိုးငွေ ကျပ်ငါးဆယ်ထက် အပိုသော ပစ္စည်းလျော်ဒဏ်သော်၎င်း စီရင်နိုင်သည်။

(ဂ) တိုက်နယ်ကောင်စီက ထုတ်ဆင့်သော တရားအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ငြင်းဆန်လျှင်၊ တိုက်နယ်ကောင်စီသည်၊ ထိုသူကို ကျပ်ငါးဆယ်ထက် အပိုသော ငွေဒဏ်သော်၎င်း၊ တန်ဘိုးငွေ ကျပ်ငါးဆယ်ထက် မပိုသော ပစ္စည်းလျော်ဒဏ်သော်၎င်း စီရင်နိုင်သည်။

(ဃ) မြို့ပိုင်က၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်က၊ သို့တည်းမဟုတ် ခရိုင်ဝန်က ထုတ်ဆင့်သော တရားဝင်အမိန့်ကိုလိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ခရိုင်ဝန်သည်၊ ထိုသူကို ကျပ်တရာထက်မပိုသော ပစ္စည်းလျော်ဒဏ်သော်၎င်း စီရင်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ငွေဒဏ်သော်၎င်း၄။ ပစ္စည်းလျော်ဒဏ်သော်၎င်းစီရင်ခြင်းခံထိုက်သူသည်၊ ငွေဖြစ်စေ၊ ပစ္စည်းဖြစ်မရှိ၍၊ ဒဏ်ငွေကိုသော်၎င်း၊ ပစ္စည်းကိုသော်၎င်း မပေးနိုင်သောသူဖြစ်လျှင်၊ သက်ဆိုင်ရာ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် မြို့ပိုင်သည်၊ သို့တည်းမဟုတ် နယ်ဝန်ထောက်သည်၊ သို့တည်းမဟုတ် ခရိုင်ဝန်သည်၊ ထိုသူကို ငွေဒဏ်၊ သို့တည်းမဟုတ် ပစ္စည်းလျော်ဒဏ်စီရင်မည့်အစား၊ သက်ဆိုင်ရာ အရပ်ဒေသ၏ ကြီးပွါးချမ်းသာရေးဖြစ်စေမည့်ပြည့်သူ လုပ်ငန်းမျိုးကို လုပ်ကိုင်ပေးစေရန် တလထက်မပိုသည့် အလုပ်ဒဏ်စီရင်နိုင်သည်။

၂၃။ ။ [ခရိုင်ဝန်] ၏ သဘောတူညီချက်မရဘဲ၊ မည်သည့်ကျေးရွာသစ်ကိုမျှ မတည့်ထောင်ရ။ [ခရိုင်ဝန်] သည် အကျိုးအကြောင်းဖော်ပြရေးသား၍၊ ကျေးရွာသစ် တည်းထောင်ခြင်းကိုတားမြစ်နိုင်သည်။

၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀အရ၊ အစားသွင်းသည်။

၂၄။ ။ စစ်မှုရေးရာနှင့် ပတ်သက်သည့် အကြောင်းများကြောင့်ဖြစ်စေ၊ ပြည်သူအကျိုးနှင့် ပတ်သက်သည့် အကြောင်းများကြောင့်ဖြစ်စေ၊ အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် အကြောင်းများကြောင့် ဖြစ်စေ ကျေးရွာတခုခုကို အခြားနေရာတခုခုသို့ ရွှေ့ပြောင်းသင့်သည်ဟု [ခရိုင်ဝန်]က တင်ပြလျှင်၊ [ခရိုင်ဝန်] သည် ယင်းသို့ ကျေးရွာ ရွှေ့ပြောင်းခြင်းကြောင့် ဆုံးရှုံးနစ်နာ သောရွာသူရွာသားများအား၊ တရားမျှတသည်ဟု ထင်မြင်သဘောရရှိသော လျော်ကြေးကို ချင်းရေးရာဝန်ကြီး၏ သဘောတူညီ ချက်ဖြင့်ပေးနိုင်သည်။

၂၅။ ။ ချင်းအမျိုးသားတဦးတယောက်တွင်[ရန်ကြွေးတိုင်ရန် အကြောင်း]ပေါ်သည့် ကိစ္စဖြစ်ထွန်း လာသည်ဟု သိရှိလျှင်၊ သို့တည်းမဟုတ် ယုံကြည်၍လျှင်သော်၎င်း၊ ထိုသူသည် သတ်ဖြတ်မှု၊ ဓါးပြတို က်မှု၊ သို့တည်းမဟုတ် လုယက်မှုဖြစ်စေမည့်လက္ခဏာရှိသော အမှုကိုလှုံ့ဆော်လျှင်သော်၎င်း [ခရိုင် ဝန်] သည် ချင်းဝိသေသတိုင်းအတွင်း၊ မိမိသတ်မှတ်သည့်နေရာတွင်ထိုသူအား၊ နေထိုင်ရမည်ဟု ဆင့်ဆိုနိုင်သည်။

၂၆။ ။ ချင်းဝိသေသတိုင်းတွင် (ပြည်သူ့ဝန်ထမ်းမဟုတ်သော) သူတဦးတယောက်နေထိုင်ခြင်း ကြောင့်၊ ထိုတိုင်း၏ ငြိမ်းချမ်းရေးသော်၎င်း၊ ကောင်းမွန်စွာ စီရင်အုပ်ချုပ်ခြင်းကို သော်၎င်း အန္တရာယ် ဖြစ်ဘွယ်ရာရှိသည်ဟု [ယုံကြည်ကျေနပ်လောက်သည့် ထောက်အထားရှိလျှင်၊ ခရိုင်ဝန်သည်] ထို သူအား၊ ချင်းအမျိုးသားအဟုတ်လျှင် ချင်းဝိသေသတိုင်းမှမိမိခွင့်ပြုထားသည့် အချိန်အတွင်း ထွက်ခွါ သွားရန် အကြောင်းပြချက်များကို ရေးမှတ်၍ နှင်ထုတ်သည့် အမိန့်ပေးနိုင်သည်။ အကယ်၍ ချင်းအမျိုး သားဖြစ်လျှင်၊ချင်းဝိသေသတိုင်းအတွင်း၊ မိမိသတ်မှတ်သည့် အရပ်ဒေသတွင် နေထိုင်ရန် အမိန့်ပေး နိုင်သည်။

၂၇။ ။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်သည်ဖြစ်စေ၊ ပုဒ်မ၂၄ အရ ပေး သည့်အမိန့်၊ သို့တည်းမဟုတ် ပုဒ်မ၂၆ အရ ပေးသည့်အမိန့်ကို မလိုက်နာလျှင်ဖြစ်စေ ထိုသူကို ရာဇ ဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှားစီရင်သည့်အခါ တနှစ်ထက်မများသော ထောင်ဒဏ်သော်၎င်း၊ တထောင်ထက်မများသော ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်နိုင်သည်။

၂၈။ ။ (သေဒဏ်ထိုက်သင့်သည့် လူသတ်မှုမြောက်သည်ဖြစ်စေ၊ မမြောက်သည်ဖြစ်စေ) ရာဇ ဝတ်ပြစ်ဒဏ်မကင်းသည့်လူအသက်သေစေမ၊ သို့တည်းမဟုတ် အပြင်းအထန်နာကျင်စေမှု၊ သို့တည်း မဟုတ် ဓါးပြတိုက်မှု သို့တည်းမဟုတ် လုယက်မှု ကျူးလွန်ခြင်းကို ပိတ်ပင် တားဆီးရန်အလို့ငှါ လိုအပ် သည်ဟုထင်မြင်သဘောရရှိလျှင်၊ [ခရိုင်ဝန်] သည်မည်သူကိုမဆို သုံးနှစ်ထက်မပိုသော မိမိသတ်မှတ် သည့် ကာလအပိုင်းအခြားအတင်းကောင်းမွန်စွာ နေထိုင်ရန်ခံဝန်ချုပ်ပြုလုပ်ရမည်ဟု အမိန့်ပေး နိုင်သည်။

---

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ်၅၀ အရ၊ ပြင်ဆင်သည်။

[၂] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ ပြင်ဆင်သည်။

[၃] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ်၅၀ အရ၊ ပြင်ဆင်သည်။

၂၉။ ။ သွေးသောက်စုဝင် အချင်းချင်းသော်၎င်း၊ အိမ်ထောင်သာစု အချင်းချင်းသော်၎င်းသတ်ဖြတ်ခြင်း၊ သို့တည်းမဟုတ် အကြမ်းဘက်ခြင်းဖြစ်စေမည့် လက္ခဏာရှိသော ရန်ငြိုး၊ သို့တည်းမဟုတ် ခိုက်ရန်ဖြစ်ရန် အခြားအကြောင်းရှိလိမ့်မည့်ဟု [ခရိုင်ဝန်] က တင်ပြသဘောရရှိလျှင် [ဖြစ်စေ]၊ [ခရိုင်ဝန်] သည် သွေးသောက်စုများတွင်၊ သို့တည်းမဟုတ် ကျေးရွာများတွင် ပါဝင်သူအားလုံး၊ သို့တည်းမဟုတ် တဦးတယောက်ကို ဖြစ်စေ၊ ထိုသွေးသောက်စုအားလုံး၊ သို့တည်းမဟုတ် တဦးဦးကိုဖြစ်စေ၊ ထိုကျေးရွာအားလုံး၊ သို့တည်းမဟုတ် တခုခုကိုဖြစ်စေ၊ မိမိသတ်မှတ်သည့် သုံးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွင်း ကောင်းမွန်စွာ နေထိုင်ရန်အာမခံသူများ မပါဘဲဖြစ်စေ ခံဝန်ချုပ်ပြုလုပ်ရမည်ဟု အမိန့်ပေးနိုင်သည်။

၃၀။ ။ ပုဒ်မ ၁၀ ပါစည်းကမ်းအရ၊ အခွင့်အာဏာအပ်နှင်းခံရသည့် နယ်ဝန်ထောက်သည် ပုဒ်မ ၂၈ နှင့် ၂၉ အရ အမိန့်ချမှတ်လျှင်၊ [ခရိုင်ဝန်] ထံမိမိ၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ချက်ခြင်း အစီရင်ခံစာတင်သွင်းရမည်။

၃၁။ ။ (၁) ပုဒ်မ ၂၈ အရ ကောင်းမွန်စွာ နေထိုင်ရန်ခံဝန်ချုပ်ပြုလုပ်ထားသူက လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ထိပါးသည့်ပြစ်မှုတခုခုကို ကျူးလွန်ခြင်းသည်၊ သို့တည်းမဟုတ် ကျူးလွန်ရန် ကြံစည်းအားထုတ်ခြင်းသည်၊ သို့တည်းမဟုတ် အားပေးကူညီခြင်းသည်၊ ထိုခံဝန်ချုပ်ကို ဖောက်ဖျက်ရာရောက်သည်ဟု မှတ်ယူရမည်။

(၂) ပုဒ်မ ၂၉ အရ ပြုလုပ်သည့် ခံဝန်ချုပ် အတည်းဖြစ်နေစဉ် သက်ဆိုင်ရာ သွေးသောက်စုတွင်ဖြစ်စေ၊ ကျေးရွာတွင်ဖြစ်စေ၊ အိမ်ထောင်သားစုတွင်ဖြစ်စေ ပါဝင်သူတဦးတယောက်ကို အခြားသွေးသောက်စုတွင်ဖြစ်စေ၊ အခြားကျေးရွာတွင်ဖြစ်စေ၊ အခြားအိမ်ထောင်စုတွင် ဖြစ်စေပါဝင်သူ တဦးတယောက်က၊ သို့တည်းမဟုတ် ပါဝင်သူများက သတ်ဖြတ်လျှင်သော်၎င်း၊ သတ်ဖြတ်ခြင်ကို အားပေးကူညီလျှင်သော်၎င်း [ခရိုင်ဝန်] သည် ပြစ်မှုကျူးလွန်သည့်သွေးသောက်စု၊ သို့တည်းမဟုတ် ကျေးရွာ၊ သို့တည်းမဟုတ် အိမ်ထောင်သာစုနှင့် (အာမခံသူများရှိလျှင်) အာမခံသူများ၏ အာမခံကို ရုပ်သိမ်း၍ အာမခံ၏ တန်းဘိုးငွေကို သိမ်းယူစေရန် အမိန့်ချမှတ်နိုင်သည်။

---

၁ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ်၅၀ အရ၊ ပြင်ဆင်သည်။

၂ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ ပြင်ဆင်သည်။

၃၂။ ။ ပုဒ်မ ၂၀ အရဖြစ်စေ၊ ပုဒ်မ၂၉ အရဖြစ်စေ ကောင်မွန်စွာ နေထိုင်နိုင်ရန်ခံဝန်ချုပ်ပြုလုပ်ရမည့် အမိန့်ချမှတ်ခြင်းခံရသူ တဦးတယေက်သည်၊ အာမခံပေးရမည့်ကာလအပိုင်းအခြား စသည့်နေ့တွင်ဖြစ်စေ၊ ၎င်းနေ့မတိုင်းမီဖြစ်စေ၊ လိုအပ်သည့် အာမခံကို မတင်သွင်းလျှင်၊ ထိုသူကို အကျဉ်းထားရမည်။ အကယ်၍ ထိုသူသည် အကျဉ်းခံနေရသူဖြစ်လျှင် ထိုသူကို ဆိုခဲ့သည့် ကာလအပိုင်းအခြားစေ့ကုန်သည်အထိ ချုပ်နှောင်ထားရမည်။ သို့တည်းမဟုတ် အာမခံတောင်းသည့် အမိန့်ကိုချမှတ်သည့် အရာရှိထံဖြစ်စေ၊ ထိုသူကို ချုပ်နှောင်ထားသည့် အကျဉ်းထောင် ကြီးကြပ်အုပ်ချုပ်သူအရာရှိထံဖြစ်စေ အာမခံပေးသွင်းသည့် အချိန်ထိ ချုပ်နှောင်းထားရမည်။ ယင်းသို့ အာမခံပေးသွင်းလျှင် ထိုသူကို ချက်ခြင်းလွှတ်ပစ်ရမည်။ ပုဒ်မ ၂၈၊ သို့တည်းမဟုတ် ပုဒ်မ၂၉ အရ၊ အာမခံကို ပေးသွင်းရန် ပျက်ကွက်မှုအတွက် ထောင်ဒဏ်သည် အာမခံတောင်းသည့် အရာရှိက အမှုအသီးသီးတင် အမိန့်ချမှတ် သည့်အတိုင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ်သော်၎င်း၊ အလုပ်မဲ့ ထောင်ဒဏ်သော်၎င်း ဖြစ်နိုင်သည်။

၃၃။ ။ ပုဒ်မ ၂၈၊ သို့တည်းမဟုတ် ပုဒ်မ ၂၉ အရ၊ ကောင်းမွန်စွာနေထိုင်ရန်အတွက် အာမခံကိုပေးရန် ပျက်ကွက်သောကြောင့် အကျဉ်းခံရသူသည်၊ သုံးနှစ်မျှ အကျဉ်းခံပြီး သောအခါ ထိုသူကို အကျဉ်းမှ လွှတ်ရမည်။ ထိုပြင် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမိန့်အသစ်တရပ် မချမှတ်လျှင် ထိုသူထံမှ အာမခံ မတောင်းရ။

၃၄။ ။ (၁) [ခရိုင်ရာဇဝတ်တရားသူကြီး] သည်၊ သွေးသောက်စုဝင် တဦးဦး၌ဖြစ်စေ၊ ကျေးရွာတစုစု၌ဖြစ်စေ လက်ရှိထားနိုင်သည့် သေနတ်အရေအတွက်၊ ခဲယမ်းမီးကျောက် အချိန်အတွယ်နှင့် ခဲယမ်းမီးကျောက် အမျိုးအစားကို သတ်မှတ်နိုင်သည့်ပြင်၊ တစုတပေါင်းတည်းအနေဖြင့် ထိုသွေးသောက်စုသို့ သို့တည်းမဟုတ် ထိုကျေးရွာသို့ဖြစ်စေ တဦးစီအနေဖြင့် ထိုသွေးသောက်စုဝင် တဦးတယောက်သို့ သို့တည်းမဟုတ် ထိုကျေးရွာတွင် နေထိုင်သူတဦးတယောက်သို့ဖြစ်စေ၊ လိုင်စင်များထုတ်ပေး၍ ထိုလိုင်စင်များတွင် သီခြားဖော်ပြထားသည့် သေနတ်များနှင့် ခဲယမ်းမီးကျောက်များကိုလက်ရှိထားနိုင်ခွင့် ပေးနိုင်သည်။

(၂) လိုင်စင်များထုတ်ပေးပြီးဖြစ်သည့် သေနတ်အားလုံးကို မှတ်ပုံတင်စာရင်းတင်သွင်းထားရမည်။ ထိုပြင့် ပြောင်းဝမှ ယမ်းထိုးသော သေနတ်များကို တံဆိပ်ရိုက်ထားရမည်။
(၃) သေနတ်ပြောင်းများ မပြုလုပ်ရ။ သို့သော်သေနတ်မောင်းများကို (ခရိုင်ရာဇဝတ်တရားသူကြီး ) ထုတ်ပေးသည့် လိုင်စင်နှင့် အညီ ပြုလုပ်နိုင်သည်။

(၃) သေနတ်ပြောင်းများ မပြုလုပ်ရ။ သို့သော်သေနတ်မောင်းများကို (ခရိုင်ရာဇဝတ်တရားသူကြီး ) ထုတ်ပေးသည့် လိုင်စင်နှင့် အညီ ပြုလုပ်နိုင်သည်။

(၄) လိုင်စင်မရှိသူတဦးတယောက်သည်သော်၎င်း၊ လိုင်စင်ရှိသည့် သွေးသောက်စုတွင်၊ သို့တည်းမဟုတ် ကျေးရွာတွင် မပါဝင်သူတဦးတယောက်သော်၎င်း၊ သေနတ်များ၊ သို့တည်း မဟုတ် ခဲယမ်းမီးကျောက်များလက်ရှိထားလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ချင်းဝိသေသတိုင်း မှ ပြင်ပသို့ ထုတ်ဆောင်လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ချင်းဝိသေသတိုင်းအတွင်းသို့ သွင်း ယူခြင်းကိုဖြစ်စေ၊ သေနတ် ပြောင်းများ ပြုလုပ်လျှင်ဖြစ်စေ၊ လိုင်စင်မရှိဘဲသေနတ် မောင်း များ ပြုလုပ်လျှင်ဖြစ်စေ၊ ထိုသူကို ရာဇဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှားစီရင်သည့် အခါ၊ ခုနစ်နှစ်ထက် မများသော ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံး သော်၎င်း၊ စီရင်နိုင်သည်။

(၅)နယ်မြေတခု၏ ငြိမ်းချမ်းမှုကို ထိခိုက်ခြင်းမှ ကာကွယ်ရန် ထိုနယ်မြေအတွင်းထားများ၊ လှံများ၊ လေးနှင့်မြှားများကိုင်ဆောင်ခြင်းကိုဖြစ်စေ၊ ထိုလက်နက်အမျိုးအစားတခုခုကိုင် ဆောင်ခြင်းကိုဖြစ်စေ တားမြစ်ရန် လိုအပ်သည်ဟု ခရိုင်ရာဇဝတ် တရားသူကြီး ကထင်မြင် သဘောရရှိလျှင် ခရိုင်ရာဇဝတ်တရားသူကြီး သည်၊ အမိန့်စာတွင် ထိုနယ်မြေကိုပိုင်ခြား ဖော်ပြ၍ ထိုနယ်မြေအတွင်းသွေးသောက်စုဝင်တဦးတယောက်ဖြစ်စေ၊ ကျေးရွာတခုခုတွင် ပါဝင်သူအားလုံး၊ သို့တည်းမဟုတ် မဦးတယောက်ဖြစ်စေ၊ အဆိုပါ လက်နက်များကို သို့တည်းမဟုတ် အခြားလက်နက်အမျိုးမျိုးကို ကိုင်ဆောင်ခြင်း မပြုလုပ်ရန် ထိုအမိန့်စာ ဖြင့် တားမြစ်နိုင်သည်။ ထိုအမိန့်စာတွင် ဤသို့တားမြစ်ခြင်း အတည်ဖြစ်နေမည့် ကာလ အပိုင်းအခြားကို ဖော်ပြရမည်။

(၆)ပုဒ်မခွဲ (၅) အရ တားမြစ်သည့်အမိန့်ကို မနာခံသူကို ရာဇဝတ်တရားသူကြီးတဦးက ပြစ် မှုထင်ရှားစီရင်သည့်အခါ ခြောက်လထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ဒဏ်နှစ် ရပ်လုံးသော် ၎င်း စီရင်နိုင်သည်။

(၇)ဤပုဒ်အရ၊ ခရိုင်ရာဇဝတ်တရားသူကြီး ကထုတ်ပေးသော လိုင်စင်များအတွက်ကောက် ခံသော လိုင်စင်အခများသည်၊ နိုင်ငံတော်သမတက နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နှုန်းအတိုင်းဖြစ်ရမည်။

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ်၅၀ အရ၊ ပြင်ဆင်သည်။

[၂] ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ ပြင်ဆင်သည်။

၃၅။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ချင်းဝိသေသတိုင်း၌ ရွာဘုံမြေနှင့် ပုဂ္ဂလိကပိုင်တောမီးပြန့်ပွားခြင်းတို့ကို ကာကွယ်ရန်အလို့ငှါ၊ နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(၂) မည့်သူမဆို ပုဒ်မခွဲ (၁) အရ၊ နိုင်ငံတော်သမတက ပြုလုပ်သည့် နည်းဥပဒေပါပြဌာန်းချက် တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင် ထိုသူသည် ရာဇဝတ် တရားသူကြီးတဦးက ပြစ်မှုထင်ရှားစီရင်သည့် အခါ၊ ခြောက်လထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ် သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်ခြင်းခံရမည်။

(၃) နိုင်ငံတော်သမတသည်၊ ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ အထူးအမိန့်ဖြင့် ဖြစ်စေ၊ မည်သည့်ကျေးရွာကောင်စီ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီကိုမဆို၊ ၎င်း၎င်းနှင့် သက်ဆိုင်သောဒေသအတွင်း၊ ပုဒ်မ (၁) အရ ပြုလုပ်သည့်နည်းဥပဒေပါ ပြဌာန်းချက်တခုခု လိုက်နာရန် ပျက်ကွက်သူအား၊ သို့တည်းမဟုတ် ဆန့်ကျင်သူအား စစ်ဆေး၍၊ ငွေဒဏ်စီရင်နိုင်သည့် အာဏာကို အပ်နှင်းနိုင်သည်။

(၄) မည်သူမဆို ပုဒ်မခွဲ (၃) အရ၊ ကျေးရွာကောင်စီက၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီက ချမှတ်သော စီရင်ချက်ကို မကျေနပ်လျှင်ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၃) အရ၊ အမှုကို ပြန်လည်စစ်ဆေးစီရန် လျှောက်ထားနိုင်သည်။

၃၆။ ။ ချင်းဝိသေသတိုင်းအတွင်း၊ ဘိန်းဖြစ်စေ၊ဆေးခြောက်ဖြစ်စေ၊ ကိုကင်းဖြစ်စေ၊ သွင်းယူခြင်း၊ စိုက်ပျိုးခြင်း၊ ပြုလုပ်ခြင်း၊ လက်ရှိထားခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် ထုတ်ဆောင်ခြင်းပြုသူကို ရာဇဝတ် တရားသူကြီးတဦးက ပြစ်မှုထင်ရှား စီရင်သည့်အခါ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ကြိမ်ဒဏ်သက်သက်ဖြစ်စေ စီရင်နိုင်သည်။

---

၁ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ ပြင်ဆင်သည်။
၂ အဆိုပါအက်ဥပဒေအရ၊ ထည့်သွင်းသည်။
၃ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ်၅၀ အရ၊ ပြင်ဆင်သည်။
၄ အဆိုပါအက်ဥပဒေအရ ပြင်ဆင်သည်။
၅ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ၊ ထည့်သွင်းသည်။
၆ အဆိုပါ အက်ဥပဒေအရ၊ အစားထည့်သွင်းသည်။
၇ ချင်းရေးရာဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ်၁၁ ကိုကြည့်။

၃၇။ ။ ကော်လိတ်တော်အရာရှိ ထုတ်ပေးသည့် လိုင်စင်မရှိဘဲ၊ တဦးတယောက်သောသူအား၊ နိုင်ငံခြားဖြစ် အရက်ရောင်းချသူကို ရာဇဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှား စီရင်သည့်အခါ သုံးလထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်း စီရင်နိုင်သည်။

(၅) ဤပုဒ်မအရ၊ ငွေဒဏ်စီရင်လျှင်၊ အမှုကို စီရင်ဆုံးဖြတ်သော ရာဇဝတ် တရားသူကြီးသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ သို့တည်းမဟုတ် ကျေးရွာကောင်စီသည်၊ ထိုသို့စီရင်သည့်အတိုင်း တရားခံက ပေးဆောင်သည့် ဒဏ်ငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ထိုတောမီးကြောင့် ဆုံးရှုံးနစ်နာခံရသူအား လျော်ကြေးအဖြစ်ပေးရန် အမိန့်ချမှတ်နိုင်သည်။

၃၈။ ။ မည်သူမဆို ကော်လိတ်တော်အရာရှိ ထုတ်ပေးသည့်လိုင်းစင်မရှိဘဲ၊ ချင်းဝိသေသတိုင်းအတွင်း အရက်ပေါင်း တင်ချက်လုပ်လျှင်ဖြစ်စေ၊ ချင်းဝိသေသတိုင်းအတွင်း၌သော်၎င်း၊ ပြင်ပ၌ သော်၎င်းဤကိစ္စအလို့ငှါ၊ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများကိုကျူးလွန်၍ ချက်လုပ်သော အရက်ပြန်ကို လက်ရှိထားလျှင်ဖြစ်စေ၊ ထိုသူသည် ရာဇဝတ်တရားသူကြီးတဦးကပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ခြောက်လထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်သော်၎င်း၊ စီရင်ခြင်းခံရသည်။ သို့တည်းမဟုတ် ကျေးရွာကောင်စီကဖြစ်စေ၊ တိုက်နယ်ကောင်စီကဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ငွေငါးဆယ်ထက် မမပိုသော ငွေဒဏ်သော်၎င်း၊ တန်းဘိုး ငွေငါးဆယ်ထက် မပိုသော ပစ္စည်းလျော် ဒဏ်သော်၎င်း စီရင်ခြင်းခံရမည်။

၃၈-က။ ။ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၈ အရ၊ ကော်လိတ်တော်အရာရှိက ထုတ်ပေးသော ယစ်မျိုးလိုင်စင်များအတွက် ကောက်ခံသော်လိုင်စင်အခများသည်၊ နိုင်ငံတော်သမတက၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နှုန်းအတိုင်းဖြစ်ရမည်။

၃၈-ခ။ ။ (၁) ဆေးဆရာဝန်များ အသုံးပြုသော ဆေးထိုးပြွန်မျိုးကို၊ ချင်းဝိသေသတိုင်းအတွင်း ကိုင်ဆောင်အသုံးပြုခြင်းကို နည်းလမ်းတကျ ဖြစ်စေရန်အလို့ငှါ နိုင်ငံတော်သမတသည် နည်းဥပဒေများပြုလုပ်နိုင်သည်။ ဆေးထိုပြွန်လိုင်စင်အတွက်ကောက်ခံသော လိုင်စင်အခသည်၊ ထိုနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် နှုန်းအတိုင်း ဖြစ်ရမည်။

---

၁ ၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ အရ၊ "ကို" ဆိုသည့်စကားရပ်ကို ပယ်ဖျက်သည်။
၂ အဆိုပါ အက်ဥပဒေအရ၊ ထည့်သွင်းသည်။
၃ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် အရ၊ ထည့်သွင်းသည်။
၄ ချင်းရေးရာဌာန၏ ၁၉၅၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၅ ကိုကြည့်။
၅ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။
၆ ချင်းရေးရာဌာန၏ ၁၉၆၀ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆ ကိုကြည့်။

(၂) မည်သူမဆို၊ ချင်းဝိသေသတိုင်းအတွင်း အဆိုပါ ဆေးထိုးပွန်မျိုးကို လိုင်စင်မရှိဘဲ ကိုင်ဆောင်လျှင် သို့တည်းမဟုတ် လက်ရှိထားလျှင် သို့တည်းမဟုတ် ရောင်းချလျှင် သို့တည်းမဟုတ် အသုံးပြုလျှင်ဖြစ်စေ၊ လိုင်စင်ရရှိသူသည်၊ မိမိလိုက်နာရမည့်လိုင်စင်ပါ စည်းကမ်းချက်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ထိုသူသည်၊ ရာဇဝတ်တရားသူကြီးတဦးက ပြစ်မှုထင်ရှား စီရင်သည့်အခါ၊ ခြောက်လထိ ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်လုံးသော်၎င်းစီရင်ခြင်းခံရမည်။

၃၉။ ။(၁) နိုင်ငံတော် သမ္မတက ဤကိစ္စအလို့ငှါ ထုတ်ပြန်သော ယေဘုယျ၊ သို့တည်းမဟုတ် အထူးနည်းဥပဒေများနှင့်ဖြစ်စေ၊ ယေဘုယျ၊ သို့တည်းမဟုတ် အထူးအမိန့်များနှင့်ဖြစ်စေ မဆန့်ကျင်စေဘဲ၊ ဝန်ကြီးသည်၊ ချင်းဝိသေသတိုင်း တဝန်လုံးတွင်သော်၎င်း၊ တစိတ်တဒေသတွင်သော်၎င်း ရွာအတွင်း၌ဖြစ်လျှင်၊ တနှစ်တွင်တအိမ်လျှင် ငွေလေးကျပ်ထက်မပိုသောနှုန်းဖြင့် အိမ်ခွန်းစည်းကြပ်နိုင်၍ ရွာပြင်ပ မည့်သည်နေရာ ရမဆိုဖြစ်လျှင် တနှစ်တွင် တအိမ်လျှင် ငွေတဆယ့်နှစ်ကျပ်လက်မပိုသောနှုန်းဖြင့် အိမ်ခွန်စည်းကြပ်နိုင်သည်။

**ခြွင်းချက်။** ။ သို့ရာတွင် ဝန်ကြီးသည်၊ ဤပုဒ်မအရ အိမ်ခွန်ထမ်းဆောင်ခြင်းမှ လုံးဝလွတ်ငြိမ်းခွင့်ပြုသော ပုဂ္ဂိုလ်အမျိုးအစားကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာခြင်းဖြင့် ပြဌာန်းနိုင်သည့်ပြင်၊ ပုဂ္ဂိုလ်တဦးမယောက်အပေါ်တွင် စည်းကြပ်သော အိမ်ခွန်ကို မည်သည့် အရာရှိများသည်၊ မည်သည့် အကြောင်းများကြောင့် လျော့ ပေါ့ပယ်ဖျက်နိုင်ကြောင်းညွှန်ကြားချက်များထုတ်ပြန် နိုင်သည်။

(၂) ဤပုဒ်မအရ၊ စည်းကြပ်ကောက်ခံသော အိမ်ခွန်ကို၊ နိုင်ငံတော်သမ္မတက ပြုလုပ်သော နည်းဥပဒေများတွင် ပြဌာန်းထားသည့်အတိုင်း ကျေးရွာကောင်စီ၊ မြို့မကောင်စီနှင့် တိုက်နယ်ကောင်စီတို့က ခွဲစေသုံးစွဲရမည်။

၃၉-က။ ။ ပုဒ်မ ၁၁-က (၂)၊ သို့တည်းမဟုတ် (၃) အရသော်၎င်း၊ ပုဒ်မ ၂၀(၂) အရသော်၎င်း၊ ပုဒ်မ ၂၂ (၁) (က)၊ (ခ)၊ သို့တည်းမဟုတ် (ဂ) အရသော်၎င်း ကျေးရွာကောင်စီက၊ သို့တည်းမဟုတ် မြို့မကောင်စီက၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီက ငွေဒဏ်နှင့် ပစ္စည်းလျော်ဒဏ်စီရင်သည့်အတိုင်း တရားခံကပေးဆောင်သည့် ဒဏ်ငွေနှင့် ပေးလျော်သည့် ပစ္စည်းအားလုံးကို၊ နိုင်ငံတော်သမ္မတကပြုလုပ်သည့် နည်းဥပဒေများတွင် ပြဌာန်းထားသည့်အတိုင်း ကျေးရွာကောင်စီ၊ မြို့မကောင်စီနှင့် တိုက်နယ်ကောင်စီတို့က ခွဲဝေသုံးစွဲနိုင်သည်။

၄၀။ ။ ဒဏ်ငွေ၊ သို့တည်းမဟုတ် အခွန်ပေးဆောင်ရန်အတွက်ဖြစ်စေ၊ ပစ္စည်းတခုခုကို ပေးရန်အတွက်ဖြစ်စေ၊ အမှုကိစ္စတခုခုကို ဆောင်ရွက်ရန်အတွက်ဖြစ်စေ ချမှတ်သော အမိန့်ကို

(၁) တရားမကျင့်ထုံးဥပဒေအရ၊ ဝါရမ်းကပ်ခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်းမှ လွတ်ကင်းသည့် ပစ္စည်းမှတပါး အခြားပစ္စည်းတခုခုကို သိမ်းယူခြင်း၊ သို့တည်း မဟုတ် ဝါရမ်းကပ် ရောင်းချခြင်း ဖြင့်သော်၎င်း (၂) [ခရိုင်ဝန်] သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်၏ အမိန့်နှင့် မနစ်ထိ အလုပ်မဲ့ထောင်ဒဏ် စီရင်ခြင်းဖြင့် သော်၎င်း၊ အတည်ပြုနိုင်သည်။

၄၁။ ။ ဤအက်ဥပဒေအရ[*****]၃

(က) နယ်မိုင်ဝန်ထောက်က ချမှတ်သော မည့်သည့်အမိန့်၊ သို့တည်းမဟုတ် စီရင်ချက်ကိုမဆို (ခရိုင်ဝန်)က ပြင်ဆင်နိုင်သည်။

(ခ) (ခရိုင်ဝန်) ကချမှတ်သော မည်သည့်အမိန့်၊ သို့တည်းမဟုတ် စီရင်ချက်ကို တိုင်းမင်းကြီးက ပြင်ဆင်နိုင်သည်။

(ဂ) တိုင်းမင်းကြီးက ချမှတ်သော မည့်သည့်အမိန့်၊ သို့တည်းမဟုတ် စီရင်ချက်ကို မဆို နိုင်ငံတော်သမ္မတက ပြင်ဆင်သည်။

၄၂။ ။ (၁) ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း အခါကာလအားလျော်စွာ အတည်ဖြစ်လျက်ရှိသော ဥပဒေများကို ချင်းဝိသေသတိုင်းနှင့် သက်ဆိုင်ရာ၌ ထိုဥပဒေအရ၊ နိုင်ငံတော်သမတက သုံးစွဲနိုင်သည့် အာဏာများကို ဝန်ကြီးက သုံးစွဲနိုင်သည်။ သို့သော် ထိုသို့သုံးစွဲရာတွင် နိုင်ငံတော်သမ္မတ၏ အခွင့်အရေးအာဏာကို မထိခိုက်မဆန်ကျင်ရ။

(၂) ချင်းဝိသေသတိုင်းဆိုင်ရာ ကိစ္စအလိုငှါ ဘဏ္ဍာရေးမင်းကြီးနှင့် ယစ်မျိုးမင်းကြီး၏ အာဏာများကို ချင်းဝိသေသတိုင်းဆိုင်ရာ တိုင်းမင်းကြီးက သုံးစွဲနိုင်သည်။

၁ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ၊ အစားသွင်းသည်။

၂ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ "ချင်းရေးရာ" ဆိုသည့်စကားရပ်ကိုပယ်ဖျက်သည်။

၃ ချင်းရေးရာဌာန၏ ၁၉၄၉ ခုနှစ်၊မတ်လ ၂၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၁ကိုကြည့်။

၄ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

၅ ချင်းရေးရာဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂ ကိုကြည့်။

၆ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

၄၃။ ။ နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေနှင့်အညီဖြစ်သော နည်းဥပဒေများပြုလုပ်နိုင်သည်။ အထူးသဖြင့် အောက်ပါကိစ္စများအတွက် နည်းများ နည်းဥပဒေများပြုလုပ်နိုင်သည်။

(က) ဤအက်ဥပဒေအရ၊ ဆောင်ရွက်သော အရာရှိများလိုက်နာရမည့် နည်းလမ်းကို သတ်မှတ်ရန်

(ခ) မိမိလိုအပ်သည်ဟု ထင်မြင်သော ပုံစံအသုံးပြုခြင်း၊ အစီရင်ခံစာများနှင့် စာရင်းများတင်သွင်းခြင်း၊ မှတ်တမ်းများနှင့် မှတ်ပုံတင်စာအုပ်များ ထားရှိခြင်း စသည်တို့သည်နှင့်ပတ်သက်၍ ပြဌာန်းချက်များပြုလုပ်ရန်၊ ထို့ပြင်

(ဂ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါကိစ္စများကို ဆောင်ရွက်ရန်။

## ဇယား

### [ပုဒ်မ ၁၅-က ကိုကြည့်။]

(ဤဇယားသည်၊ ချင်းအမျိုးအနွယ်မှ ဆင်းသက်လာသည့်ချင်းအမျိုးသားမဟုတ်သောသူများ၏ ပစ္စည်းနှင့် အသက်ဆိုင်စေရ) ချင်းအမျိုးသားတဦး၏ ပစ္စည်းကို အမွေဆက်ခံခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေကို အောက်ပါပြဌာန်းချက်များတိုင်းပြုပြင်ထားသည်။

၁။ ။ သေဆုံးသူ၏ပစ္စည်းထဲမှ သေဆုံးသူ၏ အသုဘစရိတ်စကကို နုတ်ယူပြီးနောက် ကျန်ရှိသော ပစ္စည်းထဲမှ သေဆုံးသူ၏ ကြွေးမြီအားလုံးကိုဎင်း၊ ပစ္စည်းအပေါ်၌ တင်ရှိသော အခြားတရားဝင်ကြွေးမြီတာဝန်အားလုံးကိုဎင်း၊ ပစ္စည်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သောအခြားတာဝန်အားလုံးကို ဎင်းနုတ်ယူနိုင်ခွင့်ရှိစေရမည်။

၂။ ။ သေဆုံးသူ၏ ပစ္စည်းကိုဘေးဘိုးစဉ်ဆက်ပိုင်ပစ္စည်းဟူ၍ဎင်း၊ သာမန်ပစ္စည်းဟူ၍ဎင်း ခွဲခြားထားရမည်။

၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ထည့်သွင်းသည်။

[၁] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ ပြင်ဆင်သည်။

[၂] ၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇ အရ၊ အစားထည့်သွင်းသည်။

[၃] ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၀ အရ၊ " အုပ်ချုပ်ရေးနှင့် စပ်လျင်းသည့်ကိစ္စများအတွက်ဎင်း၊ ပုဒ်မ ၁၉ အရဎင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်သည်။

**(က) ဘေးဘိုးစဉ်ဆက်ပိုင်ပစ္စည်းဆိုသည့် စကားရပ်တွင်..........**

(၁) အိမ်နှင့်သာမန်အားဖြင့် ပူးတွဲလျက်ရှိသည့် ပစ္စည်းများနှင့် အိမ်ပိုင်းအတွင်းဆောက်လုပ်ထားသော မိသားစုအိမ် (သေဆုံးသူ၏ အိမ်တဆောင်ထက်ပို၍ ကျန်ရှိခဲ့လျှင် အိမ်တဆောင်ကိုသာလျှင် "မိသားစု" ဟု အသိအမှတ်ပြုရမည်။ သို့သော်လည်း သေဆုံးသူသည်၊ မယားတယောက်ထက်ပို၍ ထိမ်းမြားလက်ထပ်ယူထားခဲ့သဖြင့်၊ သေဆုံးသူပိုင်သော သီးခြားအိမ်များတွင် မယားတယောက်စီနေထိုင်လျှင်၊ ထိုအိမ်အသီးသီးသည်၊ **"မိသားစုအိမ်"** များဖြစ်ကြရမည်။)

(၂) သေဆုံးသူက၊ မိမိ၏အဘထံမှသော်၎င်း၊ အခြားဆွေမျိုးများထံမှ သော်၎င်းအမွေဆက်ခံရရှိသည့် မရွေ့မပြောင်းနိုင်သော ရှေးဟောင်းပစ္စည်း၊ ထိုပြင်

(၃) ထုံးတမ်းစဉ်လာဥပဒေအရ၊ ဘေးဘိုးစဉ်ဆက်ပိုင် ပစ္စည်းအဖြစ် ပါဝင်သော သေနတ်များနှင့် ထိုသေနတ်များနှင့် ထိုသေနတ်များနှင့်ပူတွဲပါရှိသောပစ္စည်းများ၊ မိရိုးဖလာ အဝတ်အစားများနှင့်လက်ဝတ်လက်စားအစရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများပါဝင်သည်။

(ခ) အထက်ပါ ပစ္စည်းများမှတပါး၊ သေဆုံးသူ၏ ကျန်ရှိသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအားလုံးသည် သာမန်ပစ္စည်းဖြစ်ရမည်။

**ရှင်းလင်းချက်။** ။(က) လင်နှင့်မယားနှစ်ဦး အတူတကွ ကြိုးပမ်း၍ရရှိသော ပစ္စည်းကို လင်သေဆုံးသောအခါ၌၊ သေဆုံးသူ၏ သာမန်ပစ္စည်းတွင် ထည့်သွင်းရမည်။

(ခ) လင်းနှင့်မယားနှစ်ဦးအတူတကွ ကြိုပမ်း၍ရရှိသော ပစ္စည်းသည်၊ မယားသေဆုံးသောအခါရ၌ လင်၏ ပစ္စည်းဖြစ်သည်။

၃။ ။(၁) သေဆုံးသူ၏ ဘေးဘိုးစဉ်ဆက်ပိုင် ပစ္စည်းကို အမွေဆက်ခံနိုင်ခွင့်ရှိသူများသည် အောက်ပါ အစီအစဉ်အတိုင်း ဖြစ်ရမည်။

(က) သက်ဆိုင်ရာ ထုံးတမ်းစဉ်လားဥပဒေအရ၊ အဆိုပါ ပစ္စည်း၏ အမွေခံဖြစ်သော သေဆုံးသူ၏သား၊ မြေးယောက်ျား၊ မြစ်ယောက်ျား၊အစရှိသည့် တိုက်ရိုက်ဆင်းသက်သူ၊ ထိုသူမရှိလျှင်၊

(ခ) သေဆုံးသူ၏ အဘ၊ ထိုသေဆုံးသူ၏ အဘမရှိလျှင်၊

(ဂ) သက်ဆိုင်ရာ ထုံးတမ်းစဉ်အလား ဥပဒေအရ၊ အဆိုပါ ပစ္စည်း၏ အမွေခံဖြစ်သော သေဆုံးသူ၏ အဘမှ တိုက်ရိုက်ဆင်းသက်သူ ယောကျာ်း၊ ထိုယောကျာ်းမရှိလျှင်

(ဃ) သက်ဆိုင်ရာ ထုံးတမ်းစဉ်လာ ဥပဒေအရ၊ အဆိုပါပစ္စည်း၏ အမွေဆက်ခံဖြစ်သော အဘဘက်မှ ဘိုးဘေး သို့တည်းမဟုတ် ထိုဘိုးဘေးမှ တိုက်ရိုက်ဆင်းသက်သူ ယောကျာ်း၊ ထိုယောကျာ်းမရှိလျှင်

(င) သေဆုံးသူ၏ အသက်ရှင်လျက်ရှိသော အကြီးဆုံးဖြစ်သည့် သမီး၊ ထိုအကြီးဆုံးဖစ်သည့်သမီးမရှိလျှင်၊

(စ) သေဆုံးသူမှ တိုက်ရိုက်ဆင်းသက်သူ ယောကျာ်းတဦးဦး၏ အသက်ရှင်လျက်ရှိသော အကြီးဆုံးဖြစ်သည့်သမီး၊ ထိုအကြီးဆုံးဖြစ်သည့် သမီးမရှိလျင်၊

(ဆ) သေဆုံးသူ၏ အသက်ရှင်လျက်ရှိသော အကြီးဆုံးဖြစ်သည့် အစ်မ၊ နှစ်မ၊ ထိုအကြီးဆုံးဖြစ်သည့် အစ်မ၊ နှစ်မ မရှိလျှင်၊

(ဇ) သေဆုံးသူ၏အမိ။

(၂) သေဆုံးသူမှာ၊ အပိုဒ်ခွဲ(၁) တွင် ဖော်ပြထားသည့် ဆွေမျိုးတဦး တယောက်မျှမရှိလျှင်၊ ဘေးဘိုးစဉ်ဆက်ပိုင်ပစ္စည်းကို သေဆုံးသူ၏ သာမန်ပစ္စည်းတွင် ထည့်သွင်းရမည်။

**ရှင်းလင်းချက် ၁။** ။ သေဆုံးသူ၏ မုဆိုးမမှာ မိသားစုအိမ်တွင်အခလွတ် ကိုယ်တိုင်နေထိုင်ခွင့်ရှိရမည်။ သို့သော် ထပ်မံ၍ အိမ်ထောင်ပြုလျှင်ဖြစ်စေ၊ မတရားကာမယှက်ခြင်းကြောင့် ပဋိသန္ဓေရရှိသည်ဟု သက်သေထင်ရှား ပြလျှင်ဖြစ်စေ၊ ထိုသို့ နေထိုင်ခြင်းရပ်စဲစေရမည် (သေဆုံးသူ၏ မုဆိုးမတယောက် ထက်ပို၍ ကျန်ရစ်ခဲ့လျှင်၊ မုဆိုးမတိုင်းသည်၊ မိမိနေခိုင်ခဲ့သော အိမ်တွင်၊ အဆိုပါ စည်းကမ်းချက်များနှင့် မဆန့်ကျင့်စေဘဲ၊ အခလွတ်ကိုယ်တိုင် နေထိုင်ခွင့် ရှိရမည်)။

**ရှင်းလင်းချက်၂။** ။ ဤအပိုဒ်ပါ **"တိုက်ဆိုင်ဆင်းသက်သူ ယောကျာ်း "** ဆိုသည်မှာ သား၊ သားမှ ပေါက်ဖွားသော မြေးယောကျာ်းအစရှိသော ယောကျာ်း အဆက်အနွယ်မှ ဆင်းသက်သော ယောကျာ်းကို ဆိုလိုသည်။ ထိုစကားရပ်တွင် မိန်းမမှ ဆင်းသက်သော သားမပါဝင်ချေ။

**ရှင်းလင်းချက် ၃။** ။ ဒေသတခုလုံး၏ ထုံးတမ်းစဉ်လာဥပဒေတွင်မည်သို့ပင်ပါရှိစေကာမူ၊ သားသမီးအားလုံးမှာ မွေဆက်ခံခွင့်ရှိစေရမည်။

**ရှင်းလင်းချက် ၄။** ။ ဤဇယားပါ ပြဌာန်းချက်များ၏ ကိစ္စအလို့ငှါ၊ **"သားသမီး"** ဆိုသည့်စကားရပ်တွင်၊ ဒေသတခု၏ ထုံးတမ်းစဉ်လာ ဥပဒေအရ၊ အမွေခံအမွေစားအဖြစ် မွေးစားသော သားသမီးပါဝင်သည်။

၄။ ။ သေဆုံးသူ၏ သာမန်ပစ္စည်းကို သေဆုံးသူ၏ မုဆိုးမ ( သို့တည်းမဟုတ် မုဆိုးဖို ) နှင့် အခြားဆွေမျိုးများက အောက်ပါအတိုင်းခွဲဝေယူရမည်။

(က) သေဆုံးသူ၏ သားသမီး ကျန်ရစ်ခဲ့လျှင်၊ သားတယောက်သည်၊ သမီးတယောက်ရထိုက်သည့် အစု၏ နှစ်ဆရစေ၍၎င်း၊ သမီးတယောက်သည်၊ မုဆိုးမ (သို့တည်းမဟုတ် မုဆိုးဖို) ရထိုက်သည့် အစု၏ နှစ်ဆရစေ၍၎င်းပစ္စည်းကို ခွဲဝေရမည်။

**ခြွင်းချက်။** ။ သို့ရာတွင် သေဆုံးသူ၏ သားသမီး တဦးဦးသည်၊ သေဆုံးသူအသက်ရှင်လျက်ရှိစဉ်၊ သေဆုံး၍ အသက်ရှင်လျက်ရှိသည့် တိုက်ရိုက်ဆင်းသက်သူတဦးဦးကျန်းရစ်ခဲ့လျှင်၊ ထိုသေဆုံးသော သားသမီးတဦးဦးအသက်ရှင်လျက်ရှိပါက၊ ရထိုက်မည့်အစုကို သားတယောက်သည် သမီးတယောက်ရထိုက်သည့်အစု၏ နှစ်ဆ ရစေရမည်။

**ဥပမာ။** ။ "က" သေဆုံး၍၊ မုဆိုးမ "ခ" သမီး၊ "ဂ" နှင့် သား "ဃ" တို့ကျန်ရစ်ခဲ့သည်။ အခြားသားတယောက်ဖြစ်သူ "င" သည်၊ "က" အသက်ရှင်လျက်ရှိစဉ်သေဆုံး၍၊ သားသမီးများကျန်ရစ်ခဲ့သည်။ ပစ္စည်းကို "ခ" အတွက်တစု၊ "ဂ" အတွက်နှစ်စုနှင့် "ဃ" နှင့် "င" အတွက် လေးစုစီရစေ၍ ခွဲဝေရမည်။ "င" ရထိုက်သည့် အစုလေးစုကို "င" ၏ သားသမီးများအား၊ သားတယောက်သည်၊ သမီးတယောက်ရထိုက်သည့် အစု၏ နှစ်ဆရစေ၍ ခွဲဝေရမည်။

(ခ) သေဆုံးသူ၏ တိုက်ရိုက်ဆင်းသက်သူ မကျန်ရစ်ခဲ့လျှင် သာမန်ပစ္စည်းကို အောက်ပါအတိုင်း ခွဲဝေရမည်။

(၁) မိဘနှစ်ပါးလုံးအသက်ရှင်လျက်ရှိပါက၊ အဘနှင့် အမိသည်သော်၎င်း၊ တဦးဦးဆုံးပါက အဘ၊သို့တည်းမဟုတ် အမိသည်သော်၎င်း ပစ္စည်းတဝက်ရရှိစေ၍ မုဆိုးမ (သို့တည်းမဟုတ်မုဆိုးဖို)သည်၊ ပစ္စည်း၏ ကျန်တဝက်ကိုရရှိစေရမည်။ သို့ရာတွင် မိဘနှစ်ပါးလုံး အသက်ရှင်လျက်ရှိပါက၊ အဘသည်၊ အမိရထိုက်သည့် အစု၏ နှစ်ဆရရှိစေရမည်။ ထိုပြင် အမိမှာ လင်ယောက်ျား အသက်ရှင်လျက်ရှိပါက ပစ္စည်းပေါ်တွင် မည်သည့်အစုမျှရထိုက်ခွင့် မရှိစေရ။

**ရှင်းလင်းချက်။** ။ "အဘ" သို့တည်းမဟုတ် "အမိ" ဆိုသည်မှာ သေဆုံးသူ၏ အဘရင်း သို့တည်းမဟုတ် အမိအရင်းကိုဆိုသည်။ ထို "အဘ"၊ သို့တည်းမဟုတ် "အမိ" ဆိုသည့်စကားရပ်တွင် "မိထွေး" သို့တည်းမဟုတ် "ပထွေး" မပါဝင်ချေ။

(၂) မိဘနှစ်ပါလုံး အသက်ရှင်လျက် မရှိဘဲ(အဘဘက်မှ) ညီ၊ အစ်ကိုနှင့် အစ်မ၊ နှစ်မများ ရှိလျှင်၊ ထိုညီ၊ အစ်ကိုနှင့် အစ်မ၊ နှစ်မများသည် မိမိတို့၏ မိဘများ ရရှိမည့်ပစ္စည်းကို ညီ၊ သို့တည်းမဟုတ် အစ်ကို အသီးသီးသည်၊ အစ်မ သို့တည် မဟုတ် နှစ်မ အသီးသီးရထိုက်သည့် အစု၏နှစ်ဆရစေ၍ အမွေဆက်ခံရမည်။ (ညီ၊ သို့တည်းမဟုတ် အစ်ကိုတယောက်ယောက်သေဆုံး၍ တိုက်ရိုက်ဆင်း သက်သူ ကျန်ရစ်ခဲ့လျှင် ထိုညီ၊ သို့တည်းမဟုတ်အစ်ကို အသက်ရှင်လျက်ရှိပါက ရထိုက်မည့်အစုကို ထိုသေဆုံးသောညီ၊ သို့တည်းမဟုတ် အစ်ကို၏ ကျန်ရစ်ခဲ့ သည့် တိုက်ရိုက်ဆင်းသက်သူများဖြစ်သော သူတယောက်သည်၊ သမီး တယောက် ထိုက်သည့် အစု၏ နှစ်ဆရစေရမည်။

(၃) မိဘနှစ်ပါးလုံးနှင့် အဘမှ တိုက်ရိုက်ဆင်းသက်သူ အသက်ရှင်လျက်မရှိဘဲ၊ အဘဘက်မှ ဘိုးအေသော်၎င်း၊ အဘဘက်မှ ဖွားအေသော်၎င်းရှိလျှင်၊ မုဆိုးမ သည်၊ သို့တည်းမဟုတ် မုဆိုးဖိုသည်၊ ပစ္စည်း၏ သုံးပုံနှစ်ပုံရစေ၍ ဘိုးအေ၊ ဖွားအေသည်၊ ပစ္စည်း၏ သုံးပုံတပုံရစေရမည်။ဘိုးအေရထိုက်သည့်အစုသည်၊ ဖွားအေရထိုက်သည့် အစု၏ နှစ်ဆဖြစ်စေရမည်။ သို့ရာတွင် ဖွားအေများ လင်ယောကျ်ား အသက်ရှင်လျက်ရှိနေပါက ပစ္စည်းကို ရထိုက်ခွင့် မရှိစေရ (အဘ ဘက်မှ ဘိုးအေနှင့် ဖွားအေများ သေဆုံး၍ အဘဘက်မှဘိုးအေ၏ တိုက်ရိုက် ဆင်းသက်သူများ ကျန်ရစ်ခဲ့လျှင် ထိုဘိုးအေ၊ ဖွားအေ အသက်ရှင်လျက်ရှိပါက၊ ရထိုက်မည့်အစုကို ထိုသေဆုံးသော ဘိုးအေ၏ တိုက်ရိုက်ဆင်းသက်သူများ ဖြစ်သော သားတယောက်သည်၊ သမီးတယောက် ရထိုက်သည့် အစု၏ နှစ်ဆ ရစေရမည်။)

(၄) အထက်ပါ (၁)၊ (၂) နှင့် (၃) တွင်ဖော်ပြထားသော ဆွေမျိုးတယောက်မျှ မရှိလျှင်၊ မုဆိုး မသည်၊ သို့တည်းမဟုတ် မုဆိုးဖိုသည်၊ ပစ္စည်း၏ လေးပုံသုံးပုံ ရရှိစေ၍၊ ပစ္စည်း၏ ကျန်လေးပုံတပုံကို သက်ဆိုင်ရာ ထုံးတမ်းစဉ်လာဥပဒေအရ အမွေခံဖြစ်သူမည်သူမဆို ရရှိစေရမည်။

---

၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ရက် (၁၆.၁၀.၅၇)

**ရှင်းလင်းချက်။** ။ (က) တိုက်ရိုက်ဆင်းသက်ခြင်းသည်၊ မိန်းမဖြစ်သူတွင် အဆုံးသတ်သည်။ ဆိုလိုရင်းမှာ အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ သမီးသည် တိုက်ရိုက်ဆင်းသက်သူဖြစ်သော်လည်း၊ ထိုသမီး၏ သားသမီးများသည်၊ အမိ၏ အဘဖြစ်သော ဘိုးအေမှတိုက်ရိုက်ဆင်းသက်သူများမဟုတ်ကြချေ။

(ခ) အထက်ပါ ပြဌာန်းချက်များအရ မယားသေဆုံးသည့် အခါ၌ ခွဲဝေပေးရမည့် ပစ္စည်းသည်၊ မယားပိုင် သီးခြားပစ္စည်းသာဖြစ်သည်။

**၅။** ။ အထက်ပါ အပိုဒ်များတွင် မည်သို့ပင်ပါရှိစေကာမူ အောက်ပါပုဂ္ဂိုလ်များမှာ သေဆုံးသူ၏ ပစ္စည်းကို ပိုင်ဆိုင်ခွင့် သို့တည်းမဟုတ် ထိုပစ္စည်းမှ အစိုးရပိုင်ခွင့် မရှိစေရ။

(က) သေဆုံးသူ အသက်ရှင်လျက်ရှိစဉ်က ထုံးတမ်းစဉ်လာဉပဒေအရ အမွေခန်းဖြတ်ခြင်းခံရ၊ သို့တည်းမဟုတ်

(ခ) သေဆုံးသူကို သတ်သူ၊ သို့တည်းမဟုတ် သေဆုံးသူကို သတ်ရာတွင် အားပေးကူညီသူ။

**၆။** ။ ကာလစည်းကမ်းသတ် ဉပဒေနှင့် မဆန့်ကျင်စေဘဲ ၁၉၅၇ ခုနှစ်၊ ချင်းဝိသေသတိုင်း၊ (ပြင်ဆင်ချက်) အက်ဉပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် မဆုံးဖြတ်ရသေးသော အမှုများကို၊ ဤဇယားတွင်ပါရှိသော ပြဌာန်းချက်များနှင့်အညီ စီရင်ဆုံးဖြတ်ရမည်။

---

# အပိုင်း ၂

၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်းကောင်စီများ (ရွာသူကြီး၊ ကျေးရွာကောင်စီ၊ တိုက် နယ်ကောင်စီနှင့် တိုက်နယ်ကောင်စီဉက္ကဌများ) ရွေးကောက်ပွဲနည်းဉပဒေများ[ချင်းရေးရာဝန်ကြီး ဌာန၏ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၆ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၃ အရ၊ ထုတ်ပြန်ကျေညာသည်]

၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဉပဒေ၏ ပုဒ်မ ၆၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၄၃ တို့ ဖြင့်အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော် သမ္မတသည်၊ ချင်းဝိသေသတိုင်းတွင်း ကောင်စီများ (ရွာသူကြီး၊ ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီနှင့် တိုက်နယ်ကောင်စီ ဉက္ကဌများ) ရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍ အောက်ပါ နည်းဉပဒေများကို ပြုလုပ်လိုက်သည်။

# နည်းဥပဒေများ

## အခန်း ၁

### စကားချီး

၁။ ။ ဤဥပဒေများကို ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်းကောင်စီများ(ရွာသူကြီး၊ ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီများနှင့် တိုက်နယ်ကောင်စီ ဥက္ကဋ္ဌများ) ရွေးကောက်ပွဲများ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

---

## အခန်း ၂

### ရွာသူကြီးနှင့် ကျေးရွာကောင်စီရွေးကောက်ပွဲများ

၂။ ။ (၁) ကျေးရွာတရွာအတွက် ရွာသူကြီးတဦးကို ရွေးကောက်တင်မြှောက်ရမည်။ ထိုကျေးရွာ၏ အိမ်ခြေသည် ၅၀ ထက်မပိုလျှင် ရွာသူကြီးအပြင်၊ နောက်ထပ်၂ဦး ကို ကျေးရွာကောင်စီလူကြီးများအဖြစ် ရွေးကောက်တင်မြှောက်ရမည်။ အိမ်ခြေ ၅၀ ထက်ပိုလျှင်၊ ပိုသည့် အိမ်ခြေ၅၀ အတွက်၊ သို့တည်းမဟုတ် ၅၀ ၏ အစိတ်အပိုင်းအတွက် နောက်ထပ် ကျေးရွာကောင်စီလူကြီးတဦးတကျစီး တိုး၍ ရွေးကောက်တင်မြှောက်ရမည်။

သို့ရာတွင် ပိုသည့်အိမ်ခြေမှာ ၃၀ ထက်နည်းနေလျှင်၊ နောက်ထပ် လူကြီးတဦးတိုး၍ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် အိမ်ခြေ ၅၀ ၏ အစိတ်အပိုင်းဖြစ်သည်ဟု မမှတ်ယူရ။

**ဥပမာ။** ။ (က) ကျေးရွာတရွာ၏ အိမ်ခြေမှာ ၈၅ ဖြစ်လျှင်၊ အောက်ပါ တွက်ကိန်းအရ၊ ရွာသူကြီး ၁ဦး နှင့် ကျေးရွာကောင်စီလူကြီး ၃ ဦးကို ရွေးကောက်တင်မြှောက်ရန် ဖြစ်သည်။ပဌမအိမ်ခြေ ၅၀ အတွက်၊ ရွာသူကြီး ၁ ဦးနှင့် ကျေးရွာကောင်စီလူကြီး ၂ ဦး။ ပိုသည့်အိမ်ခြေ ၃၅ အတွက်၊ နောက်ထပ် ကျေးရွာကောင်စီလူကြီး ၁ ဦး။

**မှတ်ချက် ။ ။** အကယ်၍ ထိုကျေးရွာ၏ အိမ်ခြေသည် ၈၅ အစား၊ ၇၅ ဖြစ်ခဲ့လျှင် ပိုသည့်အိမ်ခြေမှာ ၃၀ ထက်နည်းနေသောကြောင့်၊ ထိုကျေးရွာအတွက်ရွာသူကြီး ၁ ဦးနှင့် ကျေးရွာကောင်စီလူကြီး၂ ဦးကို ပြန်ရွေးကောက်တင်မြောက်ရန်ဖြစ်သည်။

(ခ) အိမ်ခြေ ၁၇၀ ရှိသော ကျေးရွာ အတွင်းမှာမူ အောက်ပါတိုင်း ရွေးကောက်တင်မြှောက် နိုင်သည်။
ပဌမ ၅၀ အတွက်၊ ရွာသူကြီး ၁ဦးနှင့် ကျေးရွာကောင်စီလူကြီး၂ ဦး။
ဒုတိယ ၅၀ အတွက်၊ နောက်ထပ် ကျေးရွာကောင်စီလူကြီး ၁ ဦး။
တတိယ ၅၀ အတွက်၊ နောက်ထပ်ကျေးရွာကောင်စီလူကြီး ၁ ဦး။
ပေါင်းရွာလူကြီး ၁ဦးနှင့် ကျေးရွာကောင်စီလူကြီး ၄ ဦး။

**မှတ်ချက်။ ။** နောက်ဆုံးပိုသည့် အိမ်ခြေ ၂၀ အတွက် နောက်ထပ်ကျေးရွာကောင်စီလူကြီး၊ ၁ ဦး တိုး၍ ရွေးကောက်တင်မြှောက်နိုင်ခွင့်မရှိ။

(၂) အကယ်၍၊ ကျေးရွာကောင်စီတခု ဖွဲ့တခုဖွဲ့စည်းရန် အလို့ငှါ၊ ရွာနှစ်ရွာကို၊ သို့တည်းမဟုတ် နှစ်ရွာထက်ပိုသော ရွာများကို ပူးထားခဲ့သော်၊ ထိုကျေးရွာကောင်းစီတွင်ယင်းသို့ပူး ပေါင်ထားသည့် ရွာအသီးသီးက နည်းဥပဒေခွဲ (၁) နှင့် အဆန်ကျင့် စေဘဲ ရွေးကောက်တင် မြှောက်သည့် အနည်းဆုံး ကျေးရွာကောင်စီလူကြီးတဦးစီ ပါဝင်စေသည်။

၃။ ။ ကျေးရွာတရွာအတွင်း သာမန်အားဖြင့် နေထိုင်သူအသက် တဆယ့်ရှစ်နှစ်ပြည့်သည့် ပြည်ထောင်စု နိုင်ငံသားတိုင်းမှာ ထိုကျေးရွာ၏ ရွာသူကြီး ရွေးကောက်ပွဲ၌၊ သို့တည်းမဟုတ် ကျေးရွာကောင်စီရွေးကောက်ပွဲ၌ မဲပေးနိုင်ခွင့် ရရှိရမည်။

**ခြွင်းချက် ။** ။ သို့ရာတွင်စိတ်ပေါ့သွပ်သူမှာ သို့တည်းမဟုတ် အခွင့်အာဏာရ တရားရုံး၏ အမိန့်စီရင်ချက်အရ ထောင်ဒဏ်ခံနေရသောသူမှာ၊ သို့တည်းမဟုတ် သာသနာဝန်ထမ်း (Member of any Religious Order) ဖြစ်သူမှာ မဲပေးနိုင်ခွင့်၊ သို့တည်းမဟုတ် ရွာသူကြီးအဖြစ်ဖြစ်စေ၊ ကျေးရွာကောင်စီ လူကြီးအဖြစ်ဖြစ်စေ အရွေးခံနိုင်ခွင့် မရှိစေရ။

၄။ ။ (၁) ရွေးကောက်ပွဲကျင်းပရန် ခရိုင်ဝန်က ကျေညာသောအခါ၊ နယ်ပိုင်ဝန်ထောက်သည်၊ သို့တည်းမဟုတ် မြို့ပိုင်သည်၊ ရွာသူကြီး ရွေးကောက်ပွဲကို သို့တည်းမဟုတ် ကျေးရွာကောင်စီ ရွေးကောက်ပွဲကို ကျင်းပမည်ဟု သက်ဆိုင်ရာ၊ သို့တည်းမဟုတ် ကျေးရွာများသို့ ရွေးကောက်ပွဲ မကျင်းပမီ အနည်းဆုံး တလကြိုတင်၍ စာဖြင့် အကြောင်းကြားရမည်။

(၂) နယ်ပိုင်ဝန်ထောက်သည်၊ သို့တည်းမဟုတ် မြို့ပိုင်သည်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်ကဖြစ်စေ၊ မြို့ပိုင်ကဖြစ်စေ၊ခန့်ထားသည့်ရွေးကောက်ပွဲအရာရှိသည်၊ ရွာသူကြီး ရွေးကောက်ပွဲကို၊ သို့တည်းမဟုတ် ကျေးရွာကောင်စီ ရွေးကောက်ပွဲကို မည်သည့်နေ့ မည်သည့်အချိန်နှင့် မည်သည့်နေရာကျင်းပမည့်အကြောင်းကို သက်ဆိုင်ရာကျေးရွာအတွင်းအများမြင်သာသည့် နေရာများတွင် ကျေညာရမည်။ ယင်းသို့ကျေးညာရာ၌ ရွေးကောက်တင် မြှောက်ရမည့် ကျေးရွာကောင်စီလူကြီးဦးရေကိုဖော်ပြရမည်။

၅။ ။ ထိုသို့ အကြောင်းကြားပြီးသည့် နေ့ရက်မှ၍၊ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်သောနေ့ မတိုင်မီ နောက်ဆုံးနေ့ မွန်းတည့် ၁၂ နာရီအချိန်အထိ ကာလအပိုင်းအခြားအတွင်းတွင်း နည်းဥပဒေ ၆ တွင်ပြဌာန်းထားသည့်အတိုင်း၊ အမည်တင်သွင်းလွှာများကို ရွေးကောက်ပွဲအရာရှိထံသို့ တင်သွင်းရမည်။

၆။ ။အရွေးခံသူ၏ အမည်ကို သက်ဆိုင်ရာ ရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူတဦးက အဆိုသွင်း၍၊ အခြားတဦးကထောက်ခံပြီးလျှင်အမည်တင်သွင်းလွှာတွင် လက်မှတ်ရေးထိုးကြရမည်။ အမည်တင်သွင်းလွှာတွင် အရွေးခံသူက အမည်တင်သွင်းခြင်းကို သဘောကြကြောင်း မိမိကိုယ်တိုင်လက်မှတ်ရေးထိုးရမည်။

၇။ ။ (၁) အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် ရွာသူကြီး၊ သို့တည်းမဟုတ် ကျေးရွာကောင်စီ လူကြီးဦးရေနှင့် တူညီနေလျှင်၊ သက်ဆိုင်ရာ အမည်တင်သွင်းခြင်း ခံရသူများသည်၊ ရွာသူကြီး၊ သို့တည်းမဟုတ် ကျေးရွာကောင်စီ လူကြီးများအဖြစ် အရွေးခံရသည်ဟု ရွေးကောက်ပွဲအရာရှိက ကျေညာသည်။

(၂) အရွေးခံသူဦးရေသည်၊ ရွေးကောက်ခံရမည့်ရွာသူကြီး၊ သို့တည်းမဟုတ် ကျေးရွာကောင်စီကြီးဦးရေထက် နည်းနေလျှင်၊ သက်ဆိုင်ရာ အမည်တင်သွင်းခြင်း ခံရသူများသည်၊ ရွာသူကြီး၊ သို့တည်းမဟုတ် ကျေးရွာကောင်စီ လူကြီးများအဖြစ် ရွေးခံရသည်ဟု ရွေးကောက်ပွဲ အရာရှိက ကျေညာပြီးလျှင် ကျန်လူကြီးနေရာများအတွက် နောက်ထပ် အမည်တင်းသွင်းလွှာများကို ထိုသို့ကြေညာပြီးနောက် ၂၄ နာရီအတွင်း၊ တင်သွင်းကြရန် သက်ဆိုင်ရာတို့အား ညွှန်ကြားရမည်။

(၃) အရွေးခံသူဦးသည်၊ ရွေးကောက်ရမည့်ရွာသူကြီး၊ သို့တည်းမဟုတ် ကျေးရွာကောင်စီ လူကြီးဦးရေထက် ပိုနေလျှင်၊ ဤနည်းဥပဒေများတွင် ပြဌာန်းထားသည့်အတိုင်း ရွေးကောက်ပွဲကို ကျင်းပရမည်။

၈။ ။ နယ်ပိုင်ဝန်ထောက်သည်၊ သို့တည်းမဟုတ် မြို့ပိုင်သည်၊ သို့တည်းမဟုတ် ရွေးကောက်ပွဲအရာရှိသည်၊ မဲရုံးအသီးသီးအတွက် မဲရုံမှူးတဦးကိုင်း၊ မဲရုံမှူးအား ကူညီစေရန် ၂ဦးထက်မများသော မဲရုံအရာရှိများကိုင်း၊ သင့်တော်သော အစိုးရ အမှုထမ်းများထဲမှဖြစ်စေ၊ အရပ်သားများထဲမှ ဖြစ်စေ ခန့်ထားရမည်။ သို့ရာတွင်ထိုသို့ခန်းထားခြင်းခံရသူသည် အရပ်သားထဲမှဖြစ်လျှင် ထိုသူသည် အရွေးခံသူနေထိုင်သော ကျေးရွာမှ မဖြစ်စေရ။

၉။ ။ အရွေးခံသူသည်၊ မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတဦးကို ဖြစ်စေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားနိုင်သည်။ ထိုသို့ခန့်ထားကြောင်းကို မဲရုံမှူးထံသို့စာဖြင့် အကြောင်းကြာရမည်။

၁၀။ ။ မဲရုံမှူးသည်၊ ရွေးကောက်ပွဲအတွက် မဲရုံထားရှိရန် သင့်တော်သော နေရာကို သက်ဆိုင်ရာ ရွေးကောက်ပွဲတွင် အရွေးခံသူများနှင့် တိုင်ပင်၍ ရွေးချယ်ရမည်၊ သို့ရာတွင် ထိုသို့ တိုင်ပင်၍ ရွေးချယ်ရာ၌ အငြင်းဖြစ်ပွားခဲ့လျှင် မဲရုံမှူးသည်၊ မိမိက သင့်တော်သည်ဟု ထင်မြင်သည့်နေရာကို ရွေးချယ်ရမည်။

၁၁။ ။ မဲရုံမှူး၊ မိမိစီမံထားရှိသော အကာအရံရှိသည့်မဲပေးခန်းတွင် အရွေးခံသူအသီးသီးအတွက် ၎င်းတို့ရွေးချယ်ထားသော ဆေးရောင်ဖြင့် ခြယ်လှယ်သည့်၊ သို့တည်းမဟုတ် အမှတ်အသားဖြင့် ရေးမှတ်သည့်မဲပုံးတခုစီကိုထားရှိစေရမည်။ ထိုပြင်အမည်တင်သွင်းခြင်းခံရသည့် ရွေးခံသူများ၏ စာရင်းကို မဲရုံရှိ လူအများအမြင် နိုင်သော နေရာ၌ ကပ်ထားကျေညာရမည်။

၁၂။ ။ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသော နေ့ရက်၌၊ မဲဆန္ဒရှင်များ မဲပေးနိုင်ရန်အတွက် မဲရုံကို နံနက် ၇ နာရီစတင်ဖွင့်လှစ်၍ ညနေ၅နာရီတွင်ပိတ်ရမည်။

၁၃။ ။ မဲပေးခြင် မစမီ မဲရုံမှူးသည်၊ မဲပုံးအလွတ်များကို မဲရုံ၌ရှိသော သူများအား ပြသရမည် ထို့နောက် ထိုမဲပုံးများကို မိမိမသိဘဲအခြားသူများက အလွယ်တကူ မဖွင့်နိုင်အောင်ပြန်လည်ပိတ်ပြီးလျှင်၊ မဲပေးခန်း၌ ထားရှိရမည်။

၁၄။ ။ မဲရုံမှူးသည်၊ ရွေးကောက်ပွဲကျင်းပနေစဉ်၊ မဲရုံအရာ ရှိများ၊ အရွေးခံသူများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် တာဝန်ကျသော အစိုးရအမှုထမ်းများမှ တပါး၊ အခြားမည်သူကိုမျှ မဲရုံထဲသို့ ဝင်ခွင့်မပြုရ။

၁၅။ ။ မဲဆန္ဒရှင်သည်၊ မိမိကိုယ်တိုင်သက်ဆိုင်ရာမဲရုံသို့လာ၍ မဲပေးရမည်၊ ကိုယ်စားလှယ်စေလွှတ်၍ မဲမပေးစေရ။

၁၆။ ။ မဲရုံမှူးသည်၊ မဲပေးရန်ရောက်လာသော မဲဆန္ဒရှင်တိုင်း၏ အမည်၊ အသက်၊ အဘအမည်နှင့် ထိုမဲဆန္ဒရှင်မှာ ယောက်ျားဖြစ်သည်၊ မိန်းမဖြစ်သည် စသည့် အချက်များကို စာရင်းတခုတွင် ရေးမှတ်ပြီးလျှင်၊ ထိုဆန္ဒရှင်အား၊ ခရိုင်ဝန် သတ်မှတ်သည့်အတိုင်း ပြုလုပ်ထားသော မဲပြားတခုကို ထုတ်ပေး၍ မဲပေးခန်း၌ ထားရှိသည့် မဲပုံးထဲသို့ မဲထည့်ခြင်းအားဖြင့် မဲဆန္ဒပေးစေရမည်။

၁၇။ ။ မဲပေးရန်ရောက်လာသော မဲဆန္ဒရှင်တဦးသည်၊ မဲပုံးများပေါ်၌ ရေးသားထားသော အရွေးခံသူများ၏ အမည်များကို၊သို့တည်းမဟုတ် အခြားအမှတ်အသားများကို မပတ်သတ်၊ မခွဲခြားနိုင်လျှင်၊ မဲရုံမှူးနှင့်အရွေးခံသူများသည်၊ သို့တည်းမဟုတ် အရွေးခံသူများ၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည်၊ ထိုသူအားမဲပုံးရှိရာ အခန်းထဲသို့ခေါ်ဝင်သွား၍ မည်သည့် မဲပုံးသည် မည်သည့်အရွေးခံသူ၏မဲပုံးဖြစ်ကြောင်းကို ရှင်းလင်းထင်ရှာစွာပြသရမည်။ ထိုနောက် မဲဆန္ဒရှင်က လွတ်လပ်စွာနှင့် လျှို့ဝှက်စွာ မဲထည့်နိုင်ရန်အတွက်မဲရုံမှူးနှင့် အရွေးခံသူများသည်၊ သို့တည်းမဟုတ် အရွေးခံသူများ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့သည်၊ မဲပေးခန်းမှအပြင်ဘက်သို့ ချက်ခြင်းပြန်လည်း ထွက်ခွာကြရမည်။

၁၈။ ။ မဲရုံမှူးသည်၊ နည်းဥပဒေ ၁၂ တွင်မဲရုံပိတ်ရန် သတ်မှတ်ထားသည့် အချိန်ကျရောက်သောအခါ မဲပေးခြင်းကို ရပ်စဲစေမည်။ သို့ရာတွင် ထိုအချိန်၌ မဲရုံအနီးအနားသို့ မဲမပေးရသေးသည့် မဲဆန္ဒရှင်များရောက်ရှိနေလျှင်၊ ထိုမဲဆန္ဒရှင်များကို မဲပေးခွင့် ပြုရမည်။

၁၉။ ။ ရွေးကောက်ပွဲအရာရှိသည်၊ မဲပေးခြင်းရပ်စဲခြင်း၊ သို့တည်းမဟုတ် မဲရုံပိတ်ချိန်တွင် ရောက်ရှိသည့် မဲမပေးရသေးသော မဲဆန္ဒရှင်များမဲပေးပြီးလျှင်ပြီးခြင်း၊ မဲရုံရှိ အရွေးခံသူများ၏ ရှေ့တွင်း သို့တည်းမဟုတ် အရွေးခံသူများ၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် မဲရုံမှူးခွင့်ပြုချက်မရ၊ မဲရုံတွင်ရောက်ရှိနေသောသူများ ရှေ့တွင်းမဲများကို ရေတွက်၍ မဲအနိုင်အရှုံးကိုကျေညာရမည်။ မဲရေတွက်ရာ၌ မိမိကိုသူညီစေရန် မိမိက ယုံကြည်သူများအားခန့်ထားနိုင်သည်။ သို့ရာတွင် အရွေးခံသူများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များကို မခန့်ရ။

၂၀။ ။ ရွေးကောက်ပွဲအရာရှိသည်၊မဲများကို ရေတွက်ပြီးသောအခါ၊ အရွေးခံသူအသီးသီးရရှိသော မဲအရေအတွက်စာရင်း ၂ စောင်ကို ပြုလုပ်လျက်မဲရုံမှူးအပြင် မဲရေတွက်ရာတွင် ရောက်ရှိ နေသောလူကြီးနှစ်ဦးတို့က လက်မှတ်ရေးထိုးပြီးနောက်၊ ထိုကျေးရွာတွင် အများမြင်သာ သည့် နေရာ၌ တစောင်ကို ကပ်ထားကျေညာပြီးလျှင်၊ အခြားတစ်တစောင်ကို မဲရုံတွင်မိမိ ဆောင်ရွက်ခဲ့ရသည့် အကြောင်းအရာအကျဉ်းချုပ် အစီရင်ခံစာနှင့်တကွ နယ်ပိုင်ဝန်ထောက်မှတဆင့် ခရိုင်ဝန်ထံသို့ စောလျင်စွာ ပေးပို့ရမည်။

၂၁။ ။ အရွေးခံရသူ ၂ ဦး၏၊ သို့တည်းမဟုတ် ၂ ဦးထက်ပိုသော အရွေးခံသူတို့၏ ရေတွက်၍ရသော မဲများအရေအတွက်တူညီလျှင်နေလျှင်၊ ရွေးကောက်ပွဲအရာရှိသည်ထိုသို့မဲအရေအတွက်တူညီနေသောသူများ၏ သဘောတူညီချက်အရ မဲချ၍ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်။ မဲချ၍ ဆုံးဖြတ်ခြင်းကို သဘောမတူလျှင် ထိုသူတို့အတွက် ရွေးကောက်ပွဲ အသစ်တခုကို ၂၄ နာရီအတွင်း ကျင်းပရန် ရွေးကောက်ပွဲအရာရှိစီစဉ်ရမည်။ ထိုသို့နောက်ထပ် ရွေးကောက်ပွဲကျင်းရာတွင် အရွေးခံသူများ၏ ရရှိသောမဲများ၊ အရေအတွက် တူညီနေပြန်လျှင်၊ ရွေးကောက်ပွဲအရာရှိက မဲချ၍၊ အနိုင်အရှုံးကို ဆုံးဖြတ်
ရသည်။

၂၂။ ။ (၁) ကျေးရွာ၌ ရွာသူကြီး ရွေးကောက်ပြီးသည့်နောက်တနေ့တွင် ကျေးရွာကောင်စီ ရွေးကောက်ပွဲကို ကျင်းပရမည်။

(၂) ကျေးရွာကောင်စီဥက္ကဋ္ဌသည်၊ ရာထူးအလျောက်၊ တိုက်နယ်ကောင်စီလူကြီး ဖြစ်ရမည်။

၂၃။ ။ ကျေးရွာကောင်စီ၏ သက်တမ်းသည်၊ တိုက်နယ်ကောင်စီ၏ သက်တမ်းနှင့် တူညီစေရမည်။

၂၄။ ။ ရွာသူကြီး၏ ရာထူးသက်တမ်း မကုန်ဆုံးမီ၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီး၏ သက်တမ်းမကုန်ဆုံးမီ၊ သို့တည်းမဟုတ် ကျေးရွာကောင်စီလူကြီးတဦးဦး၏ နေရာလစ်လပ်လျှင်၊ နယ်ပိုင်ဝန်ထောက်သည်၊ ထိုသို့လစ်လပ်သည့် နေရက်မှ ရက်ပေါင်း ၃၀ အတွင်း၊ ထိုလစ်လပ်သောနေရာအတွက် ကြားရွေးကောက်ပွဲကို ဤနည်းဥပဒေများ၌ ပြဌာန်းထားသည့်အတိုင်း ကျင်းပရမည်။ သို့ရာတွင် နည်းဥပဒေ ၄ အရ၊ ခရိုင်ဝန်က ကျေညာရန်မလို။

# အခန်း ၃

## တိုက်နယ်ကောင်စီဖွဲ့စည်းခြင်းနှင့် တိုက်နယ်ကောင်စီ ဥက္ကဋ္ဌများ ရွေးကောက်ခြင်း

၂၅။ ။ ကျေးရွာကောင်စီ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်နေ့မှစ၍ ဆယ်ရက်အတွင်းတွင် တိုက်နယ်အတွင်းရှိ ကျေးရွာကောင်စီအသီးသီး၏ ဥက္ကဋ္ဌများ ပါဝင်သည့် တိုက်နယ်ကောင်စီကို ဖွဲ့စည်းရမည်။ ပဌမအကြိမ်ကျင်းပသော တိုက်နယ်ကောင်စီ အစည်းအဝေးတွင် ယခင်တိုက်နယ်ကောင်စီ ဥက္ကဋ္ဌရှိလျှင် ၎င်းက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ထိုဥက္ကဋ္ဌမရှိလျှင် အစည်းအဝေး တက်ရောက်သော တိုက်နယ်ကောင်စီလူကြီးများသည် မိမိတို့အထဲမှ တဦးကို သဘာပတိအဖြစ် အရွေးချယ်တင်မြှောက်ရမည်။ ဥက္ကဋ္ဌအဖြစ် အရွေးခံရန် အမည်တင်သွင်းခြင်း ခံရသူများအထဲမှ တဦးကို တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် လျှို့ဝှက်သော မဲဆန္ဒပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်။ ထိုသို့ရွေးကောက်တင်မြှောက်ရာတွင် သဘာပတိ၌ ကိုယ်ပိုင်မဲပေးနိုင်ခွင့် ရှိသည်။ မဲအရေအတွက်တူညီနေလျှင် သဘာပတိက မဲနှိုက် စေခြင်းဖြင့် ဆုံးဖြတ်ရမည်။ သဘာပတိ၌ အနိုင်မဲပေးနိုင်ခွင့် မရှိ စေရ။

သို့ရာတွင် သဘာပတိအဖြစ်ဆောင်ရွက်သော ယခင်တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ အသစ်ဖွဲ့စည်းသော တိုက်နယ်ကောင်စီတွင် ကောင်စီလူကြီးအဖြစ် မပါဝင်လျှင် ၎င်း၌ မည်သည့် မဲကိုမျှပေးနိုင်ခွင့် မရှိစေရ။

၂၆။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ယှဉ်ပြိုင်အရွေးခံနိုင်ရန်အတွက် အစည်းအဝေးသို့ တက်ရောက်ကြသည့် တိုက်နယ်ကောင်စီ လူကြီးများအထဲမှ တဦး၏အမည်ကို တိုက်နယ်ကောင်စီလူကြီးတဦးက အဆိုတင်သွင်း၍ တခြားတဦးက ထောက်ခံပြီးလျှင် အမည်တင်သွင်းလွှာတွင်လက်မှတ်ရေးထိုးကြရမည်။ အမည်တင်သွင်းလွှာတွင် အရွေးခံသူက အမည်တင်သွင်းခြင်းကို သဘောတူကြောင်း မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

၂၆-က။ ။ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌအဖြစ်အရွေးခံသူသည်၊ အမည်တင်သွင်းလာနှင့် တကွ ကျပ်တရာကို သဘာပတိအားပေးအပ်ရမည်။ ယင်းသို့ပေးအပ်ခြင်းမပြုလျှင်၊ မည်သည့်အရွေးခံသူကိုမျှ စည်းကမ်းနှင့်အညီ အမည်တင်သွင်းသည်ဟု မမှတ်ယူရ။

၂၆-ခ။ ။ နည်းဥပဒေအရ၊ ငွေပေးအပ်ပြီးဖြစ်သော အရွေးခံသူသည်၊ မဲပေးသည့် အချိန်မတိုင်မီ၊ အရွေးခံသူအဖြစ်ကို နုတ်သိမ်းလျှင်၊ ပေးအပ်ထားသော ငွေကို ထိုသူအားလျင်မြန်သမျှ လျင်မြန်စွာ ပြန်ပေးရမည်။

၂၇။ ။ သဘာပတိသည် ၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော တိုက်နယ်ကောင်စီဥက္ကဋ္ဌ၏ အမည်၊ အသက်၊ အဘအမည်နှင့် နေရပ်ကို ရေးသားလက်မှတ်ထိုး၍၊ ထိုရေးသားချက်ကို ရွေးကောက်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာ အကျဉ်းချုပ်ပါရှိသော အစီရင်ခံစာနှင့်တကွ၊ နယ်ပိုင်ဝန်ထောက်မှတဆင့် ခရိုင်ဝန်ထံသို့ ဆောလျင်စွာ တင်သွင်းရမည်။

၂၈။ ။ တိုက်နယ်ကောင်စီ၏ သက်တမ်းကို ပဌမအကြိမ် အစည်းအဝေးကျင်းပပြီးသည့် နေ့ရက်၏ နောက်တရက်မှစ၍ ရေတွက်ရမည်။

၂၉။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ အကြောင်းတစုစုကြောင့် မိမိ၏ တာဝန်ဝတ်တရားများကို မဆောင်ရွက်နိုင်သောအခါ၊ မိမိကိုယ်စားဆောင်ရွက်ရန်အတွက် တိုက်နယ်ကောင်စီလူကြီးများအထဲမှ တဦးကို၊ တိုက်နယ်ကောင်စီ၏ သက်တမ်းအစတွင် မိမိသဘောအတိုင်းရွေးချယ်ခန့်ထားနိုင်၍ မည်သည့်အခါတွင်မဆို ထိုသူ၏နေရာတွင် အခြားတိုက်နယ်ကောင်စီလူကြီးတဦးဦးကို အစားထိုးခန့်ထားနိုင်သည်။

၃၀။ ။ တိုက်နယ်ကောင်စီ၏ သက်တမ်းမကုန်ဆုံးမီ၊ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌ၏ နေရာလစ်လပ်ခဲ့သော်၊ ထိုသို့လစ်လပ်သော နေ့ရက်မှစ၍ အနည်းဆုံးရက်ပေါင်း ၄၀၊ အများဆုံးရက် ပေါင်း ၆၀ အတွင်းတွင်၊ ထိုတိုက်နယ်ကောင်စီသည် မိမိတို့တိုက်နယ်ကောင်စီလူကြီးများအထဲမှ အဦးကို တိုက်နယ်ကောင်စီဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။

## ချင်းဝိသေသတိုင်း တိုက်နယ်ကောင်စီ ဥက္ကဋ္ဌများ၏ အာဏာ၊ တာဝန် ဝတ်တရားနှင့် အခွင့်အရေး နည်းဥပဒေများ

### [ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၅၆ ခု၊ နိုဝင်ဘာလ ၂ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂အရ ထုတ်ပြန်ကျေညာသည်]

၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ၏ ပုဒ်မ ၄၃ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော် သမတသည်၊ ချင်းဝိသေသတိုင်း၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌများ၏ တာဝန်ဝတ်တရား၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ အောက်ပါ နည်းဥပဒေများကို ပြုလုပ်လိုက်သည်။
နည်းဥပဒေများ

၁။ ။ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည်၊ စင်စစ်အားဖြင့် တိုက်နယ် (Circle)တိုက်နယ်တွင် တိုက်နယ်ကောင်စီများက ရွေးကောက်တင်မြှောက်ထားသူဖြစ်လျှင်၊ အရပ်ရပ် စီရင်အုပ်ချုပ်မှုနှင့် တရားစီမံကိစ္စကို၊ တိုက်နယ်ကောင်စီလူကြီးများနှင့် ဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်ရမည်။

၂။ ။ တိုက်နယ်ကောင်စီဥက္ကဌသည်၊ တိုက်နယ်ကောင်စီရုံးကို စီမံအုပ်ချုပ်ရမည့်ပြင်၊ အောက်ပါတာဝန်ဝတ်တရားများကိုလည်း ဆောင်ရွက်ရမည်။

(က) တိုက်နယ်ကောင်စီဥက္ကဌသည်၊ တိုက်နယ်ကောင်စီက အခါအားလျော်စွာ ချမှတ်၍ပေးပို့သော ဆုံးဖြတ်ချက်များနှင့် အမိန့်များကို သက်ဆိုင်သူက လိုက်နာသည် မလိုက်နာသည်ကို ကြည့်ရှုစစ်ဆေးရမည်။ လိုအပ်လျှင် ထိုဆုံးဖြတ်ချက်နှင့် အမိန့်များကို သက်ဆိုင်သူက လိုက်နာသည့် မလိုက်နာသည်ကို ဆိုင်ရာရွာသူကြီးအား၊ ကြည့်ရှုစစ်ဆေးရန် အမိန့်ချမှတ် နိုင်သည်။

(ခ) တိုက်နယ်ကောင်စီဥက္ကသည်၊ သက်ဆိုင်ရာ တိုက်နယ်အတွင်းရှိ သူကြီးများထံမှ အခွန်တော်များကို လက်ခံ၍ သက်ဆိုင်ရာနယ်ပိုင်ဝန်ထောက်ထံ၊ သို့တည်းမဟုတ် လက်ထောက်ငွေတိုက်အရာရှိထံသို့ မပေးပို့မီ လုံခြုံစွာ ထိန်းသိမ်းထားရမည်။

(ဂ) တိုက်နယ်ကောင်စီဥက္ကဌသည်၊ သက်ဆိုင်ရာ နယ်ပိုင်ဝန်ထောက်ထံမှသော်၎င်း၊ သက်ဆိုင်ရာ လက်ထောက်ငွေတိုက် အရာရှိထံမှ သော်၎င်းရရှိသော အမိန့်များ၊ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထျက်များနှင့် အထွေထွေဆင့်ဆိုချက်များကို လက်ခံ၍၊ ရွာသူကြီးများအား၊ ထို အမိန့်များ၊ ညွှန့်ကြားချက်များနှင့်ဆင့်ဆိုချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားရမည်၊ သို့တည်းမဟုတ် ကျေးရွာကောင်စီများအား၎င်း၊ သက်ဆိုင်၎င်း၊ သက်ဆိုင်သူများအား၎င်း သက်ဆိုင်သလို လိုက်နာဆောင်ရွက်စေရန် ရွာသူကြီးများမှ တဆင့် ညွှန်ကြားရမည်။

(ဃ) တိုက်နယ်ကောင်စီဥက္ကဌသည် သက်ဆိုင်ရာ တိုက်နယ်အတွင်းရှိ ရွာသူကြီးများနှင့် ရွာသူရွာသူသားများက အမိန့်များ၊ ညွှန်ကြားချက်များနှင့် ဆင့်ဆိုချက်များအတိုင်း ဆောင်ရွက်သည် ဆောင်ရွက်သည်ကို ကြည့်ရှုစစ်ဆေးရမည်

၃။ ။ တိုက်နယ်ကောင်စီ ဥက္ကဌသည်၊ အောက်ဖော်ပြပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ သတင်းရလျှင် နယ်ဝန်ထောက်ထံဖြစ်၊ အနီးဆုံး ရဲဌာနသို့ဖြစ်စေ၊ အနီးဆုံးအရာရှိထံဖြစ်စေ ချက်ခြင်း အကြောင်းကြားရမည်။

(က) မည်သည့် အဖွဲ့အစည်းမဆို ဖွဲ့စည်းခြင်း၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ အဖွဲ့အစည်းဝင်အင်အားနှင့် ခေါင်းဆောင်၊ အဖွဲ့အစည်းများသည် အလှူငွေကောက်ခံခဲ့လျှင် အသာတကြည်ကောက်ခံခြင်း၊ သို့တည်းမဟုတ် အတင်းအဓမ္မကောက်ခံခြင်း။

(ခ) အစိုးရ ဖြိုးဖျက်ရန် မည်သည့်နည်းနှင့်မဆို လုပ်ကြံမှု။

(ဂ) အရေးကြီးသည်မည်သည့် ရာဇဝတ်မှုကို မဆို (ဥပမာ လူသတမှု၊ ရာဇဝတ်ပြစ်ဒဏ် မကင်းသည့်လအသက်သေစေမှု၊ ဓါးပြတိုက်မှု၊ လုယကမှုနှင့် လက်နက်ဥပဒေကို ကျူးလွန်မှု) ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ကျူးလွန်ရန် ကြံစည်အားထုတ်ခြင်း။

(ဃ) သံသယ မကင်းသော အကြောင်းများနှင့် တဦးတယောက်သောသူ ရုတ်တရက် သေဆုံးခြင်း။

၄။ ။ တိုက်နယ်ကောင်စီ ဥက္ကဌသည်၊ သက်ဆိုင်ရာ ထိုနယ်အတွင်း၌ အများပြည်သူတို့အကျိုး တိုးပွါး ရေးအတွက် ရာဇာဝတ်မှုနှိမ်နင်းခြင်း၊ ကူးစက်တက်သော ရောဂါများကို ကာကွယ်ခြင်းနှင့် ထိုရောဂါများကို ကင်းရှင်းပပျောက်အောင် ဆောင်ရွက်ခြင်း ပြုလုပ်နေသော အစိုးရအရာရှိများအား၊ လိုအပ်သော အကူအညီများကို မိမိအခွင့်အရေးအာဏာရှိသည်နှင့် အမျှပေးရမည်။

၅။ ။ တိုက်နယ်ကောင်စီဥက္ကဌသည်၊ သက်ဆိုင်ရာ တိုက်နယ်အတွင်းရှိ ရွာသူကြီးများ၊ ၎င်းတို့၏ တာဝန်ဝတ်တရား ကျေပွန်စွာ ဆောင်ရွက်သည် မဆောင်ရွက်သည်ကို တွေ့ရှိလျှင် သက်ဆိုင်ရာ နယ်ပိုင်ဝန်ထောက်ထံသို့ အရေးယူရန် တိုင်ကြားရမည်။

၆။ ။ တိုက်နယ်ကောင်စီ ဥက္ကဌမှာ တိုက်နယ်ကောင်စီရုံးအတွင်း၊ လုပ်ငန်းနှင့် ပက်သက်သည့် ရုံးသုံးပစ္စည်းများကို ချွေးတာ စွာသုံးစွဲရန်၊ ရုံးကိစ္စများကို ချောမောစွာ ဆောင်ရွက်ရန်နှင့် မှတ်တမ်းများကို သိမ်းဆည်းထားရန် တာဝန်ရှိသည်။ တိုက်နယ်ကောင်စီဥက္ကဌ သည်၊ တိုက်နယ်စီရုံးတည်ရာဌာန၌ ထာဝစဉ်ရှိနေရမည်။ သို့ရာတွင် မိမိမရှိသည့်ကာလအတွင်း မိမိ၏ အလုပ်ဝတ်တရားများကို ဆောင်ရွက်ရန် တိုက်နယ်ကောင်စီလူကြီးများအနက် လူကြီးတဦးကို ကိုယ်စားလှယ်အဖြစ် ခန့်ထားရမည်။

၇။ ။ တိုက်နယ်ကောင်စီ ဥက္ကဌသည်၊ အမှုတွဲများကိုငင်း၊ အမှုတွဲများ စစ်ဆေးစီရင်ရန် အလို့ငှါ၊ သင့်တော်သောနေရာတွင် တနစ်လျှင် လေးကြိမ်ထက်အများစေဘဲ အစည်းအဝေးကျင်းပရမည်။ တကြိမ်လျှင် အစည်းအဝေးကို ၃ ရက်ထက်ပို၍ မကျင်းပစေရ။ အဆိုပါ ၃ ရက်တွင် နယ်ပိုင်ဝန်ထောက်ရုံးတည်ဌာနသို့ အလုပ်ဝတ်တရားအတွက် ခရီးသွားရသည့် နေ့ရက်ကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၈။ ။ တိုက်နယ်ကောင်စီဥက္ကဌသည်၊ အမှုတွဲများကိုငင်း၊ အမှုတွဲများနှင့် ပတ်သက်သော စာရွက်တမ်းများကို ၎င်း၊ မှတ်ပုံတင်စာအုပ်စသည့်တို့ကိုငင်း သိမ်းဆည်းထားရမည်။ အမှုတွဲအမှတ်စဉ်လက်ခံသည့်နေရက်၊ အမှုသည် အမည်များ၊ အမှုအမျိုးအစားမျာ၊ အမှုများ၏ တန်ဘိုးများကို မှတ်ပုံတင်စာအုပ်တွင် ရေးသားထားရမည်။ တိုက်နယ်ကောင်စီဥက္ကဌသည်၊ အမှုများတွင် တိုက်နယ်ကောင်စီက

အမိန့်ချမှတ်သော အခါ၊ အမိန့်ချမှတ်သောနေ့ရက်ကို ထိုမှတ်ပုံတင်စာအုပ်၌ ရေးမှတ်ရမည်။ ချမှတ်သည့် အမိန့်အတိုင်း မည့်သည့်နေရက်တွင် မည်ကဲ့သို့ ဆောင်ရွက်ကြောင်းကို ထိုမှတ်ပုံတင်စာအုပ်၌ပင် ရေးသာထားရမည်။

၉။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ တိုက်နယ်ကောင်စီ၏၊ ဆုံးဖြတ်ချက်အတိုင်း၊ ရွာသူရွာသားများနှင့် ပတ်သက်သည့် အမှုကိစ္စတွင် တတ်နိုင်သမျှ သက်ဆိုင်ရာ ကျေးရွာကောင်စီမှတဆင့် ဆောင်ရွက်ရမည်။ တိုက်နယ်ကောင်စီက ရွာသူရွာသား၊ တဦးတယောက်ကို ပြစ်ဒဏ်ချမှတ်သော အခါ၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ ထိုရွာသူရွာသားနှင့် သက်ဆိုင်သည့် ရွာသူကြီးအား အကြောင်းကြားရမည့်ပြင်၊ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် စပ်လျဥ်း၍၊ ဆောင်ရွက်ရန်ရှိသည်ကို ထိုရွာသူကြီးမှတဆင့်သာလျှင် ဆောင်ရွက်ရမည်။

၁၀။ ။ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည်၊ သက်ဆိုင်ရာ တိုက်နယ်အတွင်းလူတဦးတယောက်က ဖြစ်စေ၊ လူအများကဖြစ် သက်ဆိုင်ရာ အရေးပိုင်၏ သို့တည်းမဟုတ် နယ်ပိုင်ထောက်၏ သို့တည်းမဟုတ် မြို့ပိုင်၏ တရားဝင်သော အမိန့်များကို နာခံရန်ငြင်းဆန်လျှင်၊ ထိုသူ တဦးတယောက်အပေါ်တွင်သော်ငင်း၊ ထိုသူအများပေါ်တွင် သော်ငင်း၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ၏ ပုဒ်မ ၂၁အရ၊ အရးယူရန် သက်ဆိုင်ရာသို့ တိုင်ကြားရမည်။

၁၁။ ။ တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ ဒဏ်ငွေများကို အခွန်တော် ကျန်ငွေကဲ့သို့ သက်ဆိုင်ရာရွာသူကြီးမှတဆင့် တောင်းခံရမည်။ သို့ရာတွင် ရွာသူကြီးက တောင်းခံရန် ငြင်းဆိုခဲ့သော်၊ သို့တည်းမဟုတ် ပျက်ကွက်ခဲ့သော် တိုက်နယ်ကောင်စီဥက္ကဋ္ဌကိုယ်တိုင် တောင်းခံ၍ ဆိုင်ရာနယ်ပိုင်ဝန်ထောက်ထံ ရွာသူကြီးအပေါ်တွင် အရေးယူရန် တိုင်ကြားရမည်။

၁၂။ ။ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည်၊ တရားဥပဒေအရ တဦးတယောက်သောသူကို ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူ တဦးတယောက်ကို ဖြစ်စေ၊ ဖမ်းဆီးရန် ရှေဦးစွာ သက်ဆိုင်ရာ ရွာသူကြီးအား ဆင့်ဆိုနိုင်သည်။ ရွာသူကြီးက မည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ထိုသူကို ဖမ်းဆီးရမည်။ ပြစ်မှုကျူးလွန်သူသည် သော်ငင်း၊ ထွက်ပြေးတိမ်ရှောင်နေသူသည် သော်ငင်း လွတ်မြောက်အောင် ထွက်ပြေးသွားလိမ့်မည်ဟု ထင်မြင်ယူဆပါက၊ တိုက်နယ်ကောင်စီ ဥက္ကဋ္ဌကိုယ်တိုင် ထိုသူရှိသည့်နေရာသို့ ဝင်ရောက်၍ ထိုသူကို ဖမ်းဆီးနိုင်သည်။

၁၃။ ။ (၁) တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ တိုက်နယ်ကောင်စီအစည်းအဝေးများ ကျင်းပရန် တိုက်နယ်ကောင်စီလူကြီးအားလုံးကို ဖိတ်ကြားရမည်။

(၂) တိုက်နယ်ကောင်စီ အစည်းအဝေးသို့ တိုက်နယ်ကောင်စီ လူကြီးဦးရေး၏ ထက်ဝက်ထက်ပို၍ တက်ရောက်မှသာ အစည်းအဝေးအထမြောက်ရမည်။

(၃) တိုက်နယ်ကောင်စီ ဥက္ကဌသည်၊ မည်သည့်ကိစ္စကိုမဆို အစည်းအဝေးသို့ တက်ရောက်သော တိုက်နယ်ကောင်စီလူကြီးများ၏ သဘောဆန္ဒအရသာလျှင် ဆုံးဖြတ်ရမည်။ မဲဖြင့်ဆုံးဖြတ်သောအခါ တိုက်နယ်ကောင်စီဥက္ကဌမှာ ကိုယ်ပိုင်မဲပေးပိုင်ခွင့် မရှိစေရ။ သို့ရာတွင် မဲအရေအတွက်တူညီနေလျှင် တိုက်နယ်ကောင်စီဥက္ကဌသည်၊ အနိုင်မဲကို ပေးရမည်။

၁၄။ ။ မည်သည့် တိုက်နယ်ကောင်စီလူကြီးကို မဆို၊ ဆိုင်ရာတိုက်နယ်ကောင်စီဥက္ကဌက မိမိ၏ကိုယ်စားလှယ်အဖြစ် အခါအားလျော်စွာ ခန့်ထားလျှင် ထိုကောင်စီလူကြီးသည်၊ တိုက်နယ်ကောင်စီဥက္ကဌ၏ အာဏာအားလုံးကို သုံးစွဲနိုင်သည်။

၁၅။ ။ ယေဘုယျအားဖြင့် တိုက်နယ်ကောင်စီလူကြီးများသည်၊ ပေါ်ပေါက်လာသော တာဝန်များကို မိမိတို့၏ တိုက်နယ်ကောင်စီဥက္ကဌနှင့် ညီတူညီမျှခံယူရမည်။ ထို့ပြင် တိုက်နယ်ကောင်စီဥက္ကဌနှင့် ပက်သက်သည့်ကိစ္စများကို ဆောင်ရွက်ရာ၌ တိုက်နယ်ကောင်စီ ဥက္ကဌအား၊ အကျိုးရှိစေမည့် သတင်းပေးသမှုကိုပေး၍ လိုအပ်သမျှ ကူညီဆောင်ရွက်ရမည်။

၁၆။ ။ တိုက်နယ်ကောင်စီဥက္ကဌသည်၊ သက်ဆိုင်ရာ တိုက်နယ်အတွင်းတွင် ဖွားသေစာရင်းများကို ကောင်းမွန်ပြည့်စုံစွာ ဆိုင်ရာသူကြီးကထားရှိသည်၊ မထားရှိသည်ကို ကြည့်ရှုရမည်။

ထို့ပြင် အခြားအုပ်ချုပ်ရေးနှင့် ပက်သက်သော ကိစ္စအဝဝတို့တွင် (ဥပမာပညာရေးတိုးတက်မှု၊ ကျေးရွာသန့်ရှင်းရေးနှင့် ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး၊ တိရိစ္ဆာန်များစောင့်ရှောက်ထိန်းသိမ်းရေး၊ ဆည်မြောင်းတာတမံများ ပြုပြင်မွမ်းမံရေး၊ တောမီးရှို့ခြင်းကို တားမြစ်ရေးအစရှိသည်တို့) ဆိုင်ရာအရာရှိများအား ကူညီရမည်။

## ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း၊ မြို့မကောင်စီရွေးကောက်ပွဲနှင့် မြို့မကောင်စီဥက္ကဌများ၏အာဏာ၊ တာဝန်ဝတ်တရားနှင့် အခွင့်အရေးနည်းဥပဒများ

### [ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၅၉ခုနှစ်၊ ဧပြီလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄ အရ ထုတ်ပြန်ကျေညာသည်]

၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ၏ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၄၃ တို့ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ ချင်းဝိသေသတိုင်းတွင်း မြို့မကောင်စီများ ရွေးကောက်တင်မြောက်ရေးနှင့် မြို့မကောင်စီဥက္ကဌများ၏ အာဏာ၊တာဝန်၊ ဝတ်တရား၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ အောက်ပါနည်းဥပဒေများကို ပြုလုပ်လိုက်သည်။

# နည်းဥပဒေများ

## အခဏ်း ၁

### စကားချီး

၁။ ။ ဤအက်ဥပဒေများကို ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း မြို့မကောင်စီ ရွေးကောက်ပွဲနှင့် မြို့မကောင်စီဥက္ကဋ္ဌများ၏ အာဏာ၊ တာဝန် ဝတ်တရားနှင့် အခွင့်အရေးနည်းဥပဒေများဟု ခေါ်တွင်းစေရမည်။

---

## အခဏ်း ၂

### မြို့မကောင်စီရွေးကောက်ပွဲ

၂။ ။မြို့မကောင်စီ ရွေးကောက်ပွဲတွင်မဲပေးနိုင်ခွင့်ရှိသူ ၁၀၀၀ ထက်မပိုသည့် မြို့မတိုင်းသည်၊ လူကြီး ၃ ဦးပါဝင်သည့် မြို့မကောင်စီကို ရွေးကောက်တင်မြှောက်ရမည်။ မဲပေးနိုင်ခွင့်ရှိသူ ၁၀၀၀ ထက်ပိုလျှင်၊ ထိုပိုသည့် လူဦးရေ ၅၀၀ ကျစီအတွက်၊ သို့တည်းမဟုတ် ၅၀၀ ၏ အစိတ်အပိုင်း အတွက် နောက်ထပ်လူကြီးတဦးတကျစီတိုး၍ ရွေးကောက်တင်မြှောက်ရမည်။ သို့ရာတွင် ထိုပိုသည့် လူဦးရေမှာ ၃၀၀ ထက်နည်းနေလျှင်၊ နောက်ထပ်လူကြီးတဦးတိုး၍ ရွေးကောက်တင်မြှောက်နိုင်ရန်အတွက်လူဦးရေ ၅၀၀ ၏ အစိတ်အပိုင်းဖြစ်သည်ဟု မမှတ်ယူရ။ ထိုပြင် မြို့မကောင်စီတခုအတွက် မြို့မကောင်စီလူကြီး ၇ ဦးထက် ပို၍ ရွေးကောက်တင်မြှောက်ခြင်းမပြုရ။

၃။ ။ မြို့မအတွင်း သာမန်အားဖြင့် နေထိုင်သူ အသက်တဆယ့်ရှစ်နှစ်ပြည့်သည့်ပြည်ထောင်စုနိုင်ငံသားတိုင်းမှာ မြို့မကောင်စီရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိရမည်။

**ခြွင်းချက်။** ။ သို့ရာတွင် စိတ်ပေါ့သွပ်သူမှာ၊ သို့တည်းမဟုတ် အခွင့်အာဏာအရ တရားရုံး၏ အမိန့်စီရင်ချက်အရ ၂ နှစ်ထက်မနည်းသော ထောင်ဒဏ်စီရင်ခြင်းခံရပြီးသောသူမှာ သို့တည်းမဟုတ် သာသနာ့ဝန်ထမ်း (Members of any Religious Order) ဖြစ်သူမှာ မဲပေးနိုင်ခွင့်၊ သို့တည်းမဟုတ် မြို့မကောင်စီလူကြီးအဖြစ် အရွေးခံနိုင်ခွင့် မရှိစေရ။

၄။ ။ မြို့မသူကြီးသည်၊ မြို့မကောင်စီရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မဲစာရင်း အရာရှိအဖြစ် ဆောင်ရွက်ရမည့်ပြင်၊ သက်ဆိုင်ရာ မြို့မအတွင်းနေထိုင်ကြသည့် ရပ်ကွက်အလိုက် မဲပေးနိုင်ခွင့်ရှိသူများ၏ စာရင်းကို ၎င်း၏ရုံးတွင် အမြဲထားရှိစေရမည်။ ထိုစာရင်းကို နှစ်စဉ်နှစ်တိုင်း ဇန္နဝါရီလအတွင်း သက်ဆိုင်ရာမြို့ပိုင်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်ထံသို့ စစ်ဆေးနိုင်ရန် အလို့ငှါ တင်ပြရမည်။ မြို့ပိုင်၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်သည်၊ မဲစာရင်းများကို စစ်ဆေးပြီး၊သက်ဆိုင်ရာ မြို့မသူကြီးထံသို့ ပြန်လည်ပေးပို့ရမည်။

၅။ ။ မြို့မကောင်စီ ရွေးကောက်ပွဲများ ပြုလုပ်ရန် အလို့ငှါ၊ ခရိုင်ဝန်သည်၊ မည်သည့် မြို့မအတွက်မဆို၊ သင့်တော်သော အရာရှိတဦးဦးအား၊ ရွေးကောက်ပွဲ တာဝန်ခံအရာရှိအဖြစ် ခန့်ထားရမည်။

**မှတ်ချက်။** ။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲတာဝန်ခံအရာရှိအဖြစ်၊ မြို့မဝန်ထောက်ကြီး၊ နယ်ပိုင်ဝန်ထောက်၊ သို့တည်းမဟုတ် မြို့ပိုင်ကိုခန့်ထားရမည်။

၆။ ။ ရွေးကောက်ပွဲတာဝန်ခံ အရာရှိသည်၊ မည်သည့် ရပ်ကွက်များတွင် မဲရုံပေါင်းမည်မျှထားရှိမည် စသည်တို့ကို ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်စီစဉ်ရမည်။ မဲရုံအသီးသီးအတွက် မဲစာရင်းများ လုံလောက်စွာရှိစေရမည်။

၇။ ။ ရွေးကောက်ပွဲတာဝန်ခံ အရာရှိသည်၊ မဲစာရင်းများကို မဲရုံများထံသို့ ရွေးကောက်ပွဲနေ့ရက် မတိုင်မီ တရက်ကြိုတင် ပေးအပ်ရမည်။

၈။ ။ မြို့မကောင်စီ ရွေးကောက်ပွဲကျင်းပရန် ခရိုင်ဝန်က အကြောင်းကြားသောအခါ၊ ထိုသို့ အကြောင်းကြားခြင်းခံရသော ရွေးကောက်ပွဲတာဝန်ခံ အရာရှိသည် မည်သည့် မြို့မကောင်စီ ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်းကို၊ ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံးတလကြိုတင်၍ သက်ဆိုင်ရာမြို့မအတွင်း၌ ကျေညာရမည်။

၉။ ။ အရွေးခံသူများသည်၊ ထိုသို့ကျေညာသည့် နေ့ရက်၏ နောက်တနေ့မှစ၍ ရေတွက်သော် ၁၅ ရက်မြောက်သည့် နေ့ရက်၏ မွန်းတည့် ၁၂ နာရီ အချိန့်အထိ ကာလအပိုင်းအခြား အတွင်းတွင် နည်းဥပဒေ ၁၀၌ ပြဌာန်းထားသည်အတိုင်း အမည်တင်သွင်းလွှာများကို သက်ဆိုင်ရာ ရွေးကောက်ပွဲတာဝန်ခံအရာရှိထံသို့ တင်သွင်းရမည်။

၁၀။ ။ အရွေးခံသူ၏ အမည်ကို၊ ရွေးကောက်ပွဲ၌ မဲပေးနိုင်ခွင့် ရှိသူတဦးက အဆိုတင်သွင်း၍၊ အခြားတဦးက ထောက်ခံပြီးလျှင်၊ အမည်တင်သွင်းလွှာတွင် လက်မှတ်ရေးထိုးကြရမည်။ အမည်တင်သွင်းလွှာတွင် အရွေးခံသူက အမည်တင်သွင်းခြင်းကို သဘောတူကြောင်း မိမိကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

၁၁။ ။ (၁) အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် လူကြီးဦးရေနှင့် တူညီနေလျှင် အမည်တင်သွင်းခြင်း ခံရသူအားလုံး မြို့မကောင်စီလူကြီးအဖြစ် အရွေးခံရသည်ဟု ရွေးကောက်ပွဲ တာဝန်ခံအရာရှိက ကျေညာရမည်။

(၂) အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် လူကြီးဦးရေးထက် နည်းနေလျှင်၊ အမည်တင်သွင်းခြင်းခံရသူအားလုံး မြို့မကောင်စီလူကြီးအဖြစ် အရွေးခံရသည်ဟု ရွေးကောက်ပွဲ တာဝန်ခံ အရာရှိက ကျေညာပြီးလျှင်၊ ကျန်လူကြီးနေရာများအတွက် နောက်ထပ် အမည်တင်သွင်းလွှာများကို ထိုသို့ ကျေညာပြီးနောက် ၂၄နာရီအတွင်း၊ တင်သွင်းကြရန် မြို့အတွင်းထပ်မံကျေညာရမည်။

(၃) အရွေးခံသူဦးရေသည်၊ ရွေးကောက်ရမည့် လူကြီးဦးရေထက်ပိုနေလျှင်၊ ဤနည်းဥပဒေများတွင် ပြဌာန်းထားသည့်အတိုင်း ရွေးကောက်ပွဲကို ကျင်းပရမည်။

၁၂။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲအသီးသီးအတွက် မဲရုံမှူးတဦးစီကိုငှင်း၊ မဲရုံမှူးအားကူညီစေရန် ၂ဦးထက် မများသော မဲရုံအရာရှိများကိုငှင်း သင့်တော်သော အစိုးရအမှုထမ်းများထဲမှ ခန့်ထားရမည်။

၁၃။ ။ အရွေးခံသူသည်၊ မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတဦးကိုဖြစ်စေ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားနိုင်သည်။ ထိုသို့ ခန့်ထားကြောင်းကို မဲရုံမှူးထံသို့ စာဖြင့် အကြောင်းကြားရမည်။

၁၄။ ။မဲရုံမှူးသည်၊ မိမိစီမံထားရှိသော အကာအရံရှိသည့် မဲပေးခန်းတွင် အရွေးခံသူအသီးသီးအတွက်၊ ၎င်းတို့ရွေးချယ်ထားသော ဆေးရောင်ဖြင့် ခြယ်လှယ်သည့် သို့တည်းမဟုတ် အမှတ်အသားဖြင့် ရေးမှတ်သည့် မဲပုံးတခုစီကိုထားရှိစေရမည်။ ထို့ပြင် အမည်တင်သွင်းခြင်း ခံရမည့် အရွေးခံသူများ၏ စာရင်းကို မဲရုံရှိလူအများမြင်နိုင်သော နေရာ၌ ကပ်ထားကျေညာရမည်။

၁၅။ ။ ရွေးကောက်ပွဲ ကျင်းပရန် သတ်မှတ်ထားသော နေ့ရက်၌၊ မဲဆန္ဒရှင်များ မဲပေးနိုင်ရန်အတွက် မဲရုံကို နံနက် ၇ နာရီစတင်ဖွင့်လှစ်၍၊ ညနေ ၅ နာရီတွင် ပိတ်ရမည်။

၁၆။ ။ မဲပေးခြင်မစမီ မဲရုံမှူးသည်၊ မဲပုံးအလွတ်များကို မဲရုံ၌ ရှိသော သူများအား ပြသရမည်။ ထိုနောက်ထိုမဲပုံးများကို မိမိမသိဘဲ အခြားသူများက အလွယ်တကူမဖွင့် နိုင်အောင် ပြန်လည်ပိတ်ပြီးလျှင် မဲပေးခန်း၌ ထားရှိရမည်။

၁၇။ ။ မဲရုံမှူးသည် ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံအရာရှိများ၊ အရွေးခံသူများ၊ ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့် တာဝန်ကျသော အစိုးရ အမှုထမ်းများမှတပါး အခြားမည်သူကိုမျှ မဲရုံထဲသို့ ဝင်ခွင့်မပြုရ။

၁၈။ ။ မဲဆန္ဒရှင်သည်၊ မိမိကိုယ်တိုင် သက်ဆိုင်ရာမဲရုံသို့ လာ၍ မဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ မဲမပေးစေရ။

၁၉။ ။ မဲရုံမှူးသည် မဲပေးရန်ရောက်လာသော မဲဆန္ဒရှင်အား၊ ၎င်း၏အမည် အသက် စသည့်တို့ကို မေးမြန်းပြီး၊ မိမိထံတွင်ရှိသော မဲစာရင်းနှင့် တိုက်ကြည့်ပြီး မှန်ကန်ကြောင်း တွေ့ရှိလျှင် ထိုမဲဆန္ဒရှင်အား ခရိုင်ဝန်သတ်မှတ်သည့်အတိုင်း ပြုလုပ်ထားသော မဲပြားတခုကို ထုတ်ပေး၍ မဲပေးခန်း၌ ထားရှိသည့် မဲပုံးထဲသို့မဲထည့်ခြင်းအားဖြင့် မဲဆန္ဒပေးရမည်။

၂၀။ ။ မဲပေးရန် ရောက်ရှိလာသော မဲဆန္ဒရှင်တဦးသည် မဲပုံးများပေါ်၌ ရေးသားထားသော အရွေးခံသူများ၏ အမည်များကို၊ သို့တည်းမဟုတ် အခြားအမှတ်အသားများကို မဖတ်တတ်၊ မခွဲခြားလျှင်၊ မဲရုံမှူးနှင့် အရွေးခံသူများသည်၊ သို့တည်းမဟုတ် အရွေးခံသူများ၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည်၊ ထိုသူအားမဲပုံးရှိရာ အခန်းထဲသို့ ခေါ်ဝင်သွား၍ မည်သည့်မဲပုံးသည်၊ မည်သည့်အရွေးခံသူ၏မဲပုံးဖြစ်ကြောင်းကို ရှင်းလင်းထင်ရှားစွာ ပြသရမည်။ ထိုနောက် မဲဆန္ဒရှင်က လွတ်လပ်စွာ မဲထည့်နိုင်ရန်အတွက် မဲရုံမှူးနှင့် အရွေးခံသူများသည်၊ သို့တည်းမဟုတ် အရွေးခံသူများ၏ ရွေးကောက်ပွဲကိုယ်စားလှည်တို့သည် မဲပေးခန်းမှ အပြင်ဘက်သို့ချက်ခြင်း ပြန်လည်ထွက်ခွာကြရမည်။

၂၁။ ။ မဲရုံမှူးသည်၊ နည်းဥပဒေ ၁၅ တွင် မဲရုံပိတ်ရန် သတ်မှတ်ထားသော အချိန်ကျရောက်သော အခါ မဲပေးခြင်းကို ရပ်စဲစေရမည်။ သို့ရာတွင် ထိုအချိန်၌ မဲရုံအနီးအနားသို့ မဲမပေးရသေးသည့် မဲဆန္ဒရှင်များရောက်ရှိနေလျှင်၊ ထိုမဲဆန္ဒရှင်များကို မဲပေးခွင့်ပြုရမည်။

၂၂။ ။ မဲရုံမှူးသည်၊ မဲပေးခြင်းရပ်စဲပြီးလျှင်၊ သို့တည်းမဟုတ် မဲရုံပိတ်ချိန်တွင် ရောက်ရှိ၍ မဲမပေးရသေးသော မဲဆန္ဒရှင်များမဲပေးပြီးလျှင်ပြီးခြင်း၊ မဲရုံရှိအရွေးခံသူများ၏ ရှေ့တွင်၊ သို့တည်းမဟုတ် အရွေးခံသူများ၏ ရွေးကောက်ပွဲကိုယ်စာလှယ်များနှင့် မဲရုံမှူးခွင့်ပြုချက်အရ မဲရုံတွင် ရောက်ရှိနေသော သူများ၏ ရှေ့တွင်မဲပုံးများကို နောက်ထပ်မဲပြားမထည့်နိုင်အောင်ပိတ်၍ ချိပ်တံဆိပ်နိုပ်ထားရမည်။ ထိုမဲပုံးများပေါ်တွင် အရွေးခံသူများက၊ နိုပ်ခွင့်ပြုရမည်၊ ထိုသို့ချိပ်တံဆိပ်နိုပ်ပြီလျှင်ပြီခြင်း၊ မဲရုံမှူးသည် ထိုချိပ်တံဆိပ်နိုပ်ထားသော မဲပုံးများကို မဲရုံတွင် မိမိဆောင်ရွက်ခဲ့ရသည့်၊ အကြောင်းအရာ အကျဉ်းချုပ် အစီရင်ခံစာနှင့် အတူ ရွေးကောက်ပွဲတာဝန်ခံအရာရှိထံသို့ ပေးပို့ရမည်။

၂၃။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲပေးသည်နေ့ရက်တွင် မဲများကို ပြီးစီးအောင် ရေတွက်နိုင်မည်ဟု ယူဆလျှင်၊ ထိုနေ့ရက်တွင်ပင် ပြီးစီးအောင်ရေတွက်ရမည်။ ထိုနေ့ရက်တွင်မဲများကို ပြီးစီးအောင်မရေတွက်နိုင်ဟုယူဆလျှင် မဲပုံးများကို လုံခြုံစွာထား၍ နောက်တနေ့တွင် ရေတွက်ရမည်။ မဲများတပိုင်တစ ရေတွက်ခြင်းမပြုရ။ မဲရေတွက်ရာ၌ ရွေးကောက်ပွဲ တာဝန်ခံအရာရှိသည်၊ မိမိကိုကူညီစေရန် မိမိကယုံကြည်သူများကို ခန့်ထားနိုင်သည်။ သို့ရာတွင် အရွေးခံသူများနှင့် ၎င်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များကို မခန့်ရ။

၂၄။ ။ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ မဲများကို ရေတွက်ပြီးသောအခါ အရွေးခံသူ အသီးသီး ရရှိသော မဲအရေအတွက်အလိုက် အရွေးခံရသူများ၏ အမည်များကို မိမိ၏ ရုံးနှင့် သက်ဆိုင်ရာ မြို့မတွင် ဆောလျင်စွာ ကျေညာရမည်။

၂၅။ ။ အရွေးခံရသူ ၂ ဦး၏ သို့တည်းမဟုတ် ၂ ဦးထက်ပိုသော အရွေးခံသူတို့၏ ရေတွက်၍ ရသော မဲအရေအတွက်တူညီနေလျှင်၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ ထိုသို့ မဲအရေအတွက် တူညီနေသောသူများ၏ သဘောတူညီချက်အရ၊ မဲချ၍ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်။ မဲချ၍ ဆုံးဖြတ်ခြင်းကို သဘောမတူလျှင်၊ ထိုသူတို့အတွက် ရွေးကောက်ပွဲအသစ်တခုကို ၁၀ ရက်အတွင်းကျင်းပရန် ရွေးကောက်ပွဲတာဝန်ခံအရာရှိက စီစဉ်ရမည်။ ထိုသို့ နောက်ထပ် ရွေးကောက်ပွဲ ကျင်းပရာတွင် အရွေးခံရသူများ ရရှိသော မဲအရေအတွက် တူညီနေလျှင်၊ ရွေးကောက်ပွဲ တာဝန်ခံအရာရှိက မဲချ၍ အနိုင်အရှုံးကို ဆုံးဖြတ်ရမည်။

၂၆။ ။ အရွေးခံသူများ၏ အမည်ကို ကျေညာပြီးသောအခါ၊ ရွေးကောက်ပွဲတာဝန်ခံအရာရှိသည်၊ အရွေးခံသူအသီးသီးရရှိသော မဲအရေအတွက်စာရင်း ၃စောင်ကို ပြုလုပ်၍ လက်မှတ်ရေးထိုးပြီးလျှင်၊ တစောင်ကို ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အကျဉ်းချုပ်အစီရင်ခံစာနှင့်အတူ ခရိုင်ဝန်ထံသို့ ပေးပို့ရမည်။ တစောင်ကို မိမိ၏ရုံးတွင် အများမြင်သာသည့်နေရာ၌ ကပ်ထားရမည်။

၂၇။ ။ မြို့မကောင်စီ၏ သက်တမ်းမကုန်ဆုံးမီ၊ မြို့မကောင်စီ လူကြီးတဦးဦး၏ နေရာလစ်လပ်လျှင် သက်ဆိုင်ရာ နယ်ဝန်ထောက်သည်၊ သို့တည်းမဟုတ် မြို့ပိုင်သည်၊ လစ်လပ်သောနေရာအတွက် ကြားရွေးကောက်ပွဲကို ဤနည်းဥပဒေများ၌ ပြဌာန်းထားသည့် အတိုင်း ကျင်းရမည်။

# အခန်း ၃

## မြို့မကောင်စီဥက္ကဋ္ဌရွေးကောက်ပွဲ

၂၈။ ။ မြို့မကောင်စီ ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်နေရက်မှစ၍ ၁၀ ရက်အတွင်း မြို့မကောင်စီ၏ ပဋ္ဌမအကြိမ် အစည်းအဝေးကို ကျင်းပရမည်။

၂၉။ ။ နည်းဥပဒေ ၂၈ အရ၊ သတ်မှတ်သော နေ့ရက်တွင် အစည်းအဝေးသို့ မြို့မကောင်စီလူကြီး ဦးရေ သုံးပုံနှစ်ပုံထက်မနည်း တက်ရောက်မှသာလျှင် အစည်းအဝေးအထမြောက်ရမည်။ ထိုအစည်းအဝေးသို့ မြို့မကောင်စီလူကြီးဦးရေ သုံးပုံးနှစ်ပုံ မတက်ရောက်လျှင်၊ ထိုအစည်းအဝေးကို ရွှေ့ဆိုင်း၍ ထိုရွှေ့ဆိုင်းသည့်နေရက်မှ ၅ ရက်အတွင်း အစည်းအဝေးကို ထပ်မံကျင်းပရန်အတွက် မြို့မကောင်စီလူကြီးအသီးသီးအား ထပ်မံအကြောင်းကြားစာများ ပေးပို့ရမည်။ ထိုသို့ ရွှေ့ဆိုင်း၍ ကျင်းပသော အစည်းအဝေးသို့ တက်ရောက်သော မြို့မကောင်စီလူကြီးဦးရေမည်မျှပင်ရှိစေကာမူ၊ အစည်းအဝေးအထ မြောက်သည်ဟု ယူဆရမည်။ မြို့မကောင်စီ၏ သက်တမ်းကို ထိုပဋ္ဌမအကြိမ် အစည်းအဝေးကျင်းပသည့် နေ့ရက်မှစ၍ ရေတွက်ရမည်။

၃၀။ ။ ပဋ္ဌမအကြိမ် ကျင်းပသည့် အစည်းအဝေးတွင်၊ ယခင်မြို့မကောင်စီဥက္ကဋ္ဌရှိလျှင် ၎င်းက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ထိုဥက္ကဋ္ဌမရှိလျှင်၊ အစည်းအဝေး တက်ရောက်သည့် မြို့မကောင်စီလူကြီးများသည် မိမိတို့အထဲမှ တဦးကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ရမည်။ မြို့မကောင်စီဥက္ကဋ္ဌ (မြို့မသူကြီး) အဖြစ်လျှို့ဝှက်သောမဲဆန္ဒပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရမည်။ ထိုသို့ရွေးကောက်ရာတွင် သဘာပတိ၌ ကိုယ်ပိုင်မဲပေးနိုင်ခွင့်ရှိသည်။ မဲအရေအတွက်တူညီနေလျှင်၊ သဘာပတိ မဲနှိုက်စေခြင်းဖြင့်ဆုံးဖြတ်ရမည်။ သဘာပတိ၌ အနိုင်မဲပေးခွင့်မရှိစေရ။ သို့ရာတွင် သဘာပတိအဖြစ် ဆောင်ရွက်သော ယခင်မြို့မကောင်စီဥက္ကဋ္ဌသည်၊ မြို့မကောင်စီအသစ်တွင် လူကြီးတဦးအဖြစ် မပါဝင်လျှင်၊ ၎င်း၌ မည်သည့်မဲကိုမျှ ပေးနိုင်ခွင့် မရှိစေရ။

၃၁။ ။ မြို့မကောင်စီဥက္ကဋ္ဌအဖြစ် ယှဉ်ပြိုင်အရွေးခံနိုင်ရန်အတွက် အစည်းအဝေးသို့ တက်ရောက်ကြသည့် မြို့မကောင်စီလူကြီးများအထဲမှ တဦး၏အမည်ကို မြို့မကောင်စီလူကြီးတဦးက အဆိုတင်သွင်း၍ အခြားတဦးကထောက်ခံပြီးလျှင်၊ အမည်တင်သွင်းလွှာတွင် လက်မှတ်ရေးထိုးကြရမည်။ အမည်တင်သွင်းလွှာတွင် အရွေးခံသူက အမည်တင်သွင်းခြင်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

၃၂။ ။ သဘာပတိသည်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော မြို့မကောင်စီဥက္ကဋ္ဌ၏ အမည်၊ အသက်၊ အဘအမည်နှင့် နေရပ်လိပ်စာစသည်တို့ကို ရေးသားလက်မှတ်ထိုး၍ ထိုရေးသားချက်ကို ရွေးကောက်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာ အကျဉ်းချုပ်ပါရှိသော အစီရင်ခံစာနှင့် အတူခရိုင်ဝန်ထံသို့ ဆောလျင်စွာ တင်သွင်းရမည်။

၃၃။ ။ မြို့မကောင်စီ ဥက္ကဋ္ဌသည်၊ အကြောင်းတခုခုကြောင့် မိမိ၏ တာဝန်ဝတ်တရားများကို မဆောင်ရွက်နိုင်သောအခါ၊ မိမိကိုယ်စား ဆောင်ရွက်ရန်အတွက် မြို့မကောင်စီ လူကြီးများအထဲမှ တဦးကို မိမိသဘောအတိုင်း ရွေးချယ်ခန့်ထားနိုင်သည့်ပြင်၊ မည့်သည့်အခါတွင်မဆို ထိုသူ၏ နေရာတွင် အခြားမြို့မကောင်စီလူကြီးတဦးဦးကို အစားထိုးခန့်ထားနိုင်သည်။

၃၄။ ။ မြို့မကောင်စီ၏ သက်တမ်းမကုန်ဆုံးမီ၊ မြို့မကောင်စီဥက္ကဋ္ဌ၏ နေရာလစ်လပ်သော် ထိုသို့လစ်လပ်သော နေ့ရက်မှစ၍ အနည်းဆုံးရက်ပေါင်း ၆၀ အတွင်း ၊ ထိုမြို့မကောင်စီသည်၊ မိမိတို့ မြို့မကောင်စီလူကြီးများအထဲမှ တဦးကို မြို့မကောင်စီဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရမည်။

---

# အခဏ်း ၅

## မြို့မကောင်စီဥက္ကဋ္ဌများ၏အာဏာ တာဝန်ဝတ်တရားများနှင့် အခွင့်အရေးများ

၄၁။ ။ မြို့မကောင်စီ ဥက္ကဋ္ဌသည်၊ မြို့မကောင်စီက ရွေးကောက်တင်မြှောက်ထားသူဖြစ်သည့် အလျောက် မြို့မနှင့် သက်ဆိုင်သော ကိစ္စအရပ်ရပ်ကို စီမံဆောင်ရွက်ရာတွင်မြို့မကောင်စီလူကြီးများ နှင့် ဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်ရမည်။

၄၂။ ။ မြို့မကောင်စီ ဥက္ကဋ္ဌသည်၊ မြို့မကောင်စီရုံးကို စီမံအုပ်ချုပ်ရမည်ပြင်၊ အောက်ပါတာဝန်ဝတ်တရားများကိုလည်း ဆောင်ရွက်ရမည်။

(က) မြို့မကောင်စီက၊ အခါအားလျော်စွာချမှတ်သော ဆုံးဖြတ်ချက်များကို သက်ဆိုင်သူက လိုက်နာသည် မလိုက်နာသည်ကို ကြည့်ရှုစစ်ဆေးရမည်။

(ခ) သက်ဆိုင်ရာ ခရိုင်ဝန်သော်၎င်း၊ နယ်ပိုင်ဝန်ထောက်ကသော်၎င်း မြို့ပိုင်ကသော်၎င်း မြို့မကောင်စီဥက္ကဋ္ဌထံသို့ ထုတ်ဆင့်ပေးပို့သော အမိန့်များ၊ ညွှန်ကြားချက်များ၊ သို့တည်းမဟုတ် အထွေထွေဆင့်ဆိုချက်များကို မြို့မသူကြီးအဖြစ် လက်ခံ၍ ထိုအမိန့်များ၊ညွှန်ကြားချက်များ၊ သို့တည်းမဟုတ် ဆင့်ဆိုချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) မြို့မအတွင်း နေထိုင်သူတို့သည်၊ ထိုအမိန့်များ၊ ညွှန်ကြားချက်များ၊ သို့တည်းမဟုတ် ဆင့်ဆိုချက်များအတိုင်းဆောင်ရွက်သည်ကို မြို့မသူကြီးအဖြစ် ကြည့်ရှုစစ်ဆေးရမည်။

၄၃။ ။ မြို့မကောင်စီ ဉက္ကဌသည်၊ အောက်ပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ သတင်းရလျှင် နယ်ဝန်ထောက်၊ သို့တည်းမဟုတ် မြို့ပိုင်၊ သို့တည်းမဟုတ် ရဲဌာနာသို့ ချက်ခြင်းကြောင်းကြားရမည်။

(က) မည်သည့်အဖွဲ့အစည်းမဆို၊ ဖွဲ့စည်းခြင်း၊ ထိုအဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ ထိုအဖွဲ့ အစည်းတွင်ပါဝင်သူများအမည်နှင့် ၎င်းတို့၏ ခေါင်းဆောင်အမည်၊ ထိုအဖွဲ့အစည်းများက အလှူငွေကောက်ခံလျှင် အသာတကြည် ကောက်ခံသည်၊ သို့တည်းအဟုတ် အတင်းအဓမ္မ ကောက်ခံသည်။

(ခ) နိုင်ငံတော်သစ္စာဖေါက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ကျူးလွန် ရန် ကြံစည်းအာထုတ်ခြင်း။

(ဂ) အရေးကြီးသော အခြားမည်သည့် ရာဇဝတ်မှုကို မဆို (ဥပမာ လူသတ်မှု၊ ရာဇဝတ် ပြစ်ဒဏ် မကင်းသည့် လူအသက်သေစေမှု၊ ဓါးပြတိုက်မှု၊ လုယက်မှုနှင့် လက်နက်ဉပဒေကို ကျူးလွန်မှု) ကျူးလွန်ခြင်း၊ သို့တည်းမဟုတ် ကျူးလွန်ရန် ကြံစည်းအာထုတ်ခြင်း။

(ဃ) သံသယမကင်းသော အကြောင်းများနှင့် တဦးတယောက်သောသူ ရုတ်တရက် သေဆုံးခြင်း။

၄၄။ ။ မြို့မကောင်စီ ဉက္ကဌသည်၊ မြို့မအတွင်း၌ အများပြည်သူတို့ အကျိုးစီပွားရေးအတွက် ရာဇဝတ်မှုနှိမ်နင်းခြင်း၊ ကူးစက်တတ်သော ရောဂါများကို ကာကွယ်ခြင့်နှင့် ထိုရောဂါများကို ကင်းရှင်း ပပျောက်အောင် ဆောင်ရွက်ခြင်းမပြုနေသော အစိုးရအရာရှိများအား၊ လိုအပ်သော အကူအညီများကို မိမိကို အခွင့်အရေးအာဏာရှိသည်နှင့် အမျှပေးရမည်။

၄၅။ ။ မြို့မကောင်စီဉက္ကဌမြို့မကောင်စီရုံးအတွင်းလုပ်ငန်းနှင့် စပ်လျဉ်သည့် ရုံးသုံးပစ္စည်းများကို ချွေတာစွာသုံးစွဲရန် ရုံးကိစ္စများကို ချောမောစွာ ဆောင်ရွက်ရန်နှင့်မှတ်များကို သိမ်ဆည်းထားရန်တာ ဝန်ရှိသည်။

၄၆။ ။ မြို့မကောင်စီ၏ လုပ်ငန်းများဆောင်ရွက်ရန်အလို့ငှါ၊ မြို့မကောင်စီ ဉက္ကဌသည် ကောင်စီ အစည်းအဝေးများ အနည်းဆုံး တလလျှင် တကြိမ်ကျင်းပရမည်။ အစည်းအဝေးများသို့ မြို့မကောင်စီ လူကြီးအားလုံးကို ဖိတ်ကြားရမည်။ သို့ရာတွင် တနှစ်အတွင်းကျင်းပသော အစည်းအဝေးအကြိမ် ပေါင်းသည်၊ ဆိုင်ရာခရိုင်ဝန်က သတ်မှတ်ထားသော အကြိမ်ပေါင်းထက်မပိုစေရ။

၄၇။ ။ မြို့မကောင်စီ အစည်းအဝေးကျင်းပသည့်အခါတိုင်း ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၈ (၉) အရ ခန့်ထားသော အတိုင်းပင်ခံပုဂ္ဂိုလ်ကို အစည်းအဝေးသို့တက်ရောက်ရန် မြို့မကောင်စီဥက္ကဋ္ဌ ဖိတ်ကြားရမည်။

၄၈။ ။ မြို့မကောင်စီအစည်းအဝေး သို့ မြို့မကောင်းစီလူကြီးဦးရေ၏ ထက်ဝက်ပို၍ တက်ရောက်မှသာ အစည်းအဝေးအထမြောက်ရမည်။

၄၉။ ။ မြို့မကောင်စီ ဥက္ကဋ္ဌသည်၊ မည်သည့်ကိစ္စကိုမဆို အစည်းအဝေးသို့တက်ရောက်သော မြို့မကောင်စီလူကြီးများရာ၏ သဘောဆန္ဒအရသာလျှင် ဆုံးဖြတ်ရမည်။ မဲဖြင့် ဆုံးဖြတ်သည့် အခါ၊ မြို့မကောင်စီဥက္ကဋ္ဌမှာ ကိုယ်ပိုင်မဲပေးပိုင်ခွင့်မရှိစေရ။ သို့ရာတွင်းမဲအရေအတွက်တူညီနေလျှင်၊ မြို့မကောင်စီဥက္ကဋ္ဌသည် အနိုင်မဲကို ပေးရမည်။

၅၀။ ။ မည်သည့်မြို့မကောင်စီလူကြီးကိုမဆို၊ မြို့မကောင်စီဥက္ကဋ္ဌက မိမိ၏ ကိုယ်စားအဖြစ် နည်းဥပဒေ ၃၃ အရခန့်သာလျှင်၊ ထိုကောင်စီလူကြီးသည်၊ မြို့မကောင်စီဥက္ကဋ္ဌ၏ အာဏာအားလုံးကို သုံးစွဲနိုင်သည်။

၅၁။ ။ ယေဘုယျအားဖြင့် မြို့မကောင်စီလူကြီးများသည်၊ ပေါ်ပေါက်လာသော တာဝန်များကို မြို့မကောင်စီဥက္ကဋ္ဌနှင့် ညီတူညီမျှခံယူရမည်။ ထိုပြင် မြို့မကောင်စီဥက္ကဋ္ဌနှင့် ပက်သက်သည့်ကိစ္စများကို ဆောင်ရွက်ရာ၌ မြို့မကောင်စီဥက္ကဋ္ဌအား အကျိုးရှိစေမည့် သတင်းဟူသမျှကို ပေး၍လိုအပ်သမျှကူညီဆောင်ရွက်ရမည်။

၅၂။ ။ မြို့မကောင်စီဥက္ကဋ္ဌနှင့် ကောင်စီလူကြီးများသည်၊ မြို့မအုပ်ချုပ်ရေးနှင့် စပ်လျဉ်းသော ကိစ္စအဝဝတို့တွင်ဆိုင်ရာ အရာရှိများအားကူညီရမည်။

၅၃။ ။ မြို့မကောင်စီဥက္ကဋ္ဌသည်၊ မြို့မအတွင်းမည်သူမဆို၊ သက်ဆိုင်ရာခရိုင်ဝန်က၊ သို့တည်းမဟုတ် နယ်ပိုင်ဝန်ထောက်က၊ သို့တည်းမဟုတ် မြို့ပိုင်က ထုတ်သင့်သောတရားဝင်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ်ငြင်းဆန်လျှင်၊ ထိုသူအပေါ် ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေအရ အရေးယူရန် သက်ဆိုင်ရာသို့ တိုင်ကြားရမည်။

မြို့မကောင်စီ ဥက္ကဋ္ဌသည်၊ မြို့မ၏ တိုးတက်စည်ပင်သာယာရေးကို အမြဲတစေ ရှေ့ရှု၍ စီစဉ်ခန့်ခွဲမှုများကို ပြုလုပ်ရမည့်ပြင် အထူးသဖြင့် မြို့မကောင်စီရံပုံငွေဖြင့် လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များ၏ အောင်မြင်မှုကို ကြီးကြပ်အုပ်ချုပ်ရမည်။

## တရားမမှုများကို စစ်ဆေးစီရင်ဆုံးဖြတ်ရာတွင် ကျေးရွာကောင်စီနှင့် တိုက်နယ်ကောင်စီက လိုက်နာရမည့် နည်းဥပဒေများ

### [ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၅၇ခု၊ စက်တင်ဘာလ ၁၆ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၂၄ အရ၊ ထုတ်ပြန်ကျေညာသည်။]

၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ၏ ပုဒ်မ ၄၃ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော် သမတသည်၊ အောက်ပါ နည်းဥပဒေများကို ပြုလုပ်လိုက်သည်။

### နည်းဥပဒေများ

၁။ ။ ကျေးရွာကောင်စီ၌၊သို့တည်းမဟုတ် တိုက်နယ်ကောင်စီ၌ စွဲဆိုသော တရားမမှုတွင် ပါဝင်သည့် အမှုသည်များနှင့် တောင်းဆိုသော သက်သာခွင့်များသည်၊ စစ်ဆေးစီရင်ပိုင်ခွင့် အာဏာရှိသော တရားရုံးတရုံးက၊ သို့တည်းမဟုတ် ကျေးရွာကောင်စီ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီတခုခုက ယခင်က ကြားနာစစ်ဆေး၍ စီရင်ဆုံးဖြတ်သောတရားမမှုတွင် ပါဝင်သည့် အမှုသည်များနှင့်၎င်း၊ တောင်းဆိုသော သက်သာခွင့်များနှင့်၎င်းထပ်တူဖြစ်လျှင်၊ သို့တည်းမဟုတ်သဘောအားဖြင့် တူညီလျှင်၊ထိုသို့ထပ်တူဖြစ်သော၊ သို့တည်းမဟုတ် သဘောအားဖြင့် တူညီသော အချင်းဖြစ် အကြောင်းအရာနှင့်စပ်၍ ပါဝင်သည့် အမှုသည်တို့ကဖြစ်စေ၊ ထိုအမှုသည်တို့ကို အစွဲပြု၍ ဆက်ခံစွဲဆိုသူတို့က ဖြစ်စေ၊ နောက်ထပ်စွဲဆိုသော တရားမမှုကို မည်သည့်ကျေးရွာကောင်စီ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီကမျှ ထပ်မံလက်ခံ၍ စစ်ဆေး စီရင်ဆုံးဖြတ်ခြင်းမပြုရ။

၂။ ။ အမှုကိစ္စအတွက် ကျေးရွာကောင်စီသို့၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသို့ လာရောက်ရန်၊ သို့တည်းမဟုတ် လျှောက်လွှာတင်သွင်းရန် သို့တည်းမဟုတ် ထိုအမှုကိစ္စနှင့်စပ်လျဉ်း၍ ကျေးရွာကောင်စီတွင်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီတွင် ဆောင်ရွက်ရန် ကိစ္စအသီးသီးကို အမှုသည်များကိုယ်တိုင်ဖြစ်စေ၊ အမှုသည်များက လက်မှတ်ရေးထိုးသော ကိုယ်စားလှယ်၊ စာဖြင့်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ကဖြစ်စေ ပြုလုပ်ဆောင်ရွက်ရမည်။ ကိုယ်စားလှယ်စာသည်၊ ထိုသို့ ကိုယ်စားလှယ်လွှဲအပ်ခြင်း မှန်ကန်ကြောင်း သက်ဆိုင်ရာ ရွာသူကြီးက ဖော်ပြ၍ လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်စာ ဖြစ်ရမည်။

၃။ ။ တရားလိုသည်၊ မိမိ၏အမှုအတွက် သက်ဆိုင်ရာ ကျေးရွာကောင်စီ ဥက္ကဋ္ဌထံ၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီ ဥက္ကဋ္ဌထံနှုတ်ဖြင့်စတင်၍ ဦးတိုက်လျှောက်နိုင်သည်။ သို့တည်းမဟုတ် လျှောက်ထားတင်သွင်းနိုင်သည်။ နှုတ်ဖြင့်လျှောက်ထားချက်ကို၊ သက်ဆိုင်ရာ ကောင်စီဥက္ကဋ္ဌက ရေးမှတ်ထားရမည်။ လျှောက်ထားတင်သွင်းလျှင် လျှောက်လွှာတွင် တရားလိုတောင်းဆိုသည့် သက်သာခွင့်တို့ကို တရားလိုက ဖော်ပြရမည်။

၄။ ။ နှုတ်ဖြင့်လျှောက်ထားသော်အခါ၊ သို့တည်းမဟုတ် လျှောက်လွှာတင်သွင်းသောအခါ၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ အမှုကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်း၍ တရားလိုကိုဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကိုဖြစ်စေ၊ အမှု၏ အကျိုးအကြောင်းနှင့် စပ်လျဉ်း၍ စစ်ဆေးရမည်။

၅။ ။ ထိုသို့ စစ်ဆေးပြီးနောက် စွဲဆိုချက်တွင် ဖော်ပြသည့် အကြောင်းအချက်များကိုထောက်၍ လုံလောက်သော အချင်းဖြစ် အကြောင်းအရာ မပေါ်ပေါက်ဟု ထင်မြင်လျှင်၊ သို့တည်းမဟုတ် စွဲဆိုချက်ပါ စကားများကို ထောက်၍၊ တရားဥပဒေအရ တရားမစွဲဆိုထိုက်သော အမှုကိစ္စဖြစ်သည်ဟု ထင်မြင်လျှင်၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ ထိုအမှုကို ပယ်နိုင်သည်။ သို့တည်းမဟုတ် စွဲဆိုသည့် အမှုကိစ္စသည် ကျေးရွာကောင်စီက၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီက စစ်ဆေးစီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိသော အမှုကိစ္စဖြစ်လျှင်၊ စစ်ဆေးစီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိသည့် တရားမရုံး၌ စွဲဆိုလျှင်၊ သက်ဆိုင်ရာ ကောင်စီဥက္ကဋ္ဌသည်၊ လျှောက်ထားသူအား ပြောကြားရမည်၊ သို့တည်းမဟုတ် လျှောက်လွှာကို ပြန်ပေးရမည်။

၆။ ။ တရားလို၏ အစစ်ခံချက်အရ၊ အချင်းဖြစ်ပွားသည့် အကြောင်းအချက်များကို ထောက်၍ လုံလောက်သော အချင်းဖြစ် အကြောင်းအရာအပေါ်ပေါက်သည်ကို တွေ့ရှိရလျှင်၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ အမှုစစ်ဆေးရန် ရက်ချိန်းသက်မှတ်၍ တရားခံအား သတ်မှတ်ချိန်းဆိုသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာရောက်ချေပရန်၊ ဆင့်စာပေးပို့ရမည်။ တရားလိုကိုလည်း ထိုချိန်းဆိုသော နေ့ရက် နှင့် အချိန်ကို ပြောကြားရမည်။ တရားလို တရားခံတို့သည်၊ ထိုချိန်းဆိုသော နေ့ရက်နှင့် အချိန်၌ ထိုချိန်ဆိုသော နေရာသို့ မိမိတို့တင်ပြလိုသည့် သက်သေများကို တပါတည်းခေါ်ဆောင်လာရန် အကြောင်းကြားရမည်။ ချိန်းဆိုသော နေ့ရက်၌ တရားလို တရားခံတို့ ကိုယ်တိုင်သော်၎င်း၊ ၎င်းတို့၏ ကိုယ်စားလှယ်သော်၎င်းလာရောက်ရမည်။

၇။ ။ ချိန်းဆိုသော နေ့ရက်၌ တရားခံလာရောက်၍၊ စွဲဆိုချက်ကို ဖြောင့်ဆိုဝန်ခံလျှင် ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ ဖြောင့်ဆိုဝန်ခံသည့်အတိုင်း စီရင်ချက်ချမှတ်ရမည်။ ချိန်းဆိုသောနေ့ရက်၌ တရားခံမလာရောက်လျှင်ဖြစ်စေ၊ လာရောက်၍ စွဲဆိုချက်ကို ငြင်းဆိုလျှင် ဖြစ်စေ၊ မည်သို့မျှ အကြောင်းမကြားဘဲ တရားလိုမလာရောက်ပါက၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ အမှုကို ပလပ်နိုင်သည်။

၈။ ။ ချိန်းဆိုသော နေ့ရက်၌ဆင့်စာချုပ် အတည်ပြုပြီးဖြစ်လျက်နှင့် မည်သို့မျှ အကြောင်းမကြားဘဲတရားခံမလာရောက်လျှင်၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေး၍ တဘက်သက်စီရင်ချက် ချမှတ်နိုင်သည်။

၉။ ။ ချိန်းဆိုသော နေ့ရက်၌ တရားလို နှင့် တရားခံတို့ လာရောက်၍ တရားခံက တရားလို၏ စွဲဆိုချက်ကို ငြင်းဆိုလျှင်၊ နှစ်ဘက် အမှုသည်တို့နှင့် ၎င်းတို့က ပြသော သက်သေများကို ကြားနာစစ်ဆေးရမည်။ ထိုသူတို့၏ အရေးကြီးသော ထွက်ဆိုချက်များကို အကျဉ်းချုပ်ရေးမှတ်၍ သက်ဆိုင်ရာကောင်စီဥက္ကဌက လက်မှတ်ရေးထိုးထားရမည်။ ထို့နောက် အမှုကို ရွှေ့ဆိုင်းရန် အကြောင်းမရှိလျှင်၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ စီရင်ချက် ချမှတ်ရမည်။ချမှတ်သည့် စီရင်ချက်တွင်အငြင်းခုံဖြစ်သည့်အချက်အလက်များ၊ သက်သေတို့၏ အမည်၊ ၎င်းတို့၏ ထွက်ဆိုချက် မကျဉ်းချုပ်၊ ထွက်ဆိုချက်များအရ ထင်မြင်ယူဆချက်များနှင့် စီရင်ဆုံး ဖြတ်ချက်များနှင့် ယင်းတို့ စီရင်ဆုံးဖြတ်ရရင်း အကြောင်းအချက်များအပြင် မည်သူက မည်သူ့အား တရားစရိတ် မည်မျှပေးရမည် ဟူသောအချက်များကို ဖော်ပြရမည်။ ချမှတ်သော စီရင်ချက်တွင် အမှုကို စီရင်ဆုံးဖြတ်သော ကောင်စီလူကြီးအားလုံးက လက်မှတ်ရေးထိုးရမည်။

၁၀။ ။ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည်၊ အမှုသည်တို့က လိုအပ်သည့် သက်သေများကို ခေါ်ယူစစ်ဆေးနိုင်ရန်အတွက်ဖြစ်စေ၊ အခြားလုံလောက်သည့် အကြောင်းကြောင့်ဖြစ်စေ အမှုကို လိုအပ်သည်အလျောက်ရွှေ့ဆိုင်းနိုင်သည်။

၁၁။ ။ တရားလိုမရောက်၍ ပလပ်ပြီးသောအမှုတွင် တရားလိုက မိမိမရောက်လာနိုင်ခြင်းကို ပလပ်သည့် အမိန့်ချမှတ်သော နေ့ရက်မှ ဆယ်ရက်အတွင်း လုံလောက်သော အကြောင်းပြလျှင်၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည် အမှုကို ပြန်လည်ဖွင့်လှစ်နိုင်သည်။

၁၂။ ။ တရားခံမလာရောက်၍ တဘက်သက်စစ်ဆေးပြီး တရားခံအား အရှုံးပေးသည့် စီရင်ချက်ချမှတ်သော အမှုတွင် ထိုစီရင်ချက်ချမှတ်သော နေ့ရက်မှ ရက်ပေါင်းသုံးဆယ်အတွင်း၊ တရားခံက မိမိမရောက်လာနိုင်ခြင်းသည်၊ လုံလောက်သော အကြောင်းကြောင့် ဖြစ်ပါသည်ဟု သက်သေပြလျှင်၊ ထိုအကြောင်းပြချက် လုံလောက်သည်ဟု ကျေနပ်ပါက၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည် တဘက်သက်စစ်ဆေးချမှတ်သည့် စီရင်ချက်ကို ပယ်ဖျက်၍ အမှုကိုထပ်မံဖွင့်လှစ်စစ်ဆေး နိုင်သည်။

၁၃။ ။ အမှုသည်တဦးဦး နားမလည်သော ဘာသာစကားဖြင့် အမှုစစ်ဆေးလျှင်၊ သို့တည်းမဟုတ် သက်သေထွက်ဆိုလျှင်၊ အမှုစစ်ဆေးနေစဉ် ထိုနားမလည်သော ဘာသာစကားကို ထိုအမှုသည် နားလည်သော ဘာသာစကားသို့ ဘာသာပြန်ဆိုပေးရမည်။ဤကိစ္စအလို့ငှာ နှစ်ဦးနှစ်ဘက် အမှုသည်တို့ သဘောတူရွေးချယ်သည့် စကားပြန်ကို ကျေးရွာကောင်စီက၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီက အသုံးပြုရမည်။

၁၄။ ။ သာမန်အားဖြင့် နစ်ဘက်အမှုသည်ကိစ္စနှင့် ၎င်းတို့က ပြသော သက်သေများကို ကတိသစ္စာ(CHEIT SERH or KICIAM)ပြုစေ၍ စစ်ဆေးနိုင်သည်။ စကားပြန်ကိုလည်း ကတိသစ္စာပြုစေနိုင်သည်။ အမှုသည်တဦးဦးက အမှုသည်များနှင့် သက်သေများအား ကျမ်းကျိန်ဆို၍ (VAWLEIEI or TUISIA) အစစ်ခံစေရန် လျှောက်ထားလျှင်၊ ထိုသို့လျှောက်ထားသည့်အတိုင်း ကျမ်းကျိန်ဆို အစစ်ခံစေရန် လိုအပ်သည်ဟု ယူဆပါက ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည် ရပ်ရွာ ထုံးတမ်းစဉ်လာအရ ကျမ်းကျိန်ဆို အစစ်ခံခြင်းကို ခွင့်ပြုရမည်။

၁၅။ ။ အမှုစစ်ဆေးရာတွင်တဦးတယောက်သောသူ၏ သက်သေထွက်ဆိုချက်ကို လိုအပ်သည်။ သို့တည်းမဟုတ် ရယူသင့်သည်ဟု ထင်မြင်ယူဆလျှင်၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည် ထိုသူကို ဆင့်ခေါ်၍စစ်ဆေးနိုင်သည်။

၁၆။ ။ အမှုကို စီရင်ဆုံးဖြတ်သော ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည် မိမိချမှတ်သော စီရင်ဆုံးဖြတ်ချက်ကို အောက်ပါအတိုင်း ဇာရီပြုလုပ်နိုင်သည်။

(၁) အမှုကို စီရင်ဆုံးဖြတ်ပြီး စီရင်ချက်ချမှတ်သည်နှင့် တပြိုင်နက်၊ ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည် နေ့ရက်ကို သတ်မှတ်၍ ထိုနေ့ရက်မတိုင်မီ သက်ဆိုင်ရာ ကောင်စီက ချမှတ်သည့် စီရင်ဆုံးဖြတ်ချက်အတိုင်း လိုက်နာအောင် ဆောင်ရွက်ရန် တရားရှုံးအား အတည့်အလင်း ညွှန်ကြားရမည့်ပြင် ထိုအတောအတွင်း၌ တရားရှုံးအား မည်သည့် ပစ္စည်းကိုမျှ ရောင်းချ ခြင်း၊ ပေါင်နှံခြင်းနှင့် အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေးထားရမည်။

(၂) ထိုနေ့ရက် ကျော်လွန်သည့်တိုင်အောင် တရားရှုံးက ကျေးရွာကောင်စီ၏၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီ၏ စီရင်ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိ၍၊ စီရင်ဆုံးဖြတ်ချက်ကို ဇာရီပြုလုပ်ပေးရန် တရားနိုင်က နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ သက်ဆိုင်ရာကောင်စီသို့ လျှောက်ထားသောအခါ ထိုကောင်စီသည် အောက်ပါအတိုင်းအရေးယူဆောင်ရွက်ရမည်။

(က) စီရင်ဆုံးဖြတ်ချက်သည်၊ တရားရှုံးပိုင်ဆိုင်သော မည်သည့်ပစ္စည်းကိုမဆို တရားနိုင်အား၊ လက်ရောက်ပေးအပ်ရန် စီရင်ဆုံးဖြတ်ချဖြစ်လျှင်၊ ထိုပစ္စည်းကို တရားနိုင်အား လက်ရောက် ပေးအပ်စေရန် ဆောင်ရွက်ရမည်၊ သို့တည်းမဟုတ်။

(ခ) စီရင်ဆုံးဖြတ်ချက်သည်၊ ပစ္စည်းတခုခုကို ခွဲစိတ်ယူစေရန်စီရင်ဆုံးဖြတ်ချက် ဖြစ်လျှင် ထိုပစ္စည်းကို ခွဲစိတ်၍ တရားနိုင်ရထိုက်သောပစ္စည်းအစိတ်အပိုင်းကို တရားနိုင်အား လက်ရောက်ပေးအပ်စေရန် ဆောင်ရွက်ရမည်၊ သို့းတည်းမဟုတ်။

(ဂ) စီရင်ဆုံးဖြတ်ချက်သည် တရားရုံးက ငွေပေးအပ်ရန် စီရင်ဆုံးဖြတ်ချက်ဖြစ်၍ ထိုငွေကို တရားရုံးက မပေးဆပ်လျှင် တရားရုံးပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော မည်သည့်ပစ္စည်းမျိုးကိုမဆို ဝါရမ်းကပ်၍ ဤနည်းဥပဒေတွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့်အညီ ထိုပစ္စည်းကို လေလံတင်ရောင်းပြီးချလျှင်၊ ထိုသို့ရောင်းချ၍ရသော ငွေကို တရားနိုင်အားပေးရမည်။

(၃) တရားရုံးသည် လယ်၊ သို့မဟုတ် တောင်ယာ လုပ်ကိုင်စားသောက်သည်ဖြစ်လျှင်၊ မြေယာထွန်ယက် လုပ်ကိုင်နိုင်စိမ့်သောငှာ၊ နောက်တစ်ကြိမ် ကောက်ပဲသီးနှံ မရိတ်သိမ်းနိုင်မီကာလအတွင်းတရားရုံးနှင့် ၎င်း၏ အိမ်သာတစု၏ဝမ်းစာအတွက် စပါး၊ ပဲ အစရှိသည့် ကောက်ပဲသီးနှံများကို လေးဂါလံဝင် ရေနံဆီပုံးပေါင်း ငါးဆယ်အထိ ဝါရမ်းကပ်ခြင်း၊ သို့တည်းမဟုတ် လေလံတင်ရောင်းချခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

(၄) ကျေးရွာကောင်စီသည်၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီသည် တရားရုံးတဦးဦး၏ ပစ္စည်းကို ဝါရမ်းကပ်ရန်ဆုံးဖြတ်သောအခါ၊ မည်သည့်နေ့ရက်နှင့် အချိန်တွင် ဝါရမ်းကပ်ရန် သက်ဆိုင်သော ကောင်စီ၏ ကောင်စီလူကြီးများ တရားရုံး၏ နေ အိမ်သို့ လာရောက်မည့် အကြောင်းကို တရားရုံးအား ကြိုတင်၍ အကြောင်းကြားထားရမည်။ ထိုကဲ့သို့ အကြောင်းကြားထားပါလျက်၊ ချိန်းဆိုသည့် နေ့ရက်နှင့် အချိန်တွင် တရားရုံးသည်၊ နေအိမ်၌မရှိဘဲ အိမ်တံခါးများကို ပိတ်ထားလျှင်ဖြစ်စေ၊ အိမ်ခန်းထဲသို့မဝင်နိုင်အောင် တနည်းနည်းတားဆီး ပိတ်ပင်ထားရန်ဖြစ်စေ၊ ကောင်စီလူကြီးများသည်၊အိမ်းတံခါးကို သို့တည်းမဟုတ် အိမ်ခန်းတံခါးကို ချိုးဖျက်၍ အိမ်ထဲ သို့တည်းမဟုတ် အိမ်ခန်ထဲသို့ ဝင်ရောက်နိုင်သည်။ သို့ရာတွင် ညနေနေဝင်ချိန်နှင့် နံနက်နေမထွက်မီ အချိန်အတွင်း ထိုသို့ ဝင်ရောက်ခြင်းမပြုရ။ ဝါရမ်းကပ်ရန် သွားရောက်သော ကောင်စီလူကြီးများသည် ဂုဏ်သရေရှိ ရွာသား အနည်းဆုံး နှစ်ဦးကို သက်သေအဖြစ် ခေါ်ဆောင်သွားရမည်။

(၅) ပစ္စည်းကို ဝါရမ်းကပ်ရန် ဖြစ်လျှင်၊ ကျေးရွာကောင်စီက၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီက၊ ချမှတ်သော စီရင်ဆုံးဖြတ်ချက်အရ တရားရုံးကပေးဆပ်ရမည့် ငွေပေါင်းနှင့် ညီမျှလောက်သော ကာလတန်ဘိုးရှိသည့် ပစ္စည်းမျှလောက်ကိုသာ ဝါရမ်းကပ်ရမည်။ တရားရုံးက ပေးဆပ်နိုင်ရန်ရှိသည့် ငွေထက်များစွာ ပိုသောတန်ဘိုးရှိသည့် ပစ္စည်းများ ဝါရမ်းကပ်ခြင်းကို ရှောင်ကြည်ရမည်။

(၆) ဝါရမ်းကပ်ထားသော ပစ္စည်းကို လေလံတင်ရောင်းချခြင်း မပြုမီ၊ ပစ္စည်းကို ဝါရမ်းကပ်ထားသည်နှင့် တပြိုင်နက် ရွာအတွင်း၌ မောင်းခတ်ခြင်းဖြစ်စေ၊ ဟစ်အော်ခြင်းဖြစ်စေ၊ မည်သည့်နေ့ရက်နှင့် အချိန်တွင်၊ မည်သည့်ပစ္စည်းကို မည်သည့်နေရာ၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကျေညာရမည်။ လေလံတင်ရောင်းချရန် ချိန်းဆိုသည့်နေ့ရက်သည်၊ ထိုသို့ကျေညာသည့်နေ့မှစ၍ တဆယ့်ငါးရက်ထက်မနည်းစေရ။

(၇) လေလံတင် ရောင်းချရန် ချိန်းဆိုသည့် နေ့ရက်မစေ့မီ၊ တရားရုံးသည် ကျေးရွာကောင်စီက၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီက ချမှတ်သော စီရင်ဆုံးဖြတ်ချက်အရ ပေးဆပ်ရန်ရှိသော ငွေကို ပြေလည်အောင် ပေးဆပ်လျှင်၊ ဝါရမ်းကပ်ထားသောပစ္စည်းကို ပိုင်ရှင်အား ပြန်လည်ပေးအပ်ရမည်။

(၈) ဝါရမ်းကပ်သော ပစ္စည်း၊ ကျွဲ၊ နွား၊ တိရိစ္ဆာန်ဖြစ်လျှင်၊ လေလံတင်ရောင်းချခြင်းမပြုမီ ကာလအတွင်း ပိုင်ရှင်အား ကျွေးမွေးနိုင်ခွင့်ပေးနိုင်သည်။ပိုင်ရှင်က ကျွေးမွေးခြင်းမပြုလျှင်၊ သက်ဆိုင်ရာ ရွာသူကြီးက ကျွေးမွေးရေးအတွက် စီစဉ်၍ ကုန်ကျစရိတ်ကို လေလံတင်ရောင်းချ၍ရသော ငွေထဲမှ ထုတ်နုတ်ခုနှိမ်ယူရမည်။

(၉) ဝါရမ်းကပ်ထားသော မည်သည့်ပစ္စည်းကိုမဆို အပြီးသတ် စီမံခန့်ခွဲခြင်း မပြုနိုင်မီ၊ မပျောက်မပျက်စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်သည်အမှုစီရင်ဆုံးဖြတ်သောကျေးရွာကောင်စီဥက္ကဌ၏၊ သို့တည်းမဟုတ် တိုက်နယ်ကောင်စီဥက္ကဌ၏ တာဝန်ဖြစ်ရမည်။

၁၇။ ။ တရားရုံးအပေါ်တွင် ချမှတ်သည့် စီရင်ဆုံးဖြတ်ချက် တခုလုံးအတွက်ဖြစ်စေ၊ တစိတ်တဒေသအတွက်ဖြစ်စေ အခြားသူက အာမခံလျှင်၊ တရာရုံးအပေါ်တွင် ချမှတ်သည့်စီရင်ဆုံးဖြတ်ချက်ကို ဇာရီပြုလုပ်သည့် နည်းလမ်းအတိုင်း၊ ထိုအားမခံသူအပေါ်တွင်လည်း အားမခံပေးထားသည့် တာဝန်ရှိသမျှကို ထမ်းဆောင်စေရန် ဇာရီပြုလုပ်နိုင်သည်။

# ချင်းအမျိုးသားချင်း ဖြစ်ပွားသော တရားမမှုများကိုဆုံးဖြတ်ရာတွင် တရားရုံးများက လိုက်နာရန် နည်းဥပဒေများ

## [ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၃ အရ ထုတ်ပြန်ကျေညာသည်။]

နိုင်ငံတော် သမ္မတသည်၊ ၁၉၄၀ ခုနှစ်၊ ချင်ဝိသေသတိုင်းအက်ဥပဒေ ပုဒ်မ ၄၃ အရ၊ ချင်း အမျိုးသားခြင်း ဖြစ်ပွားသော သရာမမှုများကို ဆုံးဖြတ်ရာတွင် လိုက်နာရန် အောက်ပါနည်းဥပဒေ များကို ပြုလုပ်လိုက်သည်။

၁။ ။ စစ်ဆေးစီရင်ပိုင်ခွင့် အာဏာရှိသော တရာရုံးတရုံးမှ ကြားနာစစ်ဆေး၍ အပြီးသတ်စီရင် ဆုံးဖြတ်ပြီးဖြစ်သော ယခင်က တရားမမှုတမှုတွင် ပါဝင်သည့် တရားဘက်အမှုသည်များနှင့် အခွင့် အရေးများမှာ နောက်ထက်စွဲဆိုသည့် တရားမမှုတွင် တရားဘက်ဖြစ်သည့် အမှုသည်များ၊ အခွင့် အရေးများနှင့် ထပ်တူဖြစ်ခဲ့သော် ထိုတရားမမှုပါ အမှုသည်တို့ကဖြစ်စေ၊ ထိုအမှုသည်တို့ကို အစွဲပြု၍ ဆက်ဆံစွဲဆိုသူတို့ကဖြစ်စေ ထိုတူညီသော အချင်းဖြစ်အကြောင်းအရာနှင့်စပ်၍၊ နောက်ထပ်စွဲဆို သည့် တရားမမှုကို မည်သည့်တရားရုံးကမျှ ထပ်မံမစစ်ဆေးရ။

၂။ ။ တရားရုံးသို့ လာရောက်ရန်ကိစ္စ၊ လျှောက်သွားတင်သွင်းရန်ကိစ္စ၊ သို့တည်းမဟုတ် ဆောင်ရွက်ဘွယ်ရာ ကိစ္စအသီးသီးကို အမှုသည်များကိုယ်တိုင်ဖြစ်စေ၊ ဆိုင်ရာရွာသူကြီး၏ လက်မှတ်ရေးထိုးသောစာဖြင့် အမှုသည်က နည်းလမ်းတကျ လွှဲအပ်ထားသည့် ကိုယ်စားလှယ် တဦးကဖြစ်စေ ပြုလုပ်ဆောင်ရွက်ရမည်။

၃။ ။ တရားလိုသည် မိမိအမှုအတွက် တရားသူကြီးထံ နှုတ်ဖြင့်စတင်၍ ဦးတိုက်လျှောက်ထား နိုင်သည်၊ သို့တည်းမဟုတ် စွဲချက်လျှောက်လွှာ တင်သွင်းနိုင်သည်။ နှုတ်ဖြင့်လျှောက်ထားချက်ကို တရားရုံးက ဖြစ်စေ၊ တရားရုံး၏ ညွှန်ကြားချက်အရဖြစ်စေ ရေးမှတ်ထားရမည်။

၄။ ။ လျှောက်ထားသောအခါ၊ သို့တည်းမဟုတ် စွဲချက်လျှောက်လွှာ တင်သွင်းသောအခါ၊ တရားရုံးက အမှုကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်း၍ တရားလိုကိုဖြစ်စေ၊ တရားလို၏ ကိုယ်စား လှယ်ကိုဖြစ်စေ အမှု၏ အကျိုးအပြစ်နှင့် ပတ်သက်၍ စစ်ဆေးရမည်။

၅။ ။ စစ်ဆေးသောအခါ၊ အချင်းဖြစ်ပွားသည့် အကြောင်းအချက်သည် အရေးယူရန် မခိုင်လုံဟု ထင်မြင်လျှင်၊ သို့တည်းမဟုတ် လျှောက်ထားစွဲဆိုချက်သည် တရားမရုံးတွင် တရားမစွဲနိုင်သော အမှု ကိစ္စဖြစ်သည်ဟု ထင်မြင်လျှင်၊ တရားရုံးက ထိုအမှုကို ပလပ်နိုင်သည်။

၆။ ။ စစ်ဆေးသောအခါ၊ အချင်းဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တရားလိုကဖော်ပြသော အကြောင်းအချက်များသည် လုံလောက်သည်ဟုတွေ့ရှိလျှင်၊ သတ်မှတ်ထားသည့် ရုံးခွန်တော်နှင့် သမ္မာန်စာ ထုတ်ဆင့်ခများကိုပေးသွင်းရန်ရှိလျှင်၊၎င်းတို့ကို တရားလိုကဖြစ်စေ၊ တရားလို၏ ကိုယ်စားလှယ်ကဖြစ်စေ စရိတ်များပေးသွင်းခဲ့သော် တရားရုံးက တရားခံအား သတ်မှတ်ချိန်ဆိုသည့်နေရာ၊ နေ့ရက်တွင်လာရောက်ချေပလျှောက်လဲရန် သမ္မာန်စာထုတ်ဆင့်ရမည်။

၇။ ။ အမှုသည်အသီးသီးက တင်ပြသည့် သက်သေများနှင့် တရားခံကို၊ တရားရုံးက ညွှန်ကြားသည့် နည်းလမ်းအတိုင်း သမ္မာန်စာ ထုတ်ဆင့်၍ ခေါ်ရမည်။

၈။ ။ အမှုသည်များက မိမိတို့၏ သက်သေများကို သမ္မာန်စာ ထုတ်ဆင့်ခေါ်ရန် ရုံးသို့ လျှောက်ထားလျှင် တရားမကျင့်ထုံးဥပဒေ အမိန့်အမှတ် ၁၆၊ နည်းဥပဒေ ၂ တွင် ဖော်ပြထားသည့်အတိုင်း သက်သေစရိတ်ငွေနှင့် သမ္မာန်စာ ထုတ်ဆင့်ခများပေးရန် တံဆိပ်တုံးအလွယ်တကူမရနိုင်သော နေရာများ၌ ငွေကိုလက်ငင်းကြိုတင်၍ တင်သွင်းရမည်။

၉။ ။ အမှုစစ်ဆေးသောအခါ တရားလိုနှင့်တရားခံ သော်လည်းကောင်း၊ ထိုသူ၏ ကိုယ်စားလှယ်သော်၎င်း၊ တက်ရောက်ရမည်။ သို့ရာတွင် မည်သည့်အမှုသည်မဆို မိမိမလာရောက်နိုင်ကြောင်း ခိုင်မာလုံလောက်သည့် အကြောင်းပြချက်မရှိလျှင်၊ ထိုအမှုသည်မလာရောက်သော်လည်း အမှုကို တရားရုံးက စီရင်ဆုံးဖြတ်နိုင်သည်။ ခိုင်မာလုံလောက်သည့် အကြောင်းပြချက်ရှိလျှင်၊ အမှုသည် တဦးဦးမရှိဘဲ စီရင်ဆုံးဖြတ်သော အမှုကို တရားရုံးက ပြန်လည်ဖွင့်လှစ်နိုင်သည်။

၁၀။ ။ အမှုတမှုတွင် မည်သည့်သက်သေထွက်ကိုမဆို၊ အမှုသည်တဦး နားမလည်သော ဘာသာစကားဖြင့်ထွက်ဆိုခဲ့သော် ထိုသက်သေထွက်ချက်ကို ထိုအမှုသည် နားလည်သော ဘာသာစကားဖြင့် အမှုစစ်ဆေးနေစဉ် ဘာသာပြန်ဆိုပေးရမည်။ စကားပြန်လိုအပ်လျှင်၊ အစိုးရစကားပြန်တဦး သို့မဟုတ် နှစ်ဦးနှစ်ဘက် သဘောတူ ရွေးချယ်သည့် စကားပြန်များကို တရားရုံးက အသုံးပြုရမည်။

၁၁။ ။ သာမာန်အားဖြင့် အမှုသည်များ၊ သက်သေများနှင့် စကားပြန်များကို ကတိသစ္စာပြု၍ (Chiat Serh or Kiciam) ထွက်ဆို ပြောဆိုခွင့်ပြုနိုင်သည်။ သို့ရာတွင် အမှုသည်တဦးဦးက အမှုသည်များနှင့် သက်သေများအား ကျမ်းကျိန်ဆို၍ (Vawleiei or Tuisia) အစစ်ခံရန် လျှောက်ထားလျှင် လျှောက် ထားသည့်အတိုင်း ဆောင်ရွက်ရန် တရားရုံးက လိုအပ်သည်ဟု ယူဆလျှင် တရားမျှတမှုဖြစ်စေရန် ရပ်ရွာထုံးတမ်းအစဉ်လာအရ ခွင့်ပြုရမည်။

၁၂။ ။ တဦးတယောက်သောသူ၏ သက်သေထွက်ဆိုချက်ကို လိုအပ်သည် သို့တည်းမဟုတ် ရယူသင့်သည်ဟု ထင်မြင်ယူဆလျှင် တရားရုံးက ထိုသူကို ဆင့်ခေါ်၍ စစ်ဆေးနိုင်သည်။ တရားရုံးက စစ်ဆေးသူများ၏ သက်ဆိုင်ရာ ထွက်ဆိုချက်များကို ရေးမှတ်ထားရမည်။ ထိုထွက်ဆိုချက်ကို ထွက်ဆိုသူအား ပြန်လည်ဘတ်ပြပြီးနောက် ထိုထွက်ဆိုသူက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးရမည်။

၁၃။ ။ အမှုစစ်ဆေးပြီးသောအခါ၊ တရားရုံးက ချမှတ်သည့် စီရင်ချက်တွင်အမှုသွားအမှုလာ သက်သေထွက်ဆိုချက်အကျဉ်းချုပ်၊ အငြင်းအခုံဖြစ်သည့် အချက်လက်များ၏ ဆုံးဖြတ်ချက်နှင့် မည်သည့်အမှုသည်က တရားရုံးစရိတ် မည်ရွေ့မည်မျှ ပေးဆောင်ရမည်ကို ထင်ရှားစွာ ရေးသားဖော်ပြ ရမည်။

၁၄။ ။အမှုသည်များအား စီရင်ချက်ကို ၎င်းတို့နားလည်သော ဘာသာစကားဖြင့် ပြောပြ၍ အမှုတွင်ချမှတ်သော အမိန့်ပါသည့်အပိုင်း၏ မိတ္တူတစောင်ကို ထိုအမှုသည်တို့အား ပေးရမည်။

၁၅။ ။ တရားနိုင်သူက နှုတ်နှင့်ဖြစ်စေ၊ စာနှင့်ဖြစ်စေ လျှောက်ထားလျှင်၊ တရားရုံးအမိန့်များ အတည်ပြုရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တရားရှုံးသူပိုင်ဆိုင်သော မည်သည့်ပစ္စည်းကိုမဆို၊ တရားနိုင်သူအား လက်ရောက် ပေးအပ်ရန် အမိန့်ချမှတ်သည့်အခါ၊ ထိုပစ္စည်းကို တရားနိုင်အား လက်ရောက်ပေးအပ်ရ မည်။ သို့တည်းမဟုတ် ပစ္စည်းသည် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်၍ အကြောင်းတခုခု ကြောင့် ထိုပစ္စည်းကို လက်ရောက်မပေးအပ်နိုင်လျှင်၊ ထိုပစ္စည်းအား၊၎င်းမှနောက်တ ဆက်တည်း ပြဌာန်းထားသည့် နည်းလမ်းအတိုင်း ထိုပစ္စည်းအစား သတ်မှတ်ထားသည့် တန်ဘိုး တောင်းခံပေးရမည်။

(ခ) ခွဲစိတ်ယူရန် အမိန့်ချမှတ်လျှင်၊ ပစ္စည်းကိုခွဲစိတ်၍ တရားနိုင်သူအား ရထိုက်သော ပစ္စည်းအစိတ်အပိုင်းကို တရားနိုင်သူအား လက်ရောက်ပေးအပ်ရမည်။

(ဂ) ငွေပေးရန် အမိန့်ချမှတ်လျှင် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ဝါရမ်းကပ်၍ လေလံတင် ရောင်းချ ပေးရမည်။သို့ရာတွင် တရားရှုံးသူသည် လယ်၊ သို့တည်းမဟုတ်သော တောင်ယာ လုပ်ကိုင်စားသောက်သူဖြစ်လျှင်၊ မြေယာ ထွန်ယက်နိုင်စိမ့်သောငှါ၊ နောက်ထပ် ကောက်ပဲ သီးနှံ မရိတ်သိမ်းမီကာလအတွင်း တရားရှုံးသူနှင့် တရားရှုံးသူ၏ အိမ်သားတစ်စု ဝမ်းစာ အတွက်စပါး၊ ပဲ အစရှိသည့် ကောက်ပဲသီးနှံများကို ရေနံဆီပုံးပေါင်း ငါးဆယ်(ဂါလံနှစ်ရာ) အထိ ဝါရမ်းကပ်ခြင်း သို့တည်းမဟုတ် ရောင်းချခြင်းမှ လွတ်ငြိမ်းခွင့်ပြုရမည်။

(ဃ) တရားရုံးက အမှုအရာခုခုကို ဆောင်ရွက်ရမည်ဟု အမိန့်ချမှတ်လျှင်၊ တရားရှုံးသူ၏ ပစ္စည်းကို ဝါရမ်းကပ်၍ သိမ်းဆည်းထားခြင်းအားဖြင့် တရားရှုံးသူအား ထိုအမှုအရာကို ဆောင်ရွက် စေရမည်။

**တရားရှုံးသူဆိုသည်မှာ မိမိအပေါ်တွင် အရှုံးပေးသည့် အမိန့်ချမှတ်ခြင်းခံရသူကို ဆိုလိုသည်။**

၁၆။ ။ တဦးတယောက်သောသူသည်၊ အခြားတဦးတယောက်သောသူအပေါ်တွင် ချမှတ်သည့် အမိန့်တခုလုံးအတွက်ဖြစ်စေ၊ တစိတ်တဒေသအတွက်ဖြစ်စေ အားမခံရလျှင်၊ တရားရှုံးသူအပေါ်တွင် ချမှတ်သည့် အမိန့်ကို အတည်ပြုသည့် နည်းလမ်းအတိုင်း ထိုသူအပေါ်တွင်လည်း အာမခံထားသည့် တာဝန်ရှိသလောက် ပေးဆောင်ရန် ဇာရီလုပ်နိုင်သည်။

၁၇။ ။ ချင်းအမျိုးသားမဟုတ်သောသူ တဦးတယောက် တရားဘက်ဖြစ် ပါဝင်ပြီးအငြင်းဖြစ်ပွားသည့် အကြောင်းအချက်သည် ချင်းဝိသေသတိုင်းအတွင်းတွင် ပေါ်ပေါက်ခဲ့သော် အထက်တွင်ဖော်ပြထားသော နည်းလမ်းအတိုင်း လိုက်နာစစ်ဆေးရမည်။

၁၈။ ။ ချင်းအမျိုးသားမဟုတ်သူအချင်းချင်း ဖြစ်သောအမှုများတွင် ပြည်ထောင်စုတွင် တည်ဆဲဥပဒေအရ စစ်ဆေးရမည်။

## ၁၉၅၄ ခုနှစ်၊ ချင်းဝိသေသတိုင်း ယစ်မျိုးဥပဒေများ

**[ ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၅၅ခု၊ မေလ ၂၅ ရက် နေ့စွဲပါ**
**အမိန့်ကြော်ငြာစာ အမှတ်၂၅ အရ ထုတ်ပြန်ကျေညာ။]**

၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေ ပုဒ်မ ၃၈-က နှင့် ပုဒ်မ ၄၃ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲရက် နိုင်ငံတော်သမတ အောက်ပါနည်းဥပဒေများကို ပြုလုပ်လိုက်သည်။

**နည်းဥပဒေများ**

၁။ ။ (၁) ဤနည်းဥပဒေများကို ၁၉၅၄ ခုနှစ် ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများဟု ခေါ်သည်။

(၂) ဤ နည်းဥပဒေများသည် ၁၃၁၆ ခုနှစ် ပြာသိုလဆန်း ၈ ရက် (၁၉၅၅ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ ချင်းဝိသေသတိုင်း တိုင်းမင်းကြီး၏ ကြီးကြပ်အုပ်ချုပ်မှုကို လိုက်နာ၍ ခရိုင်ကော်လိတ်တော် အရာရှိမှ မိမိခရိုင်းအတွင်း ယစ်မျိုးစီမံအုပ်ချုပ်မှုအတွက် တာဝန်ရှိရမည်။ နယ်ပိုင်ဝန်ထောက်များမှာ မိမိတို့ နယ်များအတွင်းတွင် ယစ်မျိုးနှင့် စပ်လျှင်သည့် အမှုကိစ္စအရပ်ရပ်ကို ကြီးကြပ်ကြည့်ရှု အုပ်ချုပ်ရန် တာဝန်ရှိရမည်။

၃။ ။ ဤနည်းဥပဒေများအရ ထုတ်ပေးသော လိုင်စင်တစ်ခုခု၏ သက်တမ်းသည် မည်သည့်နှစ်တွင်မဆို ဇန်နဝါရီလ ၁ရက်နေ့သို့တည်းမဟုတ် ၎င်းထက် နောက်ကျသော လိုင်စင်ထုတ်ပေးသည့် ၎င်းနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဖြစ်စေရမည်။

၄။ ။ အောက်တွင်ဖော်ပြပါ လိုင်စင်အမျိုးအစားများကို ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၁) သို့တည်းမဟုတ် ပုံစံ (၂) နှင့် ၎င်းတို့၏ စည်းကမ်းချက်များနှင့်အညီ ခရိုင်ကော်လိတ်တော် အရာရှိက ထုတ်ပေးနိုင်သည်။

(က) ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၁)ဖြင့် ဆိုင်၏ ပိုင်နက်အတွင်း သောက်ရန် မဟုတ်သော မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေ ပုဒ်မ (၁၂) အရ ပြည်ထောင်စု မြန်မာ နိုင်ငံတော်အတွင်း ချက်လုပ်သည့် အရက်နှင့် ဖြစ်ရည်တို့အပါအဝင် နိုင်ငံခြားဖြစ် အရက်နှင့် ဖြစ်ရည်တို့ကို အရပ်ရပ် ကုန်ဆိုင်ရှင်တို့က လက်လီရောင်းချခွင့် လိုင်စင်များ။

(ခ) ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၂)ဖြင့် ဆိုင်၏ ပိုင်နက်အတွင်း သောက်ရန် ဖြစ်စေ ၎င်းမှ ရွှေ့ပြောင်းထုတ်ယူရန် ဖြစ်စေ တိုင်းရင်းဖြစ် အရက်ချက်လုပ်ခွင့်နှင့် လက်လီရောင်ချခွင့် လိုင်စင်များ။

၅။ ။ (၁) နယ်ပိုင်ဝန်ထောက် ရုံးဆိုက်ရာ မြို့များနှင့် ခရိုင်ကော်လိပ်ထော် အရာရှိက သင့်တော်သည်ဟု ယူဆသော ကျေးရွာများတွင် ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၂)ဖြင့် မြို့တစ်မြို့လျှင် သို့တည်းမဟုတ် ရွာတစ်ရွာလျှင် လိုင်စင်တစ်ခု ကျစီ ထုတ်ပေးနိုင်သည်။ သို့ရာတွင် အိမ်ခြေ ၅၀ ထက်ပိုသော မြို့တစ်မြို့ သို့တည်းမဟုတ် ကျေးရွာတစ်ရွာအတွက်မှာမူ ခရိုင်ကော်လိပ်ထော် အရာရှိက လိုအပ်သည်ဟု ထင်မြင်ယူလျှင် လိုင်စင် ၃ ခုအထိ တိုး၍ ထုတ်ပေးနိုင်သည်။

(၂) နယ်ပိုင်ဝင်ထောက် ရုံးစိုက်ရာမြို့တိုင်း၌ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၁) ဖြင့် လိုင်စင်တစ်ခုစီကို အရပ်ရပ် ကုန်ဆိုင်ရှင်တစ်ဦးဦးအား ထုတ်ပေးနိုင်ခွင့်ရှိသည်။ သို့ရာတွင် မည်သည့်မြို့အတွက်မဆို ချင်းဝိသေသတိုင်း တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ကြိုတင်ရယူလျက် လိုင်စင်တစ်ခုထက်ပို၍ ထုတ်ပေးနိုင်သည်။

၆။ ။ ဤနည်းပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၁)ဖြင့် ထုတ်ပေးသော လိုင်စင်တစ်ခု၏ အခမှာ ကျပ်၃၀၀ (ကျပ်သုံးရာတိတိ) ဖြစ်စေရမည်။နည်းပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၂)ဖြင့် ထုတ်ပေးသော လိုင်စင်ကိုမူ ခရိုင်ကော်လိပ်တော်အရာရှိက ပြဌာန်းသတ်မှတ်သည့်အတိုင်း နယ်ပိုင်ဝန်ထောက်က လေလံတင်ရောင်းချရမည်။ ထိုရာတွင် ခရိုင်ကော်လိတ်တော် အရာရှိသည် မည်သည့်မြို့ သို့တည်းမဟုတ် မည်သည့်ကျေးရွာအတွက်မဆို ဤနည်းဥပဒေများကို ပူးတွဲပါရှိသည့် ပုံစံ(၁) သော်၎င်း၊ ပုံစံ (၂) သော်၎င်း၊ လိုင်စင်ထုတ်ပေးရန် မသင့်တော်ဟု ထင်မြင်ယူဆလျှင်၊ မည်သည့်လိုင်စင်ကိုမျှ ထုတ်ပေးခြင်းမပြုဘဲ နေနိုင်သည်။ မည်သည့်အကြောင်းကြောင့် ထိုသို့ ထုတ်ပေးခြင်းမပြုကြောင်းကိုမူ သက်ဆိုင်ရာ အမှုတွဲတွင်း ရေးသားထားမည်။

၇။ ။ နည်းဥပဒေ ၆ အရ ကောက်ခံရန်ရှိသော လိုင်စင်အခအားလုံးကို လိုင်စင်ထုတ်ပေးခြင်း အပြုသည် ပြေလည်အောင် ထမ်းဆောင်စေရမည်။

၈။ ။ဤနည်းဥပဒေများပါ ပြဌာန်းချက်တခုခုကို သို့တည်းမဟုတ် လိုင်စင်ပုံစံပါ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်လျှင်ဖြစ်စေ လိုင်စင်ရသူသည် အာမခံပေးခွင့်မရှိသော ရာဇဝတ်ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ လိုင်စင်ထုတ်ပေးသည့် အရာရှိက ထိုလိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၉။ ။ ခရိုင်ကော်လိတ်တော် အရာရှိ၏ ခွင့်ပြုချက် အမိန့်မရရှိဘဲ လိုင်စင်ရသူတစ်ဦးသည် မိမိဆိုင်ကို အခြားသူတစ်ဦးအား တစ်ဆင့်အငှားချထားခြင်း သို့တည့်မဟုတ်မိမိ၏ လိုင်စင်ကို အခြားသူတစ်ဦးအား လွှဲပြောင်း ပေးအပ်ခြင်း မပြုလုပ်ရ။

၁၀။ ။ ရောင်းချခွင့်လိုင်စင်ရသူတစ်ဦးသည် လိုင်စင်တွင်ဖော်ပြသက်မှတ်ထားသည့် နေရာမှတစ်ပါး ၎င်း၏အရက်နှင့် ဖြစ်ရည်များကို အခြားနေရာတွင် ထားရှိခြင်း သို့တည်းမဟုတ် ရောင်းချခြင်း မပြုလုပ်ရ။

၁၁။ ။ အရက်နှင့် ဖြစ်ရည်များကို ရောင်းချရန်အတွက် အမြင့်ဆုံး လက်လီဈေးများကို ဒေသအလျောက် ခရိုင်ကော်လိပ်ကော် အရာရှိ၏ ကြိုးတင် သဘောတူညီချက်ဖြင့် နယ်ပိုင် ဝန်ထောက်က သက်မှတ်နိုင်သည်။

၁၂။ ။ လိုင်စင်အရ မဟုတ်ဘဲ သော်၎င်းသက်ဆိုင်ရာ ရွာသူကြီး၏ သို့တည့်မဟုတ် တိုက်နယ်ကုန်စည်ဥက္ကဌ၏ သို့တည့်မဟုတ် ရာဇဝတ်တရားသူကြီး တစ်ဦးဦး၏ ခွင့်ပြုချက် အမိန့်အရ မဟုတ်ဘဲ သော်၎င်း မည်သူမျှ ကွက်ခေါ် ငါးဆယ်သားဝင် ပုလင်းနှလုံး တိုင်းရင်းဖြစ် ချက်အရက်ကို မည်သည့်တစ်ကြိမ်တစ်ခါတွင်မျှ ထားရှိခြင်း မပြုရ ခွင့်ပြုချက် အမိန့်ထုတ်ပေးသော အခါ၌လည်း တစ်ကြိမ်လျှင် ခုနစ်ရက် ထက်ပိုသော ကာလအပိုင်းအခြားအတွက် ထုတ်ပေးခြင်း မပြုရ။

၁၃။ ။ ဤနည်းဥပဒေပါပြဌာန်းချက်တစ်ခုခုကို ဖောက်ဖျက်လျှင် သို့တည့်မဟုတ် ဖောက်ဖျက်အံ့ ဆဲဆဲဖြစ်သည့်ဟု ယုံကြည်လောက်သော သတင်းရရှိလျှင် သက်ဆိုင်ရာ ရွာသူကြီးသည် သို့တည့် မဟုတ် တိုက်နယ်ကောင်စီ ဥက္ကဌသည် သို့တည်းမဟုတ် ရဲအုပ်ထက် ရာထူးမနိမ့်သော ယစ်မျိုး သို့တည်းမဟုတ် ရဲဌာနမှ အရာရှိတစ်ဦးသည် မည်သည့်နေရာ သို့မဆို ဝင်ရောက်ရှာဖွေခွင့် ရရှိရမည်။ သို့ရာတွင် သိုထို့ ရှာဖွေသောအခါ ဂုဏ်သရေရှိ အခြားရပ်ရွာ အဖွဲ့ဝင် သို့တည်းမဟုတ် တိုက်နယ် ကောင်စီ အဖွဲ့ဝင် ဖြစ်ခဲ့ပါမူ ထိုအမှုကို စစ်ဆေးစီရင် ဆုံးဖြတ်ရာတွင် မပါဝင်ရ။

၁၄။ ။ မည်သူမှာမျှ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံ(၁)နှင့် ပုံစံ(၂) လိုင်စင်တစ်မျိုးလုံး ကို ရထိုက်ခွင့် မရှိစေရ။

၁၅။ ။ လိုင်စင်ရသူသည် မိမိရောင်းချသော အရက်နှင့် ဖြစ်ရည်မျိုးကို ဆိုင်တင် အဆက်မပြတ် ထားရှိရမည်။

## ပုံစံ(၁)

ဆိုင်၏ပိုင်နက်အတွင်း သောက်ရန် မဟုတ်သော မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေ ပုဒ်မ (၁၂)အရ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ချက်လုပ်သည့်အရက်နှင့် ဖြစ်ရည်တို့အပါအဝင် နိုင်ငံခြား ဖြင့် အရက်နှင့် ဖြစ်ရည်တို့ကို အရပ်ရပ်ကုန်ဆိုင်ရှင်တို့က လက်လီရောင်းချခွင့် လိုင်စင်

ရောင်းချသူအမည် ----------<br>
ရောင်းချရာအရက်...............<br>
နယ်ပိုင်နယ်.........<br>
လိုင်စင်အမှတ်စဉ်...............

ဤလိုင်စင် ထုတ်ပေးသည့် နေ့မှ စ၍ ၁၉......... ခုနှစ် ၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ............ တွင် ဆိုင်တစ်ဆိုင် ဖွင့်လှစ်၍ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၁၂ အရ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်း ချက်လုပ်သည့်အရက်နှင့် ဖြစ်ရည် အပါအဝင် နိုင်ငံခြားအရက်နှင့် ဖြစ်ရည်တို့ကို လက်လီ ရောင်းချရန် အောက်လက်မှတ်ပါ တောင်/မြောက်ပိုင်း ချင်းတောင် ခရိုင်ကော်လိတ်တော်အရာရှိ (အရေးပိုင်း) က ............၊ မြို့နေ့၊ ........ ကို ခွင့်ပြုသည်။ ဤလိုင်စင်မှာ ၁၉....... ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ကုန်တွင် ဆုံးခန်းတိုင် ရောက်စေရမည်။

ဤလိုင်စင်အတည်ပြုလျက် ရှိနေစေရန်အတွက် လိုင်စင်ရသူသည် ၁၉၅၄ ခုနှစ် ချင်းဝိသေသတိုင်း ယစ်မျိုးနည်းဥပဒေများတွင် အောက်ပါစည်းကမ်းချက်များကိုပါ ကောင်းမွန်တည်ကြည်စွာ လိုက်နာဆောင်ရွက်ရမည်။

၁။ လိုင်စင်ရသူသည် အစိုးရထံသို့ ကြိုတင်၍ လိုင်စင်အခအဖြင့် ကျပ် ၃၀၀ (သုံးရာတိတိ) ပေးဆောင်ရမည်။

၂။ လိုင်စင်ရသူသည် အရက်နှင့် ဖြစ်ရည်များကို လိုင်စင်ရသည့် ဆိုင်အတွင်းမှသာ ရောင်းချရမည်။ ချင်းဝိသေသတိုင်းအတွင်း အခြားမည်သည့်နေရာတွင်မျှ နောက်ထပ်ဆိုင်ဖွင့်ရောင်းချရန် လိုင်စင်မရရှိစေရ။

၃။ လိုင်စင်ရသူမှာ စံတော်ဒီဂရီအောက် ၃၅ ဒီဂရီ (35 degrees under proof) ထက် မပြင်းသည့် ဂျင်အရက်ဖြစ်စေ၊ စံတော်ဒီဂရီ ၂၅ ဒီဂရီ (25 degrees under proof) ထက် မပြင်းသည့် အခြားရက်တမျိုးကို ဖြစ်စေ ဆိုင်တွင် ထားရှိရောင်းချခွင့် မရှိစေရ။

၄။ လိုင်စင်ရသူသည်၊ လိုင်စင်ရဆိုင်၏ ပိုင်နက်အတွင်း အရက်ကို ပေါင်းစပ်ရောနှောခြင်း၊ သို့တည်းမဟုတ် အနံ့အရသာ ထည့်သွင်းခြင်း၊ သို့တည်းမဟုတ် အရောင်အသွေးတင်ခြင်းများကို မပြုလုပ်ရ။

၅။ အရက်ပြန်ပါသော မည်သည့်အရက်ကိုမဆို၊ ပုလင်းသို့ထည့်သွင်း၍ ရောင်းချလျှင်၊ ၎င်းပုလင်းများကို နယ်ပိုင်ဝန်ထောက်၏ ရှေ့မှောက်၌ ချိပ်တံဆိပ် ရိုက်နှိပ်ရမည်။

၆။ လိုင်စင်ရသူသည်၊ လူတဦးတယောက်သို့ တကြိမ်လျှင် အရက်ကို၊ သို့တည်းမဟုတ် ဖြစ်ရည်ကို ပိုင့်ခေါ် အစိပ်သားငင် ပုလင်းတပုလင်းအောက်လျော့၍ ရောင်းချခြင်းမပြုရ။

၇။ လိုင်စင်ရသူသည်၊ ရောင်းချခွင့် လိုင်စင်ရရှိသော အရက်နှင့် ဖြစ်ရည်များကိုဆိုင်အတွင်း၌ ဖြစ်စေ၊ ဆိုင်၏ ပိုင်နက်တွင်ဖြစ်စေ သောက်ခွင့်မပြုရ။

၈။ လိုင်စင်ရသူသည်၊ ရောင်းချခွင့်ရရှိသော အရက်နှင့် ဖြစ်ရည်များကို နံနက်မိုးမလင်းမီအချိန်နှင့် ညနေ ခုနစ်နာရီ ထိုးပြီးသည့်နောက်အချိန်များတွင် ရောင်းချခြင်းမပြုရ။

သို့ရာတွင် အကြောင်းထူးတခုခုရှိလျှင်၊ ခရိုင်ကော်လိတ်တော် အရာရှိသည်၊ ချင်းဝိသေသတိုင်း၊ ထိုင်းမင်းကြီး၏ ကြိုတင်သဘောတူညီချက်ဖြင့် ညနေ ကိုးနာရီအချိန်အထိ ရောင်းချခွင့်ပြုနိုင်သည်။

၉။ လိုင်စင်ရသူသည်၊ ကိုယ်ဝတ်တန်ဆာနှင့် အခြားမည်သည့် ပစ္စည်းကိုမျှ အရက်နှင့် ဖြစ်ရည်များအတွက် အတိုးငွေအဖြစ်ဖြင့် လက်မခံရ။

၁၀။ လိုင်စင်ရသူသည်၊ အောက်ပါအတိုင်း မြန်မာဘာသာ၊ ဆိုင်တည်ရာအရပ်၌ သုံးစွဲသော ချင်းဘာသာ နှစ်ဘာသာဖြင့် လိပ်စာကမ္ဗည်း ( Sign Board) ရေးသား၍ ဆိုင်ဝတွင် အစဉ်မပြတ်ပြထားရမည်။

(ရောင်းချသူအမည်)

" ဆိုင်၏ ပိုင်နက်တွင် သောက်ရန်မဟုတ်သော အရက်နှင့် ဖြစ်ရည်များကို လက်လီရောင်းချခွင့် လိုင်စင်ရသည်။"

ထို့ပြင် နည်းဥပဒေ ၁၁ အရ သတ်မှတ်သော ဈေးနှုန်းများကို အများမြင်နိုင်သည့် နေရာတွင် ရေးသားဖော်ပြရမည်။

၁၂။ လိုင်စင်ရသူသည် သက်ဆိုင်ရာ အာဏာပိုင်တို့၏ အမိန့်အရ ဆောင်ရွက်သော ယစ်မျိုးအရာရှိ၊ သို့တည်းမဟုတ် ရဲအရာရှိတစ်ဦးဦးက စစ်ဆေးရန် ဆင့်ဆိုလျှင်၊ လိုင်စင်ကို ထုတ်ပြရမည်။ ထိုသို့အမိန့်နှင့် လာရောက်သော အရာရှိများကို ဆိုင်အတွင်းသို့ နေ့ညမရွေး မည်သည့်အချိန်မဆို ဝင်ရောက်ခွင့်ပြုရမည်။

၁၃။ လိုင်စင်ရသူသည်၊ သို့တည်းမဟုတ် ၎င်းနှင့် ကုန်ဖက်စပ်လုပ်သူသည်၊ သို့တည်းမဟုတ် ၎င်း၏ ကိုယ်စားလှယ်သည်၊ သို့တည်းမဟုတ် ဤလိုင်စင်ထုတ်ပေးသည့် ဆိုင်၏ ပိုင်နက်အတွင်း ခိုင်းစေခြင်းခံရသူသည်၊ အထက်ဖော်ပြပါ စည်းကမ်းချက်တခုခုကို ဖောက်ဖျက်လျှင်၊ဤလိုင်စင်ကို တောင်/မြောက်ပိုင်း ချင်းတောင်ခရိုင်၊ ကော်လိတ်တော် အရာရှိ(အရေးပိုင်)က ပယ်ဖျက်နိုင်သည်။

**ကော်လိတ်တော်အရာရှိ၊**

**တောင်/မြောက် ပိုင်းချင်းတောင်ခရိုင်၊ (အရေးပိုင်။)**

**-----------------------------------------မြို့**

**၁၉------ခုနှစ်၊ ------------------လ---------ရက်။**

# ပုံစံ(၂)

ဆိုင်၏ ပိုင်နက်အတွင်း သောက်ရန်ဖြစ်စေ၊ ၎င်းမှ ရွှေ့ပြောင်းထုတ်ယူရန် ဖြစ်စေ၊ တိုင်းရင်းဖြစ်အရက်ချက်လုပ်ခွင့်နှင့် လက်လီရောင်းခွင့် လိုင်စင်

ရောင်းချသူအမည်- ...............
ရောင်းချင်ရာအရပ် ...............
နယ်ပိုင်နယ် ...............
လိုင်စင်အမှတ်စဉ် ...............

ဤလိုင်စင် ထုတ်ပေးသည့် နေ့မှစ၍ ၁၉............... ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက်နေ့အထိ .........တွင် ဆိုင်တဆိုင်ဖွင့်လှစ်လျက် တိုင်းရင်းဖြစ်အရက်ချက်လုပ်၍ လက်လီရောင်းချရန် အောင်လက်မှတ်ပါ တောင်/ မြောက်ပိုင်း ချင်းတောင်ခရိုင်၊ ကော်လိတ်ထော်အရာရှိ(အရေးပိုင်) က............... ၊ နယ်ပိုင်နယ်၊ တိုက်နယ်အမှတ် ရှိ ၊ ရွာ............... နေ၊ ကိုခွင့်ပြုသည်။ ဤလိုင်စင်မှာ ၁၉............... ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ကုန်တွင် ဆုံးခန်းတိုင်ရောက်စေရမည်။

ဤ လိုင်စင်အတည်ဖြစ်လျက်ရှိနေစေရန်အတွင် လိုင်စင်ရသူသည့်၊ ၁၉၅၄ ခုနှစ်၊ ချင်း ဝိသေသတိုင်းယစ်မျိုးနည်းဥပဒေများအပြင်၊ အောက်ပါ စည်းကမ်းချက်များကိုပါ ကောင်မွန်စွာ တည်ကြည်စွာ လိုက်နာဆောင်ရွက်ရမည်။

၁။ လိုင်စင်ရသူသည်၊ ဤ လိုင်စင်အတွက် ကျသင့်သော လိုင်စင်အခကို အစိုးရထံသို့ ကြိုတင်ပေးဆောင်ရမည်။

၂။ လိုင်စင်ရသူသည်၊အရက်များကို ဤလိုင်စင်ထုတ်ပေးသော ဆိုင်၏ပိုင်နက်အတွင်းမှသာ ရောင်းရမည်။ ချင်းဝိသေသနတိုင်း အခြားမည့်သည်နေရာအရပ်တတွင် မျှရောင်းချခြင်းမပြုရ၊ ထို့ပြင် ဒုတိယအဆိုင်တဆိုင်ကိုလည်း မဖွင့်ရ။

၃။ သက်ဆိုင်ရာ ရွာသူ့ကြီး၏ သို့တည်းမဟတ် တိုက်နယ်ကောင်စီဝင်၏ ဥက္ကဋ္ဌ၏ သို့တည်းမဟုတ် ရဲဌာနအုပ်၏ ခွင့်ပြုချက် အမိန့်မပါရှိဘဲ၊ မည်သူကိုမျှ တကြိမ်လျှင် ကွပ်ခေါ် ငါးဆယ်သား နှစ်ပုလင်း \ ထက်ပို၍ အရက်မရောင်းရ။

၄။ လိုင်းစင်ရသူသည့်၊ နံနက်မိုးမလင်းမီ အချိန်နှင့် ညနေကိုးနာရီထိုးပြီးသည့်နောက် အချိန်များတွင် မိမိ၏ဆိုင်ကို ဖွင့်လှစ်ခြင်း၊ သို့တည့်မဟုတ် ဆိုင်တွင် အရက်ရောင်းချခြင်းများကို မပြုလုပ်ရ။ သို့ရာတွင် ချင်းဝိသေသနတိုင်းမင်းကြီး၏ ကြိုတင်သဘောတူညီချက်ကို ရရှိလျှင်၊ ခရိုင်ကော်လိတ်တော် အရာရှိသည်၊ လိုင်စင်ထုတ်ပေးသည့်အခါ၊ အထက်တွင် သတ်မှတ်သော ကိုးနာရီထက်သည့်အချိန်ကို သတ်မှတ်နိုင်သည်။

၅။ ခရိုင်ကော်လိတ်တော် အရာရှိ ( အရေးပိုင်)၏ ခွင့်ပြုချက် အမိန့် မရရှိဘဲ၊ လိုင်စင် ရသူတစ်ဦးသည်၊ မိမိ၏ဆိုင်ကို အခြားသူတဦးအား တဆင့် အငှားချထားခြင်း၊ သို့တည်းမဟုတ် မိမိ၏ လိုင်စင်ကို အခြားသူတဦးအား လွှဲပြောင်းပေးအပ်ခြင်း မပြုလုပ်ရ။

၆။ လိုင်စင်အရ ရောင်းချသော ချက်အရက်များကို သန့်ရှင်းစင်ကြယ်စွာ သိုလှောင်ထားရှိရမည့်ပြင် ကျန်းမာရေးချို့တဲ့ ညံ့ဖျင်းစေတတ်သော အရာဝတ္ထုများနှင့် ရောစပ်ခြင်းကို မပြုရ။

၇။ အရက်ရောင်းချခွင့် လိုင်စင်ရရှိသော ဆိုင်အတွင်းတွင် အခြားမည်သည့် ကုန်ပစ္စည်းမျိုးကိုမျှ ရောင်းချခြင်းမပြုရ။

၈။ လိုင်စင်ရသူသည် အောက်ပါအတိုင်း မြန်မာဘာသာ၊ ဆိုင်တည်ရာအရပ်၌ သုံးစွဲသော ချင်းဘာသာ နှစ်ဘာသာဖြင့် လိပ်စာကမ္ဘည်း (Sign Board) ရေးသား၍ ဆိုင်အတွင်း အစဉ်မပြတ် ပြထားရမည်။

( ရောင်းချသူအမည်)

" တိုင်းရင်းဖြစ် ချက်အရက်များကို ဆိုင်၏ ပိုင်နက်အတွင်း၌ သောက်ရန်ဖြစ်စေ၊ ၎င်းမှ ရွှေ့ပြောင်းထုတ်ယူရန်ဖြစ်စေ ချက်လုပ်ခွင့်နှင့် လက်လီရောင်းချခွင့် လိုင်စင်ရသည်။ "

ထို့ပြင် လက်လီရောင်းချရမည် ဈေးနှုန်းများကို အများမြင်နိုင်သည့် နေရာတွင် အသေးစိတ်ရေးသာဖော်ပြရမည်။

၉။ လိုင်စင်ရသူသည်၊ သက်ဆိုင်ရာ အာဏာပိုင်တို့၏ အမိန့်အရဆောင်ရွက်သော ယစ်မျိုးအရာရှိ၊ သို့တည်းမဟုတ် ရဲအရာရှိတဦးဦးက စစ်ဆေးရန် ဆင့်ဆိုလျှင်၊ လိုင်စင်ကို ထုတ်ပြရမည်။ ထို့သို့ အမိန့်နှင့် လာရောက်သော အရာရှိများကို ဆိုင်တွင်းသို့ နေ့ညမရွေး မည်သည့်အချိန်မဆို ဝင်ရောက်ခွင့်ပြုရမည်။

၁၀။ လိုင်စင်ရသူသည်၊ သို့တည်းမဟုတ် ၎င်းနှင့် ကုန်ဖက်စပ်လုပ်သူသည်၊ သို့တည်းမဟုတ် ၎င်း၏ ကိုယ်စားလှယ်သည်၊ သို့တည်းမဟုတ် ဤလိုင်စင်ထုတ်ပေးသည့် ဆိုင်၏ပိုင်နက်အတွင်း နိုင်းစေခြင်းခံရသူသည်၊ အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်လျှင် ဤလိုင်စင်ကို တောင်/မြောက် ပိုင်း ချင်းတောင်ခရိုင်၊ ကော်လိတ်တောင်အရာရှိ ( အရေးပိုင်)က ပယ်ဖျက်နိုင်သည်။

**ကော်လိတ်အရာရှိ**
**တောင်/မြောက် ပိုင်းချင်းတောင်ခရိုင် (အရေးပိုင်) မြို့**
**၁၉ ----- ၊ ခုနှစ်၊ လ------ ၊------ ရက်။**

## သစ်တောနည်းဥပဒေ ၂၇ အရ မြို့များ၏ ပတ်ဝန်းကျင်များမှ သစ်တောများကို ကာကွယ်ခြင်း

### [ ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၄၆ ခုနှစ်၊ ဖေဖေါ်ဝါရီ ၉ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၇ ]

နောက်ထပ် ပြင်ဆင်ပြီးသော ၁၉၂၀ ခုနှစ်၊ မြန်မာပြည် သစ်တော အင်ဥပဒေ ပုဒ်မ ၃၃ (၂) (ခ) အရ၊ ထုတ်ပြန်ထားသော နည်းဥပဒေ ပုဒ်မ ၂၇ ၌၊ ညွှန်ကြားထားသည့်အတိုင်း ယခုဤကြော်ငြာကို ထုတ်ပြန်ကြော်ငြာသော နေ့မှစ၍၊ ဆိုင်ရာအရေးပိုင်၊ သို့မဟုတ် ဆိုင်ရာသစ်တောအရေးပိုင်တို့၏ အခွင့်ပြုသော လက်မှတ်ပါသော သူမှတပါး၊ မည်သူမဆို အောက်ပါသတ်မှတ်ထားသော အရပ်ဒေသ အကွက်များတွင် မည်သည့်သစ်ပင်၊ ဝါးပင်တို့ကို ခုတ်ထစ်ပျက်စီးအောင် ပြုခြင်းသော်၎င်း၊ မီးရှို့ခြင်းသော်၎င်း၊ အခြားသောနည်းအားဖြင့် သေကြေပျက်စီးအောင် ပြုခြင်းသော်၎င်း မပြုလုပ်ရ။ ၎င်းအပြင် မိမိအလိုအလျောက် လဲပြိုနေသော သစ်ပင်ဖြစ်စေ၊ အခြားနည်းအားဖြင့် လဲပြိုပြီးဖြစ်သော သစ်ပင်၊ သစ်ကိုင်းစသည်တို့ကိုဖြစ်စေ ခုတ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ယူဆောင်ခြင်း မပြုရ။

| | | |
|---|---|---|
| ဖလမ်းမြို့ | ...... | [ နယ်နိမိတ်များမှာ ဤလက်စွဲစာမျက်နှာ (၁၁၆ မှ ၁၁၉ ထိ) |
| တီးတိန်မြို့ | ...... | ချင်းရေးရာဝန်ကြီးဌာန၏ ၁၉၆၀ ခုနှစ်၊ မေလ ၂၀ ရက် |
| ဟားခါးမြို့ | ....... | နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၄၇ အောက်မှ ဇယား၏ |
| ကန်ပက်လက်မြို့ | ....... | ကော်လံ (၃) ပါအတိုင်း ဖြစ်သည်။] |

## မင်းတပ်မြို့ ပတ်ဝန်းကျင်မှ သစ်တောကို သစ်တောနည်းဥပဒေ ၂၇ အရ ကာကွယ်ခြင်း

### [ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန၏ ၁၀၅၉ ခုနှစ်၊ ဖွန်လ ၂၄ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၇၉]

၁၉၂၀ ခုနှစ်၊ မြန်မာနိုင်ငံတော် သစ်တော အက်ဥပဒေနှင့် ထုန်ပြန်ထားသော နည်းဥပဒေများအနက်၊ နည်းဥပဒေ ၂၇ အရ၊ ချင်းတောင် သစ်တောခရိုင်၊ ပင်းတပ်မြို့ ပတ်ဝန်းကျင်ရှိ အောက်တွင်ဖေါ်ပြထားသည့် နယ်နိမိတ်များအတွင်းရှိ အစိုးရသစ်တောမြေပေါ်တွင် ပေါက်ရောက်သော တားမြစ်ရာမပါသည့် သစ်ပင်များကိုဖြစ်စေ၊ သစ်ကိုဖြစ်စေ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍၊ သက်ဆိုင်ရာ သစ်တောခရိုင်တန်၏ ခွင့်ပြုချက်အမိန်မရရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သို့မဟုတ် မီးဖြင့်သော်၎င်း၊ အခြားသောအားဖြင့်သော်၎င်း ထိခိုက်ပျက်စီးအောင် ပြုလုပ်ခြင်းတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတက တားမြစ်ထားကြောင်း ကျေညာလိုက်သည်။

---

## မတူပီမြို့ ပတ်ဝန်းကျင်မှ သစ်တောကို သစ်တော နည်းဥပဒေ ၂၇ အရ ကာကွယ်ခြင်း

### [ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန၏ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၀၉ ]

၁၉၂၀ ခုနှစ်၊ မြန်မာနိုင်ငံတော် သစ်တောအက်ဥပဒေဖြင့် ထုတ်ပြန်ထားသော နည်းဥပဒေများအနက်၊ နည်းဥပဒေ ၂၇ အရ၊ ချင်းတောင်တန်းသစ်တောခရိုင်၊ မတူပီမြို့ ပတ်ဝန်းကျင်မှ အောက်တွင် ဖေါ်ပြထားသည့် နယ်နိမိတ်များအတွင်းရှိ အစိုးရသစ်တောမြေပေါ်တွင် ပေါက်ရောက်သော တားမြစ်ရာမပါသည့် သစ်ပင်များကိုဖြစ်စေ၊ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍၊ သက်ဆိုင်ရာ သစ်တောခရိုင်ဝန်၏ ခွင့်ပြုချက် အမိန့်မရရှိဘဲ၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သို့မဟုတ် မီးဖြင့်သော်၎င်း၊ အခြားနည်းအားဖြင့်သော်၎င်း ထိခိုက်ပျက်စီးအောင် ပြုလုပ်ခြင်းတို့ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတက တားမြစ်ထားကြောင်း ကျေညာလိုက်သည်။

# အပိုင်း ၆

## နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (က)

## ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှ ကောက်နုတ်ချက်များ

# အခန်း ၉

**အပိုင်း ၅။ ။ ချင်းဝိသေသတိုင်း**

၁၉၆။ ။ နိုင်ငံတော် သမ္မတ သတ်မှတ်သော ချင်းတောင်များ ခရိုင်နှင့် ရခိုင်တောင်တန်းများ ပါဝင်သည့် ချင်းဝိသေသတိုင်း ရှိရမည်။

၁၉၇။ ။ (၁) ပါလီမန်ရှိ ချင်းအမျိုးသားများ၏ ကိုယ်စားလှယ် အမတ်အားလုံးပါဝင်သော ချင်းရေးရာကောင်စီတုကို ဖွဲ့စည်းရမည်။

(၂) ဝန်ကြီးချုပ်သည် ချင်းရေးရာကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍၊ ပါလီမန်ရှိ ချင်းအမျိုးသား၏ ကိုယ်စားလှယ် အမတ်များအနက်၊ အမတ်တဦးဦး၏ အမည်ကို တင်သွင်းသော်အခါ၊ ထိုသို့ အမည်တင်သွင်းခြင်း ခံရသော အမတ်ကို နိုင်ငံတော် သမ္မတသည်၊ " **ချင်းရေးရာဝန်ကြီး** " ဟု ခေါ်တွင်ရမည်ဖြစ်သော ပြည်ထောင်စု အစိုရအဖွဲ့ဝင် ဝန်ကြီးတဦးအဖြစ် ခန့်ထားရမည်။

(၃) ပြည်ထောင်စု အစိုးရ၏ အာဏာများကို မထိခိုက်စေဘဲ၊ ချင်းရေးရာဝန်ကြီးသည်၊ အောက်ပါအတိုင်း စီမံခန့်ခွဲညွှန်ကြား ကြီးကြပ်အုပ်ချုပ်ရမည်။

(က) ချင်းဝိသေသတိုင်း၏ အရပ်ရပ်ဆိုင်ရာ စီရင်အုပ်ချုပ်ရေး၊ ထို့ပြင် အထူးအားဖြင့်၊ ထိုဝိသေသတိုင်းတွင် အုပ်ချုပ်ရေးဆိုင်ရာ ရာထမ်းမှုထမ်းများ ခန့်ထားခြင်း၊ နေရာချခြင်း၊ ရွှေ့ပြောင်းပေးခြင်း၊ ထိုရာထမ်းမှုထမ်းများ စည်းကမ်းသေဝပ်ခြင်း။

(ခ) ချင်းဝိသေသတိုင်းတွင် ပညာသင်ကျောင်းများနှင့်တကွ၊ ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် သက်ဆိုင်သော ကိစ္စများ။

(၄) ချင်းရေးရာဝန်ကြီးအား၊ မိမိ၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာတွင် ချင်းရေးရာဝန်ကောင်စီက ကူညီရမည်။ အကြံပေးရမည်။

(၅) ပါလီမန်အမတ်အဖြစ်မှ ရပ်စဲသော ချင်းရေးရာကောင်စီ အမတ်တဦးသည်၊ ကောင်စီ၌လည်း ကောင်စီအမတ်အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်။ သို့ရာတွင် ထိုကောင်စီအမတ်သည် မိမိအား ဆက်ခံမည့်သူကို ရွေးကောက်တင်မြှောက်ပြီးသည့်တိုင်အောင် မိမိတာဝန်ဝက်တရားများကို ဆက်လက်ဆောင်ရွက်နိုင်သည်။

၁၉၈။ ။ ဤအခြေခံ ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ချင်းရေးရာဝန်ကြီးနှင့် ချင်းရေးရာကောင်စီတို့၏ အာဏာနှင့် တာဝန်ဝတ်တရားများ၊ ဆိုင်ရာကိစ္စအားလုံးကိုငှင်း၊ ထိုဝန်ကြီးနှင့် ထိုကောင်စီတို့၏ ဆက်ဆံရေးဆိုင်ရာ ကိစ္စအားလုံးကိုငှင်း၊ ထိုဝန်ကြီး၊ ထိုကောင်စီတို့နှင့် ပြည်ထောင်စုအစိုးရ၏ ဆက်ဆံရေးဆိုင်ရာ ကိစ္စအားလုံးကိုငှင်း တရားဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ရမည်။

******

# ဒုတိယ ဇယား

## လူမျိုးစုလွှတ်တော်ဖွဲ့စည်းပုံ

## (ပုဒ်မ ၈၇ ကိုကြည့်)

**လူမျိုးစုလွှတ်တော် အမတ်နေရာ ၁၂၅ နေရာရှိသည့်အနက် -**

(က) နှစ်ဆယ့်ငါးနေရာကို၊ ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ခ) တဆယ့်နှစ်နေရာကို၊ ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ဂ) ရှစ်နေရာကို၊ ချင်းဝသေသတိုင်းမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ဃ) သုံးနေရာကို၊ ကယားပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(င) (တဆယ့်ငါးနေရာကို၊ ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။)

(စ) (ခြောက်ဆယ့်နှစ်) နေရာကို၊ ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေများမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

**၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂ အရ၊ အစားထည့်သွင်းသည်။**

**နောက်ဆက်တွဲ (ခ)**
**၁၉၄၈ ခုနှစ်၊ ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေမှ ကောက်နုတ်ချက်များ**
**အခန်း ၁**

********

**အပိုင်း ၂။ ။ ပါလီမန်ဖွဲ့စည်းပုံ**

၃။ ။ ပြည်သူ့လွှတ်တော်တွင် အမတ်နေရာ နှစ်ရာ့ငါးဆယ်ရှိရမည်။ ထိုနေရာ နှစ်ရာ့ငါးဆယ်ကို အောက်ပါအတိုင်း သတ်မှတ်ရမည်။

(က) နှစ်ဆယ့်ငါးနေရာကို ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ခ) ခုနစ်နေရာကို ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ဂ) ခြောက်နေရာကို ချင်းဝိသေသတိုင်းမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(ဃ) နှစ်နေရာကို ကယားပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(င) ခုနစ်နေရာကို ကရင်ပြည်နယ်မှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

(စ) နှစ်ရာ့သုံးနေရာကို ပြည်ထောင်စု မြန်မာနိုင်ငံရှိ ကျန်နယ်မြေများမှ ကိုယ်စားလှယ်များဖြင့် ဖြည့်သွင်းရမည်။

၄။ ။ လူမျိုးစုလွှတ်တော်၏ အမတ်နေရာ အရေအတွက်သည် အခြေခံဥပဒေရှိ ဒုတိယဇယား၌ သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

********

**နောက်ဆက်တွဲ (ခ)။ ။ အဆက်**

**ဒုတိယ ဇယား**

**ပြည်သူ့လွှတ်တော်**

**အပိုင်း ၃။ ။ ချင်းဝိသေသတိုင်း**

| **အမှတ်စဉ်** | **မဲဆန္ဒနယ် အမည်** | **မဲဆန္ဒနယ်အကျယ်အဝန်း** | **အမတ် ဦးရေ** |
|---|---|---|---|
| ၁။ | တီးတိန် | တီးတိန်နယ် | ၁ |
| ၂။ | ဖလမ်း | ဖလမ်းနယ် | ၁ |
| ၃။ | ဟားခါး | (၁) တိုက်နယ်နံပါတ် ၆ လိုတို(Lawto) တိုက်နယ်မှ နာရိန်း (Naring) နှင့် ဖါသိုင် (Farten) ကျေးရွာများ၊ (၂) တိုက်နယ်နံပါတ် ၇ မိရမ် (Miram) တိုက်နယ်မှ တီချုံလိုင်လင် (Ti Chung Lailen)၊ လာဦး (La U)၊ ငဖိုင်ပိ (Nga Phai Pi)၊ ငဖိုင်တဲ (Nga Phai Te)၊ လုန်စွေပိ (Lung Cawi Pi)၊ နှင့် လုန်စွေတဲ (Lung Cawl Te) ကျေးရွာများကို ချန်လှပ်၍၊ ဟားခါးနယ်။ | ၁ |
| ၄။ | ကန်ပက်လက် | ကန်လက်လက် ဆဗ္ဗဒီဝိဇ်နယ် | ၁ |
| ၅။ | ပလက်ဝ | ပလက်ဝ ဆဗ္ဗီဒီဝိဇ်နယ် | ၁ |
| ၆။ | မတူပီ | (၁) မတူပီ ဆဗ္ဗဒီဝိဇ်နယ်နှင့် (၂) မြောက်ပိုင်း ချင်းတောင်ခရိုင်၊ ဟားခါး ဆဗ္ဗဒီဝိဇ်နယ်ရှိ -<br>(၁) တိုက်နယ် နံပါတ် ၆ လိုတို (Lauto) တိုက်နယ်မှ နာရိန်း (Naring) နှင့် ဖါသိုင် (Farthen) ကျေးရွာများ၊ (၂) တိုက်နယ် နံပါတ် ၇ မိရမ် (Miram) တိုက်နယ်မှ တီချုံလိုင်လင် (Ti Chung Lailen)၊ လာဦး (La U)၊ ငဖိုင်ပိ (Nga Phai Pi)၊ ငဖိုင်တဲ (Nga Phai Te)၊ လုစွေပိ (lung Cawl Pi) နှင့် လုန်စွေတဲ (Lung Cawi Te) | ၁ |

## နောက်ဆက်တွဲ (ခ)။ ။ အဆက်

## တတိယ ဇယား

******

## လူမျိုးစုလွှတ်တော်

## အပိုင်း ၃။ ။ ချင်းဝိသေသတိုင်း

| အမှတ်စဉ် | မဲဆန္ဒနယ်အမည် | မဲဆန္ဒနယ်အကျယ်အဝန်း | အမတ်ဦးရေ |
|---|---|---|---|
| ၁။ | တီးတိန်မြောက်ပိုင်း | တီးတိန် ဆဗ္ဗဒီဝီဇံနယ်ရှိ တိုက်နယ်အမှတ် ၂၊ ၃၊ ၄၊ ၆၊ ၇၊ ၈ နှင့် တီးတိန်တောင်ပိုင်း မဲဆန္ဒနယ်တွင်ပါဝင်သော တီးတိန် ဆဗ္ဗဒီဝီဇံမှ တိုက်နယ်အမှတ် ၁၄ ရှိ ကျေးရွာ ၁၃ ခုကို ချန်၍၊ ကျန် တိုက်နယ်အမှတ် ၁၄ ရှိ ကျေးရွာနယ်မြေများ။ | ၁ |
| ၂။ | တီးတိတောင်ပိုင်း | တီးတိန်မြို့ တီးတိန်ဆဗ္ဗဒီဝီဇံရှိ တိုက်နယ် အမှတ် ၁၊ ၅၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် တိုက်နယ်အမှတ် ၁၄ မှ ကျေးရွာ နယ်မြေ ၁၃ ခု ၎င်းတို့မှာ - (၁) ခိုင်းမော (Khuaimuai)၊ (၂) တီချာ့ချ် (Ticirh)၊ (၃) မွန်းလွှာ (Haunnlunh)၊ (၄) စော့တဲ (Cawlte)၊ (၅) လျှင်နား (Lianhna)၊ (၆) ဟိုင်ဟင်း (Heiheng)၊ (၇) ဝတ်ပေါက် (Votbvak)၊ (၁၀) သင်းလေး (Thinglei)၊ (၁၁) ခေါ်ဇင်(မ်)တဲ (Khuazinte)၊ (၁၂) ခေါ်ဇင်(မ်)ပိ (Khuazinpi)၊ (၁၃) တီဒီယ်(လ်) (Tidil)။ | ၁ |
| ၃။ | ဖလမ်း | ဖလမ်း ဆဗ္ဗဒီဝီဇံရှိ တိုက်နယ်အမှတ် ၁၊ ၂၊ ၃၊ ၅၊ ၆၊ ၉၊ ၁၀၊ ၁၂ နှင့် ဖလမ်းမြို့ | ၁ |
| ၄။ | ဟားခါးမြောက်ပိုင်း | (၁) ဟားခါး ဆဗ္ဗဒီဝီဇံရှိ ဟားခါးတိုက်နယ် အမှတ် ၁၀၊ ၁၁၊ ၁၂၊ ၁၃ နှင့် ဟားခါးတောင်ပိုင်း မဲဆန္ဒနယ်တွင် ပါဝင်သော ဟားခါး ဆဗ္ဗဒီဝီဇံရှိ တိုက်နယ်အမှတ် ၁ မှ ကျေးရွာမြေနယ် ၉ ခုကို ချိန်၍၊ ကျန်တိုက်နယ် အမှတ် ၁ ရှိ ကျေးရွာနယ်မြေများ ဟားခါး တိုက်နယ် အမှတ် ၉ မှ ဘုံထလန် (Buntlang) ကျေးရွာ၊ (၂) ဖလမ်း ဆဗ္ဗဒီဝီဇံရှိ ဖလမ်းတိုက်နယ် အမှတ် ၄၊ ၇၊ ၈ နှင့် ၁၁။ | ၁ |
| ၅။ | ဟားခါးတောင်ပိုင်း | (၁) ဟားခါးမြို့နှင့် (၂) ဟားခါးဆဗ္ဗဒီဝီဇံရှိ တိုက်နယ် အမှတ် ၁ မှ ကျေးရွာနယ်မြေ ၉ ခု၊ ၎င်းတို့မှာ - (၁) လုန်းနယ်း (Lungnam)၊ (၂) ဖီရာထိ (Fiarti)၊ (၃) ဖါးရွန် (Farrawn)၊ (၄) အိုက်ဘဲ့ (Aive)၊ (၅) ဒိုချင် (Dochin)၊ (၆) ဘန်ဟား (Vanha)၊ (၇) နားလွန်း (Hniarlawn)၊ (၈) နားဘူ(လ်) (Hnabuai) (၉) ဖိုင်း (Phai) နှင့် ချွန်ကျွန်းရွာ (Chuncung) ကို ချန်လှပ်ထားသည့် တိုက်နယ်အမှတ် ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ဘုံတလန် (Bungtlang) ကျေးရွာကို ချန်လှပ်ထားသည့် တိုက်နယ် အမှတ် ၉။ | ၁ |
| ၆။ | ကန်ပက်လက် | ကန်ပက်လက် ဆဗ္ဗဒီဝီဇံနယ် | ၁ |
| ၇။ | ပလက်ဝ | ပလက်ဝ ဆဗ္ဗဒီဝီဇံနယ် | ၁ |
| ၈။ | မတူပီ | မတူပီ ဆဗ္ဗဒီဝီဇံနယ် | ၁ |



# ချင်းလူငယ်များ အကြံပေးချက်

ပူးလျန်အုပ်

# နိဒါန်း

**သို့မဟုတ်**
**ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့သို့ပေးစာ**
**၁၉၈၉ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခဲ့စဉ်က တင်ပြသည့် ပြန်ကြားလွှာ**

ချင်းလူငယ်များ အကြံပေးချက်စာတမ်းသည် ချင်းအမျိုးသားနိုင်ငံရေးသမိုင်းကို တခေတ် ဆန်းသစ် စေသော သမိုင်းဝင်ချင်းအမျိုးသား နိုင်ငံရေးသမိုင်းမှတ်တိုင်တရပ်ဖြစ်ပေသည်။ ထို့ကြောင့် မျိုးချစ်ချင်း အမျိုးသားတိုင်း မလေ့လာ၍ မဖြစ်သော စာတမ်းဖြစ်ရုံသာမက၊ လာလတ္တံ့သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ တစေ့တစောင်းလေ့လာဖတ်ရှုကိုးကားမှု ပြုနိုင်ရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအတွက် အကန့်အသတ် ပြန်လည်ပြုစုပေးခြင်းဖြစ်ပါသည်။

ဤစာတမ်း၌ ပင်လုံစာချုပ်တွင် တန်းတူရည်တူပါဝင်သော တိုင်းရင်းသားလူမျိုး အမျိုးသား များအပေါ် ပြည်မမြန်မာအမျိုးသားများက ဗမာလူမျိုးကြီးဝါဒကျင့်သုံးသည်ဟု ဝေဖန်ရေးသားရာ၌ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ပြည်နယ်အမျိုးသားများအပေါ် နစ်နာမှု မြောက်များစွာ ဖြစ်ပေါ်စေခဲ့သည်ကို ကုစားနိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြန်လည်ရေးဆွဲရန် မည်မျှလိုအပ်နေကြောင်း၊ အရေးကြီးလေးနက်ပုံကို တင်ပြသက် သေထူခြင်းသာ ဖြစ်ပါသည်။ မြန်မာအမျိုးသားများအပေါ် မုန်းတီးစိတ်ဖြင့် တင်ပြရေးသားခြင်းလုံးဝ မဟုတ်ပါ။

ပြည်ထောင်စုမြန်မာနိုင်ငံရှိ လူမျိုးဘာသာဝါပေါင်းစုံ ရင်းနှီးချစ်ကြည် ငြိမ်းချမ်းစွာ အတူယှဉ် တွဲ နေထိုင်စေလိုသော စေတနာသွေးမာန်ဖြင့် ဝေဖန်သုံးသပ်ရေးသာ တင်ပြခြင်းမျှသာ ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။ ဗမာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒ ပပျောက်စေလျက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးစွာ သွေးစည်းညီးညွတ်စွာ စစ်မှန်သော ပြည်ထောင်စု စနစ်ကို တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**မှတ်ချက်။** ။ **" ချင်းလူငယ်များအကြံပေးချက်"** စာတမ်းသည် ၁၉၆၉ ခုနှစ်တွင် ပြည်တွင်း ညီညွတ်ရေး အကြံပေးအဖွဲ့သို့ တင်သွင်းသော စာတမ်းဖြစ်ပါသည်။

**မှတဆင့်-**

**ဦးထပ်လိုင် နှင့် ဦးလွန်ပုမ်း**
**ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ဝင် ချင်းအမျိုးသားများ**

သို့

ဒုပိုလ်မှူးကြီးသန်းစိန်
ဆက်သွယ်ရေးအရာရှိ
ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့
(၁၆) ဝင်ဒါမီယာလမ်း
ရန်ကုန်မြို့

**အကြောင်းအရာ။** ။ ပြည်တွင်းညီညွတ်ရေးအကြံပေးချက် တင်သွင်းပေးပို့ခြင်း။
**ရည်ညွှန်းချက်။** ။ ၉၁၆၈ ခု ဒီဇင်ဘာလ (၅) ရက်နေ့စွဲပါ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဌ ထုတ်ပြန်ကြေညာချက် အမှတ်(၇၄)။

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ သဘောထားခံယူချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားများ၏အကြံပေးချက်ကို တကယ်ရယူလိုကြောင်း အကြွင်းမဲ့ ယုံကြည်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်နေထိုင်ကြကုန်သော လူမျိုးအပေါင်းတို့သည် မိမိတို့ဘာသာစကား၊ ယဉ်ကျေးမှု၊ဓလေ့ထုံးစံနှင့် ခေတ်ပေါင်းများစွာ သီးခြားနေထိုင်လာခဲ့ကြသူများ ဖြစ်ကြသည်။ သို့သော် ယင်းလူမျိုးပေါင်းစုံတို့သည် တမြေတည်းနေ တရေတည်းသောက်ရသော လူမျိုးပေါင်းစုံအဖြစ် မြစ်၊ ချောင်း၊ မြောင်း သဘာဝက ဖန်တီးပေးမှုကြောင့် လူမျိုးတမျိုးနှင့် တမျိုးသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသော စကားပုံနည်းတူ လူမျိုးတစ်မျိုးနှင့် တစ်မျိုး အပြန်အလှန် အမှီသဟဲပြုနေကြရပါသည်။

အင်္ဂလိပ်နယ်ချဲ့သမားများ ဝင်ရောက်လာချိန်၌ ယင်းလူမျိုးပေါင်းစုံ ပူးပေါင်း၍ တစ်အင်တစ်အား ခုခံတိုက်ခိုက် တိုင်ထုတ်ခြင်း၊ မပြုခဲ့ဘဲ၊ တကွဲတပြားစီ ခုခံတိုက်ခိုက်ခဲ့ကြသောကြောင့် လူမျိုးပေါင်းစုံ တို့သည် နယ်ချဲ့အင်္ဂလိပ်များ၏ ကျွန်းဘဝသို့ ဆိုက်ရောက်ခဲ့ရသည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်း နှင့် ပြည်ထောင်စုခေါင်းဆောင်ကြီးများသည် လူမျိုးပေါင်းစုံကို စည်းရုံးရခြင်းဖြစ်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက် ပင်လုံစာချုပ်က အကောင်အထည်ဖော်ခဲ့သော၊ ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကပင် ယင်းပင်လုံစာချုပ် မျှော်မှန်းချက်အားလုံးကို ဖောက်ဖျက်ခဲ့သဖြင့် ပြည်ထောင်စု၏စည်းလုံးညီညွတ်မှုသည် တနစ်ထက်တနစ် ပျက်ပြားလာစေခဲ့သည်။ ပြည်ထောင်စုလူမျိုးပေါင်းစုံထာဝစဉ်တည်တံ့ခိုင်မြဲရေးနှင့် ကြီးပွားတိုးတက်ရေးသည် ယနေ့ပြည်ထောင်စု လူမျိုးပေါင်းစုံ တန်တူညီမျှစွာ စည်းလုံးညီညွတ်မှုအပေါ်၌ လုံးဝတည်နေကြောင်း ပြည်ထောင်စုသူ ပြည်ထောင်စုသားတိုင်း သဘောပေါက်ရန် အထူးလိုအပ်သည်။

ပြည်ထောင်စုလူမျိုးပေါင်းစုံ၏ စည်လုံးညီညွတ်မှုတည်ဆောက်ရေးကို စဉ်းစားရာ၌ ပြည်ထောင်စု စည်းလုံးညီညွတ်မှုသည် မည်သည့် ချို့ယွင်းချက်မှုများကြောင့် ပျက်ပြားလာပြီး မည်ကဲ့သို့ ပြင်ဆင်မှုပြုလုပ်ရမည် ဟူသော လေ့လာသုံးသပ်မှုသည် အမှန်လိုအပ်သော လုပ်ငန်းစဉ်တရပ် ဖြစ်နေသည်။ ထို့ကြောင့် ပြည်ထောင်စုဖွဲ့စည်းရန် စာချုပ်ဖြစ်သော ပင်လုံစာချုပ်ကို အကောင်အထည်ဖော်သည့် ၁၉၄၇ ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ကို အကောင်အထည်ဖော်သည့် ၁၉၄၇ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် လွတ်လပ်ရေးရပြီးဖြစ်စဉ်များသည် ပြန်လည်ဝေဖန်သုံးသပ်မှု မပြုလုပ်ဘဲ မနေအပ်သော ပြည်ထောင်စု စည်းလုံးညီညွတ်ရေး၏ အကြောင်းရင်းဖြစ်နေသည်။ သို့ဖြစ်၍ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံတွင် မည်သို့သော ချို့ယွင်းချက်များ ရှိကြောင်းကို လေ့လာသုံးသပ်၍ တင်ပြအပ်ပါသည်။

မိမိတို့တွင် တိုင်းရင်းသားလူမျိုးစုများပီပီ မြန်မာဘာသာစကားသည် မိမိတို့၏ မွေးရာပါ ဘာသာ စကား မဟုတ်သောကြောင့် ယဉ်ကျေးသိမ်မွေ့သော ဝေါဟာရ အသုံးအနှုန်းနှင့် တင်ပြပုံတင်ပြနည်း ပရိယာယ်တို့ကို မလုပ်တတ်ဖြစ်နေပါသည်။ ထို့ကြောင့် စကားလုံး အသုံးအနှုန်း လွဲမှား၍ အထင်အမြင်မလွဲ မှားပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

ဤတင်ပြချက်များသည် မည်သို့မျှ၊ မည်သူ့ကိုမျှ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲသဘောဖြင့် ရေးသားတင်ပြခြင်း လုံးဝမဟုတ်ဘဲ ချင်းပြည်သူလူထု(ပြည်မနေ ချင်းအမျိုးသားများ အပါအဝင်) တရပ်လုံး၏ အတွေ့အကြုံ များအရ ပြည်ထောင်စုလူမျိုးပေါင်းစုံ စည်းရုံးညီညွတ်မှု တည်ဆောက်ရေးအတွက် အထိရောက်ဆုံးနှင့် တရားမျှတမှုအဖြစ်နိုင်ဆုံးဟု ယုံကြည်ရသော "မူ" ကို လက်တွေ့ကျင့်သုံးနိုင်ရန် အဖြစ်နိုင်ဆုံးနည်းဟု ယူဆရသော အကြောင်းအချက်များကို ရိုးသားစွာဖြင့် ပွင့်ပွင့်လင်းလင်း ဖော်ပြရေးသား တင်ပြရခြင်း ဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသား လူမျိုးတမျိုးအပေါ်တမျိုးက သံသယစိတ်မထားဘဲ မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပါက ကျနော်တို့၏ တင်ပြချက်များကို ကျင့်သုံးလိုက်နာရန် ဖြစ်နိုင်သည်ဟု ယုံကြည်သည့်အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးကိုလည်း ဧကန်မုချ ရရှိနိုင်မည်ဟု ခံယူချက်တင်ဆက် အပ်ပါသည်။ ထိုသို့ လိုက်နာကျင့်သုံးမှသာလျှင် ပြည်ထောင်စုသားအချင်းချင်း စေတနာဖြင့် ပေးရသူ အိမ်ရှင်နှင့် စေတနာ နှင့် အပေးခံရသူ လက်ဝေခံဧည့်သည်ဟူ၍ ခွဲခြားမှုပျောက်ကွယ်ပြီး ပြည်ထောင်စု လူမျိုးပေါင်းစုံ အိမ်ရှင်ဘဝသို့ ရောက်ရှိ၍ စစ်မှန်သော ပြည်ထောင်စု၊ စစ်မှန်သော တည်တံ့ခိုင်မြဲသည့် ပြည်တွင်းညီညွတ်မှုရ၍ သာယာဝပြောသော လောကသို့ ရောက်ရှိနိုင်မည်ဟု ယုံကြည်ကြောင်းကို ထပ်မံ၍ တင်ဆက်အပ်ပါသည်။

**လေးစားစွာဖြင့်**

**ချင်းလူငယ်များ**

# ပင်လုံစာချုပ်ဖြစ်ပေါ်လာရခြင်း အကြောင်းတရားများ

ကမ္ဘာပေါ်တွင်ရှိသော လူသားနှင့် သတ္တဝါအပေါင်းတို့သည် ဤကမ္ဘာလောက၏ ထာဝစဉ်ကွဲပြား ပြောင်းလဲတက်သော သဘာဝအခြေအနေကို လိုက်၍ မိမိ၏နေရပ်ဒေသ၊ ရေမြေတောတောင် သဘာဝ ပတ်ဝန်းကျင်၊ အချိန်အခါကျစွာနှင့် အလိုက်သင့်အောင် နေထိုင်ကျက်စား အသက်ရှင်လာရခြင်း အကြောင်းကို အမြောက်အများ ရေးသားဖော်ပြကြသည်။

ဤကဲ့သို့လျှင် သဘာဝက ဖန်တီးပေးသော ရေမြေသဘာဝပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် လိုက်လျောညီထွေအောင် နေထိုင်ကျက်စားလာကြရာမှ "လူ" ဟူ၍ ဖြစ်ပေါ်လာသော်လည်း အသွေးအရောင်၊ ခန္ဓာတည်ဆောက်ပုံ၊ ဓလေ့ထုံးစံ၊ ဘာသာစကားမှအစ အတွေးအခေါ် လူမှုဆက်ဆံပုံ ဆက်ဆံနည်းအထိ ကွဲပြားခြားနားလာကြရကြောင်း' သိရှိရပါသည်။ ယင်းသို့ အသွေးအရောင်၊ ခန္ဓာတည် ဆောက်ပုံ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် တွေးခေါ်ပုံ၊ ဆက်ဆံပုံ ဆက်ဆံနည်း သဘာဝချင်းတူညီ သော အုပ်စုများကို လူမျိုးစုများဟု ကမ္ဘာတွင် အသိမှတ်ပြုလာကြကြောင်း ရေးသားဖော်ပြကြသည်။

ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံတို့သည် ဤသို့သော သဘာဝပတ်ဝန်းကျင် အသိုင်းအဝိုင်းကွဲပြားခြားနားမှုအပေါ် မူတည်ပြီး တဘက်နှင့်တဘက်၊ တစ်ဒေသနှင့် တစ်ဒေသ၊ ဘာသာစကား၊ ယဉ်ကျေးမှု မတူညီသော ကွဲပြားမှုအပေါ် အခြေခံ၍ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်းနှင့် ရခိုင် စသည်ဖြင့် လူမျိုးတစ်မျိုးစီအဖြစ် ရပ်တည်လျက် ရှိနေသည်။ တစ်နည်းဆို သော်ငြား တိုင်းရင်းသားအသီးသီးတွင် မတူညီသော သီးသန့်လက္ခဏာရှိမှုများကို အစွဲပြုပြီး ဤသို့ လူမျိုးတစ်မျိုးစီအဖြစ် ရပ်တည်နေကြရခြင်း ဖြစ်နေပေသည်။ ထို့ကြောင်း ဤလူမျိုး တစ်မျိုးစီအဖြစ် ရပ်တည်နေရခြင်းသည် သဘာဝက ဖန်တီးပေးမှုပင် ဖြစ်နေသည်။

ဤသို့ သဘာဝဖန်တီးပေးမှုကြောင့် သီးခြားလူမျိုးတစ်မျိုးစီအဖြစ် ရပ်တည်နေရခြင်းမှ အားလုံးက အားလုံးက လူမျိုးတစ်မျိုးတည်း ဖြစ်သွားအောင် ပြုလုပ်ဆောင်ရွက်ခြင်းထက် ယခုကဲ့သို့ သဘာဝဖန်တီး ပေးခဲ့သော ကွဲပြားမှုကိုသာ ဆက်လက်ထိန်းသိမ်းတိုးတက်စေနိုင်ခြင်းက ပိုမို၍ သဘာဝကျသည်ဟု ယူဆကြသည်။ ထို့ကြောင့် ပြည်ထောင်စု တစ်ဝှန်းလုံးရှိ လူမျိုးပေါင်းစုံ တမျိုးတည်းဖြစ်သွားရေးအတွက်၊ လူမျိုးပေါင်းစုံ ချင်းလူမျိုးဖြစ်ရေး၊ ချင်းလူမျိုးကြီးစိုးရေး (သို့တည်းမဟုတ်) လူမျိုးပေါင်းစုံ မြန်မာဖြစ်ရေး၊ မြန်မာလူမျိုးကြီးစိုးရေး (သို့တည်းမဟုတ်) လူမျိုးပေါင်းစုံ ရှမ်းဖြစ်ရေး၊ ရှမ်းလူမျိုးကြီးစိုးရေး စသည်ဖြင့် ဆောက်ရွက်ချက်မျိုးသည် သဘာဝနှင့် ဆန့်ကျင်ပြီး ပြည်ထောင်စုလူမျိုးပေါင်းစုံ၏ ဆန္ဒနှင့်လည်း လုံးဝဆန့်ကျင်နေမည်သာ ဖြစ်ပေသည်။

"A Group of Society which has only one race, one culture, one religion, may seem to be fairly happy, but it is certainly stagnant and dormant and doesn't contribute anything to mankind" ဟူသောအဆိုလည်း ရှိနေပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြရသော တိုင်းရင်းသားလူမျိုး ပေါင်းစုံတို့အား လူမျိုးတစ်မျိုးတည်းကသာ အုပ်ချုပ်ကြီးစိုးရေး ဆိုသော မူတည် ဖြစ်နိုင်/မဖြစ်နိုင် ဆိုသော အကြောင်းနှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပေါ်လာပုံ သမိုင်းအခြေခံကိုလည်း အစဉ် ထည့်သွင်း စဉ်းစားအပ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိနေသောလူမျိုးအပေါင်းတို့သည် ဗြိတိသျှနယ်ချဲ့ သမားများ ရောက်မလာမီ ခေတ်အဆက်ဆက်ကပင် မိမိတို့၏ ရေမြေသဘာဝ အသိုင်းအဝိုင်းနှင့် နေထိုင်ခဲ့သည်သာမက ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့် စနစ်နှင့် မိမိတို့ဘာသာ မိမိတို့အုပ်ချုပ်နေထိုင်ခဲ့ကြသည်။ ယခုအခါ **ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင်** စသည်ဖြင့် ရပ်တည်နေရခြင်းသည် ၎င်းတို့၏ ရှည်လျားလှသော သမိုင်းတလျှောက်တွင် သီးသန့်ရပ်တည်နေထိုင်နိုင်ခဲ့မှုသာဓက သက်သေခံတရပ် ဖြစ်နေပေသည်။

ဗြိတိသျှနယ်ချဲ့သမားများရောက်လာသောအခါတနေရာပြီးတနေရာ၊ ပြည်တပြည်ပြီးနောက် တပြည် စသည်ဖြင့် သိမ်းပိုက်အုပ်စိုး လာခဲ့သည်။ ဥပမာ - မြန်မာပြည်ကို ၁၈၈၅ ခုနစ်တွင် အားလုံး သိမ်းပိုက်နိုင်သော်လည်း ချင်းပြည်သည် မိမိတို့ဘာသာမိမိတို့ ကိုယ့်မင်ကိုယ့်ချင်းဖြင့် အုပ်ချုပ်နေဆဲပင် ဖြစ်သည်။ မြန်မာဘုရင်၏ မန္တလေး နေပြည်တော်ကို နယ်ချဲ့အင်္ဂလိပ်များ သိမ်းပိုက်မှုကြောင့် ချင်း၊ ကချင် စသော ပြည်များကိုပါ အင်္ဂလိပ်နယ်ချဲ့သမားများက သိမ်းပိုက်ရာ ရောက်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်း ကချင်ပြည်၊ ချင်းပြည်များသည် မြန်မာပြည်ကေရာဇ်ဘုရင်၏ လက်အောက်ခံအဖြစ် ရပ်တည်မှု မရှိခဲ့ပေ။ သို့သော် အိန္ဒိယပြည်နှင့် မြန်မာပြည်တို့သည် သီးခြားပြည် ဖြစ်ကြသော်လည်း ဗြိတိသျှနယ်ချဲ့ လက်အောက်ခံအဖြစ် အတူတူ နေခဲ့ရသည့်အလားတောင်တန်းဒေသ လူမျိုးပေါင်းစုံအားလုံးသည်လည်း ဗြိတိသျှနယ်ချဲ့လက်အောက်ခံ ဖြစ်လာခဲ့ရသည်။

ဗြိတိသျှနယ်ချဲ့သမားများသည် အိန္ဒိယပြည်နှင့် မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်ဆိုလျှင်ဗြိတိသျှနယ်ချဲ့သမားများ ရောက်လာချိန်၌ သီးခြားလွတ်လပ်သော ပြည်များအဖြစ် ရပ်တည်ခဲ့ကြသော တောင်းတန်းလူမျိုးပေါင်းစုံတို့သည်လည်း မြန်မာပြည်နှင့် အိန္ဒိယပြည် ဟူသော နိုင်ငံများတွင် အပါအဝင်ဖြစ်သော တိုင်းပြည်များဖြစ်သည်ဟု မယူဆနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတိုင်းပြည်များသည် အိန္ဒိယပြည်နှင့် မြန်မာပြည်ဘုရင်များ လက်အောက်မှ သိမ်းပိုက်ခြင်းခံရသော တိုင်းပြည်များ မဟုတ်ကြချေ။

အကယ်၍ တောင်တန်းဒေသလူမျိုးပေါင်းစုံတို့သည် ဗြိတိသျှနယ်ချဲ့သမားများ ရောက်လာချိန်တွင် မြန်မာနှင့် အိန္ဒိယပြည်ဘုရင်များ လက်အောက်ခံဖြစ်နေခဲ့လျှင် အိန္ဒိယပြည်နှင့် မြန်မာပြည် လွတ်လပ်ရေးတွင် အလိုအလျောက်ပါသွားမည်ဖြစ်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ပင်လုံစာချုပ်သည်လည်း လုံးဝလိုအပ်မည် မဟုတ်ခဲ့ပေ။

ဤသို့လျှင် ဗြိတိသျှနယ်ချဲ့သမားများ ရောက်လာချိန်တွင် မိမိတို့ဘာသာ မိမိတို့ အုပ်ချုပ်ခဲ့သော သီးခြားပြည်များဖြစ်ခဲ့သောကြောင့် လွတ်လပ်ရေးကို အိန္ဒိယပြည်နှင့် မြန်မာပြည်ကဲ့သို့တောင်တန်းဒေသ လူမျိုးများကလည်း ယူမည်ဆိုလျှင် ဗြိတိသျှနယ်ချဲ့သမားများ ရောက်လာချိန်က လွတ်လပ်သော တိုင်းပြည်များဖြစ်သည့်နည်းတူလွတ်လပ်ရေးကို သီးခြားပြည်အဖြစ် နေနိုင်ရန် အခွင့်အရေး ရရှိခဲ့ပေသည်။ ထို့ကြောင့် "Conclusion reached in the conversations between His Majes ty's government and the delegation from the executive council of the governor of Burma" ဆိုသော ၁၉၄၇ ခု ဇန်နဝါရီလ (၂၇) ရက် အောင်ဆန်း-အက်တလီစာချုပ်တွင် အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်။

"Conclusion reached in the conversations between His Majesty's government and the delegation from the executive council of the governor of Burma."

## Conclusions

**8. Frontier Areas:**

It is the agreed objective of both His Majesty's government and the Burmese delegator to achieve the early Uniication of the Frontier Areas and Ministerial Burma with the "free consent" of the inhabitants of those areas. In the meantime it is agreed that the people of the Frontier Areas should, in respect of subjects of common interest, be closely associated with the government of Burma in a manner acceptable to both parties. For these purposes it has been agreed:

(a) These shall be free intercourse between the people of the Frontier Areas and the people of the Ministerial Burma without hindrance.

(b) The leaders and the presentatives of the people of the Frontier Areas shall be asked, either at the PangLong conference to be held at the beginning of next month at a special conference to be convened for the purpose to express their views upon the form of association with the Government of Burma which they consider acceptable during the transition period: Whether-

(1) by the appointment of a small group of frontier area representatives to advise the governor on frontier affaire and to have close liaison with the executive council, or

(2) by the appointment of one frontier area representative as executive councillor in-charge of frontier affairs, or

(3) by some other method.

(c) After the PangLong meeting, or the special conference, His Majesty's gov ernment and the government of Burma will agree upon the best method of advancing their common aims in accordance with the expressed views of the peoples of the frontier areas.

(d)A committee of Enquiry shall be set up forth with as to the best method of associating the frontier peoples with the working out of the new constitution for Burma. Such committee will consist of equal numbers of persons from Ministerial Burma, nomi nated by the executive council and of persons from the frontier areas nominated by the governor after consultation with the leaders of these areas, with a neutral Chairman from outside BURMA selected by agreement. Such committee shall be asked to report to the government of Burma and His Majesty's government before the summoning of the constitute assembly.

လူမျိုးတမျိုးအနေနှင့် မိမိတို့အမျိုးသားအခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုထိန်းသိမ်း တိုးတက်စေရေးအတွက် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်မှသာလျှင် အထိရောက်ဆုံး နည်းလမ်းဖြစ်ပေသည်။ ကချင်၊ ချင်းနှင့် ရှမ်းစသော တောင်းတန်းဒေသလူမျိုးများသည် မိမိတို့ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းများနှင့် မိမိတို့၏ အမျိုးသား တည်တံ့ခိုင်မြဲရေးအတွက် ဗြိတိသျှနယ်သမားများ ရောက်မလာမီ အချိန်အခါကဲ့သို့ သီးသန့်လွတ်လပ်သော နိုင်ငံအဖြစ် ပြန်လည်နလံထူလာနိုင်ခြင်းသည် အသင့်လျော်ဆုံးနည်း ဖြစ်ပေသည်။

သို့ဖြစ်သော်လည်း ၁၉၄၇ ခုနှစ်သည် ဒုတိယကမ္ဘာစစ်ကြီး၏ အရှိန်မသေသေးသော အချိန်ဖြစ်သောကြောင့် နယ်ချဲ့အင်္ဂလိပ်များသည် ယင်းစစ်ပွဲကို အနိုင်ရခဲ့သဖြင့် အင်အားကြီးမား နေခဲ့ပေသည်။ ထို့ပြင် နယ်ချဲ့များ၏ ချုပ်ချယ်ထားမှုကြောင့် တောင်တန်းဒေသမျိုးတို့သည် နိုင်ငံရေး အမြော်အမြင်၊ အတွေးအခေါ်ကျွမ်းကျင်မှု ရရှိနိုင်ရန် အခြေအနေက ဖန်တီးမှု မပေးနိုင်ခဲ့ပေ။ ယင်းသို့သော် အကြောင်းတို့ကြောင့် မိမိဘာသာမိမိတို့ လွတ်လပ်ရေးယူပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံထူထောင်ရေးကို အခက်အခဲ အမျိုးမျိုးကြားမှ စိတ်ကူးယဉ်ခဲ့ကြသည်။

ထို့ပြင် ဗြိတိသျှနယ်ချဲ့သမားများ ရောက်လာချိန်တွင် အင်အားမစုဘဲ တကွဲမပြားစီနှင့် နယ်ချဲ့ရန်သူကို ခုခံကြရမှုကြောင့် လူမျိုးပေါင်းစုံတို့သည် နယ်ချဲ့အင်္ဂလိပ်များ လက်အောက်တွင် ကျွန်အဖြစ်ခံခဲ့ ကြရခြင်းကြောင့် ယနေ့ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံတို့သည် **"ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ"** ဆိုသကဲ့သို့ အတူတကွနေခြင်းဖြင့် အပြန်အလှန် အကျိုးရရှိကြပြီး၊ အတူတူ မစုစည်းလျှင်ဖြင့် အပြန်အလှန်အကျိုးဆုတ်ယုတ်စေနိုင်ကြောင်းကိုလည်း နားလည်သဘောပေါက် လာကြသည်။

သို့ဖြစ်၍ ဗြိတိသျှလက်အောက်ခံ မြန်မာပြည်အစိုးရနှင့် တောင်တန်းဒေသတွင်ပါဝင်သော ကချင်၊ ချင်း၊ ရှမ်း တို့သည် ပြည်ပနယ်ချဲ့ရန်သူကို ပူပေါင်းခုခံတိုက်ထုတ်ပြီး မိမိတို့၏ သီးသန့်ရပ်တည်မှုကို ငြိမ်းချမ်း စွာဆောင်ရွက်၍ "တန်းတူရည်တူ အခွင့်အရေးခံစားကြရန်" ဆိုသော "မူ" ကို လက်ခံထားကြပြီး၊ ပြည်ထောင်အချင်းချင်း ပူးပေါင်းမှုအပေါ် အရင်းပြုပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ဟူ၍ ပြည်ထောင်စု နိုင်ငံအသစ် ဖွဲ့စည်းရေးပေါ်ပေါက်လာခဲ့ရပါသည်။

ယင်းအချိန်တွင် ကချင်၊ ချင်းနှင့် ရှမ်းများထက် မြန်မာလူဦးရေပိုမိုများပြီး မြန်မာခေါင်းဆောင်များ သည် နိုင်ငံရေးအမြော်အမြင်ရှိခဲ့မှုကြောင့် မြန်မာလူမျိုးများနှင့် တောင်တန်းဒေသလူမျိုးများ အတူပူးပေါင်း၍ နိုင်ငံအသစ်ဖွဲ့စည်းခြင်းဖြင့် တောင်တန်းဒေသ လူမျိုးများအနေနှင့် ဗြိတိသျှနယ်ချဲ့လက် အောက်ခံဘဝမှ မြန်မာလူမျိုးများလက်အောက် ကိုလိုနီနိုင်ငံ အဖြစ်သို့ ပခုံးပြောင်းလဲသွားရာ ရောက်မည်/မရောက်မည် ကိုလည်း စဉ်းစားရန် အချက်တချက်ဖြစ်ခဲ့ပါသည်။

အထက်ပါကိစ္စနှင့် ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသောပင်လုံစာချုပ်ညီလာခံ၌ အမျိုးသားတန်းတူရေးကို အောက်ပါအတိုင်း ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ဖွင့်ဟ ပြောကြားခဲ့ပါသည်။

**"မြန်မာများသည် တောင်တန်းဒေသများအတွက် ပြောဆိုခြင်းမှာ အုပ်ချုပ်စိုးမိုးလို၍ မဟုတ်၊ သို့ရာတွင် တောင်တန်းနယ်များသည် မြန်မာနှင့် တန်းတူအဆင့်အတန်း အခွင့်အရေးရစေလိုကြောင်း၊ ထို့ပြင်တောင်တန်းလူမျိုးများသည် မြန်မာကျွန်အဖြစ် မဖြစ်စေရကြောင်း"** စသည်ဖြင့် မိန့်ကြားပြောဆိုခဲ့သည်။

ယင်းအချိန်တွင် ဗြိတိသျှနယ်ချဲ့လက်အောက်ခံ မြန်မာအစိုးရကို ကိုယ်စားပြုနေခဲ့သောဗိုလ်ချုပ်အောင်ဆန်းကို ယနေ့လူငယ်များက မမြင်မတွေ့ခဲ့သော်လည်းဘဲ ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားတည်ကြည်မှု၊ စေတနာမြင့်မြတ်မှု အမှန်တကယ်ရှိခဲ့ကြောင်း၊ ယုံကြည်အားကိုးထိုက်သော ပုဂ္ဂိုလ်စစ်မှန် ကြောင်း ဗိုလ်ချုပ်အောင်ဆန်းကိုတွေ့ဖူးမြင်ဖူးသော တောင်တန်းဒေသလူကြီးများက ပြောပြကြသည်ကို သိရှိရပါသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာခေါင်းဆောင်များအပေါ် အကြွင်းမဲ့ ယုံကြည် အားထား သစ္စာရှိမှုကို ခံယူပြီး တောင်တန်းဒေသ လူမျိုးများသည် ဗြိတိသျှလက်အောက်ခံ မြန်မာပြည် အစိုးရနှင့် ပူးပေါင်း၍ ပြည်ထောင်စု နိုင်ငံဖွဲ့စည်းရေးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်တွင် သမိုင်းတွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည်။

သို့ဖြစ်၍ **"ယနေ့ ကချင်၊ ချင်းနှင့် ရှမ်း အစရှိသော လူမျိုးများသည် မြန်မာပြည်နှင့် ပူးပေါင်း၍ ပြည်ထောင်စု ဖွဲ့စည်းခြင်းသည် မြန်မာလူမျိုးက စစ်တိုက်၍ သိမ်းပိုက်သောတိုင်းပြည်၊ လူမျိုးများ မဟုတ်ကြောင်း၊ ဝယ်ယူသိမ်းသွင်းခဲ့သော တိုင်းပြည်နှင့် လူမျိုးများ မဟုတ်ကြောင်းနှင့် မှန်ကန် သော ပြည်ထောင်အချင်းချင်း တန်းတူစည်းလုံးညီညွတ်ရေး ပဋိညာဉ်သဘောတူစာချုပ်အရ ဖွဲ့စည်း တည် ထောင်သော ပြည်ထောင်စုဖြစ်ကြောင်း"**ကို သားစဉ်မြေးဆက် ဆက်ခံသိရှိနိုင်ရန် ယင်းဖေဖော် ဝါရီလ (၁၂) ရက်ကို **"ပြည်ထောင်စုနေ့"** ဟူ၍ နှစ်စဉ်သတိရ အထိမ်းအမှတ်အဖြစ် ကျင်းပရခြင်း ဖြစ် သည်။

## ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ချို့ယွင်းချက်များ

နိုင်ငံဟူ၍ ရှိလာလျှင် မိမိတို့တွင် ခံစားကြရမည့်အခွင့်အရေး၊ တာဝန်ဝတ္တရားနှင့် အုပ်ချုပ်မှု ယန္တရား လမ်းညွှန်ဖြစ်သော နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေသည် နိုင်ငံတိုင်းအတွက် ရှိစမြဲပင် ဖြစ်သည်။ နိုင်ငံ၏ သဘာဝအခြေအနေနှင့် သမိုင်းစဉ်အဖြစ်အပျက်များပေါ် မူတည်ပြီး ဖွဲ့စည်းအုပ်ချုပ် ပုံအခြေခံဥပဒေစနစ်ကို "ဖက်ဒရယ်မူ" (Federal) ဖြင့်သော်လည်းကောင်း၊ "ယူနီထရီမူ" (Unitary) ကိုသော်လည်းကောင်း ကျင့်သုံးကြပါသည်။

ဖက်ဒရယ်မူနှင့် ပတ်သက်၍ ဖော်ပြချက်အမျိုးမျိုးရှိသည်။ ၎င်းမှာ - "The indispensable quality of the Federal State being a distribution of the powers of government between the Federal Authority and the Federal units " ဟူ၍ လည်းကောင်း၊ "Federalism is a device for bringing together and satisfying different peoples and races of a country" ဟူ၍ လည်း ကောင်း၊ "When a number of States previously independent unite together and form a central government for the administration of certain common affairs while retaining in dependent of action in other matters they are said to form a Federation" ဟူ၍ လည်း ကောင်း ဖော်ပြချက်အမျိုးမျိုး ရှိကြ၏။ "Federation ကို Confederation" နှင့် မတူကြောင်း ခွဲခြားရန် လိုအပ်ပါသည်။ ယင်းသို့ ခွဲခြားရာ၌ -

"A Federation is a union state while a confederation is a union of states. A Fed eration, therefore is a national union while a confederation is a union of an international character." ဟူ၍ ကွဲပြားမှု ရှိပေသည်။

"Confederation is an essembly of ambassadors of the various states of a league. The internal sovereignty of each state remains quite unimpaired and its external sover eignty is limited only to a very small extent" ဟူ၍လည်းကောင်း ရှိပေသည်။

လူမျိုးဘာသာပေါင်းစုံရှိသော နိုင်ငံနှင့် နယ်ပယ်ကျယ်ပြန့်သော နိုင်ငံပေါင်းများစွာတို့သည် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံစနစ်ကို ကျင့်သုံးကြကြောင်း သိရှိရသည်။ ဥပမာ - ဆွစ်ဇာလန်၊ အိန္ဒိယ၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြီးလျား၊ ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုဆလားဗီး ယားနိုင်ငံများနှင့် အခြားများစွာသော နိုင်ငံများ ဖြစ်ကြသည်။ ဆိုဗီယက်ပြည်ထောင်စု နိုင်ငံတွင် ပြည် နယ်အစိုးရဌာနများကို ပြည်ထောင်စုအစိုးရဌာနများက ပြန်လည်ချုပ်ကိုင်နိုင်သောကြောင့် ယူနစ်ထရီ မှု ဆန် သွားသည်ဟု ဝေဖန်ကြကြောင်း တွေ့ရှိရ၏။

အထက်ဖော်ပြပါ ဖက်ဒရယ်မှုကျင့်သုံးသော နိုင်ငံပေါင်းမြောက်များစွာတို့သည် ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း လူမျိုးနှင့် ဘာသာစကား ပေါင်းစုံရှိကြ၍ သော်လည်းကောင်း၊ နယ်ပယ်အားဖြင့် ကျယ်ပြန့်၍ သော်လည်းကောင်း ဖြစ်ကြပါသည်။ ထိုသို့ ဖက်ဒရယ်ဖွဲ့စည်းမှုကို ကျင့်သုံးကြခြင်းအား ဖြင့်လူမျိုးနှင့် ဘာသာတိုင်း၏ သီးသန့်ဆောင်ရွက်ရန် အခွင့်အရေးနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေး တိုး တက်ဖွံ့ဖြိုးမှုကို ပိုမိုထိရောက်စေရေး၊ လူမျိုးပေါင်းစုံနှင့် ဒေသဆိုင်ရာ လွတ်လပ်မှုအခွင့်အရေး ပိုမိုခံ စားနိုင်စေရေး စသည့် ရည်ရွယ်ချက်များသည် ဖက်ဒရယ်မှု ကျင့်သုံးခြင်း၏ ရည်ရွယ်ချက်တွင် ပါဝင် ကြပေသည်။ ဤသို့လျှင် မြောက်များစွာသော ကမ္ဘာ့နိုင်ငံများတွင် ဖက်ဒရယ်ဖွဲ့စည်းပုံစနစ်ကို ကျင့်သုံး ကြပြီး တိုးတက်ကြီးပွားလျက် ငြိမ်းချမ်းစွာဖြင့် ခေတ်ပေါင်းများစွာ နေထိုင်အုပ်ချုပ်လာခဲ့ကြောင်း အထူးဖော်ပြစရာ လိုမည်မထင်ပါ။

ယူနီထရီ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်သည် အကြမ်းအားဖြင့် ဗဟိုအစိုးရတစ်ခုတည်းသာရှိ၍ယင်း ဗဟိုမှ နိုင်ငံ့အုပ်ချုပ်မှုဆိုင်ရာ ဌာနပေါင်းစုံကို တိုက်ရိုက်ချုပ်ကိုင်သော စနစ် ဖြစ်သည်ဟု နားလည်ပါ သည်။ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံတူညီသော လူမျိုးတမျိုးတစားတည်းရှိ သည့် နိုင်ငံများ၌ ကျင့်သုံးမှုရှိသည်ဟု သိရှိရပါသည်။ လူမျိုးနှင့် ဘာသာစကားပေါင်းစုံ ပူးပေါင်းဖွဲ့စည်း သော နိုင်ငံများ၌ ယူနီထရီဖွဲ့စည်းပုံစနစ်ကို ကျင့်သုံးခြင်းအားဖြင့် လူများစုအမျိုးသားများက လူနည်း စု အမျိုးသားများကို ကြီးစိုး၍ ဝါးမျိုပပျောက်စေနိုင်ပါသည်။ ထို လူမျိုးပေါင်းစုံပူးပေါင်းသောနိုင်ငံများ၌ ယူနီထရီမှု ကျင့်သုံးခြင်းအားဖြင့် လူမျိုးပေါင်းစုံကို လူမျိုးတမျိုးတည်းအဖြစ် ရပ်တည်စေရေး လုပ် ဆောင်ချက် ဖြစ်လာသည်။ သို့ဖြစ်ပါက ဖော်ပြခဲ့ပြီးသည့် အတိုင်း လူမျိုးပေါင်းစုံကို လူမျိုးတမျိုးတည်း ဖြစ်စေရေး၊ လူမျိုးတမျိုးကြီးစိုးစေရေး လုပ်ဆောင်ချက်ဖြစ်လာပြီး သဘာဝနှင့် ဆန့်ကျင်သဖြင့် လူမျိုး

ဘာသာ စကားပေါင်းစုံ ပူးပေါင်းဖွဲ့စည်းသော နိုင်ငံများ၌ ယူနီထရီစနစ် ဖွဲ့စည်းပုံကို မကျင့်သုံးခြင်း၏ အဓိကအကြောင်းတခု ဖြစ်သည်ဟု သိရှိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ မြန်မာ၊ ရှမ်း နှင့် ရခိုင် စသော လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော နိုင်ငံ ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထဝီအနေအထားသည် တောတောင်များ ထူထပ်သော ကုန်းမြင့်ပိုင်းနှင့် မြေညီပိုင်း ဟူ၍ ရှိနေမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး နိုင်ငံ၏ အကျယ်အဝန်းအားဖြင့် ကျဉ်းမြောင်းသေးသိမ်သော်လည်း တနိုင်ငံလုံးကို ဗဟိုအစိုးရ တဦးတည်းက ချုပ်ကိုင်ကွတ်ကဲနိုင်ရန် အခက်ခဲရှိပြီး ကြီးမားကျယ်ပြန့်သော နိုင်ငံကြီးများနှင့် မခြားဘဲ အုပ်ချုပ်မှု ခက်ခဲလှပါသည်။ ယင်းသို့ တောတောင်နယ်မြေ မညီမျှမှုကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသည့်အပြင် ရာသီဥတုအားဖြင့်လည်း တူညီမှုမရှိသောကြောင့် ဒေသတခုတည်းအနေဖြင့် ယူဆသဘောထား၍ ဥပဒေပြဋ္ဌာန်းရန် ဖြစ်သော ဗဟိုအစိုးရတဦးတည်းမှ ပြဋ္ဌာန်းသော ဥပဒေများသည် ဒေသတိုင်း၏အခြေအနေနှင့် ကိုက်ညီဟစ်စပ်ချင်မှ ကိုက်ညီနိုင်မည်ဖြစ်ပါသည်။ထို့ကြောင့် နေရာဒေသ၊ အခြေအနေမတူသော ပြည်ထောင်စုမြန်မာနိုင်ငံဒေသအရပ်ရပ်တွင် နေထိုင်စားသောက်သူ ပြည်ထောင်စု လူမျိုးပေါင်းစုံအတွက် လွတ်လပ်မှု ရှိသင့်သလောက်ရှိနိုင်မည် မဟုတ်ချေ။

ပြည်ထောင်စုမြန်မာနိုင်ငံ ဖြစ်ပေါ်လာရခြင်း၏ သမိုင်းကို ထောက်ထားစဉ်းစားရလျှင် ခေတ်အဆက်ဆက်မှ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ဘာသာ၊ စကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုယ့်လူမှုဆက်ဆံရေးနှင့် ကိုယ် နေထိုင်လာကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံပင်္လောင်စာချုပ် သဘောတူညီမှုဖြင့် ပူးပေါင်းလာရသူများ ဖြစ်ခဲ့ကြပါသည်။

၁၉၄၇ ခုနှစ် ဇွန်လ (၁၀) ရက်နေ့တွင် ကျင်းပခဲ့သော တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံ၌ လုံးဝလွတ်လပ်ရေး အဆိုကို တွင်သွင်းသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ဤကဲ့သို့ မိန့်ခွန်းပြောကြားခဲ့ပါသည်။ " ကျွန်တော်တို့ တင်သွင်းသည့် အဆို(၁) အချက်နှင့် ပတ်သတ်ပြီး ကျွန်တော်တို့ ရေးဆွဲအပ်သည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ဘယ်လိုဖြစ်သလဲဆိုရင် မြန်မာပြည်ထောင်စုနိုင်ငံ ဟုခေါ်တွင်သော လွတ်လပ်သော အချုပ်ခြာအာဏာပိုင် သမ္မတနိုင်ငံ ဖြစ်သင့်တယ် ဆိုသည့် အချက်နှင့် ကျွန်တော် ပထမဦးစွာ ဗမာနိုင်ငံရဲ့ပေါ်ဆဲပေါ်လတ့ံသော အခြေခံဥပဒေများကို ဖော်ပြထားပါတယ်။ မြန်မာပြည်ထောင်စုဆိုတာ အထူးရှင်းပြစရာ မလိုဘူး။ နိုင်ငံတော်အတွင်းမှာ ပြည်ထောင်စု သဘောမျိုးအားဖြင့် ဖြစ်တယ်။ ပြည်ထောင်စုနိုင်ငံ သဘောမျိုး ဖွဲ့စည်းမယ်ဆိုတာ ရည်ရွယ်ရင်း ဖြစ်တယ်"စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

ယခုအခါ အင်္ဂလိပ်ဘာသာဖြစ်သော ဖက်ဒရယ် (Federal) ဆိုသော စကားလုံးကို မြန်မာဘာသာဖြင့် ဘာသာပြန်သောအခါ ဖက်ဒရယ်မူ ကျင့်သုံးသော အင်္ဂလိပ်ဘာသာ အခေါ် "United States of America " ကို ပြည်ထောင်စု အမေရိကနိုင်ငံဟူ၍ ဘာသာပြန်ခေါ်ဆိုခြင်းအားဖြင့်

ဖက်ဒရယ်၏ အဓိပ္ပာယ်သည် ပြည်ထောင်စုမှု ဟူသော အဓိပ္ပါယ်မှလွဲ၍ အခြားအဓိပ္ပါယ်မရှိနိုင်ဟု ယူဆပါသည်။ သို့ဖြစ်၍ ၁၉၄၇ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုခဲ့သော ပြည်ထောင်စုမြန်မာ နိုင်ငံ အုပ်ချုပ်ပုံအခြေခံဥပဒေတွင် **"ပြည်ထောင်စု"** ဟူသော စကားအသုံးအနှုန်းသည် အဓိပ္ပာယ်ရှိရှိ ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ အလှသဘော ဖြင့် သုံးခြင်းဖြစ်သည်ဟု မယူဆနိုင်ပေ။

ဤသို့လျှင် ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်း တည် ဆောက်လျှက် တောတောင်ရေမြေ သဘာဝက ကာဆီးထားသော ဒေသမြောက်များစွာ၏ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲရှိသောဒေသ၌ တောလက်ကျေးရွာလူတန်းစား အခွင့်အရေးနှင့် လွတ် လပ်မှုများ၊ အခြားအခြားသော အခြေအနေများအားလုံးကို ခြုံကြည့်ခြင်းအားဖြင့် ၁၉၄၇ ခုနှစ် စက်တင် ဘာလတွင် အတည်ပြုခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ပြည်ထောင်စုဟူသော အမည်နာမနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှုနှင့် ရေးဆွဲသင့်ပါသည်။

ဥပမာ - ဆွစ်ဇာလန် နိုင်ငံသည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း(၁၅,၉၄၁) ရှိ၍ လူဦးရေအားဖြင့် (၉၅၃,၀၀၀) ဦးနေထိုင်ရာ နိုင်ငံငယ်ကလေးဖြစ်သော်လည်း ပြည်နယ် (၂၂) ခုခွဲ ထားသော ပြည်ထောင်စုနိုင်ငံ ဖြစ်ပါသည်။ ၎င်းနည်းတူ ယူဂိုဆလားဗီးယားနိုင်ငံသည် အကျယ်အဝန်း အားဖြင့် (၉၈,၇၂၅) စတုရန်းမိုင်ရှိ၍ လူဦးရေအားဖြင့် (၂၁,၅၂၆,၈၂၄) ဦး နေထိုင်ရာ ပြည်နယ် (၆) ခု ခွဲထားသော ပြည်ထောင်စုဖက်ဒရယ်နိုင်ငံ ဖြစ်ပါသည်။ ယင်းနှစ်နိုင်ငံတို့ထက် အဆမတန်ကြီးမား သော အကျယ်အဝန်း အားဖြင့် စတုရန်းမိုင်ပေါင်း (၂၆၁,၇၈၉) ရှိ၍ လူဦးရေ (၂၆) သန်းကျော် ရှိသော လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းသည့် ပြည်ထောင်စု မြန်မာနိုင်ငံသည် ပြည်ထောင်စုစစ်စစ်နိုင်ငံအဖြစ် ဖွဲ့စည်း ရန် အထူးသင့်လျော်ပါသည်။ သို့သော် ယင်းသို့ ဖက်ဒရယ်မှုဖြင့် မရေးဆွဲဘဲ၊ ပြည်ထောင်စု မြန်မာ နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ဖက်ဒရယ်မှုမှ သွေဖည်၍ မျက်စိကို လည်စေသော ယူနီ ထရီမှု ဖြစ်ခဲ့ပါသည်။ ယင်းသို့ ယူနီထရီမှုဖြစ်ကြောင်းကို ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အကြံပေးအရာရှိဖြစ်သူ ဦးချန်ထွန်း ပြောဆိုချက်ကိုပင် " Union of Burma by Hugh Tinker " စာမျက်နှာ (၁၀) တွင် "The constitution adviser Chan Htun, observed muchlater that Our constitution though in theory Federal is in practice Unitary"ဟူ၍ ဖော်ပြထားကြောင်း တွေ့ရှိ နိုင်ပါသည်။

ယင်း ၁၉၄၇ ခုနှစ် စက်တင်ဘာလ၌ အတည်ပြုခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေသည် ယင်းသို့ ဖက်ဒရယ်မှုကို မျက်စိလည် သွားနိုင်စေရန် ပြည်ထောင်စု ဟူသော ဝေါဟာရကို အလှသဘောသုံးစွဲပြီး ကချင်၊ ကယားနှင့် ရှမ်းပြည်နယ်ဟူ၍ ပြည်နယ်များ ခွဲ ထားပေးခဲ့ပါသည်။ ပါလီမန်ကို လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဟူ၍ လွှတ်တော်နှစ်ရပ်ကို လည်း ခွဲထားပါသည်။ လူမျိုးစု လွှတ်တော်သည်လူမျိုးများကို ကိုယ်စားပြုပြီး၊ ပြည်သူ့လွှတ်တော်သည် လူဦးရေကို ကိုယ်စားပြုသည့် သဘောဖြစ်ခဲ့ပါသည်။ အထက်ပါ ပြဋ္ဌာန်းချက်များသည် တမာကို သကာ လောင်း"Sugar Coated" သကဲ့သို့ မမျှတမှုကို ဖုံးကွယ်ထားသော ပြဋ္ဌာန်းချက်များသာ ဖြစ်သည်။

# ဥပဒေပြုရေးတွင် မမျှတမှု

လူမျိုးပေါင်းစုံ တန်းတူမှုနှင့် ပင်လုံစာချုပ် တန်းတူရည်တူမှုကို သစ္စာရှိရှိ စောင့်ထိန်းသည်ဆိုလျှင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သော လူမျိုးများနှင့် ပြည်နယ်အသီးသီးတို့မှ လူမျိုးစုလွှတ်တော်သို့ ညီမျှသော ကိုယ်စားလှယ်အမတ်ဦးရေ စေလွှတ်ရန် ပြဋ္ဌာန်းရမည်ဖြစ်သည်။ သို့သော် ထိုသို့ စေလွှတ်ခြင်းမပြုဘဲ လူဦးရေနည်းသော လူမျိုးစုကအမတ်ဦးရေ နည်းပြီး၊ လူဦးရေများသော လူမျိုးစုက အမတ်ဦးရေ များခဲ့သည်။ ဥပမာ- ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၈၇) ဒုတိယဇယားတွင် လူမျိုးစုလွှတ်တော်အမတ် (၁၂၅) ဦး အနက် ပြည်မမှ (၆၂) ဦး၊ ရှမ်းပြည်နယ်မှ (၂၅) ဦး၊ ကရင်ပြည်နယ်မှ (၁၅) ဦး၊ ကချင်ပြည်နယ်မှ (၁၂) ဦး၊ ချင်းဝိသေသတိုင်းမှ (၈) ဦး၊ ကယားပြည်နယ်မှ (၃)ဦး ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် လူမျိုးစုလွှတ်တော် အမတ်ဦးရေတဝက်သည် ပြည်မမှဖြစ်ခဲ့ပြီး အဆမတန် များနေပါသည်။

လူဦးရေ ကိုယ်စားပြုသော ပြည်သူ့လွှတ်တော်တွင် ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေ ၁၉၄၈ ခုနှစ် အက်ဥပဒေအမှတ် (၆၅) ပဒုမာ (၃) အရ ပြည်သူ့လွှတ်တော်အမတ် နေရာ (၂၅၀) ရှိသည့်အနက် ရှမ်းပြည်မှ (၂၅) နေရာ၊ ကချင်ပြည်နယ်မှ (၇) နေရာ၊ ချင်းဝိသေသတိုင်းမှ (၆) နေရာ၊ ကယားပြည်နယ်မှ (၂) နေရာ၊ ကရင်အမျိုးသားများအတွက် (၂၀) နေရာ၊ စုစုပေါင်း (၆၀) နေရာဖြစ်ပြီး၊ပြည်မမှ (၁၉၀) ရှိနေရာ သုံးပုံတပုံပင်မရှိ ဖြစ်နေခဲ့ပါသည်။ ပါလီမန် နှစ်ရပ်ပေါင်းတွင် ပြည်နယ်အမတ် (၁၂၂) နေရာသည်လည်း အမတ်အားလုံး (၃၇၅) နေရာ၏ သုံးပုံတပုံပင် မရှိဖြစ်နေ ပြန်ပါသည်။

နိုင်ငံ၏အချုပ်အခြာအာဏာသည် ပါလီမန်၌သာ ရှိနေသေည်။ ဥပမာ-ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၆၈) အရ ပါလီမန်တွင် မည်သည့် အဆိုမျိုးကိုမဆို တင်သွင်းနိုင်သည်။ ယင်းဖွဲ့စည်းပုံပုဒ်မ (၆၉) (၁) အရ၊ ရိုးရိုးအများစုအမတ်မဲဖြင့် မည်သည့် အဆိုမျိုးကိုမဆို ဆုံးဖြတ်နိုင်ပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ(၂၀၉) (၃) အရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အမတ် သုံးပုံနှစ်ပုံဖြင့် ပြင်ဆင်နိုင်သည်။

ထို့ကြောင့် ပြည်နယ်အမတ်များ မဲပေးရန် မလိုအပ်ဘဲ ပြည်မအမတ်များ၏ မဲဖြင့်မည်သည့် ဥပဒေကို ဖြစ်စေ၊ မည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖြစ်စေ ပြဋ္ဌာန်းပြင်ဆင်နိုင်၍ ပြည်နယ်အမတ်များသည် မလိုအပ်သော အပိုမဲသက်သက် ဖြစ်နေခဲ့ပါသည်။ ထို့ကြောင့် ပြည်နယ်တိုင်းရင်းသားလူမျိုးစုများ ရှိသည်ဆိုသည်ကို အသိအမှတ်မပြုခြင်း (An act of ignoring the existence of the Union Nationalities other than the Burmese) ဖြစ်နေ၍ ဖောက်ပြန်သော မဟာလူမျိုးကြီးဝါဒ ကျင့်သုံးမှုဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း ထင်ရှားပေါ်လွင် နေခဲ့ပါသည်။

ထို့ကြောင့် ပါလီမန်တွင် တောင်တန်းဒေသလူနည်းစု ပြည်နယ်အမျိုးသားများ၏ အခွင့်အရေးသည် လူများစု မြန်မာပြည်မ အမျိုးသားများ၏ အခွင့်အရေးနှင့် တိုက်ဆိုင်သော အခါတိုင်း မြန်မာအမျိုးသားအမတ်များက မိမိဘက်သာ မဲပေး၍ တောလက်လူတန်းစားနှင့် လူနည်းစု တောင်တန်းဒေသများကလည်း မိမိတို့ဘက် မဲပေးသည်ဆိုလျှင် မြို့ပေါ်မြန်မာအမျိုးသားအမတ်များက လူမျိုးစုမဲ (Automatic Majority) အလိုအလျောက်ရ၍ နိုင်ပြီးသား ဖြစ်နေပါသည်။

ထို့ကြောင့် ပြည်မအမတ် လူမျိုးစုမဲဖြင့် ပြည်နယ်လူနည်းစု အမျိုးသားများကို ခြယ်လှယ်ချင်သလောက် ခြယ်လှယ်နိုင်သော လက်ဝါးကြီးအုပ် မဟာလူမျိုးကြီးဝါဒကိုသုံးနိုင်ပါသည်။ သို့ဖြစ်၍ ပြည်နယ်လူနည်းစု အမျိုးသားများသည် မိမိမွေးရာပါ အခွင့်အရေးများ ဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကို ဖန်တီးခွင့် မရနိုင်ဘဲ ပြည်မ၏လက်ခုပ်ထဲမှ ရေများသာ ဖြစ်ခဲ့ကြရပါသည်။ ပြည်နယ်နှင့် ပြည်မအခွင့်အရေး တိုက်ယှဉ်သောအခါ၌ ပြည်မက ပြည်နယ်အပေါ် လက်ဝါးကြီးအုပ် ပြဋ္ဌာန်းမှု အထောက်အထားများလည်း ရှိခဲ့ပါသည။ အင်္ဂလန်နိုင်ငံကဲ့သို့သော ပါလီမန်တွင် လူတစ်ဦးကိုပင် သတ်စေဟူ၍ ပါလီမန်က မဲပေးလျှင် တရားဝင်သတ်ဖြတ်ခွင့် ရှိပေသည်။

ထိုနည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပါလီမန်တွင် ကိုယ်ချင်းစာနာမှုတရားနှင့် စေတနာကင်းမဲ့သော ပြည်မအမျိုးသား အမတ်များသာ တက်လာ၍ ကြီးနိုင်ငယ်ညှဉ်းသော လူမျိုးကြီးဝါဒ သုံးရမည်ဟု ပါလီမန်တွင် မဲပေးရမည်ဆိုလျှင် အလိုအလျောက် လူများစုမဲ (Automatic Majority) ဖြင့် ယင်း သို့သော အဆိုကိုပင် ကန့်ကွက်ပယ်ဖျက်ရန် အဟန့်အတား လုံးဝမရှိခဲ့ပါ။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် မဟာလူမျိုးကြီးဝါဒ ဤမျှလောက် ဆိုးရွားအောင် မပေါ်ပေါက်ခဲ့လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အက်ဥပဒေများက ဟန့်တား၍ မဟုတ်ဘဲ၊ ပြည်မကိုယ်စား လှယ်အမတ်များ၏ ကိုယ်ချင်းစာ စေတနာတရား ကောင်းမှုကြောင့်သာလျှင် ဖြစ်နေပေမည်။ သို့သော် ဤသို့သော ကိုယ်ချင်းစာတရား ရှိတတ်သော ခေါင်းဆောင်များသာလျှင် ပေါ်ပေါက်မည်ဟု မည်သူမျှ အာမခံနိုင်မည် မဟုတ်ပေ။ ဟစ်တလာကဲ့သို့သော ခေါင်းဆောင်များသည် ရဟူဒီလူမျိုးများအား သုတ်သင်သတ်ဖြတ်ရေးအတွက် လွယ်လင့်တကူမိမိဘက်မှ တရားဝင်အမိန့်ချနိုင်ပေသည်။ ၎င်းနည်းတူ ပြည်မ မဟာလူမျိုးကြီးများထဲမှ ဟစ်တလာကဲ့သို့သော ခေါင်းဆောင်များ မပေါ်ပေါက်နိုင်ဟူ၍ အာမခံနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဟစ်တလာကဲ့သို့သော ခေါင်းဆောင်များသည် မဟာလူမျိုးစုအမျိုးသားထဲမှ ပေါ်ပေါက်ခဲ့လျှင် လူနည်းစု အမျိုးသားများအားလုံးသည် လွယ်လင့်တကူ တရားဝင်သုတ်သင် သတ်ဖြတ်ခြင်း ခံရမည်သာ ဖြစ်ပေသည်။

ကျွန်ုပ်တို့တွင် အရာဝတ္ထုပစ္စည်းဖြစ်စေ၊ အခွင့်အရေး ဖြစ်စေ၊ တာဝန်မအရ ပေးခြင်း၊ ရခြင်းနှင့် စေတနာအရ ပေးခြင်း၊ ရခြင်း ဟူ၍ ရှိပါသည်။ စေတနာသည် အချိန်မရွေးမရှိချင်ဘဲ နေနိုင်သည်။ အချိန်မရွေး ပြန်လည် ရုပ်သိမ်းနိုင်သည်။ စေတနာဖြင့် ရခြင်းနှင့် ပေးခြင်းသည် မရသင့်မရထိုက်ပေ၊ မပေးသင့် မပေးထိုက်သည်ကို ပေးအပ်ခြင်း ဖြစ်ပါသည်။ ရသင့်ရထိုက်၊ ပေးသင့်ပေးထိုက်သော အရာကို စေတနာဖြင့် ပေးခြင်းရခြင်းအဖြစ် သဘောထားပြန်လည်း စေတနာ မဟုတ်ပေ။ ထို့ကြောင့် ပြည်

ထောင်စုမူအရ ရသင့်ရထိုက်သော အခွင့်အရေးကို စေတနာဖြင့်သာ ပေးအပ်သည့်၊ ရအပ်သည့် သဘောထားခြင်းဖြင့် စေတနာ မမြောက်သည့် အပြင်၊ ရသင့်ရထိုက်သော အခွင့်အရေးကို စေတနာ သဘောထား၍ ပေးခြင်းဖြင့် အချိန်မရွေးမပေးဘဲ နေနိုင်ပါသည်။ ထို့ကြောင့် စေတနာဖြင့် ပေးရသည့် အခွင့်အရေး သို့မဟုတ် အရာဝတ္ထုကိုပင် စေတနာပြည့်ဝစွာဖြင့် ပေးရမည်ဆိုလျှင် အချိန်မရွေး ပြန်လည် မရုပ်သိမ်းနိုင်ရန် စာချုပ်စာတမ်းဖြင့် ပေးရမည်။ ထိုနည်းတူစွာ အခွင့်အရေးကိုလည်း စေတနာရှိရှိ ပေးရမည်ဆိုလျှင် အချိန်မရွေး ပြန်လည် မရုပ်သိမ်းနိုင်သောနည်းဖြင့် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံတွင် ပြဋ္ဌာန်းပေးမှ လွယ်လင့်တကူ ပြန်မရုပ်သိမ်းနိုင်သဖြင့် တကယ့်စေတနာ မြင့်မားစွာနှင့် ပေးရာရောက်ပေသည်။ ထို့ကြောင့် စေတနာဖြင့် ပေးရသည့် ရရသည့်အဖြစ်၌ ထားရှိခြင်း ခံနေရသော ပြည်နယ်များ၏ အခွင့်အရေးများကို အချိန်မရွေး ပြန်လည်မရုပ်သိမ်းနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအကျ ပြဋ္ဌာန်းပေးမှသာလျှင် ပြည်နယ်လူနည်းစုများအတွက် ပြန်လည်မရုပ်သိမ်းနိုင်ရန် အာမခံ ချက်ရှိသော အခွင့်အရေးများ ပေးရာ ရောက်ပြီး စစ်မှန်သော စေတနာလည်း ဖြစ်ပေမည်။

သို့ဖြစ်၍ ယင်း ဟစ်တလာနှင့် ရဟူဒီလူမျိုးများကဲ့သို့သော အခြေအနေမျိုး ဆိုက်ရောက်ပေါ်ပေါက်လာခဲ့လျှင် လူနည်းစုများအတွက် အကာအကွယ်ရှိနိုင်ရန် စေတနာကောင်း၍ ကိုယ်ချင်းစာတရား ရှိနေသော ယနေ့ လူမျိုးစုခေါင်းဆောင်များ ရှိနေချိန်တွင်ပြည်ထောင်စုမြန်မာနိုင်ငံကို ပြည်နယ်ခွဲပြီး လွှတ်တော် (၂) ရပ်အနက် လူမျိုးစုလွှတ်တော်တွင် လူမျိုးပေါင်းစုံ ပြည်နယ်အလိုက် လူဦးရေအနည်း အများအပေါ် မူမတည်ဘဲ၊ ပြည်နယ်အသီးသီးမှ မျှတသော အမတ်ဦးရေ စေလွှတ်ရေးကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ပြဋ္ဌာန်းမှသာလျှင် လူနည်းစုများအတွက် အာမခံချက်ရှိနိုင်သော အကာအကွယ်ကို ရရှိနိုင်ပြီး တကယ့်စေတနာနှင့် ကိုယ်ချင်းစာတရားရှိသော သဘောထားကြီးမှုကို ပြသရာလည်း ရောက်ပေမည်။

၁၇၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲစဉ်ကာလတွင် လူများစုပြည်နယ်နှင့် လူနည်းစုပြည်နယ်မှ စေလွှတ်မည့် အမတ်ဦးရေနှင့် ပတ်သက်၍ လူများစုပြည်နယ်များက လူနည်းစု ပြည်နယ်များထက် အမတ်ဦးရေ ပိုမိုစေလွှတ်ရေးကို လူဦးရေအပေါ် မူတည်၍ တင်ပြခဲ့ပေသည်။ ဤနည်းဖြင့်လူများစုပြည်နယ်များက လူနည်းစုပြည်နယ်များကို ကြီးစိုးချုပ်ကိုင်နိုင်သောကြောင့်လူနည်းစုပြည်နယ်များဖြစ်သော နယူးဂျာစီပြည်နယ် ကိုယ်စားလှယ် အမတ်ဖြစ်သူ William Peterson က “What, Pray, is representation founded on numbers? If State Sovereignity is to be kept up; shall I submit the welfare of New Jerseywith the ive votes in a Council where Virginia has sixteen? This would lead to Autocracy. Neither my State nor myself will ever submit to dispotism or to tyranny” ဟု ထွက်ဆိုခဲ့သည်ဟု မှတ်တမ်းရှိနေပေသည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်အကြီး အငယ်၊ လူများစုပြည်နယ် လူနည်းစုပြည်နယ် ဟူ၍ မခွဲခြားဘဲ အထက်လွှတ်တော် (Senate)၊ ကျွန်ုပ်တို့တွင် လူမျိုးစုလွှတ်တော်တွင် ပြည်နယ်တိုင်းမှ ညီမျှသော အမတ်ဦးရေ စေလွှတ်ရန် ပြဋ္ဌာန်းခဲ့ပေသည်။ အမေရိကန်ပြည်ထောင်စု၏ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် "The most wonderful work ever struck off at a given time by the brain and purpose of men" ဟူ၍ ချီးကျူးခြင်း ခံရလေသည်။ အမေရိကန်ပြည်ထောင်စုတွင် ဤကဲ့သို့ လူဦးရေ အနည်းအများအပေါ် မတည်ဘဲ ပြည်နယ်အားလုံး၏ တန်းတူညီမျှမှုပေါ် မူတည်၍ အထက်လွှတ်တော်တွင် ညီမျှသော အမတ်ဦးရေများကို စေလွှတ်၍ ပြည်နယ်အချင်းချင်း ပဋိပက္ခဖြစ်မှုနှင့် ရှုပ်ထွေးမှုများ မရှိသဖြင့် အမေရိကန်ပြည်ထောင်စု၏တိုးတက်မှု၊ သွေးစည်းညီညွတ်မှုအတွက် အဟန့်အတား ဖြစ်သည်ဟု မတွေ့ရပေ။ ကမ္ဘာ့ထိပ်သီးနိုင်ငံအဖြစ် တိုးတက်လာခဲ့ကြောင်း သိရှိရသည်။

ဆိုဗီယက် ပြည်ထောင်စုသမ္မတနိုင်ငံတွင်လည်း ပြည်နယ်ကြီးသည်ငယ်သည် မဟူ Republic Union ပြည်နယ်များအားလုံးမှ တူညီသော လူမျိုးစုလွှတ်တော်အမတ် (၂၅) ဦးစီ စေလွှတ်ကြကြောင်း၊ ပြည်နယ် အချင်းချင်း ပဋိပက္ခဖြစ်မှုကြောင့် တိုးတက်မှု အဟန့်အတားဖြစ်သည်ဟု မတွေ့ရဘဲ ကမ္ဘာ့အင်အားကြီး ထိပ်သီးနိုင်ငံ တစ်နိုင်ငံ ဖြစ်နိုင်သည်အထိ တိုးတက်လျှက်ရှိကြောင်း သိရှိရပေသည်။

လူမျိုးစုအပေါ် မူမတည်ဘဲ ဒေသန္တရလွတ်လပ်မှု၊ တိုးတက်မှုအပေါ် မူတည်ဖွဲ့စည်းထားသော အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံတွင်ပင်လျှင် လူဦးရေအနည်းအများအပေါ် မူမတည်ဘဲ ပြည်နယ်များတန်းတူညီမျှမှု အပေါ်တွင်သာ မူတည်၍ ညီမျှသော အမတ်ဦးရေ စေလွှတ်ရလျှင် လူမျိုးအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော ကျွန်ုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံမျိုးတွင် ပြည်နယ်တိုင်းမှ တန်းတူညီမျှသော အမတ်ဦးရေ စေလွှတ်ရေးသည် ပိုမို၍ လိုအပ်သည်ဟု ယူဆရပါသည်။

သို့ဖြစ်၍ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် လူများစုအမျိုးသားများနှင့် လူများစုနေထိုင်ရာဒေသများမှ အမတ်ဦးရေပို၍ စေလွှတ်ခြင်းကြောင့် လူနည်းစုတောင်တန်းလူမျိုးများနှင့် တောလက်ကျေးရွာ အမျိုးသားများသည် မြို့ပေါ်လူများစုအမျိုးသား တို့၏ Despotism နှင့် Tyranny လက်အောက်သို့ မဲဆန္ဒအရ သွတ်သွင်းပြီး ဖြစ်နေပါသည်။

## အုပ်ချုပ်ရေးတွင် မမျှတမှု ဝန်ကြီးချုပ်ရွေးပုံ

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အုပ်ချုပ်မှုတခုလုံးကို ချုပ်ကိုင်ကြီးကြပ်ကွပ်ကဲရန် တာဝန်အရှိဆုံးဖြစ်သော နိုင်ငံတော် ဝန်ကြီးချုပ်သည် လူမျိုးပေါင်းစုံ၏ အခွင့်အရေးကို တန်းတူဖြစ်နိုင်ရေးအတွက် ကွပ်ကဲစောင့်ရှောက်ကြည့်ရှုရမည့် တာဝန်အကြီးဆုံးရှိသူ ဖြစ်သောကြောင့် လူမျိုးပေါင်းစုံကိုယ်စားလှယ် ဖြစ်သော လူမျိုးစုလွှတ်တော်နှင့်သာ သက်ဆိုင်သင့်လျက် နိုင်ငံတော်ဖွဲ့စည်းပုံ ပုဒ်မ (၁၁၅) အရ ပြည်သူ့လွှတ်တော်နှင့်သာ သက်ဆိုင်စေခဲ့ပေသည်။ ထို့ပြင် ဝန်ကြီးချုပ်ကို လူမျိုးစုလွှတ်တော်ကသာ ရွေးချယ်သင့်လျက် လူမျိုးစုလွှတ်တော်ကို တွဲဘက်ပင် ရွေးချယ်ခွင့်မပေးဘဲ ယင်းနိုင်ငံတော်ဖွဲ့စည်းပုံ ပုဒ်မ (၅၆) (၁) အရ ပြည်သူ့လွှတ်တော်ကသာ ဝန်ကြီးချုပ်ကို ရွေးချယ်ရပါမည်။ သို့ဖြစ်၍ ပြည်မမှ ကိုယ်စားလှယ်အမတ် အဆမတန်များနေသော ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်ကို ရွေးချယ်မှုကြောင့် ဥပဒေပြုဌာနတွင် ဆွေးနွေးတင်ပြခဲ့သည့်အတိုင်း မဟာလူမျိုးကြီးဝါဒ ကျင့်သုံးရန် အာဏာမက်သော ဟစ်တလာကဲ့သို့သော တယူသန်ခေါင်းဆောင်မျိုး မပေါ်ပေါက်နိုင်ရန် အကွယ်အကာ လုံးဝမရှိဘဲ လူနည်းစုအမျိုးသားများအပေါ် ထပ်၍ ဖိနှိပ်ချုပ်ချယ်မှုတရပ် တိုးလာနေရပေသည်။ ၁၉၄၈ ခုနှစ်မှ ယနေ့တိုင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက လူနည်းစုဘဝလုံခြုံရေးနှင့် သီးသန့်ရပ်တည်နိုင်ရေးကို အကာအကွယ် လုံးဝမပေးခဲ့ပေ။

## ပြည်နယ်ဝန်ကြီးများ ခန့်အပ်ပုံ

ထို့ပြင် အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း မဟာလူမျိုးကြီးဝါဒ ကျင့်သုံးနိုင်ရန်မူကပေးနေသော ဝန်ကြီးချုပ်က တောင်တန်းဒေသ လူမျိုးများ၏ ဝန်ကြီးများကို မိမိဆန္ဒဖြင့် ဖွဲ့စည်းပုံ ပုဒ်မ (၅၆) (၂)၊ (၁၆၈)၊ (၁၇၃)၊ (၁၈၁) (၁၂)၊ (၁၈၉)၊ (၁၉၇) (၂)အရ ခန့်အပ်နိုင်ပါသည်။ ထိုနည်းဖြင့် ပြည်နယ်လူမျိုးစုများ၏ ဘဝတခုလုံးကို ဝန်ကြီးချုပ်က ချုပ်ကိုင်ချယ်လှယ်ခွင့် ရနေပါသည်။

# တရားစီရင်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိပ္ပာယ်ဖြစ်စေ၊ အက်ဥပဒေများ၏ အဓိပ္ပာယ်ဖြစ်စေ ကောက်ယူရမည့် အမြင့်ဆုံးတရားရုံးသည် တရားလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်များ ဖြစ်ခဲ့ပေသည်။ ယင်းလွှတ်တော် တရားသူကြီးများသည် ဥပဒေများကို အဓိပ္ပာယ်ကောက်ရာ၌ အမျိုးမျိုး လှည့်ပတ်ကောက်ယူနိုင်ရန် အာဏာရှိပေသည်။ သို့ဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၌ ဖြစ်စေ၊ အခြား အက်ဥပဒေ၌ ဖြစ်စေ၊ လူနည်းစုအခွင့်အရေးများကို ကာကွယ်ရန်အတွက် စိတ်ဆန္ဒမရှိသော တရားသူကြီးအနေဖြင့် မိမိဆန္ဒအလိုက် ဥပဒေအဓိပ္ပာယ် ကောက်ယူနိုင်ပါသည်။ ယင်းသို့သော တရားသူကြီးများ ရရှိခဲ့သော်လည်း တဘက်က ခုခံနိုင်ရေးအတွက် အာမခံနိုင်သော ပြဋ္ဌာန်းချက်မရှိချေ။ သို့ဖြစ်၍ယနေ့တောင်တန်းဒေသ ပြည်နယ်များသည် နိုင်ငံ၏ အချုပ်အခြာအာဏာ ဖြစ်နေသော ဥပဒေပြုဌာန၊ အုပ်ချုပ်ရေးဌာနနှင့် တရားစီရင်ရေးဌာနများတွင် တန်းတူညီမျှမှု မရကြောင်းကို အထူးဖော်ပြနေစရာ မလိုတော့ပေ။

ယနေ့တောင်တန်းဒေသ အမျိုးသားများဖြစ်သော ကချင်၊ ချင်းနှင့် ရှမ်း အစရှိသည့်လူမျိုးများသည် ဗြိတိသျှ ရောက်မလာမီ အချိန်ကာလကပင် ကျွန်ုပ်တို့၏ သမိုင်းအဆက်ဆက်တွင် သီးခြားကိုယ်ပိုင် အုပ်ချုပ်ခဲ့သော လူမျိုးများဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်အချင်းချင်း ပူးပေါင်းသော မူနှင့် ပင်လုံစာချုပ်အရ ပြည်ထောင်စု ဖွဲ့စည်းခဲ့ကြသည်။ ဤ စာချုပ်အရ ဗမာအမျိုးသားများနှင့် အခြားတိုင်းရင်း သားလူမျိုးများ ပူးပေါင်းကြရာတွင် ပြည်ထောင်စုမူအရ မည်သည့် လူမျိုးခြားတို့၏အုပ်ချုပ်မှု လက်အောက်တွင်မှ ကိုလိုနီနယ်အဖြစ် မနေရဘဲ ပြည်ထောင်စုအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရနေသော လူမျိုးများအဖြစ် နေထိုင်ခွင့် ရှိပေသည်။

ဒုတိယကမ္ဘာ့စစ်အပြီး ပေါ်တူဂီနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂ အရေးအခင်းနှင့် ပတ်သက်၍ မည်ကဲ့သို့သော လူမျိုးများကို ကိုယ်ပိုင်အုပ်ချုပ်သော လူမျိုးများဟု ဆိုနိုင်ကြောင်းကို ဖြေဆိုနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂမှ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး စုံစမ်းခဲ့ပါသည်။ ယင်းသို့ စုံစမ်းချက် အစီရင်ခံစာတွင် အောက်ပါ အပိုဒ်များ ပါဝင်ခဲ့ပေသည်။

## Principle VI

A non-self governing territory can be said to have reached a full measure of self government by:

(a) Emergence as a sovereign independent states

(b) Free association with an independent states or

(c) Integration with an independent states

## Principle VII

(a) Free association should be the result of a free and voluntary choice by the people of the territory concerned expressed through informed and Democratic process it should be one which respects the individuality and the cultural characteristies of the terriory and its peoples and retains for the peoples of the territory which is associated with an Independent States the freedom to modify the status of that territory through the ex pression of their will by democratic means and through constitutional processes.

(b) The associated territory should have the right to determine its internal constitution without outside interference, in accordance with due constitutional processes and the freely expressed wishes of the people. This doesn't preclude consultations as appropriate or necessary under the terms of the free association agreed upon.

## Principle VIII

Integration with an Independent States should be on the basic of complete equality between the peoples of the erstwhile non-self governing territory and those of the dependent country with which it integrated. The people of both territories should have equal status and rights of citizenship and equal quaranties of fundamental rights and freedoms without any distinction or discremination, both should have equal rights and opportunities for representation and effective participation at all levels in the excu tive, legislative and judicial organs of government.

ဤ အစီရင်ခံစာ၏ အချက်အလက်များသည် နိုင်ငံအများ လက်ခံသော အမြင်ဖြစ်ပေသည်။ ထို့ကြောင့် ဤအစီရင်ခံစာကို ချိန်ခွင်အဖြစ်ထား၍ ၁၉၄၇ ခု ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လည်းကောင်း၊ ၁၉၄၇ ခု ပင်လုံစာချုပ်နှင့် သမိုင်းအခြေခံများကို ချိန်ဆကြည့်လျှင် ၁၉၄၇ ခု ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်တို့ တောင်တန်းဒေသ လူမျိုးများ ရရှိသော အခွင့်အရေးများသည် ရေးသားဖော်ပြခဲ့ပြီးသော ဥပဒေပြုဌာန၌ ဖြစ်စေ၊ အုပ်ချုပ်ရေးဌာန၌ ဖြစ်စေ၊ တရားစီရင်ရေးဌာန၌ ဖြစ်စေ တန်းတူညီမျှမှု လုံးဝမရှိပေ။ ပြည်မ၏ ချယ်လှယ်မှုအောက်၌သာ ရပ်တည်နေရကြောင်းကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဖော်ပြပါ အစီရင်ခံစာအရ တောင်တန်းဒေသ လူမျိုးများသည် မိမိတို့ မျှော်မှန်းခဲ့သည့်အတိုင်း ကိုယ်ပိုင်အုပ်ချုပ်မှုရရှိသော လူမျိုးများမဟုတ်ဘဲ ကိုယ်ပိုင်အုပ်ချုပ်မှု မရသေးသော လက်အောက်ခံ ကိုလိုနီဘဝသို့ ရောက်ရှိနေခဲ့ရပေသည်။

ဤသို့လျှင် ဥပဒေပြုဌာန၊ အုပ်ချုပ်ရေးဌာနနှင့် တရားစီရင်ရေးဌာနများတွင် တန်းတူအခွင့်အရေးများ မရသည့်အပြင် ပြည်ထောင်စု ဗဟိုအစိုးရအာဏာနှင့် ဗမာပြည်မအာဏာကို ခွဲမထားဘဲ ဗမာပြည်မက ဗဟိုပြည်ထောင်စုအာဏာအားလုံးကို အကုန်အစင် ရယူချုပ်ကိုင်ထားပါသည်။ ထို့ကြောင့် တောလက် ကျေးရွာ လူထုလူတန်းစားနှင့် လူနည်းစုပြည်နယ် လူမျိုးများအား ဗမာပြည်မ၏ ချယ်လှယ် ချုပ်ကိုင်နိုင်သော ဘဝသို့ လုံးဝရောက်နေပါသဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုသော မွေးရာပါ အခွင့်အရေးများ လုံးဝမရရှိဘဲ ဆုံးရှုံးနေခဲ့ရသည်။

ပြည်နယ်အဖြစ် မသတ်မှတ်သော ပြည်ထောင်စုနယ်မြေကို ပြည်ထောင်စုနယ်မြေ ဟူ၍ အိန္ဒိယပြည်မှာကဲ့သို့ ခေါ်ဝေါ်ဖွဲ့စည်းခြင်း လုံးဝမရှိဘဲ ပြည်မ၊ ဗမာပြည်မ စသည်ဖြင့် ခေါ်ဆိုနေကြခြင်းသည် ပြည်မ မဟာလူမျိုးကြီးဝါဒကို ပြည်နယ်လူနည်းစုဝါဒသို့ သွတ်သွင်းရာ ရောက်လျက် ရှိနေပါသည်။

အထက်ဖော်ပြခဲ့ပြီးသော ဆုံးရှုံးနစ်နာသည့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖော်ပြမထားသော်လည်း အက်ဥပဒေများတွင် တန်းတူညီမျှခံစားရေး ဖော်ပြချက် ရှိသည်ဟု ထုတ်ပြနိုင်ခဲ့ လျှင်လည်း အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဥပဒေပြုအဖွဲ့ ရှိးရှိးလူများစုမဲဖြင့် အချိန်မရွေး ပြုပြင်ပယ် ဖျက်နိုင်၍ တည်တံ့ခိုင်မြဲမှုအတွက် အာမခံချက်မရှိ၍ အခွင့်အရေး တန်းတူပေးခြင်းဖြစ်သည်ဟု မဆိုနိုင်ပေ။ ယင်းကဲ့သို့သော အက်ဥပဒေများတွင် ပြဋ္ဌာန်းထားသော တန်းတူမှုများသည် မြို့ပေါ်ရှိ ဗမာအမျိုးသားများ အတွက် ပြဋ္ဌာန်းထားခြင်းသာဖြစ်ပြီး လူနည်းစုတောင်တန်းဒေသနှင့် တောလက်ကျေးရွာ အမျိုးသားများအတွက် ပြဋ္ဌာန်းခြင်း မဟုတ်ပေ။ ထို့ကြောင့်အက်ဥပဒေတွင် ပြဋ္ဌာန်းသော အခွင့်အရေးသည် လူနည်းစု များနှင့် ကျေးလက်တောရွာနေ လူတန်းစားတို့အား အခွင့်အရေးပေးရာ လုံးဝမသက်ရောက်နိုင်ပေ။

အမှန်မှာ ဖော်ပြပြီးသော ဥပဒေပြုဌာန၊ အုပ်ချုပ်ရေးဌာနနှင့် တရားစီရင်ရေးဌာန၌ပင်လျှင် ပြည်နယ်လူနည်းစု အမျိုးသားများအား တန်းတူညီမျှမှု ပေးသည့်တိုင်အောင် လူအင်အားများမှုကြောင့် ပြည်မလူအများစု၏ လွှမ်းမိုးခြင်းနှင့် နိုင်ကွက်များသည် ရှိစမြဲပင် ဖြစ်နေပါသည်။ သို့ဖြစ်၍ ပြည်နယ်လူနည်းစုနှင့် တောလက်ကျေးရွာနေလူတန်းစားများ အနေဖြင့် လူများစုပြည်မ အမျိုးသားများ နှင့်အတူ ပူးပေါင်း၍ ပြည်ထောင်စုဖွဲ့စည်းခြင်းသည် ပင်လျှင် မိမိတို့၏ လွတ်လပ်မှုကို ဆုံးရှုံးစေပြီး ဖြစ်သကဲ့သို့ရှိနေခဲ့ပါသည်။

ယခု ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပြည်ထောင်စုအတွင်း ဆောက်ရွက်ခဲ့သော လုပ်ငန်းဆောင်တာ ဟူသမျှသည် ပြည်မမြို့ပေါ် လူတန်းစားများ တိုးတက်ကြီးပွားရေးအတွက် ပြည်ထောင်စု လူမျိုးပေါင်းစုံအသက်ကို စတေးပြီး ဆောင်ရွက်ခြင်းသဘော ပင်ရောက်ရှိနေခဲ့ပါသည်။ မြို့ပေါ် လူတန်းစား တဦးဖြစ်မှ အခွင့်ထူးရရှိမှုကြောင့်ရန်ကုန်၊ မန္တလေး စသော မြို့ကြီးများ၌သာ လူဦးရေ အဆမတန် တိုးပွား နေရခြင်းအကြောင်းရင်း ဖြစ်နေပေသည်။

အစိုးရလုပ်ငန်းဌာနတခုကို ထိထိရောက်ရောက် ဆောင်ရွက်အောင်မြင်နိုင်စေရေးအတွက် နိုင်ငံရေးအာဏာ လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ လုပ်ငန်းဌာနထိပ်ဆုံးတိုင်းတွင် နိုင်ငံရေး အာဏာရှိသော ဝန်ကြီးများက ဦးဆောင်ကြီးကြပ် ကွပ်ကဲရပါသည်။ယင်းနိုင်ငံရေး အာဏာရ ဝန်ကြီး၏ စီမံခန့်ခွဲမှု အတိုင်း လုပ်ဆောင်ရန် အခိုင်းအစေသဘောအဖြစ် ဝန်ကြီးတဦး၏ လက်အောက်တွင် အတွင်းဝန်၊ ညွှန်ကြားရေးဝန်၊ တိုင်းအဆင့် အရာရှိ၊ ခရိုင်အဆင့် အရာရှိ၊ မြို့နယ်အဆင့်အရာရှိ ဟူ၍ အဆင့်ဆင့်တာဝန်ခွဲဝေ ဆောင်ရွက်ရပါမည်။ မြို့နယ်အဆင့်တွင် လုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးခံ ရသော မြို့နယ်အရာရှိသည် မိမိလုပ်ငန်းများတွင် အဆင်မပြေပါက ခရိုင်အဆင့်၊ ခရိုင်အဆင့်တွင် အဆင်မပြေပါက တိုင်းအဆင့်၊ တိုင်းက ညွှန်ကြားရေးဝန်၊ ညွှန်ကြားရေးဝန်မှ အတွင်းဝန်၊ အတွင်းဝန်မှ ဝန်ကြီးထံ အဆင့်ဆင့် ဆင့်ကဲဆင့်ကဲတင်ပြရပါသည်။ သို့သော် ဝန်ကြီးသည် လက်အောက်ခံ မည်သည့် အရာရှိကိုမဆိုလိုအပ်ပါက မိမိ၏ ကြီးကြပ်ကွပ်ကဲမှုကို နိုင်ငံရေးအရ အမျိုးမျိုး ဆောင်ရွက်နိုင်ပါသည်။

ဥပမာ - ချင်းဝိသေသတိုင်းတွင် စိုက်ပျိုးရေးဌာန၊ မွေးမြူရေးဌာနများသည် ပြည်မအစိုးရ စိုက်ပျိုး မွေးမြူရေးဌာန ဝန်ကြီးလက်အောက်တွင် ပြည်မစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အတူတွဲ၍ လုပ်ဆောင်ရပါသည်။ ချင်းဝိသေသတိုင်းနှင့် ပြည်မတို့၏ သဘာဝအခြေအနေသည် ရေမြေပထဝီ၊ တောတောင်သဘာဝနှင့် ရာသီဥတုမတူရုံသာမက ပေါက်ရောက်သော သစ်ပင်ပန်းမာန်များလည်း တမျိုးစီဖြစ်ပါသည်။ထို့ကြောင့် ချင်းဝိသေသတိုင်း၌ စိုက်ပျိုးမည့် မျိုးစေ့နှင့် ပြည်မတွင် စိုက်ပျိုးမည့် မျိုးစေ့များသည် တခြားစီဖြစ်၍ လုပ်ငန်းအားဖြင့်လည်း တူနိုင်မည် မဟုတ်ပေ။

ချင်းဝိသေသတိုင်း၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် သူ့ရေမြေသဘာဝနှင့် လိုက်လျောညီထွေဖြစ်မည့် လုပ်ငန်းစီမံကိန်းကို ပြည်မနှင့် မတူဘဲ သီးခြားရေးဆွဲပေးရမည့် အခြေအနေ၌ ရှိပါသည်။ သို့သော် ပြည်မစိုက်ပျိုး မွေးမြူရေးလုပ်ငန်းသည် အလွန်ကျယ်ပြန့်၍ ချင်းဝိသေသတိုင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်နှိုင်းစားလျှင် ချင်းဝိသေသတိုင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက အသေးအမွှားလုပ်ငန်း အဖြစ် သဘောထားပါသည်။ ထို့ကြောင့်လည်း ပြည်မစိုက်ပျိုးမွေးမြူရေးဝန်ကြီးနှင့် တိုက်ရိုက် မဆက်သွယ်စေဘဲ လက်အောက်ခံမြို့ (ဝါ) ခရိုင်အဆင့် အရာရှိတဦး၏လက်အောက်တွင် လွှဲအပ်ထားရပါသည်။ ယင်းအရာရှိတွင် နိုင်ငံရေးအာဏာ လုံးဝမရှိဘဲ ညွှန်ပြမိန့်ကြားသည့်အတိုင်း လိုက်နာရသော အခိုင်းအစေ အကြီးတန်းစာရေးလောက်သာ ဖြစ်နေ၍ မိမိသဘောဖြင့် ဆုံးဖြတ်ပိုင်ခွင့် အာဏာတစုံတခုပင် မရှိပါ။ အသေးအမွှားကိစ္စအားလုံးကို သူ့ရုံးမှ တိုင်းအဆင့်၊ တိုင်းအဆင့်မှ ညွှန်ကြားရေးအဆင့်၊ ညွှန်ကြားရေးအဆင့်မှ အတွင်းဝန်အဆင့် စသည်ဖြင့် အဆင့်ဆင့် တင်ပြရပါသည်။ နိုင်ငံရေးအာဏာရှိသော ဝန်ကြီးထံ ယင်းတင်ပြချက် ရောက်ပြန်လျှင်လည်း ယင်းဝန်ကြီးထံတွင် ချင်းဝိသေသ တိုင်းအရေးထက် အရေးကြီးသော ပြည်မကိစ္စများ အများအပြား ရှိနေပြန်သဖြင့် ယင်းချင်းဝိသေသတိုင်းမှ မြို့နယ် (ဝါ) ခရိုင်အရာရှိ တင်ပြသော အရေးကိစ္စများကို ဆုံးဖြတ်ရာတွင် အလွန်ကြန့်ကြာခဲ့သည်။

ချင်းဝိသေသတိုင်းတွင် ယခင်အခါက လားမွေးမြူရေး၊ နွားမွေးမြူရေး စသော စီမံကိန်းများ၊ ကော်ဖီ၊ လိမ္မော်၊ ပန်သီး စသော စိုက်ပျိုးရေး စီမံကိန်းများနှင့် လေ့ခါးထစ်စိုက်ပျိုးရေး စီမံကိန်းများ စသည့်ဖြင့် စီမံကိန်းအမျိုးမျိုး ရှိခဲ့ပါသည်။ ယခုအခါ သဘာဝထင်းရှူးဆီ ထုတ်လုပ်ရေး စီမံကိန်း စသည်ဖြင့်ရှိနေပါသည။ သို့သော် ဤစီမံကိန်းများ အောင်မြင်၏၊ မအောင်မြင်၏ ဆိုသည်ကို ဆန်းစစ်ကြည့်လျှင် ယခုထက်တိုင် မည်သည့် စီမံကိန်းမှ မအောင်မြင်ကြောင်း တွေ့ရှိရပါသည်။ ချင်းဝိသေသတိုင်း၏ရေမြေသဘာဝ ညံ့ဖျင်းမှု ကြောင့် ထိုစီမံကိန်းများ မအောင်မြင်ဟူ၍ ကျွန်ုပ်တို့ ချင်းပြည်သူလူထုထံ လှည့်စား ပြောပြနိုင်မည်ဆိုလျှင် အလွယ်ကူဆုံး ဖြေရှင်း ရှင်းပြသောနည်း ဖြစ်ပါလိမ့်မည်။

ယခုအခါ သိပ္ပံပညာထွန်းကားသည့် ခေတ်ဖြစ်သောကြောင့် သဘာဝအားဖြင့် မည်သည့် မျိုးစေ့မျှ မပေါက်ရောက်နိုင်သော သဲကန္တာရများ၌ပင် စိုပြေစိမ်းလန်းသော အသီးအနှံများ ပေါက်ရောက်သည့် တိုင်အောင် သိပ္ပံနည်းဖြင့် ဖန်တီးနိုင်ပြီး ဖြစ်သည်။ သဘာဝအားဖြင့် သစ်ပင်ပန်းမာန် အပြည့် စိမ်းလန်း စိုပြေလျက်ရှိသော ချင်းပြည်၏ ရေမြေသဘာဝသည် သဲကန္တာရမြေ မဟုတ်ပါ၊ သဲကန္တာရ ရေမြေသဘာဝ ထက် သီးနှံပေါက်ရောက်နိုင်ရန် အဆမတန်ကောင်းနေပေသည်။

ကျွမ်းကျင်သူများ၏ အဆိုအရ ချင်းဝိသေသတိုင်း၌ ဥပမာ - လားမွေးမြူရေး စသည့် စီမံကိန်းများသည် အလွန်သင့်လျော်ပြီး လိမ္မော်၊ ပန်းသီး၊ ကော်ဖီ စသော စိုက်ပျိုးသီးနှံများသည်လည်း စမ်းသပ်မှုများ၌ ကောင်းမွန်ဖြစ်ထွန်းနိုင်ကြောင်း သက်သေသာဓက ရှိနေသည်။ ထင်းရှူးဆီထုတ်လုပ်ရေးနှင့် ပတ်သက်၍ ချင်းတောင်ဒေသ၏ ရာခိုင်နှုန်းအများစုသည် သဘာဝထင်းရှူးပင် ပေါက်ရောက်ရာဒေသဖြစ်၍ ထင်းရှူးဆီထုတ်လုပ်နိုင်သော ထင်းရှူးပင်များသည် သန်းနှင့်ချီ ရှိနေပါသည်။ သို့သော်

ယခုအခါ သဘာဝထင်းရှူးပင် (၃၀) ရာခိုင်နှုန်းလောက်မျှသာ ထင်းရှူးဆီထုတ်လုပ်နေသော်လည်း လုပ်ငန်း မတွင်ကျယ်သဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်ကြောင်း သိရှိရပါသည်။ ဤ ထင်းရှူးဆီလုပ်ငန်းမှ အစိုးရအနေဖြင့် အကြီးအကျယ်အမြတ်အစွန်း မရှိသေးသော်လည်း ဆုံးရှုံးမှုမရှိပါက ချင်းပြည်သူ လူထုအတွက် ပိုမိုလွယ်ကူချောင်ချိသော စက်မှုလုပ်ငန်းသဘောဖြင့် အသက်မွေးဝမ်းကြောင်းနည်းကို ဖန်တီးပေးရာဌာနတခု ဖြစ်လာ၍ ချင်းပြည်သူလူထု၏ဘဝ မြှင့်တင်ပေးခြင်းတရပ်ပင် ဖြစ်နေ ပေသည်။ ထို့ကြောင့် အသားတင် ငွေပင်ငွေရင်းအားဖြင့် အမြတ်အစွန်း မရသော်လည်း အမျိုးသားအစိုးရအနေဖြင့် မိမိ၏ပြည်သူပြည်သားများ ဘဝမြှင့်တင်ပေးခြင်းသည် မှန်ကန်သော လမ်းစဉ်ဖြစ်ပြီး အမြတ်ကိုသာ တပ်မက်နေခြင်းသည် နယ်ချဲ့သမားများ၏ စီးပွားရေးစနစ်ဖြစ်သော မမှန်ကန်သော လမ်းစဉ်ဖြစ်သည်ဟု ယူဆရပါသည်။

ယခု ချင်းဝိသေသတိုင်း ထင်းရှူးဆီစီမံကိန်းသည် ချင်းပြည်သူလူထုအတွက် စက်မှုသဘောဖြစ်သော အသက်မွေးဝမ်းကြောင်းနည်း ဖန်တီးပေးရာဌာနဖြစ်ရုံသာမက ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍတွင် အရေးပါအရာရောက်ကြောင်းကိုပင် သုတေရှင်များက တွေ့ရှိရေးသားဖော်ပြကြောင်း သိရှိရပါသည်။ ထို့ပြင် ချင်းဝိသေသတိုင်း၏ သစ်တောများမှ သစ်ထုတ်လုပ်မှုလုပ်ငန်းများ ရှိနေရုံသာမက သဘာဝ ထင်းရှူးများနှင့် အခြားသစ်တောများမှ စက္ကူထုတ်လုပ်မှုလုပ်ငန်း ဖြစ်ထွန်းနိုင်မည့် အလားအလာ ရှိကြောင်းကိုလည်း သိရှိရပါသည်။

သတ္တုအနေဖြင့် ချင်းဝိသေသတိုင်းတခုလုံးကို ရှာဖွေသော သုတေသနပြုမှု မရှိခဲ့ဖူးသော်လည်း ငွေတောင်အောက်ခြေတလျှောက်တွင် သတ္တုတန်ချိန် သန်းတရာ ထက်မနည်း တွေ့ရှိရပါသည်။ ချင်းဝိသေသတိုင်းမှ မည်သည့်အရာမျှ ထွက်မည်မဟုတ်ကြောင်းကို နှစ်ပေါင်းများစွာကတည်းက လက်ခံခဲ့ သော်လည်း ယခုအခါ အထက်ဖော်ပြပါ သယံဇာတပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းများ ရှိနေကြောင်းကို ထောက်ခြင်းအားဖြင့် အရေးတစိုက်၊ အတွင်းကျကျ ရှာဖွေလေ့လာ ဆောင်ရွက်ပါက ချင်းဝိသေသတိုင်းမှ ထုတ်လုပ်နိုင်သော မည်သည့်အရာမျှ မရှိဟုဆိုခြင်းသည် ယခုအခါ သံသယရှိ စရာပင် ဖြစ်လာပါသည်။

ချင်းပြည် သဘာဝနယ်မြေအတွင်း တွေ့ရှိပြီးသော အခြားတွင်းထွက်သယံဇာတ ပစ္စည်းများမှာ ကန့်ကူကျောက်၊ သဲကျောက်၊ ကျောက်သင်ပုန်းကျောက်၊ ကျောက်မီးသွေး၊ ရွှေ၊ သံ၊ ဆားနှင့် အဖိုးတန် တိရိစ္ဆာန်များ ရှိနေကြောင်းကိုလည်း သိရှိရပါသည်။သို့သော် ယင်းတွင်းထွက်ပစ္စည်းများကို ချင်းအမျိုးသား များကသာ တူးဖော်အကျိုးခံစားရန် ရည်ရွယ်ချက်ဖြင့် ဤတွင် တင်ပြခြင်း မဟုတ်ပေ။ ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို လူမျိုးတမျိုးကသာ လက်ဝါးကြီးအုပ်ပြီး အခြားလူမျိုးများကို ခြယ်လှယ် အနိုင်ကျင့်ရန် ယင်းအချုပ်အခြာအာဏာသုံးစွဲခြင်းအား ဆန့်ကျင်၍ ယင်းအချုပ်အခြာအာဏာကို ပြည်ထောင်စုလူမျိုးပေါင်းစုံက မျှဝေယူ ကျင့်သုံးနိုင်ကြရန်ကိုသာ လက်ခံသည့် နည်းတူ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဓနပစ္စည်းများကို လူမျိုးပေါင်းစုံမျှဝေခံစားခြင်းကို လက်ခံပါသည်။

သို့သော် ဤစီမံကိန်းများကို လုပ်ဆောင်ရာ၌ မည်သူမျှ ကိုယ့်အိမ်ကိုယ့်ယာ ကဲ့သို့သဘော ထားပြီး နိုင်ငံရေးအာဏာကို ထိရောက်စွာ သုံး၍ ဆောင်ရွက်ခဲ့ဘူးသည်ဟုမရှိခဲ့ပေ။ ဥပမာ - ပြည် သူ့လုပ်ငန်းနှင့် အိမ်ယာဆောက်လုပ်ရေးဌာန တာဝန်ခံဗိုလ်မှူးချုပ် စိန်ဝင်းသည် သုဝဏ္ဏအိမ်ယာ ဆောက်လုပ်ရေး လုပ်ငန်း၌ သူကိုယ်တိုင်ပါဝင်ပြီး အုတ်ခဲများကိုပင် ထမ်း၍ ဆောင်ရွက်နေကြောင်း သတင်းစာများတွင် မကြာခဏဖတ်ရှုရပါသည်။ နိုင်ငံရေးအာဏာအပြည့်ရှိသော ဝန်ကြီးတဦးအနေ ဖြင့် အတွင်းကျကျ အသေးစိတ် ဤကဲ့သို့ ကိုယ်တိုင် လိုက်လံလုပ်ကိုင်ပြီးသော လုပ်ငန်းသည် မအောင်မြင်လျှင် မအောင်မြင်နိုင် သည့် အကြောင်းများ ရှိနေပေသည်။

သို့သော် ချင်းဝိသေသတိုင်းတွင် အထက်တွင်ဖော်ပြခဲ့သော ဥပမာများဖြစ်သည့် စိုက်ပျိုး မွေးမြူရေး စီမံကိန်းနှင့် အခြားသော စီမံကိန်း စသည်များကို မည်သည့် နိုင်ငံရေးအာဏာရှိ ဆိုင်ရာ ပြည်မဝန်ကြီးများသည် ဗိုလ်မှူးချုပ်စိန်ဝင်းကဲ့သို့သောအသေးစိတ်သွားရောက် ဆောင်ရွက်ပြီး စစ်ဆေး အရေးစိုက်ဘူးပါသနည်း။ အဖြေမှာ မည်သည့်ဆိုင်ရာ တာဝန်ခံပြည်မဝန်ကြီးမှ ချင်းဝိသေသတိုင်းသို့ လာဖူးသည်ဟု မသိရပေ။ ချင်းဝိသေသတိုင်းအရေးကို အသေးစိတ် ဝင်စွတ်လုပ်ကိုင်ပေးနိုင်မည် လည်း မဟုတ်ပေ။

ဝင်စွက်လုပ်ကိုင်ပေးမည် ဆိုလျှင်လည်း ရန်ကုန်မြို့မှ ချင်းဝိသေသတိုင်းသို့ လာရန်မှာ ခရီး စရိတ် အကုန်အကျများပြီး အချိန်လည်း ကုန်ပါသဖြင့် မကြာခဏလာနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ချင်းဝိသေသ တိုင်းသို့ တခေါက်တလေ လေ့လာရုံနှင့် ချင်းဝိသေသတိုင်း၏ လူမှုရေးနှင့် ရေမြေသဘာ ဝ အခြေအနေ အသေးစိတ်ကို သိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် တခေါက်လေ့လာရုံနှင့် မည်သည့် လုပ်ငန်းကိုမျှ ဆောင်ရွက်ပြီး စီးနိုင်သင့်သလောက် ဆောင်ရွက်ပြီးစီးနိုင်မည် မဟုတ်ပေ။ ယခင် ချင်း ရေးရာဝန်ကြီးသည် အထက်ဖော်ပြပါ စီမံကိန်းများတွင် ဆောင်ရွက်နိုင်ခွင့် မရှိပေ။ ယင်းဌာနများတွင် ဝင်စွက်လုပ်ကိုင်နိုင်ခွင့်ပင် ရှိစေကာမူ သူ့အတွက် သတ်မှတ်ပေးအပ်သော မူရင်းတာဝန်နှင့် စီမံကိန်း များကို တွဲကိုင်နိုင်ရန် မလွယ်ကူပေ။

ဤသို့လျှင် ချင်းဝိသေသတိုင်းကို အရေးစိုက်ရန် အချိန်မပေးနိုင်သော ဗမာပြည်မဆိုင်ရာ ဝန်ကြီးများဌာနမှ ချင်းဝိသေသတိုင်းဆိုင်ရာ လုပ်ငန်းဌာနအားလုံးကို ကြိုးကိုင်ခြင်းထက် ချင်းပြည် နယ် အစိုးရကို ဖွဲ့ပြီး၊ ချင်းပြည်နယ်အစိုးရ ဝန်ကြီးနှစ်ဦးပင် ဖြစ်စေ၊ သုံးဦးပင်ဖြစ်စေ၊ အငယ်တန်းအရာ ရှိများနှင့် ချင်းဝိသေသတိုင်း လုပ်ငန်းဌာနအားလုံးကို အတွင်းကျကျ ကွပ်ကဲလျှင် ချင်းပြည်သူလူထု၏ ပိုမိုတိုးတက် ဖွံ့ဖြိုးရာလမ်းစဉ်ကျမည် ဖြစ်ပါသည်။ ချင်းပြည်နယ်အစိုးရ၊ ချင်းအမျိုးသား ဝန်ကြီးများက ယင်းသို့ ချင်းဝိသေသတိုင်းဌာန လုပ်ငန်းပေါင်းစုံကို ကြီးကြပ်အုပ်ချုပ်ပြီး နီးနီးကပ်ကပ်အတွင်းကျကျ အချိန်မရွေး ပါဝင်နိုင်ရုံသာမက ကိုယ့်အိမ်ကိုယ့်ယာလို သဘောထား၍ အချိန်ပြည့်အရေးစိုက်ဆောင် ရွက်နိုင်မည် ဖြစ်သဖြင့် ချင်းဝိသေသတိုင်း၏ ဌာနများကို အရေးမစိုက်သော ပြည်မဝန်ကြီးများ လက် အောက်၌ ရှိသည်ထက် ပို၍အလုပ်တွင်ကျယ်မည် ဖြစ်ပါသည်။

ယင်းသို့ အလုပ်တွင်ကျယ်မှု မရှိသော ချင်းအမျိုးသားဝန်ကြီးများ ရှိခဲ့လျှင် ပြည်သူလူထုက ယင်းဝန်ကြီးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့ အားလုံးကို ရွေးကောက်ပွဲ၌ မဲဖြင့်ဖြုတ်ချနိုင်ပြီး အလုပ်တွင်ကျယ်မည့် ဝန်ကြီးများကို ချင်းပြည်နယ်အစိုးရအဖွဲ့အဖြစ်အချိန်မရွေး ပြန်လည်ရွေးကောက် တင်မြှောက် နိုင်ပါသည်။ ယခုအခါ ချင်းဝိသေသတိုင်း လုပ်ငန်းဌာနအားလုံးနှင့် ချင်းဝိသေသတိုင်းအရေးကို ဂရုစိုက်ရန် အချိန်မပေးနိုင်သော ဝန်ကြီးများ ချုပ်ကိုင်ခြင်းဖြင့် အလုပ်တွင်ကျယ်သောဝန်ကြီး၊ မတွင်ကျယ်သော ဝန်ကြီးဟု သိရှိမှုကို မည်သည့်နည်းနှင့်မျှ ချင်းအမျိုးသားများက ဝေဖန်ခြင်း မပြုနိုင်သည့်အပြင် ချင်းဝိသေသတိုင်း လုပ်ငန်းဌာနများသည် မည်သည့် ပြည်မဝန်ကြီး လက်အောက်တွင်ရှိသည်ကိုပင် မသိရှိကြပေ။ သိရှိခဲ့လျှင်လည်း ယင်းပြည်မဝန်ကြီးကို ချင်းဝိသေသတိုင်း ချင်းအမျိုးသားများအနေဖြင့် မည်သို့မျှ ဖြုတ်ချပြောင်းလဲမှုမျိုး ပြုလုပ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပြည်မဝန်ကြီးများသည် ချင်းဝိသေသတိုင်အတွက် အလုပ်မတွင်ကျယ်လျှင်လည်း ချင်းပြည်သူလူထု လက်တဆုတ်စာက မိမိတို့အား မည်သို့မျှ မလုပ်နိုင် ဟူ၍ ချင်းပြည်သူလူထုများအား လူဟူ၍ပင် မမှတ်ဘဲ တိရိစ္ဆာန်ဟူ၍ မှတ်နေလျှင်လည်း နေနိုင်သည့် အခြေအနေ၌ ရှိနေပေသည်။ ထို့ကြောင့် ယင်းဖော်ပြပါ စီမံကိန်းများ မအောင်မြင်နိုင်ခြင်းသည် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု၊ လုံလောက်သော အာဏာနှင့် ထိရောက်သော ကြီးကြပ်ကွပ်ကဲမှု မရှိကြောင်း ထင်ရှားနေပါသဖြင့် မအောင်မြင်နိုင်ဟု အပြီးအပြတ် ဆိုနိုင်မည် မဟုတ်ပေ။

ချင်းအမျိုးသားများ ကြီးပွားတိုးတက်ရေးအတွက် အထက်ဖော်ပြပါ စီမံကိန်းများသည် အလွန်အရေးကြီးပြီး သေရေးရှင်ရေးသမျှပင် အရေးကြီးသည့် စီမံကိန်းများ ဖြစ်ပေသည်။ ဤမျှလောက် အရေးကြီးသော လုပ်ငန်းစီမံကိန်းများကို နိုင်ငံရေးအာဏာ အနည်းငယ်မျှမရှိသော အကြီးတန်းစာရေးကြီး၊ မြို့နယ် (ဝ) ခရိုင်အဆင့်အရာရှိ တဦး၏လက်အောက်၌သာ လွှဲအပ်ခြင်းသည် ပြည်ထောင်စုတဝှန်းလုံးရှိ ချင်းအမျိုးသား တစ်ရပ်လုံးနှင့် ချင်းဝိသေသတိုင်း၏ ကြီးပွားဖွံ့ဖြိုး တိုးတက်ရေးကို အရေးပေး ဂရုစိုက်ရာ မကျပေ။

ယခုအခါ ရပ်ပြအနေဖြင့် ဤဌာနတာဝန်ခံ၊ ထိုဌာနတာဝန်ခံ ဟူ၍ ချင်းရေးရာ ဦးစီးအဖွဲ့ဝင်များက တာဝန်ခံသော်လည်း လအက အုပ်ချုပ်မှုကြောင့် ဆိုင်ရာတာဝန်ခံချင်းဦးစီးအဖွဲ့ဝင်က မည်သည့်လုပ်ငန်းကိုမျှ ဆုံးခန်းတိုင်အောင် လုပ်နိုင်စွမ်းအာဏာမရှိပေ။ ဤ လအက များနှင့်ပင် မပြီးသေးဘဲ အနောက် မြောက်တိုင်းဌာန စသည်ဖြင့်လည်းပတ်ပြီး မည်သည့် စီမံကိန်းလုပ်ငန်းကိုမျှ အချိန်ကုန်သည်နှင့် ဖြစ်ထွန်းအောင်မြင်မှုကို မဆောင်ရွက်နိုင်ပေ။ ထို့ကြောင့် ချင်းဝိသေသတိုင်း တိုးတက်ဖွံ့ဖြိုးရေးသည် ချင်းပြည်နယ်က သတ်မှတ်၍ ချင်းပြည်နယ်အစိုးရ ဖွဲ့ပြီး၊ ဝန်ကြီးများက ကြီးကြပ်ကွပ်ကဲမှသာလျှင် ချင်းအမျိုးသားတရပ်လုံးနှင့် ချင်းဝိသေသတိုင်း တိုးတက်ကြီးပွား ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းပေါင်းစုံ အောင်မြင်ထိရောက်နိုင်သော နည်းလမ်းဖြစ်ပေသည်။

ချင်းပြည်နယ် ဝန်ကြီးဌာနများတွင် ညွှန်ကြားရေးမှူးရာထူး၊ တိုင်းရာထူး စသည်များ မထားနိုင်လျှင်လည်း ရာထူးအငယ်တန်းနှင့် နိုင်ငံရေးအာဏာ အပြည့်ရှိနေသော ဝန်ကြီးများသာ ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်းသည် ယခု မဆုံးနိုင်သည့် အဆင့်ဆင့်တင်ပြခြင်း၊ လုပ်ငန်းစဉ်ထက် ပိုမို၍ လုပ်ငန်းတွင်ကျယ်ပြီး ချင်းအမျိုးသားများအတွက် အမြန်နိုင်ဆုံး နည်းဖြင့် ကြီးပွားတိုးတက်ဖွံ့ဖြိုးစေနိုင်မည် ဖြစ်ပေသည်။

ယခုအခါ ဝန်ကြီးလေးငါးဦးတို့၏ တာဝန်များကို ချင်းရေးရာဝန်ကြီး တစ်ဦးတည်းဖြင့်သာ ဆောင်ရွက်နေပါသည်။ ထို့ကြောင့် ဝန်ကြီးများဖြစ် ဆောင်ရွက်မည် ပမာဏကို ဝန်ကြီးတစ်ဦးတည်းကသာ ဆောင်ရွက်ရခဲ့သောကြောင့် နှစ်ပေါင်းနှစ်ဆယ်ကျော် ဆုံးရှုံးလာခဲ့ပြီးသော တိုးတက်မှုပမာဏသည် တွက်ပြ၍ မရနိုင်လောက်အောင် ကြီးမားခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ချင်းဝိသေသတိုင်းတွင် ဖွင့်လှစ်ခဲ့ပြီးသော ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ လမ်းပန်းဆက်သွယ်ရေးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၊ ပေါင်းစုံတို့သည် ပြည်မဆိုင်ရာ လုပ်ငန်းဝန်ကြီး လက်အောက်၌ပင် တိုက်ရိုက်အုပ်ချုပ်မှု မရှိဘဲ၊ မြို့နယ် (ဝါ) ခရိုင်အဆင့် ဝန်ထမ်းတဦး၏ လက်အောက်ဖြင့်သာ လည်ပတ်နေရပြီး ချင်းရေးရာ ဝန်ကြီးအနေနှင့် ချင်းဝိသေသတိုင်းအတွင်း မည်သည့်ဌာနသည် မည်သည့်အခြေအနေတွင် ရှိနေသည်ကို သိရှိနိုင်ခွင့် မရှိသလောက်ပင် ဖြစ်နေခဲ့၍ကြီးကြပ်ကွပ်ကဲမှု ဆိုသည်ကား ဝေး၍ မရှိဖြစ်နေခဲ့ပေသည်။

ဤသို့ ဆုံးရှုံးသည့်အပြင် ပြည်နယ်ရရှိသော အမျိုးသားများနှင့် ချင်းရေးရာဝန်ကြီး တစ်ဦးတည်းစွမ်းအားဖြင့် ဆောင်ရွက်လျက် ရှိသည်ကိုပင် အခြား ပြည်နယ်များက ဝန်ကြီးအများနှင့် ဆောင်ရွက်သဖြင့် အနှစ် (၂၀) အတွင်း နှစ်စဉ်နှစ်တိုင်း အလှမ်းများစွာ ချင်းအမျိုးသားများထက် ရှေ့ကို ကျော်တက်သွားပြီး ဖြစ်သည်။ ချင်းအမျိုးသားများမှာစီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ စသည့် အစစအရာရာတွင် အလှမ်းများစွာ နောက်ကျကျန်ရစ် နေရပါသည်။

ဘဏ္ဍာရေးတွင်လည်း ချင်းအမျိုးသားများသည် ပြည်နယ်မရခဲ့မှုကြောင့် ချင်းရေးရာဝန်ကြီးဌာနမှ ချင်းဝိသေသတိုင်း ရသုံးခန့်မှန်းခြေ ငွေစာရင်းပြု လုပ်ခွင့်အာဏာနှင့် ပြည်ထောင်စုအစိုးရထောက်ပံ့ငွေများ လက်ခံအတည်ပြုခွင့် အာဏာမရခဲ့ပေ။ ပြည်မမှ စီစဉ်ပေးသော ဘဏ္ဍာခွဲဝေမှု အပေါ်တွင် ချင်းရေးရာ ဝန်ကြီးဌာနက အပြောင်းအလဲ မပြုလုပ်နိုင်ရုံသာမက သိရှိဖို့လောက်ပင် အခွင့်အာဏာမရှိ ဖြစ်နေခဲ့ပေသည်။

ပြည်နယ်ရရှိသော အမျိုးသားများတွင် ပြည်မက ခွဲဝေပေးသော ဘဏ္ဍာငွေကို မိမိကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အာဏာဖြင့် လိုအပ်သလိုခွဲဝေပြီး ပြောင်းလဲသုံးစွဲနိုင်သော အာဏာအပြည့်ရှိပါသည်။ အကယ်၍ တဌာနတွင် သုံးရန်ခွဲဝေသော ငွေကြေးသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် အကုန်အစင်မသုံးနိုင်ခဲ့လျှင် တခြားဌာနသို့ ပြောင်းလဲသုံးစွဲနိုင်ပါသည်။ ချင်းအမျိုးသားများ ပြည်နယ်မရခဲ့မှု

ကြောင့် ယင်းသို့ ပြည်မမှ ဤမျှသော ဘဏ္ဍာငွေကို ဤမည်သော ဌာနဍ္ဌ သုံးစွဲရမည်ဟု ခွဲဝေပေးပြီး ယင်းခွဲဝေပေးသော ဌာနဆိုင်ရာသည် အကုန်အစင်သုံးစွဲမှု မပြုနိုင်ခဲ့လျှင် ပြောင်းလဲခွင့်မရပဲ ယင်းလက် ကျန်ငွေများကို ပြည်မသို့ ပြန်အပ်ရသည်။ ယင်းသို့ ပြန်အပ်ရသော ဘဏ္ဍာငွေသည် လုံးဝဆုံးရှုံးရတော့သည်။

ချင်းဝိသေသတိုင်း ဘဏ္ဍာငွေကို ပြည်မက ဘဏ္ဍာတော်နှစ်အတွင်း အချိန်မီခွဲဝေပေးရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုနှင့် ရုံးအဆင့်ဆင့် ဆက်သွယ်ရမှုကြောင့် ကြန့်ကြာတတ်ပြီး ဘဏ္ဍာတော်နှစ်ကုန်နီးမှ ဘဏ္ဍာငွေအမြောက်အမြားကို နှစ်စဉ်နှင့်အမျှ ပြည်မသို့ ပြန်ပေးရပါသည်။ ဥပမာ-တစ်နှစ်လျှင် သုံးသန်းအထိ ပြန်အပ်သည်ဆိုလျှင်ပင် အနှစ် (၂၀) အတွင်း သန်ပေါင်း (၆၀) ထက်မနည်း ချင်းပြည်သူလူထုက မခံစားရဘဲ ဆုံးရှုံးနေရုံသာမက သန်းပေါင်း(၆၀) ရင်းနှီးမြှုပ်နှံ၍ ဖြစ်ထွန်းလာနိုင်သည့် အကျိုးများ နှစ်နာဆုံးရှုံးမှုသည် တွက်ပြ၍ မရလောက်အောင် ကြီးမားကျယ်ပြန့်ရပေသည်။ ပြည်နယ်ရယူခဲ့လျှင် ယင်းသို့ ဆုံးရှုံးမှုမျိုး ပေါ်ပေါက်မည် မဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲချိန်တွင် ပြည်နယ်ယူခဲ့လျှင် ဘဏ္ဍာငွေတခါသာ ခွဲဝေပေးပြီး နောက်ထပ်ရနိုင်တော့မည် မဟုတ်ကြောင်း၊ ပြည်နယ်မယူလျှင် တခါခွဲဝေပေးပြီးမှလည်း လိုသလောက်ထပ်ရနိုင်သည်ကို ချင်းခေါင်းဆောင်များ နားယောင်မှားခဲ့သောကြောင့် ယင်းအဖြစ်အပျက်ကို လက်ခံခဲ့ရခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ဤသို့လျှင် ပြည်နယ်မရရှိသောကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မရရှိသဖြင့် အခွင့်အရေးမြောက်များစွာ ဆုံးရှုံးပြီး ပြည်မ၏ ခြယ်လှယ်မှုအရ ရရှိသောအခွင့်အရေးအနည်းငယ်မျှကိုသာ လက်ခံနေရပါသည်။ ယနေ့ ချင်းအမျိုးသားများအကြားတွင် သွေးစည်းညီညွတ်မှု မရှိဟုဆိုလျှင် ပြည်နယ်မရယူခဲ့မှုကြောင့် အခွင့်အရေးအနည်းငယ်မျှကို လုယက်ရာမှ ပေါ်ပေါက်သော မညီညွတ်မှုသာ ဖြစ်နေပါသဖြင့် ယင်း မညီညွတ်မှုမျိုး ရှိခဲ့လျှင် ပြည်နယ်ယူခြင်းဖြင့် လုံးဝညီညွတ်အောင် လုပ်ဆောင်နိုင်မည်ဟုယုံကြည်ရပါသည်။ ယခုအခါ ပြည်နယ်မရရှိမှုကြောင့် ချင်းအမျိုးသားများ၏ သွေးစည်းညီညွတ်ရေးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် မရရှိမှုကြောင့်အဟန့်အတားအမျိုးမျိုးကဝင်ရောက်နှောက်ယှက်နေပါသည်။

ပြည်နယ်ရယူခြင်းဖြင့် ဖော်ပြသောအခွင့်အရေးများအနက် ကိုယ့်အမျိုးသား၏ ကံကြမ္မာကို ကိုယ့်အမျိုးသားများက ဖန်တီးနိုင်သော၊ လွတ်လပ်မှုအခွင့်အရေးသည် တန်ဘိုးမဖြတ်နိုင်သောအဓိကအခွင့်အရေးကြီး ပင်ဖြစ်ပါသည်။ ထို့ပြင် ကျွန်ုပ်တို့ ချင်းအမျိုးသားများအား နာမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ရာ၌ နာဂတောင်တန်း ခန္တီးခရိုင်တွင် မှီတင်းနေထိုင်ကြသော ကျွန်ုပ်တို့ ချင်းအမျိုးသားများအား နာဂအမျိုးသားများ ဟူ၍ခေါ်ဝေါ်ဆိုရသည်။

နာဂတောင်တန်းခရိုင်သည် ကျွန်ုပ်တို့ ချင်းအမျိုးသားများသာ နေထိုင်သော ဒေသဖြစ်ရုံသာမက ချင်းဝိသေသတိုင်းနှင့်လည်း နယ်မြေပထဝီဆက်စပ်သဖြင့် ချင်းဝိသေသတိုင်းတွင် ပူးပေါင်းထား

ရှိရန် ၁၉၄၇ ခု "Frontier Areas Committee of Enquiry Report" အတွဲ (၂) စာမျက်နှာ (၉၁) တွင် ဖော်ပြထားသည်။ သို့သော်လည်း နာဂတောင်တန်းခရိုင်ကို စစ်ကိုင်းတိုင်း၌ ပေါင်းထည့်ပြီး အလွန် ခေတ်နောက်ကျသော အုပ်ချုပ်ရေးစနစ် ပြဋ္ဌာန်းမှုသာဖြစ်သည့် ချင်တောင်များ စည်းမျဉ်းဥပဒေ ၁၈၉၆ "Chil Hills Regulations 1986" ဖြင့် ပြည်မမှ တိုက်ရိုက်အုပ်ချုပ်ခြင်း ခံနေရပါသည်။ ယခုအခါ နာဂ တောင်တန်းခရိုင်တွင် ကျွန်ုပ်တို့ ချင်းအမျိုးသားများသည် ချင်းဝိသေသတိုင်း သွေးချင်းညီအကိုများနှင့် လွတ်လပ်ရေးရခါစ အချိန်တွင် ဘဝတူဖြစ်ခဲ့သော်လည်း ယခုအခါ ချင်းဝိသေသတိုင်း ညီအကိုများ လောက်ပင် အထူးသဖြင့် ပညာရေးတွင် မတိုးတက်နိုင်ဘဲ အောက်ကျနောက်ကျ ဖြစ်နေကြောင်း တွေ့ မြင်ရပါသည်။

ထို့ပြင် ချင်းဝိသေသတိုင်းနှင့် နာဂတောင်တန်းခရိုင် ချင်းအမျိုးသားများသည် ချင်းဝိသေသ တိုင်း အက်ဥပဒေ ၁၉၄၈ ခုနှစ်နှင့် ချင်းတောင်များ စည်းမျဉ်းဥပဒေ ၁၈၉၆များဖြင့် အသီးသီး တကွဲတ ပြားအုပ်ချုပ်၍ မိမိတို့ဓလေ့ထုံးစံဖြင့် တရားစီရင် ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေး အနည်းအကျဉ်းမျှ ရရှိခဲ့ ပါသည်။ သို့သော် ပြည်မ နှင့် အခြားဒေသများတွင် ဖြန့်ကျဲနေထိုင်နေကြသော ကျွန်ုပ်တို့ ချင်းအမျိုး သားများအတွင်း  မိမိတို့ အမျိုးသားရိုးရာ စသည်များ ကျင့်သုံးနိုင်ရန် အခွင့်အရေးပြဋ္ဌာန်းပေးမှု လုံးဝ မရှိ ဖြစ်နေခဲ့ပါသည်။

ထို့ကြောင့် ချင်းဝိသေသတိုင်း ချင်းအမျိုးသားများ နာဂတောင်တန်းခရိုင် ချင်းအမျိုးသား များနှင့် ပြည်မအခြားဒေသတွင်ရှိ ချင်းအမျိုးသားများအားလုံး စုပေါင်း၍ စုစုစည်းစည်း လူမျိုးစုကြီးတခု ပီပီ မိမိတို့၏ အမျိုးသားတည်တံ့ခိုင်မြဲရေး၊ တိုးတက်ရေးကိုဆောင်ရွက်၍ ပြည်ထောင်စုမြန်မာနိုင်ငံအ တွင်း မှီတင်းနေထိုင်ကြသော တခြားလူမျိုးများနှင့်အတူ ပြည်ထောင်စု၏ တန်းတူအခွင့်အရေးကို ပြည့် ဝစွာ ရရှိခံစားနိုင်ရေးသည် ရေးဆွဲလတ္တံ့သော ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် စဉ်းစားရမည့် အချက်တချက်အဖြစ် ရှေ့မှောက်တွင် တည်ရှိလျက် ရှိနေပေသည်။

ထို့ပြင် အချို့သော ပြည်မလူကြီးများသည် လူမျိုးရေးနှင့် ပတ်သက်၍ အလွန့်အလွန် အမြင် ကျဉ်းမြောင်းကြသည်။ ယင်းသို့သော လူမျိုးလူစားများက ပြည်ထောင်စု မြန်မာနိုင်ငံ တပြည်လုံးသည် ရန်ကုန်မြို့သာဖြစ်သည်ဟု အထင်ရှိသည်။ ပြည်ထောင်စုသား ဆိုသည်မှာ ရန်ကုန်မြို့ပေါ် ဗမာလူမျိုး များသာ ဖြစ်သည်ဟု ခံယူကြသည်။

ထို့ကြောင့် ရာထူးဝန်အဖွဲ့တွင်  ရာထူးများအတွက်  စိစစ်ခေါ်ယူခြင်းခံရသောအခါ တောင် တန်း ဒေသလူမျိုးဟု သိလျှင် ချက်ချင်းအထင်သေး အမြင်သေး ဖြစ်ကြပါသည်။ တောင်တန်းဒေသ မှ အစစ်ခံသူက မိမိနာမည်ကို ထုတ်ဖော်ပြောပြသောအခါ မိမိ၏ တောင်တန်းဒေသ ဘာသာဖြင့် မှည့် ခေါ်သောအမည်ကို ၎င်းလူကြီးများက ပီသစွာ အသံမထွက်တတ်၊  မခေါ်ဆိုတတ်သောအခါ အထင် သေး အမြင်သေးမှုသည် ပိုမိုကြီးလာသည်။ ထိုမှတဖန် နှုတ်မေးခွန်းများကို မြန်မာဘာသာဖြင့် ဖြေဆို ၍ အသံဝဲနေလျှင် အဆင့်အတန်းမမီဟု ယူဆခြင်း ခံရပါသည်။

ထို့ကြောင့် ယင်းရာထူးအတွက် စစ်မေးသော မေးခွန်းများကို မည်သို့ပင် ထူးချွန်အောင် ဖြေဆိုနိုင်သော်လည်း ယင်းထူးချွန်မှုအားလုံးကို အထင်သေးအမြင်သေးမှုအားလုံးက ဖုံးကွယ်ထားပြီး တောင်တန်းဒေသလူမျိုး လျှောက်လွှာရှင်များအတွက် ရာထူးခန့်အပ်ခြင်း ခံနိုင်ရန် ယခုအခါ မျှော်လင့်ချက်လုံးဝမရှိ ဖြစ်နေပါသည်။ တောင်တန်းဒေသ ပြည်နယ်အမျိုးသားများသည် ပြည်ထောင်စုရာထူးတွင် အမှုထမ်းဆောင်ရန် အခွင့်အလမ်း ဖော်ပြနည်းဖြင့် ပိတ်ပင်ခြင်း ခံနေရသည့်အပြင် မိမိတို့တောင်တန်းဒေသ နယ်မြေအတွင်း၌ ရှိသော ရာထူးများကိုပင်လျှင် ဝင်ရောက်ထမ်း ဆောင်ရန် အခွင့်အလမ်းမရှိ ဖြစ်နေခဲ့သည်။ ဥပမာ - ဗြိတိသျှနယ်ချဲ့ လက်အောက်တွင်ပင်လျှင် ချင်းတောင်တန်းဒေသတွင် ရှိသော ရာထူးများတွင် ချင်းအမျိုးသားများကိုသာ ခန့်အပ်ရမည်ဟူ၍ သဘောထားရှိခဲ့ပေသည်။

၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ အချိန်တွင် ချင်းပြည်သူလူထု၏ ဘဝမြှင့်တင်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးမူဖြင့် ချင်းအမျိုးသားများမှ အရည်အချင်းမီသူများက ချင်းဝိသေသတိုင်း ရာထူးတိုင်းတွင် ဝင်ရောက်ထမ်းဆောင်ခဲ့ပြီး ချင်းအမျိုးသားတိုင်းမင်းကြီး၊ ချင်းအမျိုးသား ခရိုင်ဝန်များ စသည်ဖြင့် ချင်းဝိသေသတိုင်းဌာနပေါင်းစုံများတွင် တာဝန်ထမ်း ဆောင်ခွင့်ရခဲ့ ပေသည်။

ယင်းသို့လျှင် ချင်းအမျိုးသား ပြည်သူလူထုအကြားတွင် ချင်းအမျိုးသားများက အမှုထမ်းခြင်းအားဖြင့် ချင်းပြည်သူလူထု၏ ဘဝအခြေအနေ၊ လူမှုအသိုင်းအဝိုင်းနှင့် ဟပ်စပ်အံဝင်ဂွင်ကျအောင် လုပ်ဆောင်နိုင်၍ ပြေလည်မှု အထူးရရှိခဲ့သည်။ လူမျိုးခြားက ချင်းအမျိုးသားများအပေါ် လာရောက်အုပ်ချုပ်ကြိုးကိုင်ခြင်းဖြင့် ချင်းအမျိုးသားများ၏ဘဝအခြေအနေနှင့် လူမှုရေးပြဿနာများကို အံဝင်ခွင်ကျဖြေရှင်းမှု မပြုလုပ်နိုင်သောကြောင့် အထင်အမြင်လွဲမှားမှုကိုလည်း လူမျိုးခြားနှင့် ချင်းအမျိုးသားများကြားတွင်ဖြစ်စေ ချင်းအမျိုးသားအချင်းချင်းကြားတွင် ဖြစ်စေ ပေါ်ပေါက်လာပါသဖြင့် တိုင်းပြည်၏ စည်းလုံးညီညွတ်မှုကိုပါ ထိပါးစေနိုင်ပါသည်။

ယင်းကိစ္စမျိုးနှင့် ပတ်သက်၍ ချင်းအမျိုးသားတဦးက ပြည်မတွင် အငယ်တန်းရာထူး လျှောက်ထားရာ၌ ယင်းအမျိုးသားလျှောက်လွှာရှင်သည် ဗုဒ္ဓဘာသာဝင်မဟုတ်၍ မြန်မာတောလက် ဓလေ့ နှင့် ဆက်ဆံမှုကို သိရှိနိုင်ခြင်း ရှိမည်မဟုတ်သည့်အပြင် ဗမာဘာသာကိုလည်း ပြေပြစ်အောင် မပြောတတ်သဖြင့် ဗမာတောလက်ကျေးရွာဒေသ၌ အမှုထမ်းရန် မသင့်တော်နိုင် ဟူ၍ သူ၏လျှောက်လွှာကို ပယ်ချခဲ့ဘူးကြောင်း သိရှိရပါသည်။ ထိုနည်းတူစွာ ချင်းဘာသာစကားကို လုံးဝမပြောတတ်၍ ချင်းပြည်သူလူထု၏ ဓလေ့ထုံးစံနှင့် လူမှုဆက်ဆံရေး သဘာဝအမှန်ကို လုံးဝသိရှိမှု မရှိသော ပြည်မအမျိုးသားများအား ချင်းဝိသေသတိုင်း၌ လာရောက် အမှုထမ်းစေခြင်းဖြင့် ချင်းပြည်သူလူထုအတွက် မည်သို့မျှအကျိုးရှိနိုင်မည် မဟုတ်ပေ။

ယခုအခါ ချင်းဝိသေသတိုင်းတွင် စာရေးစာချီ ဝန်ထမ်းမှအစ အကြီးတန်းရာထူးများအထိ ချင်းအမျိုးသားများကသာ ဝင်ရောက် ထမ်းဆောင်ခြင်းမပြုစေဘဲ ပြည်မအမှုထမ်းများကို တနစ်ထက်

တနစ် တိုးချဲ့၍ ချင်းဝိသေသတိုင်းအတွင်း အမှုထမ်းဆောင်စေကြောင်း မျက်မြင်ကိုယ်တွေ့ဖြစ်နေပေသည်။ ထိုအချိန်က ချင်းအမျိုးသားများ အရည်အချင်း မရှိသဖြင့် ပြည်မက လောလောဆယ် လာရောက်ထမ်းဆောင်ပေးခြင်းသာဖြစ်လျှင် လက်ခံနိုင်ဘွယ်ရာဖြစ်သော်လည်း ယခုလိုကာလမျိုးတွင် ချင်းအမျိုးသားများချင်းဝိသေသတိုင်းအတွင်း အမှုထမ်းဆောင်နိုင်ရန် အရည်အချင်း ပြည့်စုံစွာ ရှိနေပါသည်။ ပြည်မအမျိုးသား အမှုထမ်းများ ချင်းဝိသေသတိုင်းတွင် တနစ်ထက်တနစ် တိုး၍အများအပြား သွင်းလာခဲ့ခြင်းကို ချင်းပြည်သူလူထုအနေဖြင့် လုံးဝလက်မခံလိုသော်လည်း ပြည်မလူမျိုးကြီး၏ ဖိနှိပ်ချုပ်ချယ်မှုကို အလူးအလိမ့်ခံနေရသော ပိတ်ဆို့မှုကြောင့်သာလျှင် ခံနေရခြင်း ဖြစ်နေသည်။

လူ့ဘဝကို ညှဉ်းပန်းနှိပ်စက်သည်ဆိုရာ၌ လူလူချင်း ကျေးကျွန်ပြု၍ လူမဆန်ဘဲတိရိစ္ဆာန်ကဲ့သို့ ခိုင်းစေညှဉ်းပန်းခြင်း (Physical Torture) သည် အပြင်းပြဆုံးသော ညှဉ်းပန်းနှိပ်စက်မှုပင် ဖြစ်သည်။ သို့သော် ယင်းသို့သော ကာယညှဉ်းပန်းနှိပ်စက်ခြင်း(Physical Torture) ခေတ်သည် ယခုအခါ ကုန်လွန်ပြီးဖြစ်၍ ကမ္ဘာပေါ်တွင် မည်သည့် နေရာ၌မျှ မရှိတော့ချေ။ ထို့ကြောင့် ယခုအခါ လူအချင်းချင်း ညှင်းပန်းနှိပ်စက်ခြင်းတွင် စိတ်ဆင်းရဲနေအောင် ညှဉ်းပန်းနှိပ်စက်ခြင်း (Mental Torture) သည် အပြင်းထန်ဆုံးသော ဖြစ်နေပေသည်။ ယနေ့ပြည်ထောင်စု မြန်မာနိုင်ငံကို အုပ်ချုပ်နေသော နည်းစနစ်များကြောင့် ပေါ်ပေါက်လာခဲ့သော အစားဆင်းရဲ ခြင်းဒုက္ခ၊ အနေဆင်းရဲခြင်းဒုက္ခ၊ အဝတ်ဆင်းရဲခြင်း ဒုက္ခ၊ အှူမမတောင့်သဖြင့် သီလမစောင့်နိုင်ခြင်း စသော ဒုက္ခများအပြင် ယခုကဲ့သို့သော အုပ်ချုပ်ရေးစနစ်ဖြင့် ဆက်လက်အုပ်ချုပ်နေမည် ဆိုပါကတောင်တန်းလူမျိုးပေါင်းစုံတို့၏ အနာဂတ် အရေးနှင့် နောင်လာနောက်သားများ၏ဘဝသည် မှေးမှိန်မဲမှောင်နေမည် ဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဖြစ်အပျက်များကိုမြင်လာ၍ ပူပန်သော၊ သက်ပြင်းချနေသော၊ မအိပ်နိုင် မစားနိုင်ဖြစ်နေခြင်း စသော ဒုက္ခများသည် တောင်တန်းဒေသ ပြည်နယ်လူမျိုးပေါင်းစုံ အပေါ်တွင် တနစ်ထက်တနစ် တိုး၍သာ နေပါတော့သည်။

ဤသို့သော တောင်တန်းဒေသ ပြည်နယ်လူမျိုးပေါင်းစုံ လက်မခံနိုင်သည့် နည်းစနစ်ဖြင့် အတင်းအကျပ်ဆက်လက်အုပ်ချုပ်နေပါက ပြည်မ မြန်မာခေါင်းဆောင်များသည် တောင်တန်းဒေသ ပြည်နယ်လူမျိုးပေါင်းစုံတို့အပေါ် ယနေ့ကမ္ဘာလောကကြီးတွင် အပြင်းထန်ဆုံးသော နှိပ်စက်ညှဉ်းပန်းမှု ဖြစ်သည့် (Mental Torture) စိတ်ဆင်းရဲအောင် ညှဉ်းပန်းနှိပ်စက်ခြင်းကို ကျူးလွန်ရာ ရောက်နေပါသည်။ ထို့ကြောင့် နယ်ချဲ့အင်္ဂလိပ်များ၏ နယ်ချဲ့ကိုလိုနီဝါဒထက် ဗမာမဟာလူမျိုးကြီး ကိုလိုနီဝါဒက ပို၍ပြင်းထန် နေသည် မဟုတ်ပေလော။

ချင်းဝိသေသတိုင်းတွင် လူမျိုးခြားများ လာရောက်အမှုထမ်းဆောင်ခြင်းဖြင့် ယင်းလူမျိုးခြားအမှုထမ်းများက ဝတ်ကျေတန်းကျေမျှသာ ထမ်းဆောင်သဖြင့် ချင်း ပြည်သူလူထုများ ဝင်ရောက်ထမ်းဆောင်နိုင်သည့် ရာထူးနေရာအခွင့်အရေးကို ပိတ်ဆို့သည်သာမက ချင်းပြည်သူလူထု၏ တိုင်းတာ၍ မရသော နောင် အနာဂတ်တိုးတက်ရေးများကိုလည်း လုံးဝပိတ်ဆို့ခြင်းသာ ရောက်ပေသည်။

ချင်းပြည်သူလူထုအကြားတွင် ပြည်မအမျိုးသားများ လာရောက်အမှုထမ်းဆောင်ခြင်းဖြင့် ယင်းပြည်မအရာရှိ အရာခံများ လက်အောက်ခံ ဖြစ်နေသော ချင်းအမျိုးသားများ အများစုသည် ဆရာတပည့် စိတ်ဓာတ်၊ သခင်နှင့် ကျွန်စိတ်ဓာတ် စသည်များပါ ဝင်ရောက်လာပြီး မိမိအမျိုးသားနှင့် စာပေယဉ်ကျေးမှု ဘာသာစကားများကိုပါ အလေးမထားသည့် စိတ်ဓာတ်မျိုး ဝင်လာပေသည်။ ယင်း ပြည်မအရာရှိ အရာခံများနှင့် ပါလာသော ချင်းပြည်သူလူထုနှင့် မဟပ်စပ်သည့် အလေ့အထ၊ ဓလေ့ထုံးစံမှ အစ အစစအရာရာကို အတုယူလက်ခံရာမှ ချင်းအမျိုးသားများပါ ပျက်စီးတိမ်ကောရာ လမ်းစဉ်ခင်းပေးရာ ရောက်နေ ပါသည်။

သို့ဖြစ်သောကြောင့် ချင်းဝိသေသတိုင်းတွင် အမှုထမ်းရန် အရည်အချင်းပြည့်ဝသော ချင်းအမျိုးသားများကို ဖယ်ထားပြီး ပြည်မအမျိုးသားများသာ များနိုင်သည်ထက် များပြားလာအောင် ချင်းဝိသေသတိုင်း၌ အမှုထမ်းဆောင်နေစေခြင်းသည် ချင်းအမျိုးသားများနှင့် ချင်းစာပေယဉ်ကျေးမှု ဓလေ့ထုံးစံများကိုအပျောက်တိုက်ဖျက်ပစ်ရန်အတွက်မသိမသာသွယ်ဝိုက်သောပရိယာယ်ဖြင့်စစ်ဆင်နေခြင်းမှလွဲ၍ တခြားအကြောင်း မရှိနိုင်တော့ဟု ချင်းပြည်သူလူထုက ခံယူနေပါသည်။

ဗြိတိသျှနယ်ချဲ့သမားများသည် ဗမာပြည်ကို အုပ်ချုပ်ရာတွင် ဗမာလူမျိုးများ အုပ်ချုပ်သည်ထက် ပိုမိုစည်းကမ်းရှိပြီး ငြိမ်ဝပ်ပိပြားမှု ပိုမိုရရှိ၍ စနစ်ကျသည်ဟု အဆိုရှိပါသည်။ သို့သော် ဗြိတိသျှ၏ ဩဇာလွှမ်းမိုးမှုနှင့် ကိုလိုနီဝါဒကို မနှစ်သက်သောကြောင့် ၎င်းတို့ကို တွန်းလှန်တိုက်ခိုက်ပြီး ယနေ့ ပြည်ထောင်စု လူမျိုးပေါင်းစုံက လွတ်လပ်ရေးရယူခြင်း ဖြစ်ခဲ့ပေသည်။ ယခုအခါ ဗြိတိသျှ နယ်ချဲ့သမားများ ဆုတ်ခွာသွားပြီး နောက်ဗမာပြည်မသည် ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်ခွင့်ရှိသည့် ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို အကြွင်းမဲ့သိမ်းပိုက်ရရှိပြီး ဖြစ်ပါသည်။

ဗမာပြည်မသည် ယင်းသို့လျှင် ဖော်ပြခဲ့ပြီးသည့်အတိုင်း ပြည်ထောင်စုတခုလုံး၏ အချုပ်အခြာအာဏာကို ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေးအတွက် သုံးစွဲရုံသာမက ဗမာပြည်မနှင့်အတူ ပြည်ထောင်စုအချုပ်အခြာအာဏာကို တန်းတူရည်တူ ပိုင်ဆိုင်လာခဲ့သော ပင်လုံစာချုပ်ဖော် စာချုပ်ဖက်ဖြစ်သော တောင်တန်းဒေသပြည်နယ် လူမျိုးစုများအပေါ်သို့ပါ ဖိနှိပ်ချုပ်ချယ်မှုအတွက် ယင်းပြည်ထောင်စု၏ အချုပ်အခြာအာဏာကို သုံးစွဲလာပုံ ပေါ်နေခဲ့သည်။ဤသို့လျှင် ဗြိတိသျှနယ်ချဲ့ သမားများက ပြည်မဗမာလူမျိုးများနှင့် တောင်တန်းဒေသများအပေါ် သုံးစွဲခဲ့သော ကိုလိုနီဝါဒကဲ့သို့ ပြည်မဗမာအမျိုးသားများကလည်း တောင်တန်းဒေသပြည်နယ် အမျိုးသားများအပေါ် ပြန်လည်ကျင့် သုံးခြင်းသည် မည်သည့် နည်းနှင့်မျှ တရားမျှတမှု မဖြစ်နိုင်ပေ။ ပင်လုံစာချုပ်ကို သစ္စာဖောက်ရာရောက်မည်ဖြစ်သည်။ မိမိကို အားကိုးခိုလှုံနေရသော ဆွေမျိုးညာတိလုံမပျိုကလေးအား ယင်းခိုလှုံသော ဆွေမျိုးညာတိများက မုဒိန်းကျင့်ခြင်းသည် ယုတ်မာသည်ထက် အယုတ်မာဆုံးဖြစ်သည် မဟုတ်ပါလော။ ထို့ကြောင့် အထက်ပါမှုများကို ဖြေရှင်းရာ၌ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ပြည်နယ်ပုဂ္ဂိုလ်များ ပါဝင်ခြင်း နှင့် ပြည်ထောင်စုနှင့် ပြည်နယ်ရာထူးများဟူ၍ ခွဲခြားခြင်းဖြင့် တန်းတူညီမျှမှုကိုဖန်တီး ခြင်း တရပ်ဖြစ်မည်ဟု ယူဆပါသည်။

တရားစီရင်ရေးတွင်လည်း ဖမ်းချင်သလိုဖမ်း၊ ဆီးချင်သလိုဆီး နေပုံရပါသဖြင့် အလွဲလွဲ အမှားမှား အဖမ်းခံရပြီး အပြစ်ကင်းမဲ့သူ မြောက်များစွာတို့သည် ၎င်းတို့၏ စိတ္တဇနှင့် ကျန်းမာရေး ထိခိုက်ရသည်အထိ အဝီစိငရဲထောင်တွင် တရားစီရင်ပေးမှုမရှိပဲ အလှောင်ခံနေရသည့် အခြေအနေ မျိုးဖြစ်နေသည်ဟု ခံစားနေရပါသည်။ ထို့ကြောင့် တောသူတောင်သားများသည် ဘုမသိဘမသိဘဲ၊ စိတ်လွတ်လပ်မှုနှင့် အေးချမ်းသာယာမှု မရဘဲ ကျီးလန့်စာစားနေရသည့် ဘဝတွင် ရောက်နေပါသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်သည် ပြည်ထောင်စု ပြည်နယ်လူမျိုးစု ကိုယ်စားလှယ်များမပါသော အဖွဲ့မှ ရေးဆွဲသော မူဝါဒဖြစ်သောကြောင့် လူမျိုးကြီးတမျိုးကိုသာ ဦးစားပေးသော မူဝါဒ တခုသာဖြစ်ပေ သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ဖွဲ့စည်းထားသော အလုပ်သမားကောင်စီနှင့် တောင်သူ လယ်သမားကောင်စီများတွင် လူမျိုးရေး ကိုယ်စားပြုမပာတ်ဘဲ လုပ်ငန်းကို ကိုယ်စားပြုမှု ဖြစ်နေ သည်။ ပြည်ထောင်စု မြန်မာနိုင်ငံကို လူမျိုးပေါင်းစုံ ပူးပေါင်း၍ဖွဲ့စည်းခြင်း ဖြစ်သည်ဆိုသော ပင်လုံ စာချုပ်၏ ပြည်ထောင်စုမူမှ တဖြည်းဖြည်း ပျောက်ကွယ်နေသည်။ အလုပ်သမားနှင့် တောင်သူ လယ်သမားများ၏ ကိုယ်စားလှယ်ရွေးရာတွင်လည်း လူဦးရေများသော ပြည်မမှသာ အဆမတန်များ လာမည် ဖြစ်သည်။

သို့ဖြစ်၍ ယနေ့ဖွဲ့စည်းသော အလုပ်သမားကောင်စီနှင့် တောင်သူလယ်သမားကောင်စီ တို့သည် မြို့ပေါ်လူတန်းစားနှင့် ပြည်မလူထုများကိုသာ အကျိုးပြုသောကောင်စီဖြစ်ရန် အလားအလာ ရှိနေသည်။ ပြည်နယ်လူနည်းစုအမျိုးသားများနှင့် ကျေးလက် တောရွာနေ လူတန်းစားအမျိုးသား များ၏ ဘဝသည် မရေမရာသောအခြေအနေသို့ပင် ဆိုက်ရောက်နေမည် ဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် တပါတီစနစ်ဖြစ်နေသောကြောင့် ပြည်နယ်လူနည်းစု အမျိုးသားများနှင့် ကျေးလက်တောရွာနေ လူထုလူတန်းစားများ တန်းတူညီမျှမှုအရေး ဆောင်ရွက်ရေး ဝါဒ လက်ခံထားသော တခြားပါတီကို တည်ထောင်လျှင်တရားဝင်ဖြစ်မည် မဟုတ်ပေ။ ထို့ကြောင့် အလုပ်သမားကောင်စီနှင့် တောင်သူလယ်သမားကောင်စီတွင် လုပ်ဆောင်သော ကောင်စီဝင်များသာ ပုံမှန်အ ပြောင်းအလဲ ရှိနိုင်သော်လည်း ဝါဒမှာမူ လူမျိုးကြီးဝါဒကို ချုပ်ကိုင်ထားသော တပါတီဝါဒသည် သာ အစဉ်အဆက် ရှိနေမည် ဖြစ်သည်။

# ကာကွယ်ရေး စစ်တပ်ဖွဲ့စည်းရေးကြည်းတပ်

ကြည်းတပ်တွင် လူမျိုးအလိုက် ကချင်တပ်ရင်းများ၊ ချင်းတပ်ရင်းများ အစရှိသဖြင့် ဖွဲ့စည်းခြင်းကို ယခင်အခါက ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ယခုအခါ လူမျိုးအလိုက် တပ်ရင်းဖွဲ့စည်းခြင်း မရှိတော့ဘဲ လူမျိုးပေါင်းစုံ ရောနှောဖွဲ့စည်းထားကြောင်း သိရှိရသည်။ အကြောင်းရင်းကိုကား မသိရပေ။ သို့သော် အချို့သော ပြောဆိုဝေဖန်ချက်အရ ကြည်းတပ်ရင်းများကို လူမျိုးအလိုက်ဖွဲ့စည်းခြင်းဖြင့် တပ်ရင်းအလိုက် လူမျိုးရေး ခိုက်ရန်ပြဿနာ ပေါ်ပေါက်လာမည်ကို စိုးရိမ်သောကြောင့် ဤကဲ့သို့ ရောနှောခြင်းဖြစ်သည်ဟု သိရသည်။

ဤဝေဖန်ချက်ကို ယုံကြည်ရန် ခိုင်လုံသော အကြောင်းပြချက်မရှိပေ။ အဘယ်ကြောင့်ဆိုသော် တပ်ရင်းအလိုက် လူမျိုးရေးပြဿနာ ခိုက်ရန်ဖြစ်နိုင်ကြောင်း စဉ်းစားတွေးခေါ်ခြင်းသည် အယုံအကြည် ကင်းမဲ့၍ လူမျိုးများအပေါ် သံသယဇဉ်မရှိ၊ အစဉ်သဖြင့်သံသယရှိနေသူ ဖောက်ပြန်ရေး စိတ်ဓာတ်မွေးသူများ၏ မသန့်ရှင်းမရိုးသားမှု အတွေးအခေါ်သာဖြစ်ပြီး လူမျိုးအချင်းချင်း နှိပ်စက်ကြီးစိုးရေးဝါဒ ရှိသူများ၏ အတွေးအခေါ်လည်းဖြစ်သည်ဟု ယူဆရပါသည်။

လူမျိုးအလိုက် တပ်ရင်းများ ဖွဲ့စည်းခြင်းသည် လူမှုရေးသိပ္ပံနည်းအရ သဘာဝကျကျ ဖွဲ့စည်းခြင်းပင်ဖြစ်သည်။ ကြည်းတပ်တွင် လူမျိုးအလိုက် တပ်ရင်းဖွဲ့စည်းခြင်းဖြင့် မည်သည့် လူမျိုး တပ်ရင်းသည် စာရိတ္တအကောင်းဆုံး၊ သစ္စာအရှိဆုံး၊ တိုက်ရေးခိုက်ရေးတွင် အကောင်းဆုံးနှင့် ဝတ္တရား အကျေပွန်ဆုံးဖြစ်သည် စသဖြင့် ကောင်းသည်ထက်ကောင်းအောင် ပါဝင်ယှဉ်ပြိုင်လုပ်ဆောင်ခြင်းသာလျှင် ရှိခဲ့၍ တပ်တွင်းလုပ်ငန်း ပိုမိုအဆင်ပြေခဲ့ကြောင်း သိရှိရပါသည်။

လူမျိုးအလိုက် တပ်ရင်းဖွဲ့စည်းသောအချိန်တွင် စိတ်ဓာတ်ခြင်း တူတူများ ဖွဲ့စည်းခြင်းဖြစ်၍ ညီညွတ်ပြီး တိုက်ပွဲကို အောင်မြင်၍ ထိခိုက်ဒဏ်ရာရမှုနှင့် အသေအပျောက်နည်းပါးခဲ့သည်ဟုလည်း သိရှိရသည်။ ယခုတပ်ရင်းများတွင် လူမျိုးပေါင်းစုံ အမှုထမ်းရောပြွန်းလာသောအခါ တက်ညီလက်ညီ မဖြစ်နိုင်တော့သဖြင့် တိုက်ပွဲဆုံးရှုံးမှုများပြီး အသေအပျောက်လည်း ပိုမိုများပြားလာသည်ဟု သိရသည်။ လူမျိုးအလိုက် တပ်ရင်းထားရှိခြင်းအားဖြင့် လူမှုရေးကဏ္ဍ၊ သာရေးနာရေးကဏ္ဍတွင် တွေး ခေါ် ယူဆပုံ တူသူများ အချင်းချင်း အတူနေထိုင်ရသဖြင့် ဒုက္ခရောက်နေချိန်တွင် လူစိမ်းများက ကြည့်ရှုစောင့်ရှောက် ကူညီသည်ထက် မိမိ၏ သွေးရင်းသားရင်း ဆွေမျိုးညာတိများ၏ ကြည့်ရှုစောင့်ရှောက်ခြင်းသည် ပိုမိုကျေနပ်နှစ်သိမ့်စေမှု ဖြစ်သည် မဟုတ်ပါလော။

ဤသို့လျှင် နာရေးဒုက္ခကြုံသည့်တိုင်အောင် ကိုယ့်အချင်းချင်း ကြည့်ရှုစောင့်ရှောက်မှုကြောင့် ဒုက္ခရောက်နေချိန်၌ပင် နှစ်သိမ့်အားပေးမှု ရရှိသာမက နေ့စဉ်နှင့်အမျှ နေထိုင်စားသောက်ရာ၌လည်း ကိုယ့်အသိုင်းအဝိုင်းနှင့် ကိုယ်ဖြစ်၍ စိတ်ကျေနပ်မှုရပြီးစိတ်ဓာတ်ကြံ့ခိုင်၍ ရဲရင့်မှု၊ သတ္တိရှိမှု စိတ်ဓာတ်များ မွေးလာပြီး စစ်မှုထမ်းရာတွင်လည်း စိတ်ဝင်စားမှုအပြည့် ရှိလာပါသည်။ထို့ကြောင့်

စစ်မှုထမ်းလိုသော လူငယ်ဦးရေတိုးလာ၍တိုင်းပြည်၏ ကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စေနိုင်ပါသည်။

ယခုအခါ တပ်ရင်းတခုတွင် လူမျိုးပေါင်းစုံ ရောနှောနေမှုကြောင့် လူနည်းစု အမျိုးသားများသည် ခိုကိုးရာမဲ့ဘ၀ ရောက်နေပြီး နာရေးကိစ္စ၌ပင် ဒုက္ခမြောက်များစွာ ကြုံခဲ့ပြီးဖြစ်သည်။ အချို့တပ်သားများသည် အိမ်နှင့် အဆက်အသွယ်မရှိ၊ မည်သည့် နေရာဒေသ ရောက်နေမှန်းပင်မသိရဘဲ အကယ်၍ သေပျောက်ကျဆုံးမှုရှိခဲ့လျှင် ဆွေမျိုးညာတိများက သတင်းမရနိုင်သော အခြေအနေအထိ ရှိနေခဲ့သည်။ ယင်းသို့သောကျဆုံးသူ ရဲဘော်များ၏ သတင်းကို ကာလကြာမှ သတင်းကြားသိရလျှင်လည်း ၎င်းတို့၏ ပစ္စည်းအသုံးဆောင်များပင်လျှင် မိဘဆွေမျိုးများထံသို့ မရောက်ဘဲ ဖြစ်တက်ရပါသည်။ တပ်ရင်းများတွင် လူမျိုးပေါင်းစုံရောပြွန်းပြီးနောက် မိမိတို့ဘာသာရေးကိုးကွယ်မှုတွင် ဖြစ်စေ၊ ရိုးရာဓလေ့ထုံးစံ ထိန်းသိမ်းအလေးပေးရာ၌ ဖြစ်စေ လူနည်းလွန်းသဖြင့် ဆောင်ရွက်၍ မဖြစ်၊ ဘာသာရေးနှင့် ရိုးရာကိုပင် အရေးမစိုက်ဘဲ စိတ်လေလွင့်၍ အကျင့်စာရိတ္တပျက်ပြားစေပါသည်။ သို့ဖြစ်သောကြောင့် တပ်တွင်း လောကတွင် လိုအပ်သော စိတ်အေးချမ်းသာယာမှု၊ စာရိတ္တနှင့် စည်းကမ်းရှိမှု၊ သနားကြင်နာမှုနှင့် မျိုးချစ်စိတ်ကြံ့ခိုင်မှု၊ ရဲရင့်မှု၊ သတ္တိရှိမှု စသော စိတ်ဓာတ်များ ပြုစုပျိုးထောင်ရေးအတွက် လူမျိုးအလိုက် တပ်ရင်းဖွဲ့ထားခြင်းက သာလျှင် စွမ်းဆောင်နိုင်ကြောင်း ထင်ရှားပါသည်။

ယခုကဲ့သို့ တပ်ရင်းများတွင် လူမျိုးပေါင်းစုံ ရောပြွန်းခြင်းဖြင့် ဖော်ပြပါ တပ်ရင်းအတွင်း လိုအပ်သော အရည်အချင်း လျော့ပါးရုံသာမက လူမှုရေးဖိနှိပ်ပိတ်ဆို့ခံရခြင်းကြောင့် တပ်တွင်း စစ်မှုထမ်းအချင်းချင်း စိတ်ဝမ်းကွဲပြားမှုများ ရှိလာပါသည်။ ကျွန်ုပ်တို့ချင်းအမျိုးသားများသည် ရိုးရာဓလေ့ မိရိုးဖလာ အစဉ်အလာအရ ယောက်ျားဖြစ်လျှင် စစ်မှုရေးရာ ကျွမ်းကျင်မှု အရည်အချင်း မရှိမဖြစ် သဘောထား၍ ပြင်ပရန်သူ ဝင်ရောက်တိုက်ခိုက်လျှင် ယောက်ျားဟူသမျှ မကြောက်မရွံ့ သတ္တိပြောင် မြောက်စွာ စစ်မြေပြင်သို့ ထွက်ကြရပါသည်။

သို့ဖြစ်သောကြောင့် ခေတ်သစ်စစ်တပ်တွင်လည်း စစ်မှုထမ်းခြင်းကို ဂုဏ်ယူပြီး စစ်သားတဦးအဖြစ် အမှုထမ်းမှသာလျှင် ယောက်ျားပီသ သည်ဟူသော မိရိုးဖလာစိတ် သဘောထားကို ခံယူ၍ စစ်တပ်ထဲတွင် လူဦးရေနှင့် မမျှအောင် ချင်းအမျိုးသား စစ်မှုထမ်းများ များပြားခဲ့ရခြင်း ဖြစ်သည်။ လူငယ်ကျောင်းသူ ကျောင်းသားများကို ပညာဝန်များက **“မင်းတို့ ချင်းတောင်မှာ ဘာတွေ ထွက်သလဲ”** ဟု မေးလျှင် ယင်းကျောင်းသူကျောင်းသားများက “စစ်သားထွက်သည်” ဟူ၍ ဖြေကြရသည်အထိ ချင်းအမျိုးသား စစ်မှုထမ်းများပြားခဲ့သည်။

လူမျိုးအလိုက်တပ်ရင်းများကို ပယ်ဖျက်၍ လူမျိုးစုံရောနှော ဖွဲ့စည်းလိုက်သဖြင့် လူနည်းစု ချင်းအမျိုးသားများမှာ စိတ်အားငယ်မှုများ ဖြစ်လာပြီး ယခုအခါ ချင်းအမျိုးသား စစ်မှုထမ်းဦးရေ လျော့ပါးလာပြီ ဖြစ်သည်။ ယခုအတိုင်းသာ ဆက်သွားပါက နောင်ခေတ်တွင် ချင်းအမျိုးသားစစ်မှုထမ်း ဟူ၍ပင် ရှိတော့မည် မဟုတ်ပေ။

အစိုးရအနေဖြင့် ဤသို့ လူမျိုးစုံတပ်ရင်းဖွဲ့စည်းခြင်းသည် ပြည်နယ်မှ လူနည်းစုများအား စစ်မှုမထမ်းနိုင်ရန် သွယ်ဝိုက်သောနည်းဖြင့် ပိတ်ပင်ခြင်းဖြစ်သည်ဟု ယူဆရပေမည်။ သို့ဖြင့်သောကြောင့် နိုင်ငံကာကွယ်မှုတွင် စိတ်ဝင်စားစွာဖြင့် ပါဝင်ထမ်းဆောင် လိုသူများ၏ လူမှုရေးအခက်အခဲများကို ထောက်ရှုခြင်းအားဖြင့် သော်လည်းကောင်း၊ ဖော်ပြခဲ့သော အကျိုးအကြောင်း အမျိုးမျိုးကို ကြည့်၍ သော်လည်းကောင်း ကြည်းတပ်တွင် တပ်ရင်းများကို လူမျိုးအလိုက် ဖွဲ့ပေးပြီး ပြည်နယ် လူမျိုးစုတစုတွင် အနည်းဆုံးဗိုလ်မှူးချုပ်တဦး ချုပ်ကိုင်သော တပ်မဟာတခုထိ ဖွဲ့ပေးမှသာလျှင် ဖော်ပြခဲ့သော အဆင်မပြေမှု မြောက်များစွာတို့သည် ပြေလည်နိုင် စေမည်ဟု ယူဆရပါသည်။

## ဖွဲ့စည်းလတ္တံ့သော ပြည်ထောင်စုတွင် ချင်းအမျိုးသားများ ရပ်တည်ချက်

ကျွန်ုပ်တို့ ချင်းအမျိုးသားများသည် ခေတ်အဆက်ဆက်ကပင် ချင်းဘာသာစကားတခုတည်းကိုသာ ပြောဆိုသုံးစွဲခဲ့ကြောင်း အထောက်အထား မြောက်များစွာရှိသည်။သို့သော် လမ်းပန်းဆက်သွယ်မှု ခက်ခဲသောကြောင့် မကြာခဏ မဆုံဆည်းနိုင်ကြဘဲတခေတ်ပြီး တခေတ် တဖြည်းဖြည်း ဘာသာစကား ပိုမိုကွဲပြားလာခဲ့သည်။ သို့သော်ကွဲပြားသည့် အခြေအနေသို့ ရှိသော်လည်း ထင်သလောက် မကွဲပြားသေးဘဲ၊ ဂဏန်း စသည်များ ရေတွက်ပုံ ရေတွက်နည်းမှအစ မူလစကားလုံး မြောက်များစွာတို့သည် တူလျက်ပင် ရှိနေသေးသည် သာမက ချင်းဘာသာအားလုံး၏ သဒ္ဒါဖွဲ့ဆိုနည်း ဖွဲ့ဆိုပုံများသည်လည်း တူညီချက် ရှိနေသေးကြောင်း တွေ့ရှိရပါသည်။

ဤသို့လျှင် ချင်းဘာသာကွဲများကို လိုက်၍ မိမိအမျိုးသားများကို ခေါ်ရာ၌လည်း နာမည်အမျိုးမျိုးနှင့် မှည့်ခေါ်ကြသည်။ ၎င်းနာမည် အမျိုးမျိုးအနက် အချို့သော အထင်ရှားဆုံးနာမည်များမှာ နာဂတောင်တန်း ဆွမ်ရာဒေသ၌ တာန်ခုလ် (Thangkhul) ဟူ၍လည်းကောင်း၊ ပလက်ဝနယ်တွင် ခူမီ (Khumi) ဟူ၍ လည်းကောင်း၊ ပလက်ဝနယ်နှင့် ရခိုင်တိုင်း အချို့ဒေသတွင် မြူ (ဝါ) မရို (Mro) ဟူ၍လည်းကောင်း၊ ဟားခါး၊ ဖလမ်းနှင့် မတူပီနယ်များတွင် လိုင်မီ (Laimi) ဟူ၍ လည်းကောင်း၊ တီးတိန်၊ ဟားခါး၊ မတူပီ၊ ယောနယ်အချို့တွင် ဇို (ဝါ) ဇိုမီ (Zo or Zomi) ဟူ၍ လည်းကောင်း၊ ဖလမ်းတွင် ဟွာလ်ငို (Hualngo) ဒေသတွင် မီဇို (Mizo) ဟူ၍ လည်းကောင်း၊ ထီးလင်း၊ ဂန့်ဂေါ၊ ယောနယ်များတွင် ယော (Yaw or Yoa) ဟူ၍လည်းကောင်း၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းများတွင် ရှို (ဝါ) အရှို (ဝါ) အဇို (Sho or Asho or Azo) ဟူ၍လည်းကောင်း၊ မင်းတပ်တွင် ချို (Cho) ဟူ၍၎င်း၊ ရခိုင်ပြည်နယ် အချို့ဒေသတွင် ကျော် (ဝါ) ချော် (Kyaw or Chaw) ဟူ၍လည်းကောင်း အမျိုးမျိုးမှည့်ခေါ်ကြသည်။ ယင်းအခေါ်အဝေါ်များအားလုံးသည် လူမျိုးတမျိုးကိုသာ အမည်အမျိုးမျိုးဖြင့် ခေါ်ခြင်းဖြစ်သည်။ ဤသို့ နာမည်အမျိုးမျိုး ရှိမှုကြောင့် ၁၈၉၆ ခုနှစ် ချင်းတောင်းများ စည်းမျဉ်းဥပဒေ (The Chin Hills Regulation 1896) နှင့် ၁၉၄၈ ခုနှစ် ချင်းဝိသေသတိုင်း အက်ဥပဒေများတွင် ချင်းဆိုသော စကားရပ်တွင် လရှိုင်း၊ကူကီး၊ နာဂ စသည်များ ပါဝင်သည်... စသဖြင့် ဖော်ပြခဲ့သည်။

# သမိုင်းအကျဉ်းချုပ်

ချင်းအမျိုးသားများနှင့် ပတ်သက်၍ ရေးသားဖော်ပြချက်များကို အေဒီ ၇၅၀ မြန်မာပြည် ကျောက်စာများတွင် တွေ့ရှိခဲ့ရသည်။ မြန်မာလူမျိုးများနှင့် ချင်းအမျိုးသားများ ပထမဦးဆုံး တွေ့ရှိသော နေရာသည် ချင်းတွင်းမြစ်ဝှမ်းတွင် နေထိုင်ခဲ့သော ချင်းအမျိုးသားများ ဖြစ်ပါသည်။ ချင်းတွင်းမြစ်ဝှမ်း တွင် ယင်းသို့ ချင်းအမျိုးသားများ နေထိုင်ခဲ့ခြင်းကိုပင် အစွဲပြု၍ ယင်းမြစ်ကို ချင်းတွင်းမြစ် ဟူ၍ သုံးစွဲ ခေါ်ဝေါ်လာခြင်း ဖြစ်သည်ဟုရေးသားဖော်ပြထားကြောင်း တွေ့ရသည်။

သို့သော် ရှမ်းနှင့် မြန်မာများ စစ်ဖြစ်လာသော အချိန်တွင် နှစ်လက်စလုံးတို့က ယင်း မြစ်ဝှမ်း ကို ကူးလူးဖြတ်ကျော်သော ဒေသအဖြစ် အသုံးပြုခဲ့မှုကြောင်း ချင်းတွင်းမြစ်ဝှမ်းတွင် ငြိမ်ဝပ်ပိပြားမှု ပျက်ပြားပြီး ယင်းဒေသမှ ချင်းအမျိုးသားများသည် မြန်မာပြည်အနှံ့သို့ ထွက်ခွာ၍ မိမိတို့ ဆွေမျိုးညာ တိရှိရာ တောင်ပေါ်သို့ တက်သွားသူကတက်သွားကြသည်ဟု ရေးသားဖော်ပြချက်များကိုလည်း တွေ့ရှိ ရသည်။

သို့သော် မြန်မာဘုရင်များသည် အေဒီ ၁၇၀၀ ခန့်အထိ မုံရွာအထိသာ အာဏာပျံ့နှံ့ပြီး ကျန် သော ချင်းတွင်းမြစ်ဝှမ်းများမှာ ချင်းအမျိုးသားများက အုပ်ချုပ်ကြောင်းရေးသားဖော်ပြချက်များကို လည်း တွေ့ရှိရသည်။ ယနေ့အထက်ချင်းတွင်း ယောနယ်တွင် နေထိုင်ကြသော ချင်းအမျိုးသားများ သည် မြန်မာအမျိုးသားများနှင့် ရောစပ်နေထိုင်ကြရာမှ မြန်မာဘာသာ ဓလေ့ထုံးစံ စသည်များကို နှစ် ပေါင်းများစွာ လက်ခံထားပြီးမြန်မာလူမျိုးကဲ့သို့ နေထိုင်သော ချင်းအမျိုးသားများသာ ဖြစ်ကြကြောင်း ကိုလည်း ရေးသားဖော်ပြချက်များ မြောက်များစွာ တွေ့ရှိရခဲ့သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ချင်းအမျိုးသားများ ပြန့်နှံ့စွာနေထိုင်သော ဒေသ များမှာ နာဂတောင်တန်းမှ မော်တင်စွန်းအထိ ဖြစ်သော ဧရာဝတီမြစ်အနောက်ဘက် တလျှောက်ဖြစ် သည်။ ချင်းဝိသေသတိုင်း၊ စစ်ကိုင်းတိုင်း၊ ဥပမာ - နာဂတောင်တန်း (ဝါ) ခန္တီး ခရိုင်၊ မော်လိုက်ခရိုင်၊ မကွေးတိုင်း၊ ဥပမာ - မင်းဘူးခရိုင်၊ပခုက္ကူခရိုင်၊ သရက်ခရိုင် စသည်များ၊ ရခိုင်တိုင်း၊ မန္တလေးတိုင်း၊ ဥပမာ - ပျဉ်းမနား၊ လယ်ဝေး၊ ရမည်းသင်း၊ မြင်းခြံ စသော မြို့နယ်များ၊ ပဲခူးတိုင်း ဥပမာ - ပြည်၊ ပေါက် ခေါင်း၊ ပန်းတောင်း၊ တောင်ငူ၊ ဖြူး စသော မြို့နယ်များ၊ ဧရာဝတီတိုင်း ဥပမာ - အင်္ဂပူ၊ ဟင်္သာတ၊ ကြံခင်း စသောမြို့နယ်များနှင့် ရန်ကုန်တိုင်း ဥပမာ - အင်းစိန် စသည့် နယ်များ၌ ချင်းအမျိုးသားများ ပြန့်ကျဲနေထိုင်လျက် ရှိနေပါသည်။ ယင်းသို့လျှင် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း နေထိုင်သော ချင်း အမျိုးသားများ၏ လူဦးရေမှာ (၇) သိန်းထက် မနည်းရှိကြောင်း ခန့်မှန်းရပါသည်။

ချင်းအမျိုးသားများနှင့် အိမ်နီးချင်းဖြစ်သော လူမျိုးပေါင်းစုံတို့သည် ဟိန္ဒူ၊ မူဆလင်နှင့် ဗုဒ္ဓ ဘာသာ စသည်များကို ခေတ်အဆက်ဆက်မှ ကိုးကွယ်ခဲ့ကြသော်လည်း မိမိတို့ချင်းအမျိုးသားများမှာ မူ ရိုးရာနတ်ဘာသာကို ခေတ်အဆက်ဆက် ကိုးကွယ်ခဲ့ကြသည်။ယင်းသို့ နတ်ကိုးကွယ်မှုနှင့် ရိုးရာ

ယဉ်ကျေးမှု ဘာသာစကားနှင့် ရိုးရာအုပ်ချုပ်မှုစနစ်များကို ယင်းရိုးရာနတ်ဘာသာက ခေတ်အဆက်ဆက် ထိန်းသိမ်းပေးခဲ့သဖြင့်ချင်းအမျိုးသား ဟူ၍ ယနေ့ထက်တိုင် လူမျိုးခြားနှင့် မတူအောင် သီးသန့်ရပ်တည်နေထိုင်နိုင်ခဲ့ခြင်း အကြောင်းတရပ်ဖြစ်ပေသည်။

ကျွန်ုပ်တို့ ချင်းအမျိုးသားများသည် ဘိုးစဉ်ဘောင်ဆက် ဘိုးဘွားများမှစ၍ လွတ်လပ်မှုကို အလွန်မြတ်နိုးကြသဖြင့် ဗဟိုချုပ်ကိုင်သော အုပ်ချုပ်ရေးစီမံကိန်းစနစ်ကို လက်မခံ၊ မကျင့်သုံးခဲ့ပေ။ ဒေသအုပ်စုအလိုက် မိမိတို့ဘာသာ မိမိတို့ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ကို ကျင့်သုံးခဲ့ပြီး ကိုးကွယ်သော ဘာသာ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် အုပ်ချုပ်ရေးစနစ်ဥ်သာလျှင် တူအောင် ဆောင်ရွက်ခဲ့ကြသည်။ မိမိတို့ ချင်းအမျိုးသား သွေးချင်း၊ သားချင်း အုပ်စုတခုနှင့်တခု စိုးပိုင်အာဏာလုမှုများကြောင့် တိုက်ရေးခိုက်ရေးများသော အချိန်အခါရှိခဲ့သည်။ စစ်ရေးစစ်ရာတွင်ခံနိုင်ရည်နှင့် ကျွမ်းကျင်မှု ရှိပြီး ပြင်ပရန်သူများ ကျူးကျော်နိုင်မှု မရှိသဖြင့် ဗြိတိသျှနယ်ချဲ့သမားများက မိမိတို့ မြေသို့ ရောက်မလာမီ ကျွန်ုပ်တို့၏ ရှည်လျားသော သမိုင်းတလျှောက်တွင် မြန်မာလူမျိုးများက ဖြစ်စေ၊ အခြားလူမျိုးများက ဖြစ်စေ ချင်းအမျိုးသားတရပ်လုံးအပေါ် ဩဇာလွှမ်းမိုးအုပ်စိုးခဲ့သည်ဟူ၍ မရှိကြောင်း အထောက်အထား မြောက်များစွာ ရှိနေသည်။ ဗြိတိသျှနယ်ချဲ့သမားများသည် အိန္ဒိယပြည်မှ အေဒီ (၁၆) (၁၇) ရာစုမှ စတင်နယ်ချဲ့လာပြီး မြန်မာပြည်ကို ၁၈၈၅ ခုနှစ်တွင် သိမ်းပိုက်ခဲ့သည်။ သို့သော် ချင်းအမျိုးသားများမှာ ယင်းတချိန်တ လျှောက် မိမိတို့ဘာသာ မိမိတို့ ကိုယ့်မင်းကိုယ့်ချင်းနှင့် အုပ်ချုပ်လျက်ပင် ရှိနေခဲ့သည်။

ဗြိတိသျှနယ်ချဲ့သမားများ အိန္ဒိယပြည်နှင့် မြန်မာပြည်ကို သိမ်းပိုက်ရာတွင် ချင်းပြည် တစိတ်တဒေသဖြစ်သော ဒေသများ အပါအဝင် အိန္ဒိယပြည်၌ လည်းကောင်း၊မြန်မာပြည်၌ လည်းကောင်း၊ သိမ်းပိုက်ရာတွင် ပါဝင်ခဲ့လေသည်။ အင်္ဂလိပ်က ယင်းသို့ ချင်းပြည် အစိတ်အပိုင်းအချို့ သိမ်းပိုက်သွားခြင်းကို ချင်းအမျိုးသားများ မခံမရပ်နိုင်ဖြစ်၍ ဗြိတိသျှအိန္ဒိယပြည်နှင့် ဗြိတိသျှမြန်မာနယ်စပ်များရှိ မိမိတို့ပိုင် နယ်ပယ်များ ပြန်လည်သိမ်းရန် သွားရောက်တိုက်ခိုက်ခဲ့သည်။ သို့ဖြစ်သောကြောင့် အင်္ဂလိပ်နယ်ချဲ့ သမားများသည် အိန္ဒိယ ပြည်ဘက်မှ စစ်ကြောင်းတကြောင်း၊ မြန်မာပြည်ဘက်မှ စစ်ကြောင်းတကြောင်း ဟူ၍ စစ်ကြောင်းနှစ်ကြောင်းချကာ ချင်းပြည်ကို ၁၈၄၈ ခုနှစ် လောက်တွင် အိန္ဒိယပြည်အာသံပြည်ဘက်မှ စတင်၍ လာရောက်တိုက်ခိုက်သည်။အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီး မကြာမီပင် ၁၈၈၉ ခုနှစ် မြန်မာပြည်ဘက်မှလည်း ဆက်လက်ပြီး ချင်းပြည်ကို လာရောက်ဝင်တိုက်ခိုက်ခဲ့သည်။

ချင်းအမျိုးသားများသည် ယင်းသို့ အင်္ဂလိပ်နယ်ချဲ့သမားများ ကျူးကျော်ဝင်ရောက်လာရခြင်းကို အသက်ပေး၍ အပြင်းအထန် မိမိတို့နယ်ပယ်နှင့် လူမျိုးကို ရဲရင့်ပြောင်မြောက်စွာ ခုခံကာကွယ်ခဲ့ကြောင်း အင်္ဂလိပ်များကိုယ်တိုင်က ရေးသားဖော်ပြ မှတ်တမ်းတင်ခဲ့ကြောင်း တွေ့ရှိရသည်။ ချင်းအမျိုးသားက အင်္ဂလိပ်များအား ခုခံတိုက်ခိုက်ခြင်းပြင်းထန်မှုသည် ချင်း-ဗြိတိသျှ အင်္ဂလိပ် စစ်ပွဲ၌ ဗြိတိသျှ ဗိုလ်ချုပ် ဂျော့ဝိုက် (George White) အားချီးမြှင့်သော ဗြိတိသျှ ထိပ်တန်းသူရဲကောင်းတံဆိပ် (Victoria Cross)ကို ထောက်ထားခြင်းအားဖြင့် သိရှိနိုင်ပါသည်။ ယင်းသို့ ခုခံမှုပြင်းထန်ခြင်း

ကြောင့်ဗြိတိသျှနယ်ချဲ့သမားများသည် မန္တလေးနန်းတော်ကို ညတွင်းချင်းသိမ်းပိုက်ပုံနှင့် မသိမ်းနိုင်ဘဲ နှစ်ပေါင်းများစွာ အချိန်ယူပြီး ၁၈၉၂ ခုနှစ်အတွင်းမှ ချင်းပြည်ဒေသများကို စိုးမိုးအုပ်ချုပ်နိုင်ခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့သမားများသည် ချင်းပြည်ကို ယင်းသို့ သိမ်းပိုက်ရာ၌ သာမန်သိမ်းပိုက်အုပ်ချုပ်ခြင်း မဟုတ်ဘဲ အိန္ဒိယပြည်ဘက် စစ်ကြောင်းမှ သိမ်းပိုက်သော ချင်းပြည်တခြမ်းကို အိန္ဒိယပြည် အစိုးရလက်အောက်ခံထားပြီး မြန်မာပြည်စစ်ကြောင်းမှ သိမ်းပိုက်သော ချင်းပြည်တခြမ်းကို မြန်မာပြည် ဗြိတိသျှအစိုးရလက်အောက်ခံအဖြစ်ထားရှိခဲ့လေသည်။

၁၉၃၇ ခုနှစ်တွင် အိန္ဒိယပြည်နှင့် မြန်မာပြည်ကို ဗြိတိသျှနယ်ချဲ့ ဘုရင်ခံနှစ်ပါး၏ အုပ်ချုပ်မှုအဖြစ် နှစ်ပြည်အဖြစ် ခွဲခြမ်းသောအခါ ချင်းပြည်သည်လည်း ဆက်လက်ပြီးနှစ်ခြမ်းကွဲခဲ့ပါသည်။ ၁၉၄၇ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်များတွင် အိန္ဒိယပြည်နှင့် မြန်မာပြည်လွတ်လပ်ရေးရချိန်တွင်လည်း ချင်းပြည်သည် နှစ်ခြမ်းကွဲလျက် ရှိနေခဲ့သည်။ ယခုအခါချင်းပြည်ကို အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်က နှစ်ခြမ်းခွဲခြားပြီး ဖြစ်၍ မည်သည့်အခါတွင်မှ မပြုပြင်နိုင်တော့သော အခြေအနေသို့ ရောက်ခဲ့ပြီးဖြစ်နေသည်။ ချင်းအမျိုးသား တချို့သည် "အိန္ဒိယအစိုးရနှင့် ဗမာပြည်အစိုးရတို့သည် နယ်ချဲ့အင်္ဂလိပ်တို့၏ ချင်းပြည် နှစ်ခြမ်းခွဲခြင်းကို လိုက်ခံပြီး၊ အိန္ဒိယမြန်မာနယ်စပ်တွင် မကြာမီက ၁၉၆၇ နယ်နိမိတ် မှတ်တိုင်များ တည်ဆောက်သောအခါ ကမ္ဘာအစအချိန်မှစ၍ ကျွန်ုပ်တို့နေထိုင်ပိုင်ဆိုင်ခဲ့သည့် နယ်မြေကို ချင်းအမျိုးသားများ၏ ဆန္ဒခံယူခြင်းလည်း တစုံတရာမရှိခဲ့ဘဲ ကုလားနှင့် ဗမာများက မည်သည့်နည်းလမ်းဖြင့် ခွဲခြားသတ်မှတ်ခွင့် ရှိသလော"ဟု ပြောနေကြပါသည်။

အင်္ဂလိပ်နယ်ချဲ့သမားများက ၁၈၉၂ ခုနှစ်တွင် ချင်းပြည်ကို သိမ်းပိုက်ပြီးဖြစ်သော်လည်း ပြည်သူလူထုအချို့သည် နယ်ချဲ့အင်္ဂလိပ်များအား ၁၉၀၄ ခုနှစ် ၁၉၁၈ ခုနှစ်အထိ ပြန်လည်တော်လှန်ပုန်ကန် ခဲ့သည်။ ၁၉၄၂ ခုနှစ်နှင့် ၁၉၄၄ ခုနှစ်များတွင်ဖက်ဆစ်ဂျပန်များ ချင်းပြည်ကို လာရောက်သိမ်းပိုက်ချိန်တွင်လည်း ဂျပန်များ၏ ရက်စက်ကြမ်းကြုတ်မှုမှ ချင်းပြည်သူလူထုအား ခုခံနိုင်ရန်အတွက် Chin Defence Army အတိုကောက်ဖြင့် CDA ချင်းအမျိုးသား ကာကွယ်ရေးတပ်ကို ဖွဲ့စည်းပြီး နယ်ချဲ့ကျူးကျော်မှု ကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ဤသို့လျှင် မြန်မာပြည်နှင့် အခြားဒေသတွင်လည်း အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး စသည်များ များပြားလာခဲ့မှုကြောင့် ယနေ့ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ပါဝင်သော လူမျိုးပေါင်းစုံ၏ တော်လှန်မှုကို မခံနိုင်တော့သော နယ်ချဲ့အင်္ဂလိပ်များသည် ယင်းလူမျိုးပေါင်းစုံတို့အား လွတ်လပ်ရေးပေးရန်စဉ်းစားလာခဲ့ရခြင်း ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီး အိန္ဒိယပြည်နှင့် မြန်မာပြည်သည် ယင်းသို့ လွတ်လပ်ရေး ရမည့် အချိန်တွင် မြန်မာပြည်ထဲသို့ သွတ်သွင်းခြင်း ခံခဲ့ရသော ချင်းပြည်တခြမ်းသည် ယင်းနိုင်ငံများရှိ အခြားတိုင်းရင်းသား လူမျိုးများကဲ့သို့ မြန်မာပြည်မနှင့် ပူးပေါင်းရေး(သို့မဟုတ်) သီးခြားနေရေးကို မိမိတို့ဘာသာ မိမိတို့ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း အောင်ဆန်း-အက်တလီ စာချုပ်တွင် ဖော်ပြပါရှိသည်။ သို့သော်လည်း

စောစောပိုင်းက တင်ပြခဲ့သည့်အတိုင်း ချင်းအမျိုးသားများသည် မိမိတို့ နိုင်ငံရေး အမြော်အမြင် မရင့်သန်မှုနှင့် အင်္ဂလိပ်နယ်ချဲ့များ စစ်ပွဲနိုင်၍ အကျိုးတူခံစားရမည့် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းရန် စာချုပ်ကို ပင်လုံတွင် ချုပ်ဆိုခဲ့မှုကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ချင်းအမျိုးသားများ ပါလာခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ၁၉၄၈ ခုနှစ်တွင် ပေါ်လာခဲ့သော်လည်း သောင်းကျန်းသူ မြောက်များစွာက ခြိမ်းခြောက်ပုန်ကန်၍ ပြိုကွဲရန် လက်တလုံးသာ လိုတော့သည့် အခြေအနေအထိ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ ရန်ကုန်မြို့သာ ပြည်ထောင်စုအစိုးရ အုပ်ချုပ်မှုရှိပြီး ရန်ကုန်မြို့ကို သိမ်းပိုက်လျှင် ပြည်ထောင်စုအစိုးရပြိုလဲတော့မည့် အခြေအနေ ဖြစ်ခဲ့ပေသည်။

ဤမျှလောက် အန္တရာယ်များနေသော အခြေအနေဆိုက်ရောက်လာချိန်တွင် ပြည်ထောင်စု စစ်တပ် အချို့သည် ပြည်ထောင်စုအစိုးရကို အယုံအကြည်မရှိ ဖြစ်လာပြီးတပ်ရင်းအလိုက် ပြည်ထောင်စု အစိုးရဘက်သို့ မြှားဦးလှည့်လာခဲ့သည်။ချင်းအမျိုးသားတပ်ရင်းများတွင် ယင်းသို့ အင်အား မဲ့နေသော ပြည်ထောင်စုအစိုးရအပေါ်တွင် သစ္စာမဖောက်ဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်၊ တာဝန်သိ သိ သစ္စာရှိရှိဖြင့် ရန်သူများကိုတိုက်ခိုက်ချေမှုန်းခဲ့သည်။

ချင်းအမျိုးသားများအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တမြေတည်းနေတရေတည်း သောက်နေကြသော အခြားလူမျိုးပေါင်းစုံနှင့် အေးအတူ ပူအမျှ နေလိုကြပေသည်။ ပြဿနာပေါ် ပေါက်ခဲ့လျှင်လည်း ငြိမ်းချမ်းစွာ ဖြေရှင်းလိုသော ဆန္ဒရှိကြပေသည်။ ပြည်ထောင်စု အချင်းချင်း မြန်မာ၊ ရှမ်း၊ ကချင်၊ ချင်း စသည်ဖြင့် သွေးခွဲရေးကို လုံးဝမလိုလားပေ။ သို့ဖြင့်သောကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်ထောင်စုလူမျိုးပေါင်းစုံ တန်းတူညီတူ တိုးတက်ဖွံ့ဖြိုးနိုင်စေရန် ဗဟိုအစိုးရမှ တိုက်ရိုက်အုပ်ချုပ် ကိုင်တွယ်သောမှု မဟုတ်ဘဲ ပြည်နယ်အလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဥပဒေအရ အုပ်ချုပ်ခြင်းသာလျှင်သာယာဝပြောသော လောကသို့ ချီတက်ရာလမ်းကြောင်း ဖြစ်ပေသည်။ ပြည်ထောင်စုကြီး အုပ်ချုပ်ပုံ Over Centralization စနစ်မှ Decentralization စနစ်သို့ ပြောင်းလဲမှသာလျှင် ယနေ့ ပြည်ထောင်စုကြီး ကြုံတွေ့နေသော ပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း အလေးအနက် ယုံကြည်သည်။

## ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီသည် လူထုဆန္ဒမဲဖြင့် ရွေးကောက်တင်မြောက် ဖွဲ့စည်းသော အစိုးရမဟုတ်ဘဲ၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့မှ အင်အားဖြင့် ပြည်ထောင်စု ၏ အချုပ်အခြာအာဏာကို သိမ်းယူခဲ့သော အစိုးရဖြစ်သည်။ သို့ဖြစ်သောကြောင့် တော်လှန်ရေး ကောင်စီကပင်လျှင် အသွင်အားဖြင့် စစ်ကောင်စီ ဖြစ်နေပေသည်။ ထိုသို့ ဖြစ်ရခြင်းကို တော်လှန်ရေး

ကောင်စီသည် မလိုလားချေ ဟူ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဖွဲ့စည်းရေးအကြောင်းစာအုပ်တွင် ဖော်ပြရေးသားထားသည်။

ဤသို့လျှင် စစ်ကောင်စီအသွင်ရှိသော လက်နက်အင်အားဖြင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို သိမ်းယူ ချုပ်ကိုင်နေသော တော်လှန်ရေးကောင်စီက ပြည်ထောင်စုဖွဲ့ပုံကို တိုက်ရိုက်ရေးဆွဲပြဋ္ဌာန်းပါလျှင် လူထုဆန္ဒမပါဘဲ သေနတ်ပြောင်းဝဖြင့် ခြိမ်းခြောက် အတင်းပေးအပ် လက်ခံစေသောအရာနှင့် တူနေသည်။ ထို့ကြောင့် နောင်အခါတွင် လက်နက်အင်အားပြ၍ ခြိမ်းခြောက်ပေးအပ်သော ဖွဲ့စည်းပုံ အခြေခံ ဥပဒေမျိုးသာဖြစ်သည်။ လက်နက်အင်အားဖြင့် အာဏာသိမ်းပိုက်ခြင်းသည် သွေးထွက်သံယိုမှုမရှိဘဲ တိုင်းပြည်ကို အေးချမ်းစွာ အုပ်ချုပ်စည်းရုံးရန် စေတနာရှိသော တော်လှန်ရေးကောင်စီက အာဏာသိမ်းရာ၌ အဆင်ပြေမှု ရှိသင့်သလောက်ရှိသည် ဆိုနိုင်သော်လည်းမသာမာသော သူများက ယခုကဲ့သို့သော အာဏာသိမ်းမှုကို အစဉ်အလာဟု ယူဆကာ အတုယူ အာဏာသိမ်းပါက တိုင်းသူပြည်သားအားလုံး ငြိမ်းချမ်းသာယာမှု ကင်းမဲ့သော ဘဝသို့ရောက်ရှိရန်သာ ရှိပါသည်။

ဤသို့လျှင် လက်နက်အင်အားဖြင့် အာဏာသိမ်းခြင်းကို မြန်မာနိုင်ငံ၏ သမိုင်း အစဉ်အလာသဘောအဖြစ် နောင်လာနောက်သားများက သဘောထားပြီး နိုင်ငံ၏ ပြဿနာကို ဖြေရှင်းရာ၌ အပေးအယူသဘောထားတတ်မှု အလေ့အထမရဘဲ လက်နက်အားကိုးဖြင့် အာဏာသိမ်းမှုကိုသာ အစွဲအလမ်းရှိလာကြမည် ဖြစ်သည်။ လက်နက်အင်အားဖြင့် အာဏာသိမ်းမှုကို အစွဲအလမ်းရှိရာ၌ လက်နက်အားကိုးဖြင့် အာဏာသိမ်းသူတိုင်း သွေးထွက်သံယို သေကြေမှုမရှိဘဲ အာဏာသိမ်းနိုင်ရန် အာမခံချက် လုံးဝမရှိချေ။ ဤသို့ လက်နက်အင်အားဖြင့် အာဏာသိမ်းယူချုပ်ကိုင်ခြင်းကို ဗိုလ်ချုပ် အောင်ဆန်းနှင့် အာဇာနည်မျိုးချစ်အပေါင်းတို့သည် လုံးဝမလိုလားခဲ့ပေ။ ထို့ကြောင့် "ဖက်ဆစ်တော်လှန်ရေး၊ ပြည်သူ့လွတ်လပ်ရေး" ဆိုသော ကြွေးကြော်သံဖြင့် ဖက်ဆစ်ဂျပန်များကို သွေးနှင့်ရင်း၍ တော်လှန်ခဲ့သည် မဟုတ်ပါလော။

ယခုခေတ်တွင် လက်နက်အားကိုးဖြင့် မည်သည့်ပြဿနာကိုမျှ ဖြေရှင်း၍ ရတော့မည် မဟုတ်ချေ။ အထူးသဖြင့် နိုင်ငံငယ်များအနေဖြင့် ပြည်ပအန္တရာယ်ကို ကာကွယ်နိုင်စွမ်း မရှိကြပေ။ ထို့ကြောင့် ပြည်ထောင်စုအချင်းချင်း ချစ်ကြည်မှု၊ ဆက်ဆံမှုကိုအားကိုးပြီး ငြိမ်းချမ်းစွာဖြင့် ပြဿနာကို ဖြေရှင်းရန် ကြိုးစားနေကြသည် မဟုတ်ပါလော။

ကျွန်ုပ်တို့၏ ပြည်တွင်းပြဿနာကို လက်နက်အားကိုးဖြင့် ဖြေရှင်းမည်ဆိုလျှင် ပြည်ပမှ လက်နက်အားကိုး၍ ခြိမ်းခြောက်မှုကလည်း အစဉ်ရှိနေပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရေးကို လိုလားကြောင်း အထပ်ထပ်အခါခါ ထုတ် ပြန်ကျင့်သုံးသည် မဟုတ်ပါလော။ ထိုနည်းတူ ပြည်တွင်းပြဿနာများကိုလည်း တိုင်းရင်းသားလူမျိုးအချင်းချင်း ဆက်ဆံချစ်ကြည်မှုဖြင့် ငြိမ်းချမ်းစွာ မဖြေရှင်းချင်လျှင် အပြည်ပြည်ဆိုင်ရာ ပြဿနာများကို လက်နက်အားကိုးဖြင့် ဖြေရှင်းခြင်းသာ အားပေးရာရောက်ပြီး ကိုယ့်သချိုင်းကို ကိုယ်တူးနေသည်နှင့်တူနေသည် မဟုတ်ပါလော။

သို့ဖြစ်သောကြောင့် စစ်ကောင်စီအသွင်ရှိသော လက်နက်အင်အားဖြင့် အာဏာသိမ်းယူချုပ်ကိုင်နေသည့် တော်လှန်ရေးကောင်စီက ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုက်ရိုက်ရေး ဆွဲမည် ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များစွာတို့၏ လမ်းစဉ်ကို သွေဖည်ရာရောက်ရုံသာမက ရေးဆွဲပြဌာန်းသည့် ဖွဲ့စည်းပုံကို ကျင့်သုံးရာတွင်လည်း တည်တံ့ခိုင်မြဲရေးကို အာမခံနိုင်မည် မဟုတ်ပေ။ထို့ကြောင့် တော်လှန်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုက်ရိုက်ရေးဆွဲပြဋ္ဌာန်းခြင်း မပြုရန် အထူးလိုအပ်သည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်၍ တော်လှန်ရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအစီအစဉ် ဆောင်ရွက်ရန်အတွက် ပြည်သူလူထု ဆန္ဒဖြင့် ရွေးကောက်တင်မြောက်သော ကြားဖြတ်ပြည်သူ့အစိုးရ (သို့မဟုတ်) အမျိုးသားအစိုးရ “National Interim Government” ကို ပထမဦးစွာ ဖွဲ့စည်းရမည်။ ယင်းအမျိုးသားအစိုးရ၏ စီစဉ်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲမှသာလျှင် လက်နက်အားဖြင့် အာဏာသိမ်းခြင်းကို မတုပနိုင်မည့်နည်းဖြစ်ပြီး ပြည်တွင်း သွေးစည်း ညီညွတ်မှုကိုလည်း အစဉ်အဆက် တည်တံ့ခိုင်မြဲစေနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပါ၍ ကြားကာလအစိုးရ ဖွဲ့စည်းရေးအတွက် တော်လှန်ရေးကောင်စီသည် အောက်ပါအချက်များ ပါဝင်၍ စီစဉ်ဆောင်ရွက်လျှင် လူမျိုးပေါင်းစုံ လုပ်သားပြည်သူများအတွက် အသင့် မြတ်ဆုံးသော နည်းနှင့် ဒီမိုကရေစီအကျဆုံးသော နည်းဖြစ်မည်ဟု ယုံကြည်ကြောင်း တင်ပြအပ်ပါသည်။

(၁) ၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ အာဏာမသိမ်းမီ အတည်ဖြစ်နေလျက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ရှိခဲ့သော (က) ပြည်နယ်များ၊ (ခ) ချင်းရေးရာဝန်ကြီးဌာနနှင့် အခြားရေးရာ ဝန်ကြီးများကို ပြန်လည်ဖော်ထုတ်ရန်။

(၂) အထက်ပါအမှတ် (၁) ပါ ပြည်နယ်များနှင့် ရေးရာဝန်ကြီးဌာနများနှင့် မြန်မာအမျိုးသားများစသော အမျိုးသားများထံမှ ဦးရေညီမျှသော ကိုယ်စားလှယ်အမတ်များကို တော်လှန်ရေးကောင်စီမတက်မီ နောက်ဆုံးကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲ ဥပဒေနှင့်အညီ ရွေးကောက်တွင်မြှောက်စေလွှတ်ရန်။

(၃) ပြည်နယ်များ ရေးရာဝန်ကြီးဌာနများနှင့် မြန်မာအမျိုးသားများမှ ညီမျှသော အမတ်ကိုယ်စားလှယ်ဦးရေ မည်မျှဖြစ်သင့်ကြောင်းကို တော်လှန်ရေးကောင်စီနှင့် (၃၃)ဦးပါ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့က ဆုံးဖြတ်ရန်။

(၄) ယင်းသို့ ရွေးကောက်ပွဲအတွက် ငါးလ ခြောက်လထက် မနည်း ကြိုတင်လွတ်လပ်စွာ စည်းဝေးဟောပြောနိုင်ခွင့်နှင့် ရေးသားနိုင်ခွင့်များကို ပြည်သူလူထုအား ခွင့်ပြုရန်။

(၅) အထက်ပါ အပိုဒ် (၂) အရ ယင်းသို့ ရွေးကောက်တင်မြောက်ခြင်း ခံရသော ကိုယ်စားလှယ်အမတ်များသည် ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော ဥပဒေပြုလွှတ်တော်အဖြစ် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့များကို ဖွဲ့ရမည်။

(၆) အထက်ပါ အပိုဒ်(၅)အရ ယင်းသို့ဖွဲ့စည်းသော ဥပဒေပြုလွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီမျာအဖွဲ့သို့ တော်လှန်ကောင်စီကနိုင်ငံ၏ အချုပ်အခြာအာဏာအားလုံးကို လွှဲအပ်ရမည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ ဥပဒေပြုလွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ အာဏာ၊ တာဝန်ဝတ္တရား အခွင့်အရေးအားလုံးကို ကြားဖြတ်အမျိုးသားအစိုးရအဖြစ် ကျင့်သုံးရမည်။

(၇) အထက်ပါ အပိုဒ် (၆) ပါ ကြားဖြတ်အမျိုးသားအစိုးရက -

(၁) မြန်မာပြည်မရေးရာဝန်ကြီးဌာနကို သင့်လျော်သောနည်းဖြင့် ဖွဲ့လိုပါကဖွဲ့စည်း၍အထက်ပါအပိုဒ်(၁-ခ)ပါ ရေးရာဝန်ကြီးဌာန၏ အာဏာကို အပ်နှံထားရမည်။

(၂) ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် ပြည်ထောင်စုအစိုးရ၏ အာဏာကို ကျင့်သုံးရမည်။

(၃) ပြည်နယ်၊ နယ်နိမိတ် စုံစမ်းရေးကော်မတီကို သင့်လျော်သောနည်းဖြင့်ဖွဲ့စည်းရမည်။

(၄) အထက်ပါ အပိုဒ် (၃) နှင့်အညီ နယ်နိမိတ် စုံစမ်းရေးကော်မတီ တင်ပြ အစီရင်ခံချက်အရ ချင်းဝိသေသတိုင်း အပါအဝင် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်မက တိုက်ရိုက်အုပ်ချုပ်ခဲ့သော နယ်မြေများအား ချင်းပြည်နယ်(သို့မဟုတ်) ချင်းတွင်းပြည်နယ်၊ မွန်ပြည်နယ်၊ မြန်မာပြည်နယ်နှင့် ရခိုင်ပြည်နယ်များအဖြစ် နယ်နိမိတ်ခွဲဝေသတ်မှတ် အတည်ပြုရမည်။ သို့သော် ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်နယ်များ၏ နယ်နိမိတ်ကို မထိပါးစေရ။

(၅) ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ရေးဆွဲခြင်း (သို့မဟုတ်) အဟောင်းကို ပြင်ဆင်ခြင်းကို သင့်လျော်သောနည်းဖြင့် စီရင် ဆောင်ရွက်ရမည်။

# ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) တင်ပြချက်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုး ပေါင်းစုံတို့တွင် မြန်မာလူမျိုးမှအစ မိမိတို့ အမျိုးသား ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများဖြင့် သီးသန့်အမျိုးသားများ (Distinct Identity as a Separate Unit) အဖြစ်ရပ်တည်မှုကို ထာဝစဉ်ဆက်လက် ထိန်းသိမ်း တိုးတက်စေလိုသော ဆန္ဒသည် ပြင်းပြနေကြပါသည်။ ထို့ကြောင့် မိမိတို့ လူမျိုးများ၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစနှင့် ထာဝစဉ်သီးသန့် ရပ်တည်စေနိုင်စွမ်းသော အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ကို တည်ဆောက်ရန် လိုလားနေကြပါသည်။

မိမိတို့၏ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ သီးသန့်ရပ်တည် တိုးတက်စေနိုင်စွမ်းသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးများသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတခု အဖြစ် ရပ်တည်မှသာလျှင် အကောင်းဆုံး ရရှိနိုင်ပါသည်။သို့သော် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံတို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ သဘောဖြစ်နေမှုကြောင့် ပြည်ပရန်သူကို တစ်စုတစ်ရုံတည်း ခုခံတိုက်ခိုက်ခဲ့ကြသည်။ မိမိတို့၏ သီးသန့်ရပ်တည်မှု အသီးသီးကို အေးချမ်းစွာ ထိန်းသိမ်းနိုင်ကြ၍ ပြည်ထောင်စုအကျိုးကို အေးအတူပူအမျှ ခံစားကြရမည်ဆိုသောမူဖြင့် ပြည်ထောင်အချင်းချင်း ပူးပေါင်းသော ပြည်ထောင်စုမူဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံကို ထူထောင်ရန် ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ကြသည်။ ထိုမှ ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ပေါ်ပေါက်လာခဲ့ပြီး မိမိတို့၏ သီးခြားလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံ အသီးသီး တည်ထောင်ရေးကို စွန့်ပယ်ခဲ့ကြရပါသည်။

နိုင်ငံတနိုင်ငံကို ဖွဲ့စည်းတည်ထောင်ရာ၌ ဗဟိုအစိုးရ တခုတည်းမှ နိုင်ငံ၏ အချုပ်အခြာအာဏာအားလုံးကို တိုက်ရိုက်ချုပ်ကိုင်ရသော ယူနစ်ထရီစနစ်နှင့် နိုင်ငံတခုလုံးကို ပြည်နယ်များအဖြစ် ခွဲဝေ၍ ပြည်နယ်အသီးသီး ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့် ရစေရေးအတွက် ဌာနပေါင်းများစွာကို မိမိကိုယ်ပိုင်အာဏာဖြင့် စိတ်ကြိုက်ဆောင် ရွက်ပြီးပြည်ထောင်စု ဗဟိုအစိုးရက အချို့ဌာနများကိုသာ ချုပ်ကိုင်ရသော ဖက်ဒရယ်မူ ဟူ၍နိုင်ငံဖွဲ့စည်းပုံနှစ်နည်းတို့သည် ကမ္ဘာတွင် အသုံးများခဲ့ကြောင်း သိရှိရပါသည်။ယူနီထရီ ဖွဲ့စည်းပုံစနစ်သည် လူမျိုး၊ ဘာသာ၊စကားနှင့် ယဉ်ကျေးမှု တစ်မျိုးတစ်စားတည်းရှိသော နိုင်ငံများတွင် ကျင့်သုံးကြောင်း သိရှိရပါသည်။ လူမျိုး၊ ဘာသာ၊ စကားနှင့် ယဉ်ကျေးမှုများ မတူသော လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတွင်ယူနီထရီမူကို ကျင့်သုံးပါက လူဦးရေများသော လူမျိုးစုနှင့် လူဦးရေနည်းသော လူမျိုးစု တို့ရောပြွန်းရာမှ လူနည်းစု လူမျိုးများ၏ ဘာသာ၊ စကား၊ ယဉ် ကျေးမှု များပျောက်ကွယ်ပြီး လူဦးရေများသော လူမျိုးစုကြီးစိုး လွှမ်းမိုးရေးဝါဒ ပေါ်ပေါက်ရန် အန္တရာယ်ရှိကြသည်။ သို့ဖြစ်၍ လူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတွင် ယူနီထရီမူကျင့်သုံးခဲ့ခြင်းဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတွင် လူနည်းစု လူမျိုးများအတွက် မိမိတို့

အမြတ်တနိုးထားသော ဘာသာ၊ စကား၊ ယဉ်ကျေးမှုနှင့် လူမျိုးတည်တံ့ ခိုင်မြဲရေးအတွက် အလွန် အန္တရာယ် ဖြစ်စေပါသည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံသည် နယ်မြေသဘာဝအားဖြင့် တောတောင်ထူထပ်သော နိုင်ငံဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး ဗဟိုအစိုးရတဖွဲ့တည်းထားရှိခြင်းဖြင့် တနိုင်ငံလုံး မနိုင်မနင်းဖြစ်နေသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးစ အနှစ်နှစ်ဆယ်အတွင်း ကျေးလက်တောရွာ ဒေသများတွင် ဖွံ့ဖြိုးတိုးတက်မှု မရှိသလောက် ဖြစ်နေခဲ့ရသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် မိမိတို့ မြတ်နိုးလှသော ထာဝစဉ်သီးသန့် ရပ်တည်နိုင်ရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို တပြည်လုံးအနှံ့ပြန့်စေ နိုင်စွမ်းသော ဖက်ဒရယ်မှု နိုင်ငံဖွဲ့စည်းခြင်းမှအပ အခြား မည်သည့် မူစနစ်မျှ မရှိနိုင်တော့ချေ။ သို့ဖြစ်သောကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖက်ဒရယ်မူဖြင့် ရေးဆွဲပြဋ္ဌာန်းမှသာလျှင် လူမျိုးပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ပြီး သွေးစည်းညီညွတ် သာယာဝပြောသည့် ပြည်ထောင်စုနိုင်ငံ ဖြစ်လာမည်ဟု အခိုင်အမာယုံကြည်ပါသည်။

ဤသို့ ဖက်ဒရယ်မူဖြင့် နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရာ၌ ဥပဒေပြုဌာန၊ အုပ်ချုပ်ရေးဌာနနှင့် တရားစီရင်ရေးဌာနများတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အမျိုးသားအားလုံးမှ ဦးရေညီမျှသော ကိုယ်စားလှယ်အမတ်နှင့် အမှုထမ်းအရာထမ်းများ ပါဝင်နိုင်မှသာလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများကို တန်းတူညီမျှစွာ ရရှိခံစားနိုင်ကြပြီး ပြည်ထောင်စုကို တည်တံ့ခိုင်မြဲရေးအာမခံချက် ရရှိမည်ဟု အလေးအနက်ယုံကြည်သည်။ သို့မှသာလျှင် ရှမ်းတကျပ်၊ ဗမာတကျပ်၊ ချင်းတကျပ်၊ ကချင်တကျပ် စသည်ဖြင့် မျှမျှတတ ပြည်ထောင်စု၏ အကျိုးစီးပွားကို ခံစားစံစားနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ရေးဆွဲပြဋ္ဌာန်းသည့်အခါ အောက်ပါ ပြဋ္ဌာန်းချက်များကို ပါဝင်ထည့်သွင်းစေရန် တင်ပြအပ်ပါသည်။

## နိုင်ငံဖွဲ့စည်းပုံ

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟု ခေါ်ဆိုရမည့် အချုပ်အခြာအာဏာပိုင် ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်သမ္မတနိုင်ငံ ဖြစ်စေရမည်။

(၂) ကြားဖြတ်အမျိုးသားအစိုးရ သတ်မှတ်အတည်ပြုချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မြန်မာပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ဟူ၍ ရှိစေရမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီရင်ခွင့်အာဏာသည် -

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ ကာကွယ်ရေး
(၂) ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေး
(၃) စာတိုက်နှင့် ကြေးနန်း
(၄) မီးရထား၊ ရေကြောင်း၊ လေကြောင်းများဖြင့် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
(၅) နိုင်ငံခြားဆက်သွယ်ရေး၊ သို့သော် ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် အခြား နိုင်ငံရေးနှင့် စစ်ရေးမဟုတ်သော ကိစ္စရပ်များတွင် ပြည်နယ်များအား နိုင်ငံခြား ဆက်သွယ်ခွင့် ပြုရမည်။
(၆) ပြည်ထောင်စု၊ ပြည်နယ်အချင်းချင်း ဆက်သွယ်ရေး
(၇) ပြည်ထောင်စု ပြည်နယ်သစ်များ လက်ခံရေးနှင့်
(၈) ပြည်နယ်များက မိမိဘာသာ သဘောအလျောက် ပြည်ထောင်စုအာဏာအဖြစ် အပ်နှံထားသော စီရင်ပိုင်ခွင့်အာဏာများ ဖြစ်စေရမည်။

(၄) ပြည်နယ်အားလုံးတို့၏ ဖွဲ့စည်းပုံအခြေခံကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သမ္မတနိုင်ငံ အုပ်ချုပ်ပုံစနစ်ဖြင့် မိမိတို့ဘာသာ မိမိတို့ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်။

(၅) ပြည်နယ်များ၏ စီရင်ပိုင်ခွင့် အာဏာများသည် အပိုဒ် (၃) ပါ ဖော်ပြသော ပြည်ထောင်စုအာဏာများမှ လွဲ၍ ကျန်သောအာဏာများ အားလုံးဖြစ်စေရမည်။

## ဥပဒေပြဌာန

(၆) ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ချုပ် ဟူ၍ လွှတ်တော်တရပ်သာ ရှိရမည်။

(၇) ပြည်ထောင်စုလွှတ်တော်ချုပ်တွင် ပြည်နယ်တခုလျှင် ကိုယ်စားလှယ်အမတ် (၃၀) ဦးထက် မနည်းသော အမတ်အရေအတွက် (ဦးရေ) ကို ပြည်ထောင်စုနိုင်ငံသားများက ရွေးကောက်တင်မြှောက်ရမည်။

(၈) ပြည်ထောင်စုလွှတ်တော်ချုပ်သည် (၅) နှစ်သက်တမ်း ရှိစေရမည်။

(၉) ပြည်နယ်တိုင်းတွင် (National Assembly) အမျိုးသားလွှတ်တော်ဟု ခေါ်ဆိုရမည့် ဥပဒေပြုလွှတ်တော်များ အသီးသီးရှိစေရမည်။

(၁၀) ပြည်နယ်၏ ဥပဒေပြုပိုင်ခွင့်အာဏာသည် ယင်းအမျိုးသားလွှတ်တော်၌သာ ရှိစေရမည်။

## အုပ်ချုပ်ရေးဌာန

(၁၁) ပြည်ထောင်စုလူမျိုးစု လွှတ်တော်ချုပ်အမတ်များ၏ အများဆန္ဒဖြင့် နိုင်ငံတော်သမ္မတကို ရွေးကောက်တင်မြှောက်ရမည်။

(၁၂) နိုင်တော်သမ္မတက ဝန်ကြီးများအဖြစ် လျာထားသော အမတ်များကို ပြည်ထောင်စုလွှတ်တော်ချုပ်ကအတည်ပြုမှသာလျှင် တရားဝင်ဝန်ကြီးများ ဖြစ်ရမည်။

(၁၃) ပြည်နယ်တိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌက ဦးဆောင်သော ပြည်နယ်ဝန်ကြီးများအဖွဲ့ရှိစေရမည်။

(၁၄) အမျိုးသားလွှတ်တော်အမတ်များ၏ အများဆန္ဒဖြင့် အဆိုတင်သွင်းခြင်းခံရသောသူကို ပြည်နယ်ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်။

(၁၅) ပြည်နယ်ဝန်ကြီးများ ကောင်စီပွဲစည်ပုံကို သင့်လျော်ရာ နည်းဖြင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းရမည်။

(၁၆) ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုစီရင်ပိုင်ခွင့်အာဏာအဖြစ် ဖွဲ့စည်းပုံအခြေခံဥပ ဒေက သတ်မှတ်သော ကိစ္စရပ်များအပေါ် ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်မှုအာဏာရှိပြီး ပြည်နယ်အစိုးရသည် ပြည်နယ်စီရင်ပိုင်ခွင့် အာဏာအဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ထားသော ကိစ္စရပ်များအပေါ် ကွပ်ကဲအုပ်ချုပ်မှု ပြုရမည်။

(၁၇) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနိုင်ငံ ဝန်ထမ်းများ ခန့်ထားရေးနှင့် ပတ်သက်၍ ပြည်နယ်လူမျိုးပေါင်းစုံမှ အဖွဲ့ဝင်များအဖြစ် ပါဝင်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းပြီး ၎င်းတို့၏ အလုပ်ဝတ္တရားနှင့် အလုပ်ဆိုင်ရာ စည်းမျဉ်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

(၁၈) ပြည်ထောင်စုနိုင်ငံဝန်ထမ်းများ ခန့်ထားရာ၌ ပြည်ထောင်စုပထဝီနယ်မြေနှင့်လူမျိုးပေါင်းစုံမှ ပါဝင်စေရေးကို အလေးထားရမည်။

(၁၉) လေတပ်နှင့် ရေတပ်များကို ဖွဲ့စည်းရာတွင် ပြည်နယ်ကိုလိုက်၍ ပြည်နယ်လူမျိုးတိုင်း ပါဝင်ထမ်းဆောင်ခွင့် ပြုရမည်။

(၂၀) ကြည်းတပ်တွင် ပြည်နယ်လူမျိုးများအလိုက် အနည်းဆုံး တပ်မဟာတခုစီပါဝင်သော ပြည်ထောင်စုကာကွယ်ရေး ကြည်းတပ်ကို ဖွဲ့စည်းရမည်။

(၂၁) လက်နက်ကိုင်တပ်ဖွဲ့တွင် အရာရှိ၊ အရာခံများအားလုံး၏ ရာထူးတိုးမြှင့်ရေး၊ ချထားရေးကို ရာထူးဝန်အဖွဲ့က လက်ခံနိုင်သည်အထိ ကာကွယ်ရေးဌာနမှ အကျိုးအကြောင်းနှင့်တကွ တင်ပြရမည်။

(၂၂) ပြည်နယ်တိုင်းသည် ရဲတပ်ဖွဲ့များနှင့် အမျိုးသားကာကွယ်ရေး တပ်ဖွဲ့များကို ဖွဲ့စည်းနိုင်ခွင့် ရှိရမည်။

(၂၃) သစ်တောနှင့် သစ်တောမြေများအပါအဝင် သယံဇာတပစ္စည်းလုပ်ငန်း အကြီးစားကုန်ထုတ်လုပ်ငန်း၊ အကြီးစားနှင့် ၎င်းကိရိယာများကို ပြည်ထောင်စုအစိုးရကပိုင်ဆိုင်လုပ်ကိုင် တိုးတက်စေပြီး ၎င်းလုပ်ငန်းအမျိုးအစား အသေးစားများကိုပြည်နယ်များက မိမိတို့ နယ်မြေအလိုက် သင့်လျော်သောနည်းဖြင့်ဆောင်ရွက်ခွင့်ရရှိရမည်။

(၂၄) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး၏ စီးပွားရေးတန်းတူ ဖြစ်စေရေးအတွက် ပြည်ထောင်စု ဘဏ္ဍာငွေကို တန်းတူညီမျှစွာ ခွဲဝေပေးရမည့်အပြင် ပြည်နယ်တိုင်း မိမိတို့ဘာသာ မိမိတို့ စီးပွားရေးရပ်တည်နိုင်ရေး အခြေအနေကိုလည်း ဖန်တီးပေးရမည်။

(၂၅) ပြည်နယ်တိုင်းသည် ပြည်ထောင်စုလွှတ်တော်ချုပ် ရေးဆွဲသော မူနှင့် မဆန့်ကျင်စေဘဲ စစ်ရေးနှင့် နိုင်ငံရေးမှအပ အခြားကိစ္စရပ်များတွင် နိုင်ငံခြားနှင့် ဆက်သွယ်စာချုပ် နိုင်ခွင့် ရှိစေရမည်။

## တရားစီရင်ရေး

(၂၆) နောက်ဆုံး အယူခံရုံးအဖြစ် နိုင်ငံတော်တရားရုံးချုပ်ဆိုသော တရားရုံးကို ဖွဲ့စည်းရမည်။

(၂၇) ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပြည်ထောင်စုအတွင်း ပြဋ္ဌာန်းသော ဥပဒေအားလုံး၏ အဓိပ္ပာယ်ကောက်ယူခြင်းသည် နိုင်ငံတော် မော်ကွန်းတရားရုံးချုပ်၏ ကောက်ယူသည့်အတိုင်း အပြီးအပြတ် ဖြစ်စေရမည်။

(၂၈) တရားရုံးချုပ်တွင် တရားသူကြီးချုပ်အပါအဝင် တရားသူကြီးများ ခန့်ထားရာ၌ ပြည်နယ်လူမျိုးတိုင်းမှ ယင်းတရားသူကြီးအဖွဲ့တွင် ပါဝင်နိုင်ရေးကို အလေးထားပြီးပြည်ထောင်စုလွှတ်တော်ချုပ်၏ သဘောတူချက်ဖြင့် သမ္မတက ခန့်အပ်ရမည်။

(၂၉) တရားရုံးချုပ် လက်အောက်ခံများအဖြစ် ပြည်နယ်တိုင်းတွင် ပြည်နယ်မော်ကွန်းတရားလွှတ်တော် တခုစီ ဖွဲ့စည်းပြီး ယင်းတရားရုံးများ၏ တရားသူကြီးများကိုပြည်နယ်အမျိုးသားလွှတ်တော် သဘောတူညီချက်ဖြင့် ပြည်နယ်ဥက္ကဋ္ဌ (သို့မဟုတ်) နိုင်ငံတော် သမ္မတက ခန့်အပ်ရမည်။

## မူလအခွင့်အရေးများ

(၃၀) ပြည်သူလူထု၏ မူလအခွင့်အရေးများသည် ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေဟောင်း၏ လိုရင်းပြဋ္ဌာန်းချက်အပေါ် မူတည်၍ ပြုပြင်သင့်လျှင် ပြုပြင်ပြဋ္ဌာန်းရမည်။

(၃၁) မူလအခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိစေရန် ကာကွယ်မှု(Remedy)များသည်လည်း ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အပေါ် မူတည်၍ ပြုပြင်သင့်သည်များ ပြုပြင်ပြဋ္ဌာန်းရမည်။

## နိုင်ငံသားဖြစ်ခြင်း

(၃၂) ပြည်ထောင်စုတခုလုံးတွင် နိုင်ငံသား တမျိုးတစားသာ ရှိစေရမည်။ ဆိုလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတိုင်း ပြည်ထောင်စုအတွင်း လိုရာဒေသသို့ လွတ်လပ်စွာ သွားလာပြောင်းရွှေ့နေထိုင် စီးပွားရှာနိုင်ခွင့် ရှိစေရမည်။

(၃၃) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှုသည် ယခင်ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အပေါ် မူတည်ပြီး ပြုပြင်သင့်လျှင် ပြုပြင်ပြဋ္ဌာန်းရမည်။

## အထွေထွေပြဋ္ဌာန်းချက်များ

(၃၄) ပြည်ထောင်စု ရုံးသုံးဘာသာသည်မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ ဖြစ်ရမည်။သို့သော် ပြည်နယ်တိုင်းတွင် မိမိတို့ ပြည်နယ်အတွင်း အသုံးပြုသော ဘာသာ၊စကားများကို ပြည်နယ်အစိုးရ ရုံးသုံးဘာသာအဖြစ် သုံးစွဲနိုင်ခွင့် ပြုရ မည့်အပြင်ယင်း ပြည်နယ်ဘာသာစကားဖြင့်

ဥပဒေရေးဆွဲခွင့်၊ တရားစီရင် နာကြားခွင့်စသည်များကို ခွင့်ပြုရမည်။

(၃၅) ယင်း မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်ခုကို ကျောင်းများ၊ တက္ကသိုလ်များတွင် ပြဋ္ဌာန်း သင်ယူစေရမည်။

(၃၆) ပြည်နယ်အလိုက် မိမိတို့ပြည်နယ်တွင် ဘာသာစကားများကို သင့်လျော်သောနည်းဖြင့် မူလ တန်း၊ အလယ်တန်းနှင့် အထက်တန်းများတွင် မသင်မနေရ ပြဋ္ဌာန်းရမည်။

(၃၇) ပြည်နယ်များတွင် သုံးသောဘာသာစကားများကို တက္ကသိုလ်နှင့် ကောလိပ်များတွင် သင် ယူနိုင်ခွင့် ရှိစေရမည်။

(၃၈) အထက်တန်းပညာ ဆည်းပူးရာဖြစ်သည့် ပြည်ထောင်စုတက္ကသိုလ်ကို ပြည်ထောင်စု လွှတ်တော်ချုပ်က တိုက်ရိုက်အုပ်ချုပ်၍ ပြည်ထောင်စုမြို့တော်တွင်ထားရှိရမည်။

(၃၉) ပြည်ထောင်စုမြန်မာနိုင်ငံ၏ မြို့တော်သည် ရန်ကုန်မြို့ဖြစ်စေရမည်။

(၄၀) ပြည်ထောင်စုလွှတ်တော်ချုပ်သည် ပြည်နယ်များ၊ မြို့တော်များသို့ အလှည့်ကျညီလာခံ ရမည်။

(၄၁) ပြည်ထောင်စုမြို့တော်တွင် နေထိုင်သူများသည် မိမိပြည်နယ်ဇာတိသို့ လွှတ်တော်ချုပ် အမတ်များ ရွေးကောက်မဲပေးစေရပြီး ပြည်ထောင်စုမြို့တော် အတွင်းနေထိုင်သူအဖြစ် နိုင်ငံ ရေးအခွင့်အရေး ကျင့်သုံးခွင့် မရှိစေရ။

(၄၂) ပြည်ထောင်စုအလံတွင် ပြည်နယ်ရှိသလောက် ကြယ်တိုးချဲ့ပြီး ဗဟိုရှိ ကြယ်အကြီးသည် ပြည်ထောင်စုအဖြစ် တည်ရှိစေရမည်။

(၄၃) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်တိုင်း မိမိတို့၏ သီးခြားပြည်နယ်အလံနှင့်တံဆိပ်များသုံး စွဲခွင့် ရှိစေရမည်။

(၄၄) ဤ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြင်ဆင်ရန် တင်ပြချက် သဘောမူကြမ်းတွင်ပါရှိသော အချက်အလက်များအပြင် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတွင် ပြည်နယ်လူမျိုးစုတိုင်း၏ အခွင့်အရေးကို ကာကွယ်နိုင်ရန် အာမခံချက်ရှိသော ပြဋ္ဌာန်းချက်များ ပါဝင်ဖွဲ့စည်း၍ ဖွဲ့စည်း ပုံအခြေခံဥပဒေကို ဖြည့်စွက်ပြည့်စုံ စေရမည်။

**မှတ်ချက်။ ။** ဤဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင် တင်ပြမထားသော ဟာကွက် အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲသည့်အခါ လိုအပ်သလို ဖြည့်စွက်၍ ပြန်လည်တင်ပြမည်ဖြစ်သည်။

**နောက်ဆက်တွဲ။ ။**

**၁၃၃၁ ခုနှစ် နယုန်လဆန်း (၅) ရက်**
**၁၉၆၉ ခုနှစ် မေလ (၂၀) ရက်**
**ဗိုလ်မှူးကြီး သန်းစိန်**
**ဆက်သွယ်ရေးအရာရှိ**
**ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့**
**အမှတ် (၁၆) ဝင်ဒါမီယာလမ်း၊ ရန်ကုန်မြို့**

**အကြောင်းအရာ။ ။** ချင်းဝိသေသတိုင်းနှင့် နာဂတောင်တန်းခရိုင်ကို ပူးပေါင်းသတ်မှတ်အုပ်ချုပ်ရန်နှင့် ခန္တီးချင်း ဟုခေါ်ပေးရန်ကိစ္စ။

(၁) ၁၉၄၆ ခုနှစ် ခန္တီးချင်းခရိုင် အင်္ဂလိပ်အရေးပိုင်မင်း မစ္စတာမဂ္ဂနက်သည် (Forgetris) ခေါ် ဟိန်ကွက်ရွာတွင် တောင်တန်းဒေသရှိ ကျေးရွာများနှင့် တိုက်နယ်သူကြီးများ၊စော်ဘွားကြီးများကို ခေါ်ယူပြီးလျှင် မကြာမီနှစ်အတွင်း မြန်မာပြည် လွတ်လပ်ရေးရတော့မည်။ အကယ်၍ လွတ်လပ်ရေးရလျှင် ခန္တီးခရိုင်ရှိ ပြည်သူလူထုသည် ပြည်မအုပ်ချုပ်ရေးတွင် ပါဝင်မည်လား (သို့မဟုတ်) ချင်းဝိသေသတိုင်း အုပ်ချုပ်ရေးထဲတွင်ပါဝင်မည်လား ဟုမေးမြန်းခဲ့ပါသည်။

ထိုအခါ တောင်ပေါ်လူကြီးများက မိမိတို့သည် မိရိုးဖလာအားဖြင့်၎င်း၊ ဓလေ့ထုံးတမ်းစဉ်လာအားဖြင့်၎င်း၊ မျိုးရိုးအားဖြင့်၎င်း၊ အိန္ဒိယ နာဂချင်းများနှင့် မျိုးနွယ်တူဖြစ်ကြ၍ အိန္ဒိယပြည်နယ်ဘက်သို့ ပါဝင်ရန်ကန့်ကွက်သူမရှိ ထောက်ခံအဆိုသွင်းခြင်း ပြုကြပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ မစ္စတာမဂ္ဂနက်က ခန္တီးချင်းနာဂခရိုင်သည် မြန်မာပြည်နယ်စပ်ဖြစ်၍၎င်း၊ မြန်မာပြည်၏ အုပ်ချုပ်ရေးတွင် သတ်မှတ်ထားသောမြေပုံအရ အိန္ဒိယပြည်နယ်အုပ်ချုပ်ရေးထဲတွင် ပါဝင်ရန် လုံးဝမဖြစ်နိုင်တော့၍ မြန်မာနိုင်ငံအုပ်ချုပ်ရေးတွင် ပါဝင်ရေးကိစ္စသာစဉ်းစားရန်နှင့် ခန္တီးခရိုင်အား ပြည်မအုပ်ချုပ်ရေး(သို့မဟုတ်) ချင်းဝိသေသတိုင်း အုပ်ချုပ်ထဲတွင် ပါဝင်နိုင်ရေးသာစဉ်းစားနိုင်သည်ဟု မစ္စတာမဂ္ဂနက်က ပြောကြားသွားခဲ့သည်။

ထိုသို့ ပြည်မနှင့် ချင်းဝိသေသတိုင်း အုပ်ချုပ်ရေးတွင် မည်သည့်ဘက်ကို လိုလားသူနှင့် မလိုလားသူများကို မဲခွဲ၍ ကျေးရွာတိုက်နယ်သူကြီးများနှင့် စော်ဘွားကြီးများအပါအဝင် မဲခွဲကြရာ ချင်းဝိသေသတိုင်းနှင့် ပူးပေါင်းအုပ်ချုပ်ရန် ကန့်ကွက်သူ မရှိသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

(၂) ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက် ပင်လုံကွန်ဖရင့်တွင် ခန္တီးခရိုင်မှ ဦးရာပွန်းခေါင်းဆောင်သော ခန္တီးချင်းနာဂခရိုင် ကိုယ်စားလှယ် (၆) ဦး ရွေးချယ်၍ သွားရောက်ကြသည့်အနက် ထိုပင်လုံကွန်ဖရင့်တွင် ဗိုလ်ချုပ်အောင်ဆန်းက **" ခင်ဗျားတို့ ခန္တီးချင်းနာဂ ခရိုင်သည် ချင်းဝိသေသတိုင်း အုပ်ချုပ်ရေးတွင် ပါဝင်မည်လား (သို့မဟုတ်) ပြည်မအုပ်ချုပ်ရေး၌ ပါဝင်မည်လား"** ဟု မေးခဲ့ပါသည်။ ထိုအခါ ကိုယ်စားလှယ် (၆)ဦးအနက်(၄) ဦးက ချင်းဝိသေသတိုင်းနှင့် ပူးပေါင်းရန် လိုလားကြောင်း တင်ပြ၍ ကျန်

(၂) ဦးကမူ ပြည်မအုပ်ချုပ်ရေးတွင် ပါဝင်ရန် တင်ပြခဲ့ကြသည်။ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက ကျွန်ုပ်တို့ မြန်မာပြည်လွတ်လပ်ရေး ကြေညာရန် ရက်လပိုင်းသာ လိုတော့သည်။ ပြည်မနှင့် တောင်တန်းဒေသများသည် ညီရင်းအကိုကဲ့သို့ ချစ်ချစ်ခင်ခင် ရင်းနှီးစွာဖြင့် မြန်မာလွတ်လပ်ရေးအတွက် ကြိုးပမ်းလာသည့် အလျောက် စည်းစည်းလုံးလုံး အောင်မြင်အောင် ဆောင်ရွက်သွားရမည့်အကြောင်း၊ လွတ်လပ်ရေးကြေညာပြီးနောက် ခန္တီးနားခရိုင်အား ချင်းဝိသေသတိုင်းနှင့် ပူးပေါင်းလိုလျှင် နာဂချင်းလူထု၏ ဆန္ဒကို လေ့လာပြီး သတ်မှတ်ပေးပါမည်ဟု ကတိပေးခဲ့သည်။သို့ရာတွင် ဗိုလ်ချုပ် အောင်ဆန်းသည် ဦးစောလက်ချက်ဖြင့် လွတ်လပ်ရေးမကြေညာ ရသေးခင် ကျဆုံးသွားခဲ့ရသည်။ သို့အတွက် ကျွန်ုပ်တို့ တောင်တန်းဒေသများသည်ကြေကွဲဝမ်းနည်းခဲ့ကြရသည်။ ယင်းသို့ ကျဆုံးသွားပြီးနောက် ဝန်ကြီးချုပ်ဦးနု ခေါင်းဆောင်၍ လွတ်လပ်ရေးကြေညာပြီး တိုင်းပြည်ကို အုပ်ချုပ်ခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း မသေခင် ကတိပေးသွားခဲ့သော ခန္တီးချင်းနာဂခရိုင်နှင့် ချင်းဝိသေသတိုင်း ပူးပေါင်းအုပ်ချုပ်ရေးကို အရေးယူဆောင်ရွက်ပေးခြင်းမရှိသောဘဲ ခန္တီးချင်းနာဂခရိုင်အား စစ်ကိုင်းတိုင်းအဖြစ် သတ်မှတ်၍ ပြည်မအုပ်ချုပ်ရေးတွင် ပါဝင်စေခဲ့သည်။

(၃) ၁၉၄၇ ခုနှစ် အရေးပိုင် မစ္စတာမဂ္ဂနက်သည် နာဂခရိုင်မှ ထွက်ခွာသွားပြီးနောက်မစ္စတာကဲရှော့သည့် ခန္တီးအရေးပိုင်အဖြစ် တာဝန်ယူ ထမ်းဆောင်နေချိန်တွင် ၎င်းကချင်းဝိသေသတိုင်းနှင့် မပူးပေါင်းရေးကို ခန္တီးချင်းနာဂခရိုင်တွင် နေထိုင်ကြသော ရှမ်းအမျိုးသား နိုင်ငံရေးသမားများနှင့် ပူးပေါင်း၍ အမျိုးမျိုးအဖုံဖုံ တိုက်ဖျက်ခဲ့သည် သာမက တောင်ပေါ်ရှိကျေးရွာတိုက်နယ် သူကြီးများကိုလည်း ၎င်းအမိန့်ကို လိုက်နာသူများဆိုပါက တောင်ယာ၊ လယ်ယာ၊ ယာခင်းများတွင် တိရိစ္ဆာန်ဘေးရန်ကို ကာကွယ်ရန် လက်နက်များပေး၍ မဲဆွယ်ခြင်း၊ ၎င်းအမိန့်ကို လိုက်နာခြင်း မရှိသူများအား သူကြီးရာထူးမှ ထုတ်ပယ် ခြင်း၊ လက်နက်များကို သိမ်းဆည်းခြင်း စသော ချင်းဝိသေသတိုင်းနှင့် ပူးပေါင်းလိုလားသူများကို အမျိုးမျိုးနှိမ်နင်းခံခဲ့ရသည်ကို လည်းကောင်း၊ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက် ပင်လုံကွန်ဖရင့်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သွားတွေ့စဉ်ကလည်း ချင်းဝိသေသတိုင်းနှင့် မပူးပေါင်းဘဲ ပြည်မနှင့်ပူးပေါင်းရေးအဆိုကို တင်သွင်းရန် မစ္စတာကဲရှော့က ပင်လုံကွန်ဖရင့်သို့ သွားရောက်သူ ကိုယ်စားလှယ်များကိုအမျိုးမျိုး ခြိမ်းခြောက်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် သွားတွေ့သည့်အခါ ကိုယ်စားလှယ် (၆) ဦးအနက် (၂) ဦးက ချင်းဝိသေသတိုင်းနှင့်သာ ပူးပေါင်းရေးအဆိုက ကန့်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၄၆ ခုနှစ် ဟိန်ကွက် (Heik Wet)တွင် အရေးပိုင်မင်း မစ္စတာမဂ္ဂနက်၏ ကွန်ဖရင့်ကျင်းပစဉ်က တောင်တန်းဒေသ ကျေးရွာ တိုက်နယ်သူကြီးများနှင့် စော်ဘွားကြီးများက ချင်းဝိသေသတိုင်း

နှင့် ပူးပေါင်းရေးအဆိုကို သဘောတူဆုံးဖြတ်ချက်ကို လည်းကောင်း၊ ၁၉၄၈ ခုနှစ် တောင်တန်းဒေသ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်းခံရသော ပါလီမန်အမတ် ဦးရာပွန်း အား ၁၉၄၇ ခုနှစ် ဆုံးဖြတ်ချက် အရ ချင်းဝိသေသတိုင်းနှင့် ပူးပေါင်းရေးကိစ္စကို ဆက်လက်ဆောင်ရွက်သွားရန် ခန္တီးခရိုင်လူထုများက အာဏာနှင့် တာဝန်များ ပေးအပ်ခြင်းကို လည်းကောင်း၊ မစ္စတာကဲရော့သည် ရှမ်းနိုင်ငံရေးခေါင်း ဆောင်များနှင့် ပူးပေါင်း၍ ချင်းဝိသေသတိုင်းနှင့် မပူးပေါင်းရေးကိစ္စတို့ကိုအမျိုးမျိုးအဖုံဖုံ တိုက်ဖျက်ခဲ့ ခြင်းကိစ္စနှင့် ပတ်သက်၍ လေ့လာခြင်းအားဖြင့် မစ္စတာကဲရော့သည် ခန္တီးရှမ်းစော်ဘွားကြီး၏ ညီမနှင့် အိမ်ထောင်ပြုလိုက်ခြင်းအားဖြင့် ကျွန်ုပ်တို့ တိုင်းပြည်နှင့် လူမျိုးရေးအကျိုးကို မကြည့်ဘဲ ၎င်း၏ ကိုယ် ရေးကိုယ်တာအတွက်နာဂခရိုင်ရှိ ရှမ်းအမျိုးသား နိုင်ငံရေးသမားများနှင့် ပူးပေါင်း၍ မတရားသဖြင့် လုပ်ကြံမှုသာဖြစ်သည်ဟု ပြည်သူလူထုက ယနေ့အထိ ယုံကြည်လျက် ရှိနေကြပါသည်။

(၄) ၁၉၄၈ မှ ၁၉၄၉ ခုနှစ်အထိ ဆောင်ရွက်ပြီး နုတ်ထွက်သွားသည့် ခန္တီးချင်းနာဂခရိုင်ပါလီမန်အမတ် ဦးရာပွန်း လက်ထက်ကစ၍ ၁၉၆၀ ခုနှစ်အထိ ဖဆပလ (၁၀) နှစ် (၁၀) မိုး ပါလီမန်ဒီမိုကရေစီစနစ် ဖြင့် မြန်မာနိုင်ငံအုပ်ချုပ်ခဲ့သော်လည်း နာဂတောင်တန်းခရိုင်တွင်ပါလီမန်ဒီမိုကရေစီမရှိခဲ့ပေ။ အဘယ် ကြောင့်ဆိုသော အရေးပိုင်နှင့် ရှမ်းနိုင်ငံရေးသမားများ၏ ဖိနှိပ်ချုပ်ချယ်မှုများသည် တောင်တန်းဒေသ များအဖို့ အလူးအလဲသာခံခဲ့ရပါသည်။ ထို့ကြောင့် တောင်တန်းဒေသများသည် ကွန်မြူနစ်ဝါဒကိုလုံးဝ မလိုလားကြသူများ ဖြစ်ကြသည့်အပြင် ဘာသာရေးအားဖြင့် ခရစ်ယာန်ဘာသာဝင်(၆၅) ရာခိုင်နှုန်း၊ နတ်ကိုးကွယ်သူ (၂၄) ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာကိုးကွယ်သူ (၁၅) ရာခိုင်နှုန်း အသီးသီးရှိကြ၍ အိန္ဒိယ ပြည်နယ်နှင့် ဆက်စပ်လျက်ရှိပြီး ပါလီမန် ဒီမိုကရေစီကို နားလည်သဘောပေါက်ကြပါသည်။ သို့ရာ တွင် ဖဆပလ (၁၀) နှစ် (၁၀)မိုးတွင် ပြည်မနိုင်ငံရေးခေါင်းဆောင် သူတို့အား တစတစ အယုံကြည် နည်းပါးလာခဲ့သည်။ သို့ဖြစ်ရာ မြန်မာပြည်လွတ်လပ်ရေး ရရှိပြီးနောက် နာဂတောင်တန်းခရိုင်အုပ်ချုပ် ရေး အရာရှိများသည် နာဂခရိုင်မှ ရှမ်းအမျိုးသားအရာရှိများသာ ဖြစ်လာကြပါသည်။ ထို့ကြောင့် နာဂ ခရိုင်၏အုပ်ချုပ်မှုတွင် နိုင်ငံတော်အစိုးရက ကောင်းစွာလေ့လာသုံးသပ်ခြင်း မရှိမှုကြောင့်တောင်တန်း ဒေသတွင် ဖိနှိပ်မှုကိုသာ ခံခဲ့ရပါသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် နာဂခရိုင် အရေးပိုင် မစ္စတာ မဂ္ဂနက် နှင့် ကွန်ဖရင့်တွင် တောင်တန်းသားများက ဆုံးဖြတ်ခဲ့သည့်မူကို ဆက်လက်တိုက်ပွဲဝင်ရာ ၁၉၅၄ ခုနှစ် မှ ၁၉၅၇ ခုနှစ်အထိ ထပ်မံလှုပ်ရှားလာခဲ့ပြန်ပါသည်။ နာဂခရိုင် နိုင်ငံရေးခေါင်းဆောင် (၄) ဦးသည် ရန်ကုန်သို့ စေလွှတ်ပြီး ချင်းရေးရာဝန်ကြီး ဦးဇာရဲလျံနှင့် တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။ ထို့ပြင် နိုင်ငံ တော် ဝန်ကြီးချုပ် ဦးနုနှင့်လည်း တွေ့ခွင့်ပြုရန် အကြိမ်ကြိမ်တောင်းသော်လည်း မရခဲ့ပေ။ ထို့ကြောင့် ပြည်မအစိုးရသည် နာဂပြည်သူများအား စိတ်ဝင်စားခြင်း မရှိဟု တောင်တန်းဒေသ ခေါင်းဆောင်များ က ယူဆလျက် စိတ်ဓာတ်များကျဆင်းသွားခဲ့ကြရပါသည်။

(၅) ပြည်တွင်းရေး၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့ တော်လှန်ရေးအစိုးရက တိုင်းပြည်အာဏာကို ထိန်းသိမ်းလိုက်ပြီးနောက် တောင်ပေါ်ဒေသရှိ နာဂချင်းပြည်သူတို့နှင့် တော်လှန်ရေးအစိုးရတို့အပေါ် တွင် အထင်လွဲမှားစေအောင် မြေပြန့်ဒေသရှိ ရှမ်းအမျိုးသား နိုင်ငံရေးသမားများက သွေးထိုးမှု အမျိုး

မျိုး ဖန်တီးပေးခဲ့မှုကြောင့် ၁၉၆၃ ခုနှစ်မှစ၍ တောင်ပေါ်ဒေသရှိ ချင်းနာဂလူငယ်များသည် တောခိုသွားကြပါသည်။ ယခုအချိန် မြန်မာပြည်ရှိချင်းနာဂလူငယ်များသည် အိန္ဒိယ မီဇိုးနာဂသူပုန်များနှင့် ဆက်သွယ်ကာ ပီကင်းတွင် စစ်သင်တန်းများ တက်ရောက်သင်ကြားနေကြသည်ဟု ကြားသိရပါသည်။

(၆) ချင်းနာဂ ဟူသောအဓိပ္ပာယ် လွန်ခဲ့သော အနှစ် (၃၀) အတွင်းက နာဂ ဟူသောအမည်ကို ခေါ်ဝေါ်ခြင်း မရှိခဲ့ပေ။ချင်းနှင့် ချင်းပုပ်ဟု ခေါ်ပါကြပါသည်။ သို့ရာတွင် ထိုတောင်တန်းများသည် အိန္ဒိယပြည်နယ် ဘုရင်ခံအုပ်ချုပ်မှု လက်အောက်တွင် ရှိစဉ်က အင်္ဂါနှင့် ပုဆိုးမဝတ်သော လူမျိုးဟူသော အဓိပ္ပာယ်ကို ကောက်ယူပြီး ကုလားစကားဖြင့် နာဂဟူသော အဓိပ္ပာယ်ကို ကောက်ယူတီထွင်သွားခြင်းဖြစ်ပါသည်။ ယခု ခန္တီးနာဂခရိုင်ကို ထိုအချိန်ကအင်္ဂလိပ်အစိုးရ အုပ်စိုးနေစဉ် နာဂခရိုင် ဟုမခေါ်ဘဲ ခန္တီးချင်းခရိုင် ဟုခေါ်ဝေါ်ခဲ့ကြပါသည်။ သို့ဖြစ်ကာ ၁၉၄၄ ခုနှစ်နှင့် ၁၉၄၅ ခုနှစ်များတွင် ချင်းဝိသေသတိုင်း ဦး ဗမာ့လွတ်လပ်ရေးအတွက် ဖလမ်း၊ တီးတိန်၊ မင်းတပ်များတွင် အင်္ဂလိပ်အစိုးရ အလိုမရှိဟူသော ဆန့်ကျင်ဆန္ဒပြနေစေဝယ် ယခုနာဂခရိုင်ကို ချင်းဝိသေသတိုင်း၌ မဆက်စပ်၊မဆက်သွယ်နိုင်အောင် လူမျိုးတမျိုးအဖြစ် ခွဲခြား၍ ဖြစ်သွားစေနိုင်ရန်ကို ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်အစိုးရက နာဂဟူသော ကုလားစကားအဓိပ္ပာယ်ကို ကောက်ယူတီထွင်လိုက်ခြင်းသာ ဖြစ်ပါသည်။ ယခုလက်ရှိနာဂခရိုင်နှင့်ချင်းဝိသေသတိုင်း လူမျိုးရေးအားဖြင့် လေ့လာကြည့်ပါလျှင် အောက်ပါအတိုင်းတွေ့မြင်ရပါမည်။

## တောင်ပိုင်းနာဂ

(၁) ခေါင်ဆယ်ထာဒိုကူကီး (၂) တန်ခွန်း (၃) ပါရာ မြောက်ပိုင်းနာဂ (၄) ပုံညို (၅)ဆော်လော် (၆) ကယော် (၇) ဟဲမီ (လ်) စသော အမျိုးအနွယ်ထဲတွင် အကြီးဆုံးအမျိုးဖြစ်၍ ကျန်မျိုးနွယ်များမှာ တ တောင်နှင့်တတောင် စကားခြင်းမတူသော အမျိုးပေါင်း (၃၂) မျိုး ရှိရာ အထက်ပါ မျိုးနွယ်ကြီး (၇) မျိုးတို့၏ ဘာသာစကားကိုသာအသုံးပြုကြပါသည်။ တောင်ပိုင်းနာဂနယ်တွင် ခေါင်ဆယ်ထာဒိုကူကီး ချင်းဘာသာစကားသည် တီးတိန် ချင်းဝိသေသတိုင်းစကားနှင့် မထူးခြားဘဲ အနည်းငယ်သာကွဲပြားလျက်ရှိသည်။မြောက်ပိုင်းနာဂနယ်တွင် ကယော်နာဂဘာသာစကားနှင့် သီချင်းအဆိုအကတွင်လည်းဖလမ်းချင်းတောင်နှင့် မထူးခြားဘဲ တူညီလျက် ရှိသည်။ ယင်းသို့ ချင်းဝိသေသတိုင်းတွင်လည်း တတောင်နှင့်တတောင် စကားခြင်းမတူသော်လည်း ဖလမ်းချင်းဘာသာစကားကို ချင်းဝိသေသတိုင်းတွင် အများမသုံးမဖြစ် သတ်မှတ်၍ အသုံးပြုသကဲ့သို့ နာဂတောင်တန်းခရိုင်တွင်လည်း အများသုံးဘာသာစကားကို ရွေးချယ်၍အထက်ဖော်ပြပါ မျိုးနွယ်ကြီး (၇) မျိုးကို သတ်မှတ်ယူ၍ အသုံးပြုကြပါသည်။အဆိုပါ မြန်မာပြည် အနာဂတ် အရေးအခင်းများနှင့် စပ်လျဉ်း၍ နာဂတောင်တန်းဒေသများတွင် နာဂချင်းလူငယ်များသည် အိန္ဒိယနာဂသူပုန်များနှင့် ဆက်သွယ်ပြီး တရုတ်ပြည်သို့ လက်နက်ကိုင်သင်တန်းများ သင်ယူနေကြသည်။ မီဇိုးနာဂ သူပုန်များသည် မြန်မာပြည်နယ်စပ်ရှိ နာဂချင်းလူငယ်များနှင့် ကချင်

ပြည်နယ် လူငယ်များကိုသွေးဆောင်ပြီး ပီကင်းပြန် စစ်လေ့ကျင့်ရေးအတွက် ခေါ်ယူခြင်းများကို ပြုလုပ်နေကြသည်ကို သိရှိရပါသည်။ ထို့ကြောင့် မြန်မာပြည်တွင်းရေးရာ နောင်အနာဂတ်အရေးအတွက် ပိုမိုရှုပ်ထွေးလာနိုင်ဘွယ် ရှိနေသည်ဟု ထင်ပါသည်။ သို့အတွက် နာဂခရိုင်တွင် ရှမ်းအမျိုးသား တသိန်းကျော်နှင့် တောင်ပေါ်နာဂချင်းလူဦးရေ သုံးသိန်းကျော်တို့၏ တိုးတက်ဖွံ့ဖြိုးမှုကို ရှေ့ရှု၍ လည်းကောင်း၊ နယ်စပ်ဒေသ အရေးနှင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး စသောပြည်ထောင်စု မြန်မာနိုင်ငံ စည်းလုံးညီညွတ်ရေး အရေးအခင်းများသည် ဖြေရှင်းနိုင်ရန်မှာ ချင်းဝိသေသတိုင်း အုပ်ချုပ်မှုအဖြစ်သို့ ပြောင်းလဲ၍ အုပ်ချုပ်ပေးမှသာလျှင်အထက်ဖော်ပြပါ ပြဿနာ အရေးအခင်းများကို ဖြေရှင်းသွားနိုင်ရန် အလားအလာများစွာရှိကြောင်း ယုံကြည်လျက် ရှိပါသည်။

**သို့ဖြစ်၍ နာဂခရိုင်ဟူသောအမည်ကို ပယ်ဖျက်၍ ခန္တီးချင်းခရိုင်ဟု သတ်မှတ်ပေးပါရန် တောင်ပေါ် လူထုကိုယ်စား တင်ပြအစီရင်ခံ အပ်ပါသည်။**

**နာဂတောင်တန်းခရိုင်**

**မိတ္တူကို -**
**(၁) ဦးလွန်ပုမ်**
**(၂) ဦးထပ်လှိုင်း (သီရိပျံချီ) ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ဝင် သိသာရန် ပေးပို့ပါသည်။**




# ချင်းအမျိုးသားညီလာခံ၊ ဘုံသဘောတူညီချက်များ
# ၂၀၁၃ ခုနှစ်နိုဝင်ဘာလ ၁၅ ရက်
# ဟားခါးမြို့ ချင်းပြည်နယ်။

# ချင်းအမျိုးသားညီလာခံ၊ ဘုံသဘောတူညီချက်များ
# ၂၀၁၃ ခုနှစ်နိုဝင်ဘာလ ၁၅ ရက်
# ဟားခါးမြို့ ချင်းပြည်နယ်။

## ၁။ နိဒါန်း

အနာဂတ် ချင်းအမျိုးသားအရေးကိစ္စများတွင် ကိုင်စွဲကျင့်သုံးသွားမည့် ဘုံသဘောထား ရပ်တည်ချက်များ ချမှတ်နိုင်ရေးအလို့ငှာ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအမျိုးသားပါတီ (CNP)၊ ချင်းတိုးတက်ရေးပါတီ (CPP) နှင့်တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ (ENDP) တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးများ၊ ချင်းအမျိုးသားတပ်ဦး၊ မြို့နယ်နှင့် နေရာဒေသအသီးသီးမှ ချင်းရပ်မိရပ်ဖနှင့်မျိုးနွယ်စုခေါင်းဆောင်များအပါအဝင်ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဘာသာအသီး သီးမှ ခေါင်းဆောင်များ၊ ချင်းအမျိုးသမီးကိုယ်စားလှယ်များ၊ ချင်းလူငယ်ကိုယ်စားလှယ်များနှင့် ချင်းကျောင်း သားအဖွဲ့ကိုယ်စားလှယ်များစသည့် အလွှာပေါင်းစုံမှ ချင်းအမျိုးသမီး၊ အမျိုးသားကိုယ်စားလှယ် စုစုပေါင်း (၅၇၁) ဦးဖြင့် ဒုတိယအကြိမ်မြောက် ချင်းအမျိုးသားညီလာခံကို ချင်းပြည်နယ် ဟားခါးမြို့၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ မှ ၁၅ရက်ထိကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံအတွင်း ဆွေးနွေးညှိနှိုင်းချက်များမှထွက်ပေါ် လာသော ဘုံသဘောတူညီချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

## (က) နိုင်ငံရေးတွေ့ဆုံမှုဆိုင်ရာမူဘောင်များနှင့် ပတ်သက်၍-

၁။ ၂၀၁၃ ခုနှစ်အောက်တိုဘာလ (၁) ရက်နေ့တွင်ပြောကြားခဲ့သော နိုင်ငံတော်သမ္မတ၏ လစဉ်ရေဒီယို မိန့်ခွန်းတွင် "ရေရှည်တည်တံ့မည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ် ပိုင်ဆိုင်နိုင်ဖို့ဆိုရင် အပစ်အခတ် ရပ်စဲရေးတစ်ခုတည်းနဲ့မလုံလောက်ဘဲ လက်နက်ကိုင်ပဋိပက္ခများရဲ့ ဇစ်မြစ်ဖြစ်တဲ့ ပြဿနာတွေကို နိုင်ငံရေး နည်းလမ်းနဲ့ဖြေရှင်းနိုင်ဖို့က အဓိကဖြစ်တယ်" ဆိုသည့်ပြောကြားချက်အပေါ် ဤညီလာခံမှ ကြိုဆိုသည်။

၂။ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ပထမအဆင့်အနေဖြင့် နိုင်ငံရေးတွေ့ဆုံမှုဆိုင်ရာ မူဘောင်များ ချမှတ်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုး ခြင်း၊ တတိယအဆင့်အနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ

ကျင်းပခြင်း၊ စတုတ္ထ အဆင့်တွင် ပင်လုံစိတ်ဓာတ်၊ပင်လုံမူကို အခြေခံသော ပြည်ထောင်စုညီလာခံ ကျင်းပပြီး **"တိုင်းရင်းသား လူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်"** ကို လက်မှတ်ရေးထိုးခြင်း၊ ပဉ္စမအဆင့်တွင် "တိုင်းရင်း

သားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်"ကို အတည်ပြုခြင်း(Ratification)၊ နောက်ဆုံး အဆင့်တွင် **"တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်"** ပါအချက်များကို အကောင်အထည်ဖော်ခြင်း စသည်တို့ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ရန်သဘောတူသည်။




**၃။ ပြည်ထောင်စုညီလာခံကို-**

(က) ပြည်ထောင်စုလွှတ်တော်၏ လွှမ်းမိုးမှုမရှိစေဘဲ လွှတ်တော်ပြင်ပတွင်ကျင်းပရန်၊

(ခ) အုပ်ချုပ်ရေးအဖွဲ့ (ပြည်ထောင်စုအစိုးရ)၊ ဥပဒေပြုအဖွဲ့အစည်း (လွှတ်တော်)၊ တရားစီရင်ရေး အဖွဲ့အစည်း၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ တရားဝင် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းပေးရန်။

(ဂ) ထွက်ပေါ်လာသော ရလာဒ်အား လွှတ်တော်အပါအဝင်သက်ဆိုင်သူအားလုံးမှ ဆွေးနွေးခြင်း မပြုတော့ဘဲ ပြည့်ပြည့်စုံစုံသတ်မှတ်ချိန်အတွင်း အကောင်အထည်ဖေါ်ဆောင်ရွက်စေရန်။

**၄။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရာတွင် အောက်ပါမူများအား အခြေခံမူများအဖြစ် သတ်မှတ်ရန် သဘောတူသည်။**

(က) နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် သံန္နိဋ္ဌာန်ပြုခြင်း

(ခ) ပင်လုံသဘောတူညီချက်ကို အသိအမှတ်ပြုခြင်း

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံတော်

(ဃ) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုစနစ် ကျင့်သုံးခြင်း

(င) ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းခြင်း

(စ) လေးစားမှု၊ ဒီမိုကရေစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်

(ဆ) တိုင်းရင်းသားလူမျိုးများကို ကာကွယ်ခြင်း

(ဇ) အခွင့်အရေးတန်းတူမှု

(ဈ) ပြည်သူလူထုခံစားရသော ဒုက္ခများကို အသိအမှတ်ပြုခြင်း

(ည) တိုင်ရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို အသိအမှတ်ပြုခြင်း (ဋ) အားလုံးပါဝင်ရေး

(ဌ) အများသဘောတူညီမှု

(ဍ) ပူပေါင်းဆောင်ရွက်မှု

(ဎ) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု

(ဏ) စစ်တပ်များကိုခွဲထားခြင်းနှင့် ရန်လိုမှုများရပ်ဆိုင်းထားခြင်း

(တ) စစ်အင်အားအသုံးပြုခြင်းကို တားမြစ်ခြင်း

(ထ) တရားမျှတ၍ ကျိုးကြောင်းဆီလျော်မှုရှိသောအကျိုးရလဒ်

၅။ ပြည်ထောင်စုညီလာခံတွင် အောက်ပါအကြောင်းအရာများ(Agendas)အား ဆွေးနွေးရန် သဘောတူ သည်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး

(ခ) လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး

(ဂ) စီးပွားရေးဆိုင်ရာ မေးခွန်းများ

(ဃ) ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး

(င) မြေယာဆိုင်ရာကိစ္စ

(စ) ပညာရေး အဆင့်အတန်းများ

(ဆ) ဘာသာစကားနှင့် ယဉ်ကျေးမှုအခွင့်အရေးများ

(ဇ) ဘာသာရေး အခွင့်အရေး

(ဈ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းများ

(ည) လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ကိစ္စများ

(ဋ) အမျိုးသားပြန်လည် ရင်ကြားစေ့ရေး

(ဌ) မူးယစ်ဆေးဝါး တိုက်ဖျက်ခြင်း

(ဍ) အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း

(ဎ) စစ်ဘေးရှောင် ယာယီရွှေ့ပြောင်းနေထိုင်ရသူများ/ဒုက္ခသည်ကိစ္စများ

(ဏ) အလုပ်သမား မဘြးအရေး

(တ) ခွဲခြားဆက်ဆံ မှုမရှိရေး

(ထ) ခရီးသွားလုပ်ငန်း

(ဒ) သတင်းမီဒီယာ

(ဓ) အစိုးရမဟုတ်သောအဖွဲ့စည်းများပါဝင်၏ နှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ။

၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တခုလုံးအား ဦးဆောင်အကောင်အထည်ဖော်မည့်ကော်မတီကို အောက်ပါ အတိုင်း ဖွဲ့စည်းရန်သဘောတူသည်။

(က) ထိပ်သီးငြိမ်းချမ်းရေးပူးတွဲကော်မတီ

(ခ) အမျိုးသားတွေ့ဆုံဆွေးနွေးရေးဦးဆောင်ကော်မတီ

(ဂ) အထူးအလုပ်အဖွဲ့နှင့်အကြောင်းအရာအလိုက်ဆွေးနွေးရမည့်ကော်မတီ

၇။ ပြည်ထောင်စုညီလာခံတွင် အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။ သို့ရာတွင်အထူးအလုပ် အဖွဲ့နှင့် အကြောင်းအရာအလိုက်ဆွေးနွေးရမည့် ကော်မတီများတွင်မူ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း ပါဝင်စေရန်သဘောတူသည်။

၈။ လုပ်ငန်းစဉ်အဆင့်အတိုင်း၌ အမျိုးသမီး (၃၀) ရာခိုင်နှုန်း ပါဝင်ရန်အကြံပြုထောက်ခံသည်။

၉။ ပြည်ထောင်စုညီလာခံ၏ အချိန်ကာလ၊ ဆုံးဖြတ်ချက်ချခြင်းကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်း သဘောတူသည်။

(က) ပြည်ထောင်စုသဘောတူညီချက်အား အကောင်အထည်ဖော်ရန် အဆင်သင့်ဖြစ်သည့် အခြေ နေသို့ရောက်သောအခါ ညီလာခံအား အဆုံးသတ်ရန်။

(ခ) သဘောတူစာချုပ်ကို မဲဆန္ဒဖြင့် အတည်ပြုရန်။

(ဂ) ၂၀၁၅ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ၆လအလိုတွင် အပြီးသတ်ကျင်းပနိုင်ရန်၊ ပင်လုံ (၃) ကို ရွေးကောက်ပွဲအပြီး ကျင်းပရန်။

(ဃ) ပြည်ထောင်စုစာချုပ်ကို ၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်းတွင် ဆက်လက် အကောင် အထည်ဖော်ဆောင်ရန်။

(င) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ပတ်သက်၍

၁၀။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အောက်ဖော်ပြပါ အချက်(၁၀)ချက်ကို လမ်းညွှန်အခြေခံမူများအဖြစ်အခြေခံရန်သဘောတူသည်။

(က) တိုင်းရင်းသားပြည်သူတစ်ရပ်လုံးထံမှ ဆင်းသက်သော အချုပ်အခြာအာဏာ

(ခ) တိုင်းရင်းသားလူမျိုးတိုင်း နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေးအရ တန်းတူရေး

(ဂ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

(ဃ) ဖက်ဒရယ်ပြည်ထောင်စု စစ်စစ်မှု

(င) လူနည်းစုများ၏ အခွင့်အရေးများကိုကာကွယ်ခြင်း

(စ) ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင့် ကျား/မဆိုင်ရာ တန်းတူမှု

(ဆ) ပါတီစုံ ဒီမိုကရေစီစနစ်

(ဇ) ဘာသာရေးကို အခြေမခံသော နိုင်ငံ

(ဈ) ပြည်ထောင်စု တပ်မတော်ဖွဲ့စည်းခြင်းနှင့် အရပ်ဖက်အုပ်ချုပ်မှု အောက်တွင်လက်နက်ကိုင် တပ်ဖွဲ့များ ထားရှိခြင်း။

(ည) ပြည်နယ်သစ်ထူထောင်ခွင့်ရှိခြင်း တို့ဖြစ်သည်။

၁၁။ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်/တိုင်းဒေသကြီးများ၌ သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ အသုံးပြုရန်သဘောတူသည်။

၁၂။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုစစ်မှန်သော ဖက်ဒရယ်စနစ်သို့ ဦးတည်ပြီး ပြင်ဆင်သင့်သည် ဟုလက်ခံသဘောတူသည်။

(ဂ) မြေယာနှင့် သဘာဝသယံဇာတကိစ္စများနှင့်ပတ်သက်၍-

၁၃။ နိုင်ငံတော်အဆင့်သဘာဝသယံဇာတများ စီမံခန့်ခွဲအသုံးချမှုအတွက် ကဏ္ဍအားလုံးလွှမ်းခြုံသောမူဘောင်သတ်မှတ်ရန်လိုအပ်ကြောင်း သဘောတူသည်။

၁၄။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏သဘာဝသယံဇာတဆိုင်ရာအခန်းကဏ္ဍနှင့်လုပ်ပိုင်ခွင့်ကို ပြန်လည်သုံးသပ်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင်ပြည်နယ်အစိုးရက ပြည်နယ်ရှိသဘာဝသယံဇာတများ စီမံအုပ်ချုပ်ရာတွင်ပိုမိုအရေးပါသော အခန်းကဏ္ဍမှပါဝင်ရန်လိုအပ်ကြောင်း သဘောတူသည်။

၁၅။ သဘာဝသယံဇာတမှရရှိသော ဝင်ငွေ(revenue)ကို ပြည်ထောင်စုနှင့် ပြည်နယ်များအတွက်မျှတသောခွဲဝေမှုစနစ်သတ်မှတ်နိုင်ရေးအတွက်ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်လိုအပ်ကြောင်းသဘောတူသည်။

၁၆။ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် ပြည်တွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒရေးဆွဲချမှတ်ရန်လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်နိုင်မှုအကဲဖြတ်စိစစ်မှု၊ လူမှုဘဝအပေါ် ထိခိုက်သက်ရောက်နိုင်မှုနှင့် လူ့အခွင့်အရေးအပေါ် ထိခိုက်သက်ရောက်မှု အကဲဖြတ်စိစစ်မှုတို့ကို သီးခြားလွတ်လပ်သောကျွမ်းကျင်သူအဖွဲ့များမှ ဆောင်ရွက်ရန်။ ထို့အပြင် ၄င်းအကဲဖြတ်စိစစ်မှုများကို ဒေသခံတိုင်းရင်းသားများ၊ ထိခိုက်နစ်နာနိုင်သည့်ဒေသခံ အမျိုးသမီး၊အမျိုးသားများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ထိုလေ့လာအကဲဖြတ်ချက်မှ တွေ့ရှိချက်များကိုလည်း မဖြစ်မနေထုတ်ပြန်ပေးရန်။ ထိခိုက်ပျက်စီးမှုများအတွက်သင့်တော်သော လျော်ကြေးများပေးပြီး အခြားထိခိုက်မှုများအတွက် ပြန်လည်ထူထောင်ရေးများ လုပ်ဆောင်ပေးရန် (ဥပမာ - သစ်တောပျက်စီးပါကသစ်တောများ ပြန်လည်ထူထောင်ပေးရန်) မဖြစ်မနေလိုအပ်ကြောင်း သဘောတူသည်။




၁၇။ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပြည်သူများ အလွယ်တကူရရှိနိုင်ပြီး ပွင့်လင်းမြင်သာမှုကို ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရေးလုပ်ငန်းစဉ် (Ex tractive Indus tries Transparency Initiative - EITI) အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန်။ EITI ကိစ္စ ပြင်ဆင် မှုများနှင့် အကောင်ထည်ဖော်မှုများတွင် နိုင်ငံတော်အဆင့်နှင့် ဒေသဆိုင်ရာအဆင့်အထိ ပြည်သူများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပါဝင်နိုင်မှုကို သေချာဆောင်ရွက်ပေးရန် လိုအပ် ကြောင်း သဘောတူသည်။

၁၈။ နိုင်ငံသားတို့၏ သိရှိပိုင်ခွင့်(Right to Information)ရှိခြင်းကို လေးစားလိုက်နာပြီး ကဏ္ဍအားလုံး တွင် ပြည်သူများမှန်ကန်စွာနှင့် လွတ်လပ်စွာ သတင်းအချက်အလက်များရရှိခွင့်၊ သိရှိခွင့်နှင့် ထုတ် ဖော်ခွင့်၊ ပြည်သူများထံသို့ လွတ်လပ်စွာဖြန့်ဝေခွင့်များကိုဥပဒေတစ်ရပ်ပြဌာန်း၍ အာမခံချက်ပေးရန် လိုအပ်ကြောင်း သဘောတူသည်။

၁၉။ စီမံကိန်းများဖော်ဆောင်ရာတွင်ဒေသခံတိုင်းရင်းသားများ၏ သဘောတူညီမှုကို လိုအပ်ချက်အနေ ဖြင့် သတ်မှတ်ရန်၊ ကောင်းမွန်စွာ ကြိုတင်အသိပေးထားသော ဒေသခံတိုင်းရင်းသားများ၏ လွတ်လပ် သောဆန္ဒ ဖြင့်ထုတ်ဖော်ပြောကြားသည့် သဘောတူညီချက်(Free, Prior, Informed & Consent) ကို လိုက်နာရန် နှင့် ကုလသမဂ္ဂ၏ ဒေသခံဌာနေတိုင်းရင်းသားလူမျိုးစုများ၏ ရပိုင်ခွင့်များကြေငြာချက် (UNDRIP)ကို လိုက်နာရန်တို့အတွက်အာမခံပေးသည့်ဥပဒေတစ်ရပ်ပြဌာန်းပေးရန်လိုအပ်ကြောင်း သဘောတူသည်။

၂၀။ သဘာဝသယံဇာတမှ ရရှိလာသော ဝင်ငွေ(revenue)များကို လက်ရှိနှင့် အနာဂတ်မျိုးဆက်များ အတွက်အကျိုးအရှိဆုံးရင်းနှီးမြုပ်နှံမှုများ ဆောင်ရွက်ရန်တိုက်တွန်းသည်။

၂၁။ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများတွင် ဒေသခံ တိုင်းရင်းသားလူမျိုး လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားများကို ဦးစားပေးနိုင်စေရန် အတွက် ရင်းနှီး မြုပ်နှံမှုဆိုင်ရာ ဥပဒေတွင်ထည့်သွင်းထားရန်လိုအပ်ကြောင်း သဘောတူသည်။

၂၂။ နိုင်ငံတော်အဆင့် မြေယာများစီမံခန့်ခွဲ အသုံးချမှုအတွက် ကဏ္ဍအားလုံးလွှမ်းခြုံသော မူဘောင် တစ်ရပ် သတ်မှတ်ရန်လိုအပ်ကြောင်း သဘောတူသည်။

၂၃။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ မြေယာဆိုင်ရာ အခန်းကဏ္ဍနှင့်လုပ်ပိုင်ခွင့်ကိုပြန် လည် သုံးသပ်၍ လိုအပ်သလိုပြင်ဆင်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရက ပြည်နယ် ရှိမြေယာများ စီမံအုပ်ချုပ်ရာတွင်ပိုမိုအရေးပါသောအခန်းကဏ္ဍမှပါဝင်ရန်လိုအပ်ကြောင်း သဘောတူ သည်။

၂၄။ ရိုးရာဓလေ့ထုံးတမ်းအရနှင့် ဘိုးဘွားပိုင်ဆိုင်မှုအရ မြေယာပိုင်ဆိုင်မှုကို ခိုင်မာသော ဥပဒေ ကြောင်းအရ အသိအမှတ်ပြုပေးရန်လိုအပ်ကြောင်း သဘောတူသည်။

၂၅။ ရိုးရာဓလေ့ထုံတမ်းမြေယာပိုင်ဆိုင်မှုတွင် မြေမဲ့ယာမဲ့များအတွက် သင့်တော်သော မြေယာပိုင် ဆိုင်မှု ရရှိနိုင်အောင်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်တိုက်တွန်းသည်။

၂၆။ ရိုးရာဓလေ့ထုံးတမ်းများနှင့်လက်ရှိမြေယာဥပဒေများတွင်အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့် များကို ထည့်သွင်းစဉ်းစားပေးရန်လိုအပ်ကြောင်း သဘောတူသည်။

(ဃ) ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍနှင့် ပတ်သက်၍ -

၂၇။ ချင်းဓလေ့ထုံးတမ်းဥပဒေကို ခေတ်နှင့်အညီ တရားမျှတမှုရှိရေး ပြုပြင်ပြောင်းလဲရန်လိုအပ်နေပြီ ဖြစ် ကြောင်း သဘောတူသည်။

၂၈။ တည်တံ့ခိုင်မြဲသောဓလေ့ထုံးတမ်း ဥပဒေများပြုစု၍စာအုပ်အဖြစ် ထုတ်ဝေရန်လိုအပ်ကြောင်း သဘော တူသည်။

၂၉။ တက္ကသိုလ်အသီးသီးရှိ ဥပဒေသင်ရိုးညွှန်းတမ်းတွင် ချင်းဓလေ့ထုံးတမ်းကိုပါ ထည့်သွင်းသင် ကြားစေ ရန်ထောက်ခံအကြံပြုသည်။

၃၀။ ချင်းဓလေ့ထုံးတမ်းဥပဒေအား လွှမ်းမိုးမေးမှိန်စေသော ပြဋ္ဌာန်းဥပဒေ၊ အထူးဥပဒေများကိုပယ်ဖျက်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောတူသည်။ (အထူးသဖြင့် -၁၉၅၄ခုနှစ်၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံရေးအက်ဥပဒေ)

၃၁။ လူမျိုးရေး၊ ဘာသာရေး၊ နယ်နမိတ်ကိစ္စနှင့် စပ်လျဉ်း၍ မိမိတို့ လူမျိုးအပေါ် ထိခိုက်နစ်နာမှု မပြုလုပ်နိုင် ရေးအတွက် အကာအကွယ်ပြုလုပ်နိုင်သည့် အာမခံချက်ကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းရန်။ ဘာသာရေး၊ လူမျိုးရေး၊ နယ်မြေနယ်နမိတ်အား ထိခိုက်နစ်နာစေနိုင်သောကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာဝင်များ၊ သက်ဆိုင်ရာလူမျိုး၊ သက်ဆိုင်ရာ နယ်မြေရှိ ပြည်သူများ၏ အများစုသဘောတူညီချက် မရှိဘဲ ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ၊ ပြည်နယ်လွှတ်တော်ကဖြစ်စေ မည်သည့်ဥပဒေကိုမျှ ပြဋ္ဌာန်းခြင်း မရှိစေရဟု အခြေခံဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်းရန်လိုအပ်ကြောင်း သဘောတူသည်။

၃၂။ ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့်၊ တရားစီရင်ခွင့်အာဏာစသည့် အချုပ်အခြာအာဏာ(၃) ရပ်ကို မိမိတို့ပြည်နယ်တွင် မိမိတို့လူမျိုးတို့က လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့်ရှိရန်လိုအပ်ကြောင်းသဘောတူသည်။

၃၃။ ပြည်ထောင်စုအဆင့် အာဏာပိုင်အဖွဲ့အစည်းများတွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ ပါဝင် ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောတူသည်။

၃၄။ နိုင်ငံတော်၏ အခြေခံမူတွင် **" နိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိသည့် ဖက်ဒရယ် ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည် "** ဟုထည့်သွင်းပါရှိရန်လိုအပ်ကြောင်း သဘောတူသည်။

၃၅။ ဖယ်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံကို ပြည်နယ်(၈)ခုနှင့် အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းရန် သဘောတူသည်။

၃၆။ (က) တရားစီရင်ရေးတွင် လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် အဂတိလိုက်စားမှု ကင်းရှင်းရေးအတွက် တစ်ဦးထိုင်တရားသူကြီးဖြင့် စီရင်ခြင်းထက် တရားသူကြီး (၃) ဦးဖြင့် စစ်ဆေးစီရင်သည့် တရားစီရင်ရေးစနစ်ကို ဖော်ဆောင်ရန်လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

(ခ) ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရားသူကြီးများကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံး တရားသူကြီးများကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်အသီးသီးမှ ရွေးချယ်စေလွှတ်သော တရားသူကြီး ဖြင့် အမျိုးသားလွှတ်တော်က ခန့်အပ်ဖွဲ့စည်းရန်။

(ပြည်နယ်များတွင် ဥပဒေပညာရှင်များ နည်းပါးနိုင်သည့်အတွက် ပြည်နယ်များမှ ရွေးချယ်စေလွှတ်သော တရားသူကြီးများ၏ အရည်အချင်းကို လိုအပ်သလိုသတ်မှတ်ပေးရန်) လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

(ဂ) ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်တရားသူကြီးများကိုသက်ဆိုင်ရာပြည်နယ်အတွင်းမှ ဥပဒေပညာရှင်များကို ပြည်နယ်လွှတ်တော်က ရွေးချယ်ခန့်အပ်ရန်။ (တရားသူကြီးများ ၏အရည်အချင်းကို လိုအပ်သလို ပြည်နယ်လွှတ်တော်က သတ်မှတ်ရန်) လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

(ဃ) ပြည်နယ်တရားလွှတ်တော်သည် ပြည်နယ်အတွင်းရှိ လက်အောက်ခံတရားရုံးအဆင့်ဆင့်က ဆုံးဖြတ် သောအမှုများအားလုံးအတွက် အပြီးအပြတ်အတည်ဖြစ်သည့် ဆုံးဖြတ်ပိုင်ခွင့်ရှိစေရန် လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၃၇။ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှ တပ်မတော်သားကိုယ်စားလှယ်ပါဝင်သည့် ပုဒ်မများအားလုံးကို ပယ်ဖျက်ပေးရန်လိုအပ်ကြောင်း သဘောတူသည်။

၃၈။ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုပိုင်ခွင့်ရှိသောဥပဒေပြုစာရင်းနှင့် ပြည်နယ်များက ဥပဒေပြုပိုင်ခွင့်ရှိသော ဥပဒေစာရင်းများ၊ ပူးတွဲပြုပိုင်ခွင့်ရှိသော ဥပဒေစာရင်းများကို ဖယ်ဒရယ်ပြည်ထောင်စုစနစ် နှင့်အညီနစ်ဖက်ညှိနှိုင်းသတ်မှတ်ရန်။ ပြည်နယ်လွှတ်တော်အား ဥပဒေပြုပိုင်ခွင့် အာဏာကို ပိုမိုအပ်နှင်းရ မည့်အပြင် ကြွင်းကျန်အာဏာကို ပြည်နယ်လွှတ်တော်သို့ အပ်နှင်းရန်လိုအပ်ကြောင်း သဘောတူသည်။

၃၉။ (က) ၂၀၀၈ခုနှစ် အခြေခံဥပဒေပုဒ်မ(၄)အရ ပုဒ်မ-၄၃၆သည် ပျက်ပြယ်သည့်အတွက် ပယ်ဖျက်၍ **" ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူမှ တိုက်ရိုက်ရွေးချယ်တင်မြှောက်သော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်(၃)ပုံ(၂) ပုံ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ရမည်ဟုအစားထိုးရန်"** သဘောတူသည်။

၄၀။ ခရစ်ယာန်ဘာသာဆိုင်ရာဥပဒေများဖြစ်သော ၁၈၇၂ ခုနှစ် ခရစ်ယာန်ထိမ်းမြားအက်ဥပဒေနှင့် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး ဥပဒေများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်လိုအပ်နေပြီဖြစ်ကြောင်း သဘောတူသည်။

၄၁။၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၆၁)ကို ပယ်ဖျက်၍ ပုဒ်မ (၃၆၂) တွင် **"နိုင်ငံတော်"** ၏ နောက် တွင် **"ဗုဒ္ဓဘာသာသာသနာ"** ကို ဖြည့်စွက်ရန်ထောက်ခံအကြံပြုသည်။

၄၂။ ပြည်နယ်ဝန်ကြီးချုပ်ကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်က အများသဘောတူရွေးချယ်တင်မြှောက်ပြီး ထိုသို့ရွေးချယ်တင်မြှောက်သူကို နိုင်ငံတော်သမ္မတက အသိအမှတ်ပြုခန့်အပ်ရမည်ဟုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများကို ပြည်နယ်ဝန်ကြီးချုပ်မှ ရွေးချယ်၍ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်ဟု ပြင်ဆင်ပြဌာန်းရန်လိုအပ်ကြောင်းသဘောတူသည်။

၄၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မည်သည့်ဘာသာရေးကိုမျှ အခြေမခံသော နိုင်ငံတော်အဖြစ် တည်ဆောက်ဖွဲ့စည်းရန်သဘောတူသည်။

၄၄။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၈၈)ကို **"ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးကို သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အတွင်း ပြည်သူများက ရွေးကောက်တင်မြှောက်သော အဖွဲ့ကသာတာဝန်ယူရမည်"**ဟု အစားထိုးသင့်ကြောင်း သဘောတူသည်။

၄၅။ အမျိုးသားလွှတ်တော်ကိုပြည်နယ်(၈) ပြည်နယ်မှ ကိုယ်စားလှယ်အညီအမျှ စေလွှတ်ပြီး၊ အမျိုးသား လွှတ်တော်အား အာဏာပိုမိုအပ်နှင်းရန်လိုအပ်ကြောင်း သဘောတူသည်။

၄၆။ ချင်းပြည်နယ်လွှတ်တော်မှ ချင်းလူမျိုးဥပဒေပညာရှင်များနှင့် ပူးပေါင်းပြီး ဓလေ့ထုံးတမ်းဥပဒေများကို စုစည်းစာအုပ်ထုတ်ဝေရန်နှင့် (သက်ဆိုင်ရာမျိုးနွယ်စုများ ကိုယ်တိုင်လက်ခံကျင့်သုံးသော ဓလေ့ထုံးတမ်း များကိုသက်ဆိုင်ရာမျိုးနွယ်စုလူကြီးများက ဆွေးနွေးဆုံးဖြတ်လက်ခံအတည်ပြုရန်) သဘောတူသည်။

၄၇။ ဓလေ့ထုံးတမ်းဥပဒေများအား တက္ကသိုလ်သင်ရိုးညွှန်းတမ်းတွင် ပြဌာန်းနိုင်ရေးနှင့် ဓလေ့ထုံးတမ်း ဥပဒေကိုလွှမ်းမိုးသော အထူးဥပဒေ၊ အခြားပြဌာန်းဥပဒေများကို ပယ်ဖျက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ ချင်းလွှတ်တော်ကိုယ်စားလှယ်များမှတဆင့် လွှတ်တော်သို့တင်သွင်း ဆောင်ရွက်ရန်သဘော တူသည်။

၄၈။ ကျန်သောတင်ပြချက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ရှိချင်း ကိုယ်စားလှယ်များမှတဆင့် တင်ပြဆောင်ရွက်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်း၊ တိုင်းရင်းသားလူမျိုးများနှင့် ပူပေါင်းညှိနှိုင်းဆွေးနွေးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

## (c) ဘာသာရေးနှင့် ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခြင့်များ နှင့် ပတ်သက်၍ -

၄၉။ အကြောင်းပြချက်အမျိုးမျိုးဖြင့် ဖျက်ဆီးဖြိုလဲခံခဲ့ရသော ခရစ်ယာန်ဘာသာဝင်တို့ အထွဋ်အမြတ်ထားရာ လက်ဝါးကားတိုင်များကိုတာဝန်ရှိသူများ ပြန်လည်စိုက်ထူပေးရန်အလေးအနက်တောင်းဆိုသည်။

၅၀။ ဘာသာရေး အဖွဲ့အစည်းများအနေဖြင့် သာသနာနယ်မြေ ပိုင်ဆိုင်ခွင့်ရရှိရန်နှင့် ယုံကြည်ခြင်းအခြေခံသော (Faith-based) အရပ်ဘက်လူမှုအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းရပ်တည်ခွင့်၊ လှုပ်ရှားဆောင် ရွက်ခွင့်၊ ပြည်တွင်း၊ပြည်ပအလှူရှင်များထံမှ ရန်ပုံငွေရယူနိုင်ခွင့်၊ ကြန့်ကြာမှုမရှိ မှတ်ပုံတင်ရရှိခွင့်များ ရရှိရန်လိုအပ်ကြောင်း သဘောတူသည်။

၅၁။ ချင်းခရစ်ယာန်များ၏ သာသနာ့ဝန်ဆောင်ကာဒ်ကို အသိအမှတ်ပြုရန် အလေးအနက်တောင်းဆိုသည်။

၅၂။ နိုင်ငံတော်မှဖွင့်လှစ်သော စာသင်ကျောင်းများတွင် ဘာသာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကျင့်ကြံခြင်း များ ဖယ်ရှားပေးရန်လိုအပ်ကြောင်း သဘောတူသည်။

၅၃။ နတလကျောင်းများကို ပညာရေးဝန်ကြီးဌာနအောက်တွင် ထားရှိပြီး၊ ဘာသာရေးစည်းရုံးမှုနှင့် လူမျိုးရေးခွဲခြားမှုကိုဦးတည်ခြင်းမျိုး မပြုလုပ်ရန်လိုအပ်ကြောင်း သဘောတူသည်။

၅၄။ သတင်းမီဒီယာများတွင် ဘာသာတိုင်းအခွင့်အရေးတန်းတူပေးရန် (ဥပမာ - ရေဒီယို၊ တီဗွီများတွင် ဘာသာတိုင်း၏ သတင်းများထုတ်လွှင့်ခွင့်ပေးခြင်း)လိုအပ်ကြောင်း သဘောတူသည်။

၅၅။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာတရားများအကြား ဆူကြုံနိမ့်မြင့်ခွဲခြားမှုပပျောက်စေရေးအတွက် သာသနာရေးဝန်ကြီးဌာနကို လွတ်လပ်၍ဘက်မလိုက်သော ဘာသာရေးဆိုင်ရာကော်မရှင်တစ်ရပ်ဖြင့် အစားထိုးဖွဲ့စည်းသင့်ကြောင်း ထောက်ခံအကြံပြုသည်။

၅၆။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ဘာသာရေးဆိုင်ရာခွဲခြားဆက်ဆံသိုဦးတည်သော ပြဋ္ဌာန်းချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်/ပယ်ဖျက်ရန်လိုအပ်ကြောင်း သဘောတူသည်။

၅၇။ လူနည်းစုကိုးကွယ်သောဘာသာတရားများကိုအကာအကွယ်ပေးသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၅၈။ နိုင်ငံတော်အစိုးရမှ ဘာသာရေးနှင့် ပတ်သက်သော ကိစ္စရပ်များတွင် ဘက်မလိုက်သော မူဝါဒကျင့်သုံးရန်လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၅၉။ နိုင်ငံသားစိစစ်ရေးကာဒ်ပြားတွင် ကိုးကွယ်သည့် ဘာသာဟူသည့် ချက်ကိုပယ်ဖျက်ပေးရန်နှင့် ချင်းလူမျိုးများအတွက်'ချင်း'ဟုသာ ဖြည့်ရန် ထောက်ခံအကြံပြုသည်။

၆၀။ လွတ်လပ်စွာဘာသာရေးဆိုင်ရာ စည်းဝေးခွင့်၊ ဟောပြောစည်းရုံးခွင့်ပြုရန်တောင်းဆိုသည်။

၆၁။ ချင်းပြည်နယ်ရှိ ဘာသာပေါင်းစုံ/ ဂိုဏ်းပေါင်းစုံအားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်အတွင်း ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် နှင့် ချင်းလူ့အခွင့်ရေးအဖွဲ့အစည်း(CHRO) တို့မှ ကမက ထပြုပြီး ခေါ်ယူကျင်းပပေးရန် တိုက်တွန်းသည်။

## (စ) စီးပွားရေး ၊လူမှုရေး၊ ကျန်မာရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ နှင့်ပတ်သတ်၍ -

၆၂။ ချင်းပြည်နယ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းပြည်နယ်အစိုးရ၊ ချင်းအရပ်ဘက်လူမှုအဖွဲ့ အစည်းများ၊ ချင်းပညာရှင်များနှင့် နိုင်ငံတကာမှပညာရှင်များ ဆွေးနွေးညှိနှိုင်းပြီး ရေတိုနှင့် ရေရှည် ဖွံ့ဖြိုးရေး စီမံကိန်းများ ဖော်ထုတ်ရေးဆွဲချမှတ်ရန်လိုအပ်ကြောင်း သဘောတူသည်။

၆၃။ ချင်းပြည်နယ်တွင် စီးပြားရေးနှင့်လူမှုရေးဆိုင်ရာ သုတေသနဌာနတစ်ခုဖြင့်လွှစ်ရန် သဘောတူ သည်။

၆၄။ အေသးစားနှင့် အလတ်စား စီးပြားရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် အတိုးနှုန်းသက်သာသော ချေးငွေနှင့်နည်းပညာ အထောက်အပံ့ရရှိရေး ဆောင်ရွက်ရန်လိုအပ်ကြောင်းထောက်ခံအကြံပြုသည်။

၆၅။ ချင်းကုန်သည်းအသင်းထူထောင်ရန် သဘောတူသည်။

၆၆။ လိုအပ်သောနေရာများတွင် ကုန်သွယ်ရေးစခန်းသစ်များ ဖွင့်လှစ်ရန် ထောက်ခံအကြံပြုသည်။

၆၇။ ချင်းပြည်နယ်အတွင်း ဒေသခံအရပ်ဘက်လူမှုအဖွဲ့စည်းများအနေဖြင့် ပြည့်သူ့အကျိုးပြုလုပ်ငန်း များကို လွတ်လပ်စွာဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများရရှိရန်လိုအပ်ကြောင်း သဘောတူ သည်။

၆၈။ ချင်းပြည်နယ် စီးပွားရေးဥပဒေ ပြဌာန်းရန်လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၆၉။ ဒေသခံများနှင့်ဆွေးနွေးညှိနှိုင်းပြီး၊ ပွင့်လင်းမြင်သာမှုရှိရှိဖြင့်၊ သင့်တော်သောနေရာများတွင် စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များတည်ဆောက်ရန် ထောက်ခံအကြံပြုသည်။

၇၀။ ချင်းလူမျိုးများ ဦးဆောင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ထောက်ခံ အကြံပြုသည်။

၇၁။ ချင်းပြည်နယ်အတွင်း သဘောဝပတ်ဝန်းကျင်နှင့်ချင်းလူနေမှုစနစ်ကို မထိခိုက်စေသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများဖော်ဆောင်ရန် ထောက်ခံအကြံပြုသည်။

၇၂။ ချင်းရိုးရာယဉ်ကျေးမှုအခြေပြု လက်မှုလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးနိုင်ရေး ဖော်ဆောင်ရေး ဝိုင်းဝန်းအကောင်ထည်ဖော်ဆောင်ရွက်ရန် ထောက်ခံအကြံပြုသည်။

၇၃။ချင်းပြည်နယ်အတွင်း လိုအပ်သောနေရာများတွင် လေယာဉ်ကွင်းများ တည်ဆောက်ပေးရန် ထောက်ခံအကြံပြုသည်။

၇၄။ ချင်းပြည်းနယ်အတွင်းနှင့် ချင်းပြည်နယ်နှင့် ချင်းပြည်နယ်ပြင်ပလမ်းပန်းဆက်သွယ်းရေး ပိုမိုကောင်းလာစေရန်အတွက် လိုအပ်သော ကားလမ်း၊ ရထားလမ်းများကို ချင်းပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ထောက်ခံအကြံပြုသည်။

၇၅။ ချင်းပြည်နယ်အတွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အဆင်ပြေ လုံခြုံကောင်းမွန်လာစေရေး ချင်းပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်သင့် ၏ကြောင်း ထောက်ခံအကြံပြုသည်။

၇၆။ လိုအပ်သောနေရာများတွင်း ကြိုးရထားလမ်းများ တည်ဆောက်ပေးရန် ထောက်ခံအကြံပြုသည်။

၇၇။ နယ်စပ်ပန်းသွယ်ရေးလမ်းမနှင့် အာဆီယံလမ်းမကြီးများချိတ်ဆက်ဖော်လုပ်ပေးရန်လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၇၈။ ချင်းအမျိုးသားများနေထိုင်ရာ ဒေသမ်ားအားလုံး တယ်လီဖုန်း၊ အင်တာနက် လွယ်ကူကောင်းမွန်စွာ အသုံးပြုနိုင်ရေးဆောင်ရွက်ပေးရန် ထောက်ခံအကြံပြုသည်။

၇၉။ ချင်းပြည်အတွင်း ချင်းဘာသာစကားအသုံးပြုသော ရေဒီယို၊ ရုပ်မြင်သံကြားအသံလွှင့်ရုံများ ထူထောင်နိုင်ရေးဆောင်ရွက်ပေးရန် ထောက်ခံအကြံပြုသည်။

၈၀။ မြို့ပြနှင့်ကျေးရွာအားလုံးတွင်၂၄ နာရီ လျှပ်စစ်မီးရရှိရေး ချင်းပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများပူပေါင်းကာ အကောင်ထည်ဖော်ဆောင်ရွက်သင့်ကြောင်း ထောက်ခံအကြံပြုသည်။

၈၁။ စက်မှုလုပ်ငန်းများအတွက် မဟာဓာတ်အားလိုင်းရရှိရေး ဆောင်ရွက်ပေးရန် ထောက်ခံအကြံပြုသည်။

၈၂။ မြို့တိုင်း၊ ကျေးရွာတိုင်းတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေး၊ ရေ၊ မိလ္လာ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစနစ် ကောင်းမွန်လာစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထောက်ခံ အကြံပြုသည်။

၈၃။ စိုက်ပျိုး၊ မွေးမြူးရေးနှင့် စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်သောရေ ရရှိရန်နှင့် ကောင်းမွန် သော ရေဆိုးသန့်စင်ရေးစနစ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၈၄။ အများပြည်သူအပန်းဖြေအနားယူနိုင်ရန် သဘာဝပတ်ဝန်းကျင်နှင့် ချင်းရိုးရာယဉ်ကျေးမှု ဓလေ့ စရိုက်ကိုမထိခိုက်စေသောအပန်းဖြေစခန်းများ၊ကစားကွင်းများ၊ပြည်သူ့အပန်းဖြေဥယျာဉ်ခြံများ၊ရုပ်ရှင် များ၊ တည်ဆောက်ပေးရန် လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၈၅။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်အပါအဝင် လူငယ်များဗဟုသုတရှာမှီးနိုင်ရန် အတွက် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် တည်ဆောက်ပေးရန် ထောက်ခံအကြံပြုသည်။

၈၆။ မြို့နှင့်ကျေးရွာတိုင်းတွင် အခြေခံကျန်းမာရေးအဆောက်အအုံများတည်ဆောက်ပေးရန်နှင့် အနိမ့် ဆုံးလိုအပ်သော ဝန်ထမ်းအင်အားနှင့် ဆေးဝါး၊ အထောက်အကူပြုကိရိယာများတပ်ဆင်ထားရှိပေးရန် လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၇၈။ ဒေသခံများနှင့် ပွင့်မြင်သာစွာဆွေးနွေးညှိနှိုင်းပြီး၊ပြည်တွင်းပြည်ပမှကျွမ်းကျင်သူ ချင်းပညာရှင် များ၏အကြံညံများကိုရယူကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့ပြစီမံကိန်းများနှင့် စံပြကျေးရွာများ တည် ထောင်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၈၈။ လိုအပ်သောဒေသများတွင် ဒေသခံများနှင့်ပွင့်လင်းမြင်သာစွာညှိနှိုင်းပြီး၊ ၎င်းတို့၏ဆန္ဒသဘော ထားများနှင့်အညီ မြို့နယ်သစ်၊ မြို့နယ်ခွဲသစ်၊ ကျေးရွာအုပ်စုသစ်နှင့် ကျေးရွာသစ်များကို တည်ထောင် ပေးရန် လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

## (ဆ) အစာရေစာဖူလုံရေးနှင့် ဖွံ့ဖြိုးရေးကိစ္စ ပတ်သက်၍-

၈၉။ ချင်းပြည်နယ်အတွင်းမှ ထွက်ရှိသော ထွက်ကုန်များအားလုံး ချင်းပြည်နယ်တွင်ရှိသော လူဦးရေ အတွက် လုံလောက်မှုရှိစေရန်အတွက်မူဝါဒများ ချမှတ်ပေး ရန်လိုအပ်ကြောင်း ချင်းပြည်နယ်အစိုးရ နှင့် ချင်းပြည်နယ်လွှတ်တော်တို့အား အလေးအနက်တိုက်တွန်းသည်။

၉၀။ စုပေါင်းစပါးဘဏ်များ၊ ခြားသီးနံများနှင့် စားသောက်ကုန်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ ဦးဆောင်ပြီး NGOs, Civil Society များနှင့်ပူးပေါင်းအကောင်အထည်ဖော်ပေးရန် ထောက်ခံအကြံပြုသည်။

၉၁။ ဖွံ့ဖြိုးရေးကဏ္ဍများတွင်အစိုးရ၊ NGOs, Civil Society များနှင့် ပညာရှင်များမှ ဒေသခံအဖွဲ့အစည်းများ နှင့်ဆွေးနွေးတိုင်ပင်ပြီးမှသာ အကောင်အထည်ဖော်ပေးရန် ထောက်ခံအကြံပြုသည်။

၉၂။ NGOs၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖွံ့ဖြိုးမှုပိုမိုနောက်ကျသော ဒေသများသို့ဦးစားပေးလုပ်ကိုင်ရန် အတွက် စိုးရမှတိုက်တွန်းပေးရန်တိုက်တွန်းသည်။

၉၃။ ပြည်နယ်တိုင်းဒေသကြီးမှ ဆက်သွယ်သောကားလမ်းများသည် မြို့နယ်ကျေးရွာများသို့ ရာသီမရွေး သွားလာနိုင်အောင်ကားလမ်းနဲ့တံတားများကို နိုင်ငံတော်အစိုးရမှဖောက်လုပ်ပေးရန် တိုက်တွန်းသည်။

၉၄။ ပြည်ထောင်စုအစိုးရနှင့် နိုင်ငံတကာအကူအညီများဖြင့် ချင်းပြည်နယ်အတွင်းရှိ စိုက်ပျိုးနေသောလယ်ယာများနှင့် စိုက်ပျိုးနိုင်သောလယ်ယာများအတွက် လုံလောက်သောစိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးရန်အလေးနက် တိုက်တွန်းသည်။

၉၅။ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများအနေဖြင့် ဒေသ၏ လိုအပ်သော စက်ယန္တရားများကို ထောက်ပံ့ကူညီပေးရန် တိုက်တွန်းသည်။

၉၆။ နိုင်ငံတော်အစိုးရမှ အတိုးနည်းသော စိုက်ပျိုးမွေးမြူရေးချေးငွေများကို နှစ်ရှည်ထောက်ပံ့ပေးရန် တိုက်တွန်းသည်။

၉၇။ မြို့နယ်အသီးသီးတွင်စိုက်ပျိုးမွေးမြူရေး နည်းပညာသင်တန်းကျောင်းများကိုထူထောင်ပြီး စိုက်ပျိုးမွေး မြူရေး နည်းပညာများကို ရွာသားများအားဖြန့်ဖြူးပေးရန် တိုက်တွန်းသည်။

၉၈။ နိုင်ငံတော်အစိုးရက အစားအစာထုတ်လုပ်မှုနည်းပညာများကို ကျေးရွာအထိ ပညာပေးပြီး အစားအစာ ထုတ်လုပ်မှု အသေးစားစက်ရုံများကို ထူထောင်ပေးရန်တိုက်တွန်းသည်။

၉၉။ နိုင်ငံတော်အစိုးရမှ အတိုးနည်းသော စိုက်ပျိုးမွေးမြူရေးချေးငွေများကို နှစ်ရှည်ထောက်ပံ့ပေးရန် တိုက်တွန်းသည်။

၁၀၀။ ချင်းပြည်နယ်အစိုးရမှ ရွှေ့ပြောင်းတောင်ယာစနစ်မှ အမြဲတမ်းစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းရန် အတွက်မူဝါဒ ချမှတ်ပေးရန် တောင်းဆိုသည်။

၁၀၁။ အစိုးရမှ သိမ်းဆည်းထားသော လယ်ယာမြေများအတွက်မျှတသော လျော်ကြေးငွေကို အမြန်ဆုံး ပေးအပ်ရန် တောင်းဆိုသည်။

၁၀၂။ လူတစ်စုနဲ့ အဖွဲ့အစည်းအချို့မှ အစာရေစာဈေးကွက်များအပေါ် လက်ဝါးကြီးအုပ်မှုကို ဒေသခံတာဝန်ရှိ ပြည်သူများနှင့် ပြည်သူလူထုများ ကာကွယ်ပေးရန် လိုအပ်ကြောင်း သဘောတူသည်။

၁၀၃။ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရာတွင် အစိုးရနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများအားလုံး ပြင့်လင်းမြင်သာစွာ လုပ်ဆောင်ရန် လိုအပ်ကြောင်း သဘောတူသည်။

၁၀၄။ ဒေသအသီးသီးမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများအား အစိုးရမှ ချုပ်ကိုင် မှုစနစ်မှလျှော့ချရန် လိုအပ်ကြောင်း သဘောတူသည်။

၁၀၅။ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကို တင်းကျပ်စွာ ကိုင်တွယ်ရန် လိုအပ်ကြောင်း သဘောတူသည်။

၁၀၆။ ပြည်နယ်အစိုးရမှ လယ်ယာမြေများဆိုင်ရာ မူဝါဒဥပဒေများကို သီးသန့်ချမှတ်ပေးရန် လိုအပ်ကြောင်း သဘောတူသည်။

## (ဇ) ပညာရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ -

၁၀၇။ အလွှာပေါင်းစုံ၊ အဆင့်အတန်းအားလုံး၊ လူမျိုးဘာသာမရွေး စာသင်ကျောင်း၌ တန်းတူရည်တူ သင်ကြားလေ့လာနိုင်သောအခွင့်အလမ်းဖန်း တီးပေးရန်လိုအပ်ကြောင်း သဘောတူသည်။

၁၀၈။ မူလတန်းတွင် အတန်းလိုက် ဆရာ၊ ဆရာမ ခန့်ထားရန်နှင့် အလယ်တန်းနှင့် အထက်တန်းတွင် ဘာသာရပ်အလိုက်ဆရာ၊ဆရာမ အနည်းဆုံးနှစ်ဦးစီခန့်ထားရန်လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၁၀၉။ ရွာတိုင်းတွင် မူလတန်းကျောင်းဖွင့်လှစ်ပြီး ဆရာ၊ ဆရာမနှင့် သင်ထောက်ကူပစ္စည်းများလည်း လုံလောက်စွာထားရှိပေးရန်နှင့် စာကြည့်တိုက်ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၁၁၀။ ပညာသင်ထောက်ပံ့ခြင်းတွင်မူလတန်းမှ အထက်တန်းအထိ အခမဲ့ပညာသင်ကြားပေးရန်နှင့် ထူးချွန် ကျောင်းသူ၊ကျောင်းသားများအတွက်ပညာသင်ဆု(Stipend)နှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသူ၊ ကျောင်းသားများအတွက် ထောက်ပံ့ကြေးများထားရှိပေးအပ်ရန်လိုအပ်ကြောင်း ထောက်ခံအကြံပြုသည်။

၁၁၁။ ကျောင်းနေအရွယ်ကို (၆)နှစ်သတ်မှတ်ရန် ထောက်ခံအကြံပြုသည်။

၁၁၂။ ပညာရေးဦးစီးဌာနကို ၁) ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး ပညာဦးစီးဌာန၊ ၂) အခြေခံပညာ ဦးစီးဌာန၊ နှင့်၃) အဆင့်မြင့်ပညာဦးစီးဌာနဟူ၍ ပြင်ဆင်ဖွဲ့စည်းပေးရန်ထောက်ခံအကြံပြုသည်။

၁၁၃။သင်ကြားသည့်ဘာသာစကား နှင့် ပတ်သက်၍ အောက်ပါအတိုင်းကျင့်သုံးရန် ထောက်ခံအကြံပြုသည်။

၁) ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးကျောင်းတွင်မိခင်ဘာသာစကားကို ရာနှုန်းပြည့်သုံးရန်။
၂) မူလတန်းအစောကျဆင့် (၁-၃) အထိ မိခင်ဘာသာစကားဖြင့် ဆက်လက်သင်ကြားရန်။
၃) မူလတန်းထက်ဆင့် (၄-၅) တွင်မိခင်ဘာသာစကား ၅၀%၊ နိုင်ငံတော်ဘာသာ ၃၀%၊ အင်္ဂလိပ်ဘာသာစကား ၂၀% ဖြင်သင်ကြားရန်။
၄) အထက်တန်းအဆင့်တွင်နိုင်ငံတော်ဘာသာစကား ၅၀%၊ အင်္ဂလိပ်၅၀% ဖြင့်သင်ကြားရန်။

၁၁၄။ ချင်းအမျိုးသားဘုံဘာသာစကားဖော်ထုတ်နိုင်ရေးကြိုးပမ်းရန်နှင့် အသုံးအများဆုံး ချင်းမျိုးနွယ်စု ဘာသာစကားများကိုရွေးချယ်ပြီး အပြန်အလှန်သင်ယူရန်နှင့် ဘုံဘာသာစကား ပေါ်ပေါက်လာချိန်တွင် ချင်းအမျိုးသားဘုံဘာသာစကားအဖြစ်အသိအမှတ်ပြုနိုင်ရေးဆောင်ရွက်ရန်သဘောတူသည်။

၁၁၅။ သင်ကြားရေးစနစ် နှင့် ပတ်သက်၍ အောက်ပါဖော်ပြပါအတိုင်းကျင့်သုံးရန် ထောက်ခံအကြံပြုသည်။

၁) ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးပညာတွင် ကစားနည်းဖြင့် ကလေးသူငယ်များကို သင်ကြားပေးရန်
၂) မူလတန်းအဆင့်၌ ဗဟိုပြုသင်ကြားမှုကို ဆရာ ၅၀%၊ ကျောင်းသား ၅၀% ဖြင့် သင်ကြားပေးရန်။
၃) လယ်တန်းအဆင့်တွင်ဗဟိုပြုသင်ကြားမှုက ဆရာ ၄၀%၊ ကျောင်းသား ၆၀% ဖြင့် သင်ကြားပေးရန်။
၄) အထက်တန်းအဆင့်တွင်ဗဟိုပြုသင်ကြားမှုက ဆရာ ၃၀ %၊ ကျောင်းသား ၇၀%ဖြင့် သင်ကြားပေးရန်

၅) အဆင့်မြင့်အဆင့်တွင်ဗဟိုပြုသင်ကြားမှုက ဆရာ ၁၀%၊ ကျောင်းသား ၉၀ % ဖြင့် သင်ကြားပေးရန်။

၁၁၆။ သင်ရိုးညွှန်းတမ်းများကို ခေတ်ကာလ၊ အသက်အရွယ်၊ ဒေ ရမြေတောင်၊ သဘာဝ၊ ယဉ်ကျေးမှု ပတ်ဝန်းကျင်ရာသီဥတုတို့နှင့် လိုက်လျောညီထွေလျက် တီထွင်ကြံဆမှုနှင့် စူးစမ်းလေ့လာမှုရနိုင်သော သင်ရိုးညွှန်းတမ်းများ ရေးဆွဲရန် ထောက်ခံအကြံပြုသည်။

၁၁၇။ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် သက်ဆိုင်ရာကျောင်းသူ၊ကျောင်းသားများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် လိုက်လျောညီထွေဖြစ်သော သင်ခန်းစာပမာဏကိုသာ ထည့်သွင်းရေးဆွဲရန် ထောက်ခံအကြံပြုသည်။

၁၁၈။ သင်ခန်းစာများကို နိုင်ငံတကာအဆင့်မီရေးဆွဲရန်နှင့် သင်ကြားချိန်တိုးမြှင့်ရန် ထောက်ခံအကြံပြုသည်။

၁၁၉။ ဘာသာရပ်ကိစ္စများတွင် အောက်ပါဖော်ပြပါအတိုင်းကျင့်သုံးရန် ထောက်ခံအကြံပြုသည်။

၁) မူလတန်းတွင်ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအကြောင်းကို မိတ်ဆက်အဆင့်ထည့်ရန်။
၂) အလယ်တန်းတွင်ရိုးရာယဉ်ကျေးမှု၊ ဘာသာစကားများကိုပို၍ ကျယ်ပြန့်စွာသင်ကြားရန်။
၃) အထက်တန်းအဆင့်တွင်ပိုမို နက်နဲကျယ်ပြန့်စွာ အသေးစိတ်သင်ကြားရန်။
၄) အဆင့်မြင့်ပညာအဆင့်တွင်တိုင်းရင်းသားလူမျိုးဆိုင်ရာဘွဲ့(ဒီဂရီ)ကြိုသင်တန်းဖွင့်လှစ်ရန်။

၁၂၀။ ပညာရေးနှင့်ပတ်သက်သော အာဏာနှင့်လုပ်ပိုင်ခွင့်ကို အောက်ပါဖော်ပြပါအတိုင်းကျင့်သုံးရန် ထောက်ခံအကြံပြုသည်။

၁) ပြည်ထောင်စု(ဗဟို) မှ၂၀% နှင့်ပြည်နယ်အစိုးရမှ ၈၀% ဟူ၍ ခွဲထားရန်။
၂) ပြည်ထောင်စုမှလိုအပ်သော ဘတ်ဂျက် ဖြည့်ဆည်းပေးရန်။
၃) ပြည်နယ်အစိုးရမှ စီမံခန့်ခွဲမှုကို ပညာရေးမူဝါဒအတိုင်း ဆောင်ရွက်ရန်။

၁၂၁။ ပညာရေးအသုံးစရိတ် ဘတ်ဂျက်လျာထားရာတွင် ၅၀% ကို ဝန်ထမ်းလစဉ်ထောက်ပံ့ကြေး နှင့်အတွက် အသုံးပြုရန်နှင့် ကျန် ၅၀% ကို အဆောက်အဦး၊ စာကြည့်တိုက်၊ စွမ်းဆောင်ရည်မြှင့်ရေး၊ သင်ထောက်ကူပစ္စည်းများ၊ ရေ၊ မီး စသည်တို့အတွက်အသုံးပြုရန် ထောက်ခံအကြံပြုသည်။

၁၂၂။ လွတ်လပ်သော Chin Education Foundation တစ်ရပ် ဖွဲ့စည်းထူထောင်ရန်သဘောတူသည်။

၁၂၃။ ဘာသာရေးအယူဝါဒသွတ်သွင်းခြင်းများကို မည်သည့် သင်ရိုးညွှန်းတမ်းနှင့် အဆောက်အဦး များတွင် မဆို မပြုလုပ်စေရန်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ(၃၆၆) တွင် နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ ကဏ္ဍတွင်ထည့်သွင်းပြဌာန်းထားရန် ထောက်ခံအကြံပြုသည်။

၁၂၄။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့်လေ့လာရန် School Management and Develop ment Committee နှင့် School Watch အဖွဲ့များ ဖွဲ့စည်းသင့် ကြောင်းထောက်ခံအကြံပြုသည်။

၁၂၅။ Chin State Board of School Education (မူကြမ်း)အား သဘောတူသည်။

၁၂၆။ချင်းပြည်နယ်ရှိ စာသင်ကျောင်းတွင် ချင်းအမျိုးသားသီချင်းများ (Chin National Anthem) ကို တစ်ပတ်တစ်ကြိမ် သီဆိုရန် ထောက်ခံအကြံပြုသည်။

၁၂၇။ ပုဂ္ဂလိက၊ လူမှုရေးနှင့် ဘာသာရေးအဖွဲ့အစည်းများမှ ဦးစီးဖွင့်လှစ်သည့် ကျောင်းများကို အစိုးရ မှ အသိအမှတ်ပြုရန် ထောက်ခံအကြံပြုသည်။

၁၂၈။ ဆရာအတတ်သင်သိပ္ပံ၊ ဆရာဖြစ်သင်တန်းနှင့်မွမ်းမံသင်တန်းများကို ချင်းပြည်နယ်တွင် ဖွင့်လှစ် သင်ကြားပေးနိုင်ရန် ပြည်နယ်အစိုးရမှ ကြိုးပမ်းရန် အလေးအနက်တိုက်တွန်းသည်။

၁၂၉။ ပြည်ထောင်စုအစိုးရအနေဖြင့် ချင်းပြည်နယ်နယ်နိမိတ်အတွင်း အနည်းဆုံးတက္ကသိုလ်တစ်ခု ဖွင့်လှစ်သင်ထားရှိပေးရန်(အသက်မွေးဝမ်းကျောင်းပညာ၊ စိုက်ပျိုးရေး၊စက်မှု စသည်ဖြင့် ) အလေးအ နက်တောင်းဆိုသည်။

## (၅) ချင်းမျိုးနွယ်စု (၅၃)မျိုးအရေး -

၁၃၀။ ချင်းလူမျိုးဟုဆိုရာတွင်ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဆင်းသက်ရာ သမိုင်းအစဉ် အလာတူညီသော၊ မျိုးနွယ်စုအားလုံး အကျုံးဝင်ကြောင်း သဘောတူသည်။

၁၃၁။ ချင်းဟူသောအမည်အား လူမျိုးအမည်(သို့) အမျိုးသားအမည်(National Name)အဖြစ်အသုံးပြု ရန် လက်ခံကြောင်း သဘောတူသည်။

၁၃၂။ မိမိဒေသအသီးသီးတွင်လက်ရှိမျိုးနွယ်စုအုပ်စုအမည်(Group Name)၊မျိုးနွယ်စုအမည်များ (Tribes Name) အသုံးပြုခြင်းကို အသိအမှတ်ပြုသည်။ သို့သော် မျိုးနွယ်စုအမည်များကို အမျိုးသား အမည်အဖြစ် အသုံးမပြုသင့်ကြောင် သဘောတူသည်။ အမျိုးသားအမည်ကိုလည်း မျိုးနွယ်စုအမည် အဖြစ် အသုံးမပြု သင့်ကြောင်း သဘောတူသည်။

၁၃၃။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ယူရာတွင် လူမျိုးနေရာ၌ "ချင်း" ဟူ၍သာ ထည့်သွင်းကြရန်သဘောတူသည်။

၁၃၄။ ချင်းလူမျိုးတွင်မျိုးနွယ်စုများ(Tribes)၊ ဆွေမျိုးစု(Clans)၊ မျိုးတူစု(Family)၊ ဒေသိယဘာသာ စကား (Dialects)၊ စာပေအုပ်စု(Literature Groups) များစွာရှိကြောင်း အသိအမှတ်ပြုသည်။

၁၃၅။ ချင်းမျိုးနွယ်စုများသည် နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးပယောဂမပါဘဲ မိမိတို့မျိုးနွယ်စု၏ မျိုး နွယ်စု ဝိသေသလက္ခဏာ (Identity)၊ နေထိုင်ရာနယ်မြေဒေသ (Land)၊ ဘာသာစကား (Language)၊ စာပေ (Literature)၊ ယဉ်ကျေးမှုအမွေအနှစ် (Culture Heritage) များကို ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်ပိုင် ခွင့်ရှိကြောင်း သဘောတူသည်။

၁၃၆။ ရခိုင်ပြည်နယ်ရှိမြို နှင့် ခမီမျိုးနွယ်စုဝင်များအဖြစ် ခံယူထားကြသူတို့အား ချင်းလူမျိုးအတွင်းမှ မျိုးနွယ် စုများဟု မှတ်တမ်းတင်ပြီး၊ ပတ်ဝန်းကျင်ဒေသနှင့် အခြေအနေအရ ဆုံးဖြတ်သော ၎င်းတို့ ၏သဘော ဆန္ဒအား လေးစားအသိအမှတ်ပြုကြောင်း သဘောတူသည်။

၁၃၇။ ချင်းအမျိုးသားတို့၏ မျိုးနွယ်စုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့်ပတ်သက်ပြီး ချင်းအမျိုးသား တို့က သာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြစေရေးအလေးအနကျကြွေညောသည်။

## (ည) အမျိုးသမီး၊ အမျိုးသား တန်းတူရည်တူရေးနှင့်ပတ်သက်၍ -

၁၃၈။ ကုလသမဂ္ဂ၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CEDAW)၊ (၄၂) ကြိမ်မြောက်အစည်းအဝေး (၂၀၀၈) ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရမှ တင်သွင်းခဲ့ သော အစီရင်ခံစာအပေါ် ကုလသမဂ္ဂ၊ အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကော်မတီ၏ လေ့လာသုံးသပ်ချက်နှင့် အကြံပြုချက်ပါအရ သော်လည်းကောင်း၊ ချင်းအမျိုးသမီးများ၏ လူ့အခွင့် အရေး ရပိုင်ခွင့်အရသော် လည်းကောင်း ချင်းအမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်တန်းတူ အမွေဆက်ခံခွင့် ရရှိနိုင်ရန်အတွက် ဥပဒေတစ်ရပ် အလျင်အမြန်ရေးဆွဲပြဌာန်းနိုင်ရေး ပြည်ထောင်စု လွှတ်တော် (သို့မဟုတ်) ချင်းပြည်နယ် လွှတ်တော်မှဆောင်ရွက်ပေးရန်တောင်းဆိုသည်။

၁၃၉။ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ဆိုင်ရာကွန်ဗင်းရှင်း (CEDAW) ပါ ပြဋ္ဌာန်းချက်များအရ ချင်းအမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှုနှင့် အကြမ်းဖက်မှု ပပျောက်ရေးအတွက် ချင်းအမျိုးသမီး၊ အမျိုးသားတိုင်းအား အမြင်ဖွင့် ပညာပေးစည်းရုံးခြင်းနှင့် အမျိုးသားများအား ပူးပေါင်းပါဝင်စေခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လိုအပ်ကြောင်းသဘောတူသည်။

၁၄၀။ ချင်းအမျိုးသမီးများနှင့် သက်ဆိုင်သည့် ဥပဒေများ ရေးဆွဲပြုစုသောအခါ ချင်းအမျိုးသမီးများ ကိုယ်တိုင်ပါဝင်စေခြင်း၊ ချင်းအမျိုးသမီးများ၏ သဘောထားအမြင်နှင့် ဆန္ဒများကို တောင်းခံရယူခြင်းဖြင့် ပြဋ္ဌာန်းဆောင်ရွက်ပေးရန်အလေးအနက်တိုက်တွန်းသည်။

၁၄၁။ နိုင်ငံတကာစံချိန်၊ စံညွှန်းများနှင့်အညီချင်းအမျိုးသမီးများ၏ အမျိုးသားများနှင့် တန်းတူအခွင့်အရေး ရှိခြင်းကိုအကောင်အထည်ဖော်သည့်အနေဖြင့်ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လွှတ်တော်အပါအဝင် ပြည်နယ်အဆင့် အဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်မှု အနည်းဆုံး (၃၀) ရာခိုင်နှုန်း သတ်မှတ်ပေးရန် ထောက်ခံအကြံပြုသည်။

၁၄၂။ ချင်းအမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်မှု အခွင့်အရေးကို လက်ခံ၊ အကောင်အထည်ဖော်သည့် အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲတွင်ချင်းပြည်နယ်ရှိမြို့နယ်တိုင်း၌ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် လောင်း အနည်းဆုံး-နှစ်ဦး (ပြည်ထောင်စုလွှတ်တော်တစ်ဦးနှင့် ပြည်နယ်လွှတ်တော်အတွက်တစ်ဦး) ပါဝင် ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် ထောက်ခံအကြံပြုသည်။

၁၄၃။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) နှင့် (၂၁၂၂) တို့နှင့်အညီ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် စောင့်ကြည့်ခြင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဖြစ်စဉ်တွင် ချင်းအမျိုးသမီးများ ပါဝင်နိုင်ရန် ထောက်ခံအကြံပြုသည်။

၁၄၄။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီမှ ထုတ်ပြန်လိုက်သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာ ဗျူဟာ စီမံကိန်း (၂၀၁၃ - ၂၀၂၂) (National Strategic Plan for Advancement of Women – NSPAW)ကို ကြိုဆိုသည်။ ၄င်းကိုအခြေခံ၍ ချင်းအမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း သဘောတူသည်။

၁၄၅။ ချင်းအမျိုးသမီးအဖွဲ့အစည်းအသီးသီးကိုစုစည်း၍ အမျိုးသမီး၊ အမျိုးသားတန်းတူရည်တူဖြစ်ရေးနှင့် ချင်းအမျိုးသမီးများအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နိုင်ရန်အတွက် ချင်းအမျိုးသမီး အဖွဲ့အစည်းများ ကွန်ယက် (Chin Women Organizations Network)ကို ဖွဲ့စည်းတည်ထောင်ရန် သဘောတူသည်။

၁၄၆။ ၂၀၁၄ခုနှစ်တွင် ချင်းမျိုးနွယ်စုနှင့် နေရာဒေသအသီးသီးမှ အမျိုးသမီးကိုယ်စားလှယ်များဖြင့် ချင်းအမျိုးသမီးကွန်ဖရင့်တစ်ရပ်ခေါ်ယူကျင်းပရန်သဘောတူသည်။

၁၄၇။ ချင်းအမျိုးသမီးနေ့ သတ်မှတ်ရန်သဘောတူသည်။

၁၄၈။ နိုင်ငံတော်အနေဖြင့် အမျိုးသမီးရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုအဆင့်ဖွဲ့စည်းထားရှိပေးရန် ထောက်ခံအကြံပြုသည်။

၁၄၉။ လာမည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ချင်းကိုယ်စားလှယ်များရွေးချယ်ရာ၌ အမျိုးသမီး အနည်းဆုံး (၃၀)ရာခိုင်နှုန်း ပါဝင်စေရန်ထောက်ခံအကြံပြုသည်။

## (ဋ) ချင်းလူမျိုးဒုက္ခသည်များအရေးနှင့်ပတ်သက်၍ -

၁၅၀။ ချင်းပြည်နယ်မှ ချင်းလူမျိုးများ စွန့်ခွာထွက်ပြေးတိမ်းရှောင်ရခြင်း၏ အဓိကအကြောင်းရင်းမှာ မြန်မာ နိုင်ငံ၏ အုပ်ချုပ်မှုစနစ် မကောင်းခြင်း၊ ဌာနေတိုင်းရင်းသားလူမျိုးများကို ခွဲခြားဆက်ဆံခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းတို့ကြောင့် ဖြစ်ကြောင်းသဘောတူသည်။

၁၅၁။ ချင်းလူမျိုးများနေထိုင်ရာဒေသများတွင်အပေါင်းလက္ခဏာဆောင်သော ငြိမ်းချမ်းမှု(Positive Peace) နှင့် လွတ်လပ်မှု(Positive Freedom) အလုံအလောက်ရှိလျှင်တိုင်းတစ်ပါးသို့ ချင်းလူမျိုးများ ဒုက္ခသည် အဖြစ် သွားရောက်စရာ လိုမည်မဟုတ်။ ကိုယ့်လူမျိုးအရေးကို ကိုယ်တိုင်ဖန်တီးခွင့်ရှိသည့် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးများသည်လည်း အခြေခံ ပြည်သူလူထုကို အများဆုံး အကျိုးပြု ကူညီသည့်အရာများ ဖြစ်လာသည့် အချိန်ကျမှသာ ချင်းပြည် သူများ မိမိမွေးရပ်ဌာနေ မြေပေါ်တွင်လွတ်လပ်ငြိမ်းချမ်းလုံခြုံစွာ နေထိုင်နိုင်မည်ဖြစ်ကြောင်း သဘော တူသည်။

၁၅၂။ အိန္ဒိယနိုင်ငံ ချင်းဒုက္ခသည်များ ဘဝလုံခြုံရေးအတွက် သက်ဆိုင်ရာအစိုးရမှ စီမံဆောင်ရွက် ပေးရန်တိုက်တွန်းသည်။

၁၅၃။ ဖွံ့ဖြိုးပြီးနိုင်ငံရောက် ချင်းလူမျိုးများအနေဖြင့် ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလအနေဖြင့် သော်လည်းကောင်း မြန်မာနိုင်ငံရှိ ချင်းလူမျိုးများ၏ အကျိုးစီးပွားအတွက်လာရောက်ပါဝင်ကူညီရန်အလေးအနက်တိုက်တွန်းသည်။

၁၅၄။ ပြည်ထောင်စုအစိုးရအနေဖြင့် ယခင်အစိုးရအဆက်ဆက်လက်ထက် နိုင်ငံရေး မတည်ငြိမ်မှုကြောင့် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော ချင်းလူမျိုးဒုက္ခသည်များ လုံခြုံစွာ ပြန်လာနိုင်ရေး၊ မိမိမူလနေထိုင် ရာဒေသတွင်ပြန်လည်အခြေချနေထိုင်နိုင်ရေးနှင့် နိုင်ငံသားအခွင့်အရေး အပြည့်အဝ ပြန်လည်ရရှိရေး အတွက်စီမံပေးရန်တိုက်တွန်းသည်။

၁၅၅။ ချင်းပြည်နယ်အစိုးရ၊ ချင်းအမျိုးသားတပ်ဦး၊ ချင်းနိုင်ငံရေးပါတီများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများနှင့် ချင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် ဌာနေပြန် ချင်းဒုက္ခသည်များ အလုပ်အကိုင်ရရှိရေးနှင့် စားဝတ်နေရေးဖူလုံရေး ဆောင်ရွက်ပေးရန် တိုက်တွန်းသည်။

၁၅၆။ ချင်းလူမျိုးများ၏ လူ့အခွင့်အရေးကိုချိုးဖောက်မှု မရှိစေရန်အတွက်ချင်းပြည်နယ်ရှိ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရဝန်ထမ်းများအား လူ့အခွင့်အရေးလေးစားလိုက်နာရေးအတွက် စီမံဆောင်ရွက်ရန်နှင့် မြန်မာ့တပ်မတော်အား ချင်းပြည်နယ်မှ အရေအတွက်လျှော့ချရန်လိုအပ်ကြောင်း သဘောတူသည်။

၁၅၇။ ချင်းလူ့စွမ်းအားအရင်းအမြစ်အားလုံးနီးပါး တိုင်းတစ်ပါးသို့ရောက်ရှိသွားခြင်းသည် ချင်းလူမျိုး၏ ရှေ့ရေးအတွက် မကောင်းပါ။ ထို့ပြင် ပြည်တွင်းအင်အားသည် အလွန်အရေးပါသောအချက်ဖြစ်သဖြင့် ပြည်တွင်းအင်အားတောင့်တင်းရန်သုံးသပ်သင့်ကြောင်းသဘောတူသည်။

၁၅၈။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ၁၉၅၁ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအခွင့်အရေး ထုတ်ပြန်ချက်နှင့် ၁၉၆၇ သံခင်းတမန်ခင်း ကျင့်ဝတ်(the 1951 UN Convention relating to the Status of Refugees and its 1967 Protocol) ကို ပါဝင်လက်မှတ်ထိုးရန်တိုက်တွန်းသည်။

## ၃။ နောက်ဆက်တွဲအကောင်ထည်ဖော်ဆောင်ရွက်ရေးအဖွဲ့

၁၅၉။ ဤညီလာခံမှ သဘောတူဆုံးဖြတ်ချက်များကို သက်ဆိုင်ရာအဖွဲ့စည်းအသီးသီးအား အသိပေး အကြောင်းကြားခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံအကြံပြုခြင်းများအပါအဝင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ကော်မတီတစ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရန် သဘောတူသည်။

(၁) ဒေသအခြေပြုကိုယ်စားလှယ်များ - ၁၃ ဦး၊
(၂) အမျိုးသမီးကိုယ်စားလှယ်- ၁ ဦး၊
(၃) လူငယ်ကိုယ်စားလှယ်- ၁ ဦး၊

(၄) ချင်းနိုင်ငံရေးပါတီများမှကိုယ်စားလှယ်- ၉ ဦး ၊
(၅) ချင်းအမျိုးသားတပ်ဦးမှကိုယ်စားလှယ်- ၃ ဦး၊
(၆) ညီလာခံResource Personsများ - ၁၁ ဦး၊
(၇) ညီလာခံဖြစ်မြောက်ရေးပူးပေါင်းကော်မတီမှကိုယ်စားလှယ်- ၅ ဦး၊
(၈) တတ်သိပညာရှင်များ - ၂ ၊

**စုစုပေါင်း (၄၅)ဦး။**

၁၆၀။ အထက်အပိုဒ် ၁၅၉ ပါအဖွဲ့၏ ပထမဦးဆုံးအကြိမ်အစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ကုန်ရက် ထက်နောက်မကျစေဘဲ ခေါ်ယူကျင်းပရန် နှင့် ၎င်းအစည်းဝေးတွင် ဤညီလာခံ၏ သဘော တူညီချက်များအပေါ် အကောင်ထည်ဖော်မည့် အသေးစိတ်စီမံချက်ကို ရေးဆွဲပြုစုရန်တာဝန်ပေး သည်။

**မှတ်ချက်။ ။** ၎င်းအစည်းအေ၀းအတွက် ပြင်ဆင်ခြင်းနှင့် ဖိတ်ကြားခြင်းကို ချင်းအမျိုးသားညီလာခံ ဖြစ်မြောက် ရေးပူးပေါင်းကော်မတီမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ချင်းအမျိုးသားညီလာခံ ဖြစ်မြောက်ရေး ပူးပေါင်းကော်မတီသည် အပိုဒ် ၁၅၉ ပါ အဖွဲ့စတင်တာဝန်ထမ်းဆောင်သည်နှင့် တစ်ပြိုင်နက်၎င်းကော်မတီထံ မိမိတို့၏ လုပ်ငန်းနှင့် စာရင်းဇယားများကို စနစ်တကျလွှဲပြောင်းအပ်နှံ မည်ဖြစ်သည်။

# ၄။ နိဂုံး

အထက်ပါ ဘုံသဘောတူညီချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်၊ ဒုတိယအကြိမ် ချင်းအမျိုးသား ညီလာခံနောက်ဆုံးနေ့တွင်ညီလာခံဖြစ်မြောက်ရေးပူးပေါင်းကော်မတီညှိနှိုင်းရေးမှူး ဆလိုင်းအိုက်ဇက်ခင် မှ ဖတ်ကြားတင်သွင်းချက်အပေါ် ညီလာခံသဘာပတိ ဆလိုင်းအောင်မင်းလှိုင် (အထွေထွေအတွင်းရေးမှူး၊ အရှိုချင်း အမျိုးသားပါတီ)မှ ညီလာခံ၏သဘောထားကိုတောင်းခံရယူရာ ညီလာခံကိုယ်စားလှယ်အားလုံးက တစ်ညီတညွတ်တည်း ကန့်ကွက်သူမရှိ၊ ထောက်ခံကြသဖြင့် ချင်း အမျိုးသားညီလာခံ၏ ဘုံသဘောတူညီ ချက်များအဖြစ် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဤချင်းအမျိုးသား ညီလာခံသို့ ချင်းပြည်နယ်အတွင်းရှိ ချင်း လူမျိုးများ၊ ချင်းပြည်နယ်ပြင်ပရှိ ချင်းလူမျိုးများ၊ နိုင်ငံတကာ ရောက် ချင်းလူမျိုးများပါဝင်တက်ရောက်ကြပြီး ချင်းအမျိုးသားများ၏ ဘုံသဘောထားများ ချမှတ်နိုင် ခဲ့သဖြင့် ချင်းတစ်မျိုးသားလုံး စည်းလုံး ညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည့် ချင်းအမျိုး သားညီလာခံကြီးဖြစ်ကြောင်း ဖော်ပြအပ်ပေသည်။




# ချင်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

# (Chin National Dialogue) ၏ သဘောထားအမြင် စုစည်းမှုများ

## ချင်းပြည်နယ်၊ ထန်တလန်မြို့

### ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်မှ မတ်လ (၁) ရက်အထိ

# အကျဉ်းချုံးရှင်းလင်းချက်

ပထမအကြိမ် လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ(ချင်း)ကို ချင်းအမျိုးသားနိုင်ငံရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (CNDJC)၏ ဦးဆောင်မှုဖြင့် ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်မှ မတ်လ(၁)ရက်အထိ သုံးရက်တာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ ချင်းအမျိုးသား နိုင်ငံရေးဆွေးနွေးပွဲသို့ ပြည်နယ်တွင်း၊ ပြည်နယ်ပြင်ပမှ ချင်းအမျိုးသားတပ်ဦး၏ ကိုယ်စားလှယ် (၁၅၁)ဦး၊ နိုင်ငံရေးပါတီများ၏ ချင်းကိုယ်စားလှယ်(၂၀၂)ဦး၊ ချင်းအရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကိုယ်စား လှယ်(၁၆၁)ဦး၊ ပါဝင်သင့်ပါဝင်ထိုက်သည့် ချင်းကိုယ်စားလှယ် (၂၀) ဦး၊ ချင်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ ဧည့်သည်တော်များနှင့် လေ့လာသူများ (၁၁၈) ဦး၊ စုစုပေါင်း (၆၅၂) ဦး တက်ရောက်ခဲ့ကြပါသည်။

ချင်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမူများ နှင့် ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာများကို ဆွေးနွေး၍ ချင်းလူမျိုးတို့၏ သဘောထားအမြင်များ စုစည်းနိုင်ခဲ့ပါသည်။

## (က) အချုပ်အခြာအာဏာ (Sovereign Power)

၁။ ပြည်ထောင်စုအချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ပြည်နယ်အတွင်း မှီတင်း နေထိုင်သော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးထံမှ ဆင်းသက်ရမည်။

၂။ အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာ ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို သီးခြားစီကျင့်သုံးခြင်း (Separation of Power)ရှိရမည်။

၃။ ပြည်ထောင်စုအချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့်လွှတ်တော်များ၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးများက ကျင့်သုံးရမည်။

၄။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ အချုပ်အခြာအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သော တရားရုံးများက ကျင့်သုံးရမည်။

၅။ ပြည်ထောင်စု အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သော ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များနှင့် ပြည်နယ်အတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားပြည်သူလူထုအနေဖြင့် လူထုဆန္ဒ စုစည်းထုတ်ဖော်ခြင်းနှင့် လူထုဆန္ဒခံယူပွဲပြုလုပ်ခြင်း လုပ်ပိုင်ခွင့်အာဏာ (Initiative and Referendum Power) များကို မိမိတို့ လက်ဝယ်တွင် ထားရှိကျင့်သုံးရမည်။

၆။ ပြည်ထောင်စု၏အချုပ်အခြာအာဏာသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံးမှ အပ်နှင်းထားသော အာဏာများဖြစ်ပြီး ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ကိုယ်ပိုင်အချုပ်အခြာအာဏာတည်ရှိရမည်။

## (ခ) တန်းတူရေး (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေးရှိရမည်။

၁။ ပြည်ထောင်စုကို တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိသည့် ဖက်ဒရယ်ပြည်ထောင်စုအဖြစ်တည်ဆောက်ရမည်။

(က) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူရည်တူအခွင့်အရေးရှိရမည်။

(ခ) တိုင်းရင်းသားလူမျိုးတိုင်းသည် ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းတို့ကို တန်းတူရည်တူ ပြုစုပျိုးထောင် ထိန်းသိမ်းစောင့်ရှောက်ကျင့်သုံးဆောင်ရွက်ခွင့်ရှိရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများသည် ပင်လုံစာချုပ်နှင့် ပင်လုံကတိကဝတ်များအရ ပြည်ထောင်စုကို ဖွဲ့စည်းတည်ထောင်ခဲ့သည့်အတွက် လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များနှင့် အမျိုးသားများ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

၂။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးရှိရမည်။

(က) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာများဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများ တန်းတူရည်တူ ရှိရမည်။

(ခ) ပြည်ထောင်စုတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူ၍ သာမန်အားဖြင့် အာဏာတူသော လွှတ်တော်(၂)ရပ်ထားရှိရမည်။ (တို့ကို စုပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော် ဟူ၍ မရှိစေရ။)

(ဂ) အမျိုးသားလွှတ်တော်ကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များမှ ကိုယ်စားလှယ်အညီအမျှဖြင့် ဖွဲ့စည်းရမည်။

(ဃ) အမျိုးသားလွှတ်တော်အား ပြည်ထောင်စုအဆင့်ရာထူးများ ခန့်အပ်အတည်ပြု ပေးနိုင်သည့် အာဏာကို သီးခြားအပ်နှင်းရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့တွင်တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပါဝင်ခွင့်ရှိရမည်။

(စ) ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပါဝင်ခွင့်ရှိရမည်။

၃။ (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတရားသူကြီးများကို ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအား အခြေခံ၍ တစ်ဦးကျစီ တူညီစွာ စေလွှတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များမှ တစ်ဦးကျစီ တူညီစွာ စေလွှတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၄။ ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရ။ မည်သည့် လူမျိုး၏ အခွင့်အရေးများကိုမျှ ချုပ်ချယ်ကန့်သတ်ခြင်းမရှိစေရ။



## (ဂ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-Determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရမည်။

၁။ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အစရှိသည့် နယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အပြည့်အဝရှိသည်နှင့်အညီ မိမိတို့၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာဖန်တီးပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။

၂။ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသည်နှင့်အညီ နိုင်ငံရေးအာဏာ (၃)ရပ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိရမည်။

၃။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မျှ ရုပ်သိမ်းဟန့်တားခြင်းမရှိစေရ။

## (ဃ) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုမူ (Federal Principles)

ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောချင်းပြည်နယ်များ အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် မဆန့်ကျင်ဘဲ လွတ်လပ်စွာရေးသားပြဋ္ဌာန်းခွင့် ရှိရမည်။ ပြည်ထောင်စုအဆင့်တွင် အာဏာတူ လွှတ်တော် (၂) ရပ်ထားရှိရမည်။

၁။ ပြည်ထောင်စု၏ အခြေခံဖွဲ့စည်းမှုဖြစ်သည့် ပြည်ထောင်စုအဖွဲ့ဝင်အားလုံးကို ပြည်နယ်များဟုသာခေါ်တွင်ရမည်။

၂။ ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိ၍ တန်းတူသောနိုင်ငံရေးအာဏာများကို အပ်နှင်းခြင်းခံရသည့် ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက်ပိုင်း သမိုင်းကြောင်းအရတည်ရှိပြီးဖြစ်သည့် လူမျိုးကိုအခြေခံသော အမျိုးသားပြည်နယ်များနှင့် လူမျိုးပေါင်းစုံရောနှောနေထိုင်သော အမျိုးသားများ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။

၃။ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များကို ဥပဒေပြု အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ (၃)ရပ်လုံးကို အပြည့်အဝအပ်နှင်းရမည့်အပြင် နိုင်ငံရေးအာဏာ (၃)ရပ်လုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားလွှတ်တော်ချုပ်တို့ကို လွတ်လပ်စွာထူထောင်ခွင့် ရှိရမည်။

၄။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်မဆန့်ကျင်စေဘဲ လွတ်လပ်စွာရေးသားပြဌာန်းခွင့် ရှိရမည်။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရာတွင်-

(က) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆန့်ကျင်ခြင်းမရှိစေရ။ (အကယ်၍ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကြား ကွဲလွဲမှုရှိလာပါက ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေက ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကိုလွှမ်းမိုးမှုရှိစေရမည်။)

(ခ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ပြည်နယ်အတွင်းကျင့်သုံးရမည့် ကိုယ်ပိုင်ပြဌာန်းခွင့် (Self-Determination)အခါင့်အရေးကို အပြည့်အဝ အပ်နှင်းရမည်။

(ဂ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာများကို အပြည့်အဝကျင့်သုံးနိုင်ရေးအတွက် အာမခံချက်ရှိရမည်။

(ဃ) တိုင်းရင်းသားလူမျိုးများကို လူမျိုးအလိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများဖြစ်သည့် စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် လူမျိုးလက္ခဏာများကို ကာကွယ်ခွင့်၊ ထိန်းသိမ်းခွင့်နှင့် မြှင့်တင်ခွင့် အခွင့်အာဏာများ အပြည့်အဝ အပ်နှင်းရမည်။

(င) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို မြေယာနှင့် သဘာဝအရင်းအြမစ်ပိုင်ဆိုင်ခွင့် စီမံခန့်ခွဲခွင့်နှင့် ထုတ်ယူသုံးစွဲခွင့်ဆိုင်ရာ လုံလောက်သော အာဏာများကို အပ်နှင်းရမည်။

(စ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို ပညာရေး၊ ကျန်းမာရေးနှင့်လူမှုရေး ကဏ္ဍများတွင် လုပ်ပိုင်ခွင့်အာဏာများ အပြည့်အဝအပ်နှင်းရမည်။

(ဇ) အမျိုးအသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုကို အခြေခံရမည်။

၅။ ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule)နှင့် ထိုအဖွဲ့ပြည်နယ်များပူးပေါင်း၍ ဖွဲ့စည်းသည့် ပြည်ထောင်စုကို စုပေါင်းအုပ်ချုပ်ခွင့် (Share Rule) တို့ကို ပေါင်းစပ်ထားသည့်စနစ်ဖြစ်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် အကြားတွင် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Power) ရှိရမည်။

၆။ တန်းတူသော ပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုအဆင့်တွင် အာဏာတူအမျိုးသားလွှတ်တော်(အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)ဟူ၍ လွှတ်တော်(၂) ရပ်ထားရှိရမည်။ အမျိုးသားလွှတ်တော်(အထက်လွှတ်တော်) တွင် အမျိုးသားပြည်နယ်များနှင့် အမျိုးသားများပြည်နယ်များမှ ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်ရမည်။

၇။ အမျိုးသားပြည်နယ်များ နှင့် အမျိုးသားများပြည်နယ်များက စုပေါင်းကျင့်သုံးရန် ဖက်ဒရယ်ပြည်ထောင်စုသို့ အပ်နှင်းထားသည့် ပြည်ထောင်စုကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေး အာဏာများမှအပ ကျန်ရှိသောအာဏာများနှင့် ကြွင်းကျန်သောအာဏာ (Residual Power)များကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များတွင် ထားရှိရမည်။

၈။ ပြည်နယ်များသည် ပြည်ထောင်စုအစိုးရမှ ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အခြားအရင်းအမြစ်များကို မျှဝေခံစားခွင့်ရှိရမည်။ ထိုနည်းတူ ပြည်နယ်အချင်းချင်းကြားခွဲဝေသုံးစွဲခွင့်ကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများဦကြားတွင်သော်လည်းကောင်း၊ ပြည်နယ်အစိုးရအချင်းချင်း အကြားတွင်သော်လည်းကောင်း ပေါ်ပေါက်လာသော အငြင်းပွားမှုများကို သီးခြားလွတ်လပ်သော ပြည်ထောင်စုအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဖြေရှင်းဆောင်ရွက်ရမည်။

# အကြံပြုချက်

၁။ ပြည်ထောင်စု၏အမည်ကို ဖက်ဒရယ်ပြည်ထောင်စုတစ်ခုလုံး လွှမ်းခြုံနိုင်မည့်အမည်နာမအသစ်ပေးရန် အဆိုပြုသည်။

## (င) တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း (Ethnic Minority Rights)

၁။ ပြည်ထောင်စုတွင် နေထိုင်သည့်တိုင်းရင်းသားလူနည်းစုတိုင်းသည် နိုင်ငံသားအခွင့်အရေးအပြည့်အဝရရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းရမည်။

၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များတွင် ပြန့်ကျဲနေထိုင်သည့် တိုင်းရင်းသားလူနည်းစုများသည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် ပါဝင်ရမည်။ ယင်းသို့ ပါဝင်ခွင့်ပေးရာတွင် လူဦးရေအလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း ပါဝင် ရမည်။

၃။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကို ဥပဒေအရ အကာအကွယ်ပေးပြီး လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်နှင့် စီမံဆောင်ရွက်ပိုင်ခွင့်ရှိရမည်။



၄။ ပြည်ထောင်စုအတွင်းရှိ နယ်မြေတစ်ဆက်တစ်စပ်တည်းနေထိုင်သည့်တိုင်းရင်းသားလူနည်းစုများ သည် ပြည် နယ် (သို့မဟုတ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွဲ့စည်းခွင့်ရှိရမည်။

၅။ တိုင်းရင်းသားလူနည်းစုများသည် ဘိုးဘွားအစသ်အဆက နေထိုင်လာသည်တို့၏ နယ်မြေများ တွင် ကိုယ်ပိုင် ဒေသန္တရအုပ်ချုပ်ခွင့်အပြည့်အဝရှိရမည်။

၆။ ပြည်ထောင်စုအတွင်းရှိတိုင်းရင်းသားလူနည်းစုများသည် မိမိဓလေ့ထုံးတမ်းအရ တရားစီရင်ပိုင်ခွင့် ရှိရမည်။

၇။ ပြည်ထောင်စုအတွင်းရှိ ဘိုးဘွားအစဉ်အဆက် နေထိုင်လာသည့် တိုင်းရင်းသားလူနည်းစုများ၏ နယ်များ တွင် မြေယာနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲပိုင်ခွင့်ရှိရမည်။

၈။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ လူမျိုးဖြစ်ခြင်းကို မိမိတို့၏ ဓလေ့ထုံးထမ်း အစဉ် အလာအရ ဆုံးဖြတ်ပိုင်ခွင့်ရှိရမည်။

၉။ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်ပိုင်လက္ခဏာဖြစ်သည့် လူမျိုးအမည်၊ ကိုးကွယ်သည့်ဘာသာ စသည်တို့ကို မည်သည့် စာရွက်စာတမ်းတွင်မဆို မှန်ကန်စွာ ဖော်ပြရမည်။
၁၀။ တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ပံ့ပိုး ကူညီခြင်း၊ ဥပဒေဖြင့် အကာအကွယ်ပေးခြင်း၊ အခွင့်အလမ်း မြှင့်တင်ဆောင်ရွက်ပေးခြင်းများ ပြုလုပ် ပေးရမည်။

## (စ) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မဆိုင်ရာ တန်းတူညီမျှမှု

၁။ ဥပဒေပြုရေး မဏ္ဍိုင်အဆင့်ဆင့်တွင် ပြည်သူလူထုမှ တိုက်ရိုက်ရွေးကောက်တင်မြောက်ထားသော ကိုယ်စားလှယ်များဖြစ်ရမည်။

၂။ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် အုပ်ချုပ်ရေးကို ရွေးကောက်ခံ များက ဖွဲ့စည်းရမည်။

၃။ တရားစီရင်ရေးမဏ္ဍိုင်တွင် တရားဥပဒေစိုးမိုးမှုရှိစေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ဖြောင့်မတ် သော တရားစီရင်ရေးရှိစေရန် လွတ်လပ်သောတရားစီရင်ရေးရှိရမည်။

၄။ ကဏ္ဍာတိုင်းတွင် လူငယ်ပါဝင်မှု မြင့်မားစေရန်အတွက် အသက်အရွယ် ကန့်သတ်မှုကို လျှော့ချပြီး လူငယ်များပါဝင်မှုကို မြှင့်တင်ရမည်။

၅။ ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝရရှိခံစားစေရမည်။

## အခြေခံ လူ့အခွင့်အရေး (Human Rights)

၁။ လူ့အခွင့်အရေးကို လေးစားလိုက်နာသော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရမည်။ (မူဝါဒများ ရေးဆွဲ ချမှတရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အခြေခံလူ့အခွင့်အရေးကို ထည့်သွင်းစဉ်းစားရမည်။ ထို့အပြင် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူညီချက်များ ပဋိညာဉ်များနှင့် စာချုပ်စာတမ်းများကို သဘောတူလက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည်။)

၂။ မည်သည့် ကိုးကွယ်သည့်ဘာသာကို မျှအထူးပြုပြဌာန်းခြင်းမပြုရ။ မည်သည့်ဘာသာဝင်ကိုမဆို တန်းတူအခွင့် အရေးများပေးအပ်ထားရမည်။

၃။ မူဝါဒများချမှတ်ရာတွင် သော်လည်းကောင်း၊ ဥပဒေပြဌာန်းရာတါင်သော်လည်းကောင်း ဌာနေ၊ တိုင်းရင်းသား များအခွင့်အရေးကို ထိခိုက်နစ်နာစေချင်းမရှိစေရ။

၄။ အသင်းအဖွဲ့များကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ခွင့်နှင့် လှုပ်ရှားပြောဆိုပိုင်ခွင့်ရှိရမည်။

၅။ ကျား/မ တန်းတူရေးဆိုင်ရာ ပြဌာန်းချက်များအား နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ ပြဌာန်းရမည်။

## ကျား/မ တန်းတူရေး (Gender Equality)

၁။ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံ ညှင်းပန်းနှိပ်စက်ခြင်းမရှိစေရ။
၂။ ကျား/မ ဖြစ်တည်မှုအပေါ်ခွဲခြားဆက်ဆံမှုမရှိစေရ။
၃။ အမျိုးသမီးများကို ကဏ္ဍပေါင်းစုံတွင် နေရာရရှိရေးဖန်တီးပေးရမည်။
၄။ နိုင်ငံတော်သည် အမျိုးသမီးများ၏ လုံခြုံရေးကို အကာအကွယ်ပေးနိုင်သည့် တရားဥပဒေစိုးမိုးမှုရှိသော ပတ်ဝန်းကျင် ဖန်တီးပေးရမည်။
၅။ ကဏ္ဍပေါင်းစုံတွင် အမျိုးသမီးများ အဓိပ္ပယ်ပြည့်ဝစွာပါဝင်နိုင်ရေးအတွက် အထူးစီမံချက် (Affirmative Active Plan)များ ဆောင်ရွက်ပေးရမည်။ (ဥပမာ- အမျိုးသမီးများအတွက် မဲဆန္ဒနယ် သီးသန့်သတ်မှတ်ပေးခြင်း၊ ရွေးကောက်ပွဲများတွင် သတ်မှတ်ထားသည့် ဘဏ္ဍာငွေလျာထားချက်နှင့်ပတ်သက်ပြီး အမျိုးသမီးများအတွက်ထိရောက်သောမူဝါဒများထားရှိခြင်း။)




## အကြံပြုချက်

၁။ တိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သော နေ့ထူးနေ့မြတ်များကို ဒေသဆိုင်ရာအလိုက် အစိုးရရုံးပိတ်ရက် အဖြစ်သတ်မှတ်ရန် အဆိုပြုသည်။

၂။ အုပ်ချုပ်ရေးကဏ္ဍများတွင် တပ်မတော်ပါဝင်မှုကို အဆင့်ဆင့်လျှော့ချရန်နှင့် အရပ်ဘက် အုပ်ချုပ်ရေးသာ ဖြစ်ရန် အဆိုပြုသည်။

၃။ ကဏ္ဍတိုင်းတွင် လာဘ်ပေးလာဘ်ယူမှုမရှိစေရ။

၄။ ဝန်ထမ်းများခန့်အပ်ရာတွင် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်မီ သူအချင်းချင်းတွင် ဒေသခံများကို ဦးစားပေးခန့်ထားရန် အဆိုပြုသည်။

၅။ ဖွံ့ဖြိုးရေးစီကိန်းများနှင့် စက်ရုံအလုပ်ရုံများ တည်ဆောက်ရာတွင် ဒေသခံပြည်သူများအားကြိုတင်အသိပေးချပြ ညှိနိူင်းပြီးသဘောတူညီမှုလုပ်ငန်းစဉ် (Free, Prior and Informed Consent) ရယူကာ နစ်နာမှုများမရှိစေရန် ဆောင်ရွက်ပေးရန် အဆိုပြုသည်။

၆။ လူမျိုးမတူသော မိဘများမှမွေးဖွားသူသည် မျိုးရိုး/ လူမျိုးဖြစ်တည်မှုကိုလွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိရမည်။

## (ဆ) ပါတီစုံဒီမိုကရေစီစနစ် (Multiparty Democracy System)

၁။ လူမျိုးပေါင်းစုံနေထိုင်၍ လူမျိုးပေါင်းစုံ စုပေါင်းပိုင်ဆိုင်ထားသော ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ် ကို ကျင့်သုံးရာ၌ အောက်ပါအခြေခံမှုများအတိုင်း ဆောင်ရွက်ရမည်။

(က) ပြည်ထောင်စုတွင် တစ်ပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့်ဟန့်တား ကာကွယ်ရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဥပဒေကို လွှတ်တော်မှ သီးခြားပြဋ္ဌာန်းပေးရမည်။

## (ဇ) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

၁။ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် ဘာသာရေးဆိုင်ရာ တန်းတူညီမျှမှုရှိရမည်။

၂။ အစိုးရပညာသင်ကျောင်းများတွင် မည်သည့်ဘာသာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းကိုမျှ ပြဋ္ဌာန်းခြင်း ကျင့်သုံးခြင်းများ မပြုရ။

၃။ တိုင်းရင်းသားလူနည်းစုများ၏ ကိုးကွယ်ယုံကြည်သည့်ဘာသာကို ဥပဒေနှင့်အညီ အကာအကွယ် ပေးရမည်။

၄။ နိုင်ငံတော်အစိုးရမှ ဘာသာရေးနှင့်ပတ်သက်သော ကိစ္စရပ်များတွင် ဘက်မလိုက်သော မူဝါဒကို ကျင့်သုံးရမည်။

၅။ ဘာသာရေးကို နိုင်ငံရေးအကျိုးအမြတ်အတွက် အသုံးချခြင်းမပြုရ။

၆။ ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံတော်၏ ရန်ပုံငွေနှင့် ယန္တရားများအသုံးပြုခြင်းလုံးဝ မပြုလုပ်ရ။

## အကြံပြုချက်

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းများ (နတလ) ဆက်လက်မထားရှိသင့်ပါ။

၂။ အစိုးရသတင်းမီဒီယာများတွင် ကိုးကွယ်သည့်ဘာသာတိုင်း အခွင့်အရေးတန်းတူပေးရန်။ (ဥပမာ- ရေဒီယို၊ တီဗွီများတွင် ဘာသာတိုင်း၏သတင်း၊ တရားဟောပြောချက်များထုတ်လွှင့်ခွင့်ပေးရန်)

၃။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသော ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုသို့ဦးတည်စေသော မည်သည့် ပြဋ္ဌာန်းချက်မျိုးကိုမဆို ပြင်ဆင် (သို့မဟုတ်) ဖျက်သိမ်းပေးရန်။ (ဥပမာ-ပုဒ်မ ၃၆၁၊ ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ၊ မျိုးစောင့်ဥပဒေ။)

၄။ နိုင်ငံသားစိစစ်ရေးကဒ်ပြားတွင် ကိုးကွယ်သည့်ဘာသာဟူသည့်အချက်ကိုပယ်ဖျက်ပေးရန်။

၅။ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဘာသာရေးဆိုင်ရာ စည်းဝေးခွင့်၊ ဟောပြောစည်းရုံးခွင့်ပြုရန်။

၆။ အစိုးရဌာန အလုပ်အကိုင်အခွင့်အလမ်းများ (ရာထူးတိုးပေးခြင်း၊ ပညာတော်သင် စေလွှတ်ခြင်းဆိုင်ရာ အခွင့်အရေးများ)နှင့် အခြားသောကဏ္ဍများတွင်လည်း ဘာသာရေးခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေးရရှိရန်။

၇။ သာသနာရေးဝန်ကြီးဌာနကို ဖျက်သိမ်းရန်။

## (ဈ) အခြားအခြေခံမူများ (Other Principles)

### ပြည်နယ်နယ်နိမိတ်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ နယ်နိမိတ်သတ်မှတ်ခြင်းကို လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆောင်ရွက်ရ မည်။ ယင်းသို့ နယ်နိမိတ်သတ်မှတ်ရာတွင် ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ပိုင်ဆိုင်ခဲ့သည့် ဘိုးဘွားပိုင်နယ် မြေများ၊ သမိုင်းကြောင်းအထောက်အထားများနှင့် တရားဝင်ရရှိခဲ့သည့် အခွင့်အရေးများကို အခြေခံရမည်။

### ပြည်ထောင်စုမှ ခွဲထွက်ခွင့်

၂။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြည်ထောင်စုမှခွဲထွက်လိုပါက မည်သည့်အချိန်တွင်မဆို ခွဲထွက်ခွင့်ရှိရမည်။ ပြည်ထောင်စုမှ ခွဲထွက်ခွင့် (Secession Right)ကို ကိုယ်စားလှယ်အချို့မှ အခြေခံမူအဖြစ် ထည့်သွင်းရန် ဆွေးနွေးခဲ့ကြပြီး အခြားကိုယ်စားလှယ်များမှ အခြေခံမူအဖြစ် မထည့်သွင်းလိုကြောင်း ဆွေးနွေးခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မှတ်တမ်းအဖြစ်သာထားရှိရန် သဘောတူခဲ့ကြသည်။

**(မှတ်ချက်- အထက်ပါအချက်များသည် ဆွေးနွေးပွဲ၏ ဘုံသဘောတူညီချက်မဟုတ်ဘဲ ကိုယ်စားလှယ်များစု၏ သဘောထား အဆိုပြုဆွေးနွေးချက်များကို စုစည်းခြင်းဖြစ်ပါသည်)**



# ပင်လုံစာချုပ်

(က) ပင်လုံစာချုပ် (မြန်မာဘာသာပြန်)

မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့ စဝ်ဖများအားလုံးနှင့် { ပြည်ထောင်စု } ရှမ်းပြည်၊ ကချင်တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသများမှ ကိုယ်စားလှယ်များတို့ တက်ရောက်ကြသော ပင်လုံမြို့တွင် ကျင်းပသည့် ညီလာခံကြီး တရပ်တွင်- ညီလာခံကိုယ်စားလှယ်များသည် ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ခြင်းပူးပေါင်းခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်း တို့သည် လွတ်လပ်ရေးကို ပိုမို၍ လျင်မြန်စွာ ရရှိလိမ့်မည်ဟု ယုံကြည်ကြသည်နှင့်အညီ -

## ညီလာခံကိုယ်စားလှယ်များက ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘောတူညီကြလေသည်။

၁။ တောင်တန်းသားများစည်းလုံးညီညွတ်ရေးအဖွဲ့ (တ-စ-ည‌ဖ) ကိုယ်စားလှယ်တဦးကို ဘုရင်ခံက ရွေးချယ်၍ ထိုပုဂ္ဂိုလ်ကို တောင်တန်းဒေသများဆိုင်ရာ အတိုင်ပင်ခံအဖြစ် ခန့်ထားပြီး အုပ်ချုပ်ခွင့် အာဏာများကို အလားတူ အပ်နှင်းရည်။

၂။ ထိုအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကော်စီတွင် ဌာနလက်ကိုင်မရှိ ကောင်စီတဦးအဖြစ် ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် အခြေခံဥပဒေထုံးနည်းအရ အမှုဆောင်ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိသည့်နည်းတူ တောင်တန်းဒေသများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာလက်အောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း တောင်တန်းဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို အလားတူ ပေးအပ်ရမည်။

၃။ အဆိုပါအတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းနှင့်လူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်နှစ်ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်နှစ်ဦးတို့သည် ၎င်းတို့အသီးသီး သက်ဆိုင်သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားတောင်တန်းဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်သည်။ ၎င်းတို့သည် ထုံးနည်း ဥပဒေအရ ပူးတွဲတာဝန်ယူရသည့်မူအတိုင်း ရွက်ဆောင်စေရမည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် တောင်တန်းဒေသများ၏ တဦးတည်းကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်များသည် တောင်တန်းဒေသများနှင့် သက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီအစည်းအဝေးများတွင် တက်ရောက်နိုင်ခွင့်ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီသည့်အတိုင်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း၊ တောင်တန်းဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားနေရသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစုံတရာလက်လွတ်စေရန် အဆိုပါကောင်စီက လုံးဝပြုလုပ်ခြင်းမရှိစေရ။ တောင်တန်းဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိရမည်ဟု မူအားဖြင့် သဘောတူညီကြသည်။

၆။ ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့် ကချင်ပြည်နယ်တခု နယ်နိမိတ် သတ်မှတ်ခြင်းနှင့် တည်ဆောက်ခြင်း မေးခွန်းသည် တိုင်းပြုပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့ သီးခြားပြည်နယ်ထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက် အထမြောက်ရန် အလို့ငှာ ပထမခြေလှမ်းအနေဖြင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ၊ နောက်ဆက်တွဲစာရင်းပါ အပိုင်း - ၂ - ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် တောင်တန်းဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

၇။ နယ်စပ်ဒေသများ၏ နိုင်ငံသားတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ခံစားပိုင်ခွင့်ရှိစေရမည်။

၈။ ဤစာချုပ်တွင် သဘောတူညီကြသည့်အစီအစဉ်မှာ ပြည်ထောင်စု ရှမ်းပြည်နယ်စုတွင် ယခုအပ်နှင်းပြီးသော ဘဏ္ဍာရေးနှင့် ပတ်သက်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိခိုက်ခြင်းမရှိစေရန်။

၉။ ဤစာချုပ်တွင် သဘောတူညီသည့် အစီစဉ်တို့မှာ မြန်မာပြည် အခွန်တော်ငွေများမှ ကချင်တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသများက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်း မရှိစေရ။ မြန်မာပြည်နှင့် ပြည်ထောင်စုရှမ်းပြည်တို့၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းဒေသများတို့ အတွက် အလားတူ အစီအစဉ်များကို ထားရှိကျင့်သုံးရန် ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက၊ တောင်တန်းဒေသများ၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်။




# ချင်းအမျိုးသားရေးဆိုင်ရာ
## သမိုင်းမှတ်တမ်းများ

# HISTORICAL DOCUMENTS OF CHIN NATIONAL AFFAIRS

စုဆောင်းပြုစုသူ – ဆလိုင်း ကျဲအိုဘိခ်ထောင်
ထုတ်ဝေသူ – ဇက်ဒရယ်ဂျာနယ် မြန်မာ
၂၀၂၂ ခုနှစ်

# THE PANGLONG AGREEMENT

Dated Panglong, the 12th.
February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Saohpas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the Conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCOUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of these Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

**Shan Committee.**

Saohpalong of Tawngpeng State.
Saohpalong of Yawnghwe State.
Saohpalong of North Hsenwi State.
Saohpalong of Laihka State.
Saohpalong of Mong Pawn State.
Saohpalong of Hsamonghkam State.
Representative of Hsahtung Saohpalong.
(Hkun Pung)
(U Tin E) (U Htun Myint)
(U Kya Bu) (Hkun Saw).
(Sao Yape Hpa) (Hkun Htee)

**Kachin Committee.**

(Sinwa Naw, Myitkyina)
(Zau Rip, Myitkyina)
(Dinra Tang, Myitkyina)
(Zau La, Bhamo.)
(Zau Lawn, Bhamo)
(Labang Grong, Bhamo)

**Chin Committee.**

(U Hlur Hmung, ATM, IDSM, B.E.M., Falam.)
(U Thawng Za Khup, ATM, Tiddim.)
(U Kio Mang, ATM, Haka)

**Burmese Government.**

Aung San.
12/2/47